မ.ကာ့ရဝေလာဒပ

တောင်တွင်းကြီးဆရာတော် ခင်ကြီးဖျော်

# ကလျာဏီကျောက်စာ မြန်မာပြည်








ကလျာဏီ ကျောက်စာတိုင် အမှတ် ( ၁ )




ကလျာဏီ ကျောက်စာတိုင် အမှတ် ( ၂ )





ကလျာဏီ ကျောက်စာတိုင် အမှတ် ( ၇ )





( ၆ ) ၯဂ်ဿ ဥ္ဓငေဎငါဃခ ဏငါလဃ

( ၆-၅ ) ထၢ်ဂၤ ဒုၣ်ဖၣ်စၢၣ်ပၢၢ်စ ယွၣ်ပၢ်လၢယ



( ၅-၆ ) ပ္ဍဲၚ်ဓး ဒုဝ်ွစေုယှင်ပြဲဒ ယွင်ပြဲလယ







ကလျာဏီ ကျောက်စာတိုင် အမှတ် ( ၇-၈ )




ကလျာဏီ ကျောက်စာတိုင် အမှတ် ( ၈ )





ကလျာဏီ ကျောက်စာတိုင် အမှတ် ( ၉ )




ကလျာဏီ ကျောက်စာတိုင် အမှတ် ( ၁၀ )

ပ်ႇ ဝယ်ၵၢယ်ဝ ယွၵၢလယ်း-ႈၶိုဝ် ပွ်ယလၢႆၵ





ပဲခူးမြို့ ကလျာဏီ သိမ်တော်ကြီး

၁၅၈၃

မ-ကာရလောပ

တောင်တွင်းကြီး ဆရာတော် ခင်ကြီးဖျော်

# ကလျာဏီကျောက်စာ

# မြန်မာပြန်

ပိဋကတ်ပျံ့ပွားရေးအဖွဲ့

ရွှေတိဂုံစေတီတော် တနင်္ဂနွေဒေါင့်

အာဇာနည်ဗိမာန်လမ်း၊ ရွှေဂုံတိုင်၊ ရန်ကုန်မြို့။

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

**ပိဋကတ်ပျံ့ပွားရေးအဖွဲ့-ပဋ္ဌမကျမ်းစာ**
**ကလျာဏီကျောက်စာ-မြန်မာပြန်**

ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက် (၁၀၀၃၇)

ပဋ္ဌမအကြိမ်၊အုပ်ရေ [၅၀၀၀]
သာသနာတော်နှစ် (၂၅၂၁)
၁၃၃၉-ခုနှစ် သီတင်းကျွတ်လ
၁၉၇၇-ခုနှစ် အောက်တိုဘာလ

ထုတ်ဝေသူ။ ။ဦးအောင်သိမ်း (ဥက္ကဋ္ဌ)
ကင်းလွတ်ခွင့်အမှတ် (၀၄၀၀၄)
ပိဋကတ်ပျံ့ပွားရေးအဖွဲ့
အာဇာနည်ဗိမာန်လမ်း
ရွှေဂုံတိုင်စာတိုက်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဦးချစ်တင် (ဒုတိယ ညွှန်ကြားရေးမှူး)
မှတ်ပုံတင်အမှတ် (၀၂၂၆၂)
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်
ကမ္ဘာအေး၊ ရန်ကုန်မြို့။

ပိဋကတော်စာပေ ပြန့်ပွားရေးအတွက် ပိဋကတ်ပျံ့ပွားရေးအဖွဲ့မှ
ဓမ္မဒါန ဖော်ထုတ်ပူဇော်သည်။

# ကလျာဏီ ကျောက်စာ မြန်မာပြန်

၁၅၀၀၇

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကျမ်းဦးပလ္လင် .... .... | ၁ |
| ကလျာဏီ ကျောက်စာ နိဒါန်း .... | ၅ |
| ကလျာဏီ ကျောက်စာ မြန်မာပြန် .... | ၃၃ |
| မဇ္ဈိမဒေသ သာသနာဝင် .... .... | ၃၄ |
| ဓမ္မာသောကမင်း သာသနာပြုစုပုံ .... | ၃၅ |
| တတိယသံဂါယနာတင်ခြင်း .... | ၃၆ |
| ကိုးတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ်ခြင်း | ၃၇ |
| ရာမညသာသနာဝင် .... .... | ၃၇ |
| ပုဂံသာသနာဝင် .... .... | ၄၀ |
| ဆပဒ် သာမဏေ .... .... | ၄၂ |
| သီဟိုဠ်သံဃာဂိုဏ်း .... .... | ၄၃ |
| မြန်မာသီဟိုဠ်ဂိုဏ်းကွဲ .... .... | ၄၅ |
| သီဟိုဠ်ဂိုဏ်းကွဲများ .... .... | ၄၆ |
| အရှေ့သံဃာနှင့် သီဟိုဠ်သံဃာ .... | ၅၀ |
| ဓမ္မဝိလာသ မထေရ် .... .... | ၅၁ |
| ရာမည သံဃာဂိုဏ်းများ .... .... | ၅၂ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သိမ်သမုတ်ကြခြင်း .... .... | ၃၄ |
| ဟံသာဝတီ သာသနာဝင် .... .... | ၃၆ |
| သိမ်အမျိုးမျိုး .... .... | ၃၈ |
| သိမ်ပျက်များ .... .... | ၆၃ |
| သီဟိုဠ် သာသနာ သန့်ရှင်းပုံ .... .... | ၆၇ |
| မဟာဝိဟာရဂိုဏ်းသာ စင်ကြယ်ပုံ .... | ၆၈ |
| သီဟိုဠ်သို့သွားရန် လျှောက်ထားခြင်း .... | ၇၁ |
| လှူဖွယ်ဝတ္ထုနှင့် လက်ဆောင်စီမံခြင်း .... | ၇၂ |
| သီဟိုဠ်သို့ သင်္ဘောလွှင့်ကြခြင်း .... | ၇၆ |
| ရာမဘာမန် သင်္ဘောလမ်း အခက်အခဲ .... | ၇၇ |
| ကလျာဏီမြစ်၌ ရဟန်းခံကြခြင်း .... | ၈၀ |
| ဘွဲ့တံဆိပ် လှူခြင်း .... .... | ၈၂ |
| စိတြတမန် သင်္ဘော ပျက်စီးခြင်း .... | ၈၃ |
| သီဟိုဠ်စွယ်တော်ခေတ် .... .... | ၈၆ |
| မထေရ်တို့၏ လမ်းခရီး အခက်အခဲ .... | ၈၇ |
| ဓမ္မစေတီမင်း ကြိုဆိုခြင်း .... .... | ၈၈ |
| ခေါင်းလောင်း လှူဒါန်းခြင်း .... | ၈၉ |
| ကလျာဏီသိမ် သမုတ်ရန် စီစဉ်ခြင်း .... | ၉၀ |
| သိမ်နုတ်ခြင်း .... .... | ၉၂ |
| သိမ်သမုတ်ခြင်း .... .. | ၉၈ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဥပဇ္ဈာယ်ဆရာ ရှာခြင်း .... .... | ၁၀၀ |
| ပဥ္စင်းခံခြင်းများ .... .... | ၁၀၂ |
| ကတိကဝတ် တောင်းပန်ခြင်း .... .... | ၁၀၅ |
| မဓဝါကျောက်စေတီသမိုင်း .... | ၁၁၃ |
| ကိုယ်စားတော် အပ်နှင်းခြင်း .... | ၁၂၃ |
| ပိဋက နိဒါန်း .... .... | ၁၂၄ |
| နိကာယ နိဒါန်း .... .... | ၁၂၇ |
| အဋ္ဌကထာ နိဒါန်း .... .... | ၁၂၉ |
| ဋီကာ နိဒါန်း .... .... | ၁၃၇ |
| နာနာဂန္ထ နိဒါန်း .... .... | ၁၃၇ |
| ပုဂံဂန္ထဝင် နိဒါန်း .... .... | ၁၃၈ |
| ပိဋကပေမူ နိဒါန်း .... .... | ၁၄၃ |
| ပေနိဒါန်း .... .... | ၁၄၆ |
| မြန်မာနိုင်ငံ စက္ကူနှင့် စာပုံနှိပ်စက်နိဒါန်း .... | ၁၅၄ |
| ပိဋက ဗျူဟာ နိဒါန်း .... .... | ၁၅၉ |
| ရည်ရွယ်ချက် .... .... | ၁၆၀ |
| ဥက္ကဋ္ဌ၏ လျှောက်ထားချက် .... .... | ၁၆၂ |
| မူလပဋ္ဌာန်း ဆရာတော်၏ ဩဝါဒ .... | ၁၆၄ |
| ခြောက်ထပ်ကြီး ဆရာတော်၏ ဩဝါဒ .... | ၁၆၅ |
| ဘုံပျံ့ ဆရာတော်၏ ဩဝါဒ .... | ၁၆၆ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **အတွင်းရေးမှူး၏ လျှောက်ထားချက်** | .... | ၁၆၈ |
| **သြဝါဒါစရိယ ဆရာတော်များ** | .... | ၁၆၈ |
| နာယကလူကြီးများ .... | .... | ၁၆၉ |
| ဗဟိုအမှုဆောင် လူကြီးများ | .... | ၁၆၉ |
| ပိဋက ဗျူဟာအဖွဲ့ စတင်ခဲ့ပုံ | .... | ၁၇၀ |
| ကျမ်းစာမူကိစ္စ .... | .... | ၁၇၂ |
| အောင်ဂါထာတော်ဖြင့် .... | .... | ၁၇၃ |
| ဆက်လက်ကြိုးပမ်းချက်များ .... | .... | ၁၇၄ |
| ပေမူကူးလုပ်ငန်းများ .... | .... | ၁၇၆ |
| အဖွဲ့တည်ရာ ဌာနချုပ် .... | .... | ၁၇၇ |
| ပုံနှိပ်မည့် ကျမ်းစာ ပေမူများ | .... | ၁၇၆ |
| ကလျာဏီ ကျောက်စာ(မြန်မာပြန်) | .... | ၁၇၈ |
| ပေမူမှ လက်နှိပ်စက်မူသို့ .... | .... | ၁၈၀ |
| ပေမူမှ ပုံနှိပ်မူသို့ .... | .... | ၁၈၁ |
| ရွှေတိဂုံစေတီ ထီးတော်ရိပ်မှ ပိဋကတိုက်တော်ကြီး | | ၁၈၂ |
| ဘုရားအဆူဆူ ပွင့်တော်မူပါပြီ | .... | ၁၈၄ |
| တိပိဋကံ ဗုဒ္ဓဝစနံ စိရံ တိဋ္ဌတု | .... | ၁၈၆ |


ကလျာဏီ ကျောက်စာ မြန်မာပြန်

မာတိကာ ပြီးပြီ။

# ကလျာဏီကျောက်စာ မြန်မာပြန်

## ပြင်ဆင်ဘတ်ရှုပါရန်

| နံပါတ် | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၆ | ၁ | မြန်မာဂြန် | မြန်မာပြန် |
| ၁၉ | ၅ | ဝါဆိုပြလည့်ကျော် | ဝါဆိုလပြည့်ကျော် |
| ၂၀ | ၉ | နည် လေးဆယ် | နည်းလေးဆယ် |
| ၂၁ | ၂၄ | အရေ ပါသော | အရေးပါသော |
| ၂၂ | ၂ | လေ့လာနိုင်ရ‌ေ | လေ့လာနိုင်ရန် |
| ၂၃ | ၁၁ | မို သော ကလျှင် | မိုးသောက်လျှင် |
| ၄၁ | ၇ | သီတိုဋ္ဌ | သီဟိုဋ္ဌ |
| ၅၁ | ၅ | ပုဂံမင် သည် | ပုဂံမင်းသည် |
| ၅၇ | ၉ | ဆရာတို့၏ | ဆရာတို့မှာ |
| ၅၈ | ၃ | နိူင်းရှဉ်ပြီးသော် | နှိုင်းယှဉ်ပြီးသော် |
| ၆၂ | ၂၃ | စပ်ယှက်သဖြင့် | စပ်ရှက်သဖြင့် |
| ၆၃ | ၂ | စပ်ယှက်ခြင်းသည် | စပ်ရှက်ခြင်းသည် |
| ၆၄ | ၃ | စပ်ယှက်ခြင်းကို | စပ်ရှက်ခြင်းကို |
| ၆၄ | ၈ | ။ | ။ |
| ၆၄ | ၁၁ | ။ | ။ |
| ၆၄ | ၁၁ | ယောန္နော | ရောန္နော |
| ၇၃ | ၂ | ရွှေစင်သုံးဆဲ့ သုံးပိဿာ | ရွှေစင် သုံးဆယ့်သုံး ပိဿာ |

# ပြင်ဆင်ဘတ်ရှုရန်

| နံပါတ် | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၇၄ | ၁၆ | ပန်းပွင့်ပွင့်ပုဆိုး | ပန်းပွင့်ပု**ဆိုး** |
| ၇၈ | ၉ | အချင်းအရင် တို့သည် | အချင်းအရင်းတို့သည် |
| ၇၉ | ၆ | ကြွလေသော | ကြွလေသော် |
| ၈၁ | ၁၁ | တဆဲ့တရက် | တဆယ့်တရက် |
| ၈၁ | ၁၁ | ဗုဒ္ဓဟူးနေ့ | ၄-ဟူးနေ့ |
| ၈၁ | ၁၈ | ကြာသပတေးနေ့ | ၅-တေးနေ့ |
| ၈၂ | ၁၀ | သောကြာနေ့ | ၆-ကြာနေ့ |
| ၈၂ | ၁၃ | စနေနေ့၌ | ၇-နေနေ့၌ |
| ၈၄ | ၅ | ၄-နေ့၌ | ၄-ဟူးနေ့၌ |
| ၈၇ | ၁၆ | ၆-နေ့ | ၆-ကြာနေ့ |
| ၈၈ | ၅ | ၂-နေ့ | ၂-င်္လာနေ့ |
| ၈၈ | ၆ | သောကြာနေ့ | ၆-ကြာနေ့ |
| ၈၈ | ၂၀ | ၃-နေ့ | ၃-င်္ဂါနေ့ |
| ၈၉ | ၉ | တနင်္ဂနွေနေ့တွင် | ၁-ဂနွေနေ့တွင် |
| ၈၉ | ၁၁ | သောကြာနေ့ | ၆-ကြာနေ့ |
| ၈၉ | ၂၁ | တနင်္ဂနွေနေ့၌ | ၁-ဂနွေနေ့၌ |
| ၉၈ | ၉ | စနေနေ့ | ၇-နေနေ့ |
| ၁၀၃ | ၇ | အဘဲ့ကြောင့် | အဘယ့်ကြောင့် |
| ၁၆၇ | ၂၄ | တွေ့ကြုံရတ် သော | တွေ့ကြုံရတတ်သော |
| ၁၇၄ | ၂၀ | ပဓာနလုပ်ငန် | ပဓာနလုပ်ငန်း |

# ကျမ်းဦးပဏ္ဍုံး

---

## တိပိဋက ဗုဒ္ဓဝစန် စိရံ တိဋ္ဌတု

ပုံနှိပ်အဖြစ်သို့ မရောက်ဘူးသေးပဲ တိမ်မြုပ်နေသည့် ပိဋကစာပေ(ပေမူ) တို့ကို ပုံနှိပ် အဖြစ်သို့ ဖော်ထုတ် ပူဇော်၍ ပရိယတ္တိသာသနာတော်ကို အားဖြည့်ရန်-ဟူသော ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သော **ပိဋကဗျူဟာအဖွဲ့** ၏ ပဌမဆုံးကျမ်းစာအဖြစ် မ-ကာရ-လောပ အကျော်- တောင်တွင်းဆရာတော် ခင်ကြီး-ဖျော်၏ **ကလျာဏီကျောက်စာ** မြန်မာပြန် (ပေမူ)ကို ပုံနှိပ်အဖြစ်သို့ ဖော်ထုတ်၍ ပူဇော်လိုက်ပါသည်။

၁။ ကလျာဏီ ကျောက်စာ မြန်မာပြန်ကို မဖတ်ရှု မလေ့-လာမီ ကလျာဏီသိမ်တော်ကြီးနှင့် ကလျာဏီကျောက်စာတို့ ဖြစ်ပေါ်လာပုံ **ကလျာဏီနိဒါန်း** ကို ကြိုတင်လေ့လာထားနိုင်ရန် ပိဋကဗျူဟာ-စာပေဦးဆောင်အဖွဲ့မှ ကြိုးပမ်း၍ လမ်းခင်း ပေးထားပါသည်၊ ကလျာဏီနိဒါန်းကို ကြိုတင်ဖတ်ရှုထားပါလျှင် ကလျာဏီကျောက်စာ မြန်မာပြန်ကို ဖတ်ရှုသောအခါ စာပေအရသာပိုမိုပီပြင်လာလိမ့်မည်ဟု မြော်လင့်ပါသည်။

၂။ ကလျာဏီနိဒါန်းကို ဖတ်ရှုလေ့လာပြီးပါက ရာမာဓိပတိဘွဲ့ခံ သာသနာပြုဓမ္မစေတီမင်းကြီးနှင့် ရင်းနှီးပြီးသား

ဖြစ်သွားပါလိမ့်မည်၊ စာရှုသူနှင့် ရင်းနှီးလာသော ဓမ္မ-စေတီမင်းကြီး အကြောင်းကို အတိအကျ သိလိုသော ဆန္ဒ ဖြစ်ပေါ်ကောင်း ဖြစ်ပေါ်လာပါလိမ့်မည်၊ ထိုဆန္ဒကို အဆင်သင့်ဖြည့်စွက်ရန်အတွက်ပိဋကဗျူဟာ-စာပေဦးဆောင်အဖွဲ့မှ **ဓမ္မစေတီမင်းကြီး၏ အဋ္ဌုပ္ပတ္တိအကျဉ်း**ကို စာလမ်းခင်းပေးထားပါသည်။

၃။ ကလျာဏီနိဒါန်းနှင့် ဓမ္မစေတီအဋ္ဌုပ္ပတ္တိတို့ကို ဖတ်ရှုပြီးသောအခါ ကလျာဏီ သိမ်တော်ကြီးနှင့် ကလျာဏီကျောက်စာအကြောင်းတို့ကို ကောင်းကောင်းကြီး သိထားရန် အချိန်တော်ခလောက်ပါပြီ၊ ကလျာဏီကို လေ့လာရာတွင် ကလျာဏီကပြောသော ကလျာဏီကို လေ့လာခွင့်ရမှ ပိုပိုပြင်နိုင်ပါသည်၊ ထို့ကြောင့် ဤနေရာတွင် ဤကျမ်း၏ ပဓာနအခန်း ဖြစ်သည့် ကလျာဏီကျောက်စာ မြန်မာပြန် (စာကိုယ်) ကို အားပါးတရ လေ့လာဖတ်ရှုရန် တင်ဆက်အပ်ပါသည်။

၄။ ဆရာတော်ခင်ကြီးဖျော်သည် ကလျာဏီကျောက်စာကို မြန်မာပြန်ရာတွင် တောင်းပန်သူ ရှင်ဘုရင်နှင့်သင့်တော်ရုံမျှကိုသာ ရွေးချယ်စီစဉ်ခဲ့ပါသည်၊ ဤတွင် ကလျာဏီကျောက်စာ မြန်မာပြန်ကို အပြည့်အစုံ လေ့လာလိုသူများအတွက် စာပေအခက်အခဲ ရှိလာရပြန်ပါသည်၊ ဤအခက်အခဲကို ဖြေရှင်းရန် ပိဋကဗျူဟာ- စာပေဦးဆောင်အဖွဲ့မှ (ကလျာဏီ ကျောက်စာ မြန်မာပြန်) **အောက်ခြေမှတ်ချက်** ကို ကြိုးပမ်း ပေးထားပါသည်၊ မူရင်း မြန်မာပြန်စာကိုယ်နှင့် အောက်ခြေမှတ်ချက်

မြန်မာပြန်တို့ကို သက်ဆိုင်ရာ အမှတ်အသားတို့ဖြင့် ကြည့်ရှု တိုက်ဆိုင် လေ့လာပါက ပြီးပြည့်စုံပါပြီ။

၅။ ပိဋကဗျူဟာအဖွဲ့သည် ပုံမနှိပ်ဘူးပဲ တိမ်မြုပ်နေသည့် ပိဋကစာပေ (ပေမူ) တို့ကို ပုံနှိပ်ဖော်ထုတ်ရန် ဖွဲ့စည်းခဲ့သော သာသနာရေးအဖွဲ့ ဖြစ်ပါသည်၊ ထို့ကြောင့် ပိဋကဗျူဟာအဖွဲ့ဝင်များနှင့် စေတနာရှင် များသည် ရှည်လျားလှစွာသော ပိဋကစာပေသမိုင်းကြီးကို အချိန်တိုတိုနှင့် လိုရင်းကျကျ လေ့လာထားရန် လိုအပ်သည်ဟု ယူဆပါသည်၊ ထိုပိဋကစာပေသမိုင်းကြီးကိုအလွယ်တကူ အနီးကပ် လေ့လာသုံးသပ်နိုင်ရန် အတွက် ပိဋကဗျူဟာ စာပေဦးဆောင်အဖွဲ့မှ **ပိဋကနိဒါန်းနှင့် ပိဋကဗျူဟာနိဒါန်းကြီး** ကို ဤပွဲဦးထွက်ကျမ်းတွင် ကြိုးပမ်းပေးထားပါသည်၊ ထိုနိဒါန်းကြီးက သမိုင်းကြောင်းများစွာကို အချိန်တိုတိုနှင့် အဖြေပေးရင်း ပိဋကဗျူဟာ အကြောင်းကို အသေးစိတ် ပြောပြပါ လိမ့်မည်၊ တနည်းအားဖြင့် ပိဋကသမိုင်း ရေစီးကြောင်းကြီးအတိုင်း စုန်ဆင်းလာခဲ့ပါက ပိဋကဗျူဟာ၏ အနီးကပ်အသွင်အပြင်ကို ပီပီပြင်ပြင် တွေ့မြင်ရမည် ဖြစ်ပါသည်။

**ပိဋကဗျူဟာအဖွဲ့**

# ကလျာဏီနိဒါန်း

ပဏ္ဍာ ဟံသပုရေ ဝါသီ၊ ဘိက္ခုသံဃော စ သာဒရော။
သာသနဿ မလံ ဒိသွာ၊သောဓေနံ ကုရုတံ သတော။

ဟံသာဝတီမြန်ဍာနီ၌ နေ‌ောင်အခါနေထိုင်လတ္တံ့ကုန်သော ရဟန်းရှင်လူ သူတော်စင် အပေါင်းတို့သည် မြတ်စွာဘုရား သာသနာတော်ကို ရိုသေကိုင်းရှိုင်းသော သတိဖြင့် သာသနာတော်၏ အညစ်အကြေး ဘေးရန်တို့ကိုမြင်လျှင် လျင်မြန်စွာ သုတ်သင်ရှင်းလင်းကြပါကုန်။ (ကလျာဏီကျောက်စာ နိဂုံး-မှ)

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးသည့်နောက် ပေါ်ပေါက်ရောက်လာသည့် သာသနာတော်နှစ်ပေါင်း ၂၀၀၂-နှစ်အလွန် မြန်မာ ဂေါစာနှစ် ၈၂၀-တွင်[၁] မြန်မာနိုင်ငံ ရာမညတိုင်း ဟံသာဝတီနေပြည်တော်၌ "သိရိပရမ မဟာဓမ္မရာဇာဓိရာဇာ" ဘွဲ့ခံ ရာမာဓိပတိမည်သော ဓမ္မစေတီမင်း နန်းတက်ခဲ့သည်၊ ထိုမင်းကြီးသည် "တိပိဋက ဗေဒါဂမတက္က ဗျာကရဏ ဆန္ဒာ.

---

၁။ ကျောက်စာအတိုင်း ရေးခြင်းဖြစ်၏၊ ရှင်စောပုက ဒဂုံ၌သွားရောက်စံနေ၍ အိမ်ရှေ့မင်း ဓမ္မစေတီအား ပြည်ရေးပြည်မှု အလုံးစုံကို လွှဲအပ်ထားခဲ့သော နှစ်ဖြစ်သည်၊ မင်းအဖြစ်သို့ စင်စစ်ရောက်သောနှစ်ကား သာသနာ–၂၀၁၅၊ မြန်မာ ၈၃၃၊ (အေဒီ–၁၄၇၂) ဖြစ်၏၊ အကျယ်ကို အဋ္ဌုပ္ပတ္တိစာတမ်းတွင် ကြည့်ပါ။

လင်္ကာရဇောတိဝဇ္ဇဂဏိတသတ္ထသင်္ခါတာနံ ” စသည်ဖြင့် ကလျာဏီကျောက်စာပါဌ်တွင် ဂုဏ်ပြုအပ်သည့်အတိုင်း ပိဋကသုံးပုံ, ဗေဒင်ကျမ်း, တက်ကျမ်း, ဗျာကရုဏ်းကျမ်း, ဆန်း, အလင်္ကာ, ဟူးရား ဂဏန်း အတတ်မှစ၍ လောကုတ် လောကီ နှစ်လီကျမ်းဂန် ကျေပွန်တတ်ကျွမ်းတော် မူသည်နှင့် အညီ ဟံသာဝတီနေပြည်တော်၌ သာသနာပြုမင်းအဖြစ် ခံယူ ရာတွင် သာသနာတော်၌ ပဓာနဖြစ်သော သာသနာ့ဝန်ထမ်း ရဟန်းကောင်းများ ပေါ်ထွက်လာရေး မြော်တွေးလျက်–

(၁) ဝတ္ထုသမ္ပတ္တိ = ပဋ္ဌင်းလောင်း၏ပြည့်စုံခြင်း
(၂) ဉတ္တိသမ္ပတ္တိ = ဉတ်၏ပြည့်စုံခြင်း
(၃) အနုသာဝနသမ္ပတ္တိ = ကမ္မဝါစာ၏ပြည့်စုံခြင်း
(၄) ပရိသာသမ္ပတ္တိ = ပရိသတ်၏ပြည့်စုံခြင်း
(၅) သီမာသမ္ပတ္တိ = သိမ်၏ပြည့်စုံခြင်း။

ဤသမ္ပတ္တိငါးအင်စုံလင်ညီမျှမှသာ ဗုဒ္ဓမြတ်စွာသာသနာ၌ စင်ကြယ်စွာသော ရဟန်းစစ်ကို ရရှိနိုင်မည်၊ ဤသမ္ပတ္တိငါးအင် တွင်လည်း ရှေးသုံးအင်ဖြစ်သော ဝတ္ထု, ဉတ္တိ, အနုသာဝန တို့ကား ညီမျှမှု, မညီမျှမှု မြော်ရှု လေ့လာက သိသာနိုင် လောက်၏၊ နောက်နှစ်ရပ်ဖြစ်သည့် ပရိသတ်နှင့် သိမ်တို့ကား တိမ်မြုပ်ကွယ်ဝှက်၍ ပျက်မပျက် အသိခက်လှပေသည်၊ ထို နှစ်ရပ်တွင်လည်း သိမ်သည် ပဓာနဖြစ်သဖြင့် ရာမညဒေသရှိ သိမ်မှန်သမျှတို့ကို လေ့လာ သုံးသပ်ကြည့်ရာတွင် သန့်ရှင်းမှု မမြင်ပဲ သိမ်ပျက်လက္ခဏာသာ ထင်ခဲ့လေသည်။

ထို့ကြောင့် ဓမ္မစေတီမင်းကြီးသည် သာသနာတော်တွင် ပဓာန အကျဆုံးဖြစ်သော သိမ်စစ်သိမ်မှန် ပေါ်ထွက်ရေးကို အလေးပေး၍ အရေးတကြီး ဆောင်ရွက်တော် မူခဲ့လေသည်၊ ယင်းကဲ့သို့ ဆောင်ရွက်ခဲ့ပုံနှင့် ဆောင်ရွက်တော်မူသည့်အတိုင်း စင်ကြယ်သန့်ရှင်းသော ကလျာဏီသိမ်တော်ကြီး ပေါ်ပေါက်လာပုံတို့ကို နောင်လာနောင်သားတို့ ထင်ရှားသိသာကြစေရန် ကလျာဏီသိမ် ကျောက်စာတော်ကြီးကို ပါဠိဘာသာဖြင့်၎င်း, မွန်ဘာသာဖြင့်၎င်း ရေးထိုး၍ ထားခဲ့ပေသည်။

ဤကလျာဏီကျောက်စာ နှစ်ဘာသာမူတော်ကြီးသည်ကား ဖော်ပြပါအကြောင်းအချက် သက်သက်မျှကိုသာ ရေးထိုးထားခြင်းမဟုတ် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့်နောက် မဇ္ဈိမဒေသ ဗုဒ္ဓသာသနာသမိုင်း အဝင်အပါ လင်္ကာဒီပနှင့် မြန်မာ့သာသနာသမိုင်း များကိုပါ တင်ပြထားခဲ့သဖြင့် သာသနာဝင် စာအုပ်တိုင်းကပင် ကိုးကားအားထားရသော ကျောက်စာကြီး ဖြစ်နေပေသည်၊ မြန်မာ့သာသနာဝင် ကျမ်းများဖြစ်သော ဝံသဒီပနီ, သာသနာလင်္ကာရ, သာသနဝံသပ္ပဒီပိကာ, ဝံသမေဒပ္ပကာသနီ, သာသနဗဟုဿုတပ္ပကာသနီ စသည်တို့သည် ကလျာဏီ ကျောက်စာကြီးကိုပင် အမှီပြုကြရကုန်၏၊ အင်းဝခေတ် သာလွန်မင်းတရားလက်ထက် သာသနာ ၂၁၉၁ မြန်မာ-၁၀၀၉ တွင် စီရင်ပြီးစီးသည့် တိပေဋကာလင်္ကာရမဟာရာဇဂုရု တောင်ဘီလာ ဆရာတော်ဘုရားကြီး၏ ဝိနယာလင်္ကာရ ဝိနည်းဋီကာကျမ်းကပင် ဤကလျာဏီ ကျောက်စာတော်ကို အကိုးအကား ပြုရသည်ကို တွေ့နိုင်၏၊

ထို့ကြောင့် ကလျာဏီကျောက်စာကြီးကို မြန်မာ့သာသနာဝင် မှုလကျမ်းကြီးဟူ၍ပင် အသိအမှတ် ပြုကြရကုန်၏။

ထိုကျမ်းကြီးကို ကလျာဏီသိမ်တော်ကြီး သမုတ်ပြီးနောက် (မြန်မာနှစ် ၈၃၈-ခုနှစ်တွင် သမုတ်ပြီးလျှင် ၈၄၁-ခုနှစ် အထိ ရဟန်းပေါင်း ၁၅၆၆၆-ပါး၊ ရဟန်းခံပြီးသည့်အထိ ကျောက်စာ၌ ဖော်ပြထားသည်ကိုထောက်၍) မြန်မာသက္ကရာဇ် ၈၄၃ (ခရစ်နှစ် အေဒီ-၁၄၇၉) ခန့်တွင် ဓမ္မစေတီမင်းကြီး နှင့် ဟံသာဝတီ နေပြည်တော်၌ သီတင်းသုံးတော်မူကြသော ပညာရှိမထေရ်မြတ်များ စုပေါင်းပြုစုခဲ့ကြသည်ဟု အဆိုရှိ သည်၊ ကလျာဏီကျောက်စာတော်ကြီးကို ပါဠိဘာသာဖြင့် ကျောက်စာတိုင် ၃-တိုင် ၂-မျက်နှာစီအပြည့် ၆-မျက်နှာ ရေးထိုး၍ မွန်ဘာသာဖြင့် ၇-တိုင် ၁၄-မျက်နှာ (နှစ်ရပ် ၁၀-တိုင် မျက်နှာ ၂၀)အား တခမ်းတနား ရေးသား ထိုး စိုက်၍ ထားခဲ့လေသည်။

ဤနေရာ၌ ရပ်တံ့၍ ကလျာဏီကျောက်စာ ပါဠိဘာသာ အပိုင်း၌ မပါ မွန်ဘာသာအပိုင်း၌သာ ပါရှိသဖြင့် သိရှိသူနည်း ပါးနေသေးသော ကလျာဏီသိမ်တော်ဆိုင်ရာ နောက်ဆက် တွဲ သာသနာ့သမိုင်းကို ဖော်ပြလိုပေသေးသည်၊ ရာမာဓိပတိ မည်သော ဓမ္မစေတီမင်းကြီးသည် မြန်မာသက္ကရာဇ် ၈၃၈- ခုနှစ်တွင် ကလျာဏီသိမ်တော်ကြီးကို သမုတ်တော်မူပြီးနောက် နှစ်အနည်းငယ်အတွင်းမှာပင် ရာမညတိုင်း နေရာအနှံ့အပြား ၌ သိမ်ပေါင်း ၃၉၇-သိမ်သမုတ်တော် မူခဲ့လေသည်။

သမုတ်တော်မူခဲ့သော သိမ်စာရင်းကို ယင်းကလျာဏီ မှန်ကျောက်စာအရ ဖော်ပြရသော် အောက်ပါအတိုင်း ဖြစ်၏

(၁) ဟံသာဝတီ နေပြည်တော်ပတ်ဝန်းကျင်၌ ကလျာဏီသိမ်တော်ကြီးအပြင် သိမ်ကြီး ၉-သိမ်နှင့် သိမ်ငယ် ၁၀၇-သိမ်၊ စုစုပေါင်း ၁၁၇-သိမ်

(၂) ဝါးနက်ချောင်း, မှော်ဘီ, လှည်းကူး, ထန်းတပင်, လှော်ကား ၄၆-သိမ်၊

(၃) သံလျင် ၂၉-သိမ်

(၄) ဒဂုံ ၂၂-သိမ်

(၅) တွံတေး ၆-သိမ်

(၆) ဒေးဒရဲ ၃-သိမ်

(၇) ဒလ ၁၇-သိမ်

(၈) လှိုင် ၂-သိမ်

(၉) ခနောဖြူ ၂-သိမ်

(၁၀) ဇလွန် ၆-သိမ်

(၁၁) ပုသိမ် ၂၅-သိမ်

(၁၂) စစ်တောင်း ၃၃-သိမ်

(၁၃) ယင်းငြိမ် ၂-သိမ်

(၁၄) မော်လမြိုင် ၄-သိမ်

(၁၅) မုတ္တမ ၂၁-သိမ်

(၁၆) မွန်အမည်များဖြစ်နေ၍ မြန်မာလိုမဖော်ထုတ်နိုင်
သေးသော မြို့ပေါင်း ၁၃-မြို့၌ ၆၂-သိမ်
စုစုပေါင်း ၃၉၇-သိမ် ဖြစ်လေသည်။[၁]

ဤစာရင်းကိုကြည့်လျှင် ဓမ္မစေတီမင်းကြီးသည် သာသနာ တော် သန့်ရှင်းစင်ကြယ်ရေးအတွက် ဟံသာဝတီမဏ္ဍလ, ကုသိမမဏ္ဍလ, မုတ္တမမဏ္ဍလဟူသော ရာမညတိုင်းအလုံး၌ သိမ်များအနှံ့အပြား သမုတ်တော်မူခဲ့သည်ကို ထင်ရှားသိ သာ၍ သာဓုအနုမောဒနာ ခေါ်ဆိုဖွယ်ပင် ဖြစ်တော့သည်။

ထို့ပြင် ကလျာဏီကျောက်စာ ပါဠိဘာသာနောက်ဆုံး ပိုင်း၌ သိမ်တော်ကြီးကို သမုတ်ပြီးနောက် ဂိုဏ်းဆရာကြီး ၈၀၀-ပါး ပဉ္စင်းငယ် ၁၄၂၉၅-ပါး နှစ်ရပ်ပေါင်း ၁၅၀၆၅-ပါးကို လူထွက်လဲ၍ ပဉ္စင်းအဖြစ်ခံစေပြီးနောက် အသက် ၂၀-ပြည့်ကုန် သော သာမဏေပေါင်း ၆၀၁-ပါးကို ရဟန်းခံပေးကြောင်း သာမန်မျှသာ ပြဆိုထား၏၊ မွန်ဘာသာပိုင်းတွင် ယင်း ၆၀၁- ပါး ရဟန်းခံပုံကို အကျယ်တဝင့် ပြဆိုထားရာ စိတ်ဝင်စား စရာ ကောင်းသဖြင့် ဤ၌အကျဉ်းချုပ်ဖော်ပြလိုပါသေးသည်။

ဓမ္မစေတီမင်းကြီးသည် ရာမညတိုင်းရှိ အရပ်ဒေသအသီးသီး တွင် အသက်နှစ်ဆယ်ပြည့်၍ ဥပသမ္ပဒကံဆောင်လျက် ပဉ္စင်း ဘောင်တက်လိုကုန်သော သာမဏေများကို ဘိက္ခုပါတိ မောက်, ဘိက္ခုနီပါတိမောက် (ဒွေမာတိကာ)နှင့် ခုဒ္ဒသိက္ခာ

---

၁။ မြင့်ဆွေရေး "ကလျာဏီသိမ်"ဆောင်းပါး လုပ်သား သတင်းစာမှ။

ဟူသော ဝိနည်းငယ် ၃-စောင်ကို အာဂုံကျက်မှတ်စေရန် ဆိုင်ရာဆရာတော် ဘုရားကြီးများအား လျှောက်ထားတော်မူသည်၊ လျှောက်ထားသည့် အတိုင်းလည်း ကျက်မှတ်စေခဲ့ရာ သက္ကရာဇ် ၈၄၁-ခုနှစ်၌ သာမဏေအားလုံး ဝိနည်းငယ် ၃-စောင်ကို အာဂုံဆောင်နိုင်ပြီဖြစ်ကြောင်း အကြောင်းကြားသဖြင့် ဓမ္မစေတီမင်းကြီးသည် ယင်းသာမဏေအားလုံးကို နန်းတော်သို့ပင့်ဆောင်၍ ဝိနည်း ၃- စောင်ကို ပြန်ဆိုစေပြီးမှ မှန်ကန်စွာပြန်ဆိုနိုင်သော သာမဏေပေါင်း ၆၀၁- ပါးကို ရွေးကောက်တော်မူပြီးလျှင် ပဉ္စင်းလောင်းအဖြစ် သတ်မှတ်တော်မူလေသည်၊ ယခုခေတ် အသုံးဖြင့်ဆိုရသော် ပဉ္စင်းလောင်းတို့ကို ဝိနည်းပြန်ပွဲ (စာမေးပွဲ) စနစ်ဖြင့် ရွေးချယ်ခဲ့သည်ဟု ဆိုသင့်ပြီး ၆-အုပ်စုခွဲကာ မင်းသား ၆-ဦးထံ အပ်နှံ၍ ပဉ္စင်းခံရာ၌ လိုအပ်သည်များကို ပြင်ဆင်ရန် တာဝန်ပေးတော်မူ၏၊ ၆-အုပ်စုမှာ ပဌမ, ဒုတိယ, တတိယ, စတုတ္ထနှင့် ပဥ္စမ အုပ်စုများ၌ ပဉ္စင်းလောင်း ၁၀၀-စီဖြစ်၍ ဆဋ္ဌ-အုပ်စု၌ ၁၀၁-ပါး ဖြစ်လေသည်။

ပဉ္စင်းလောင်း ၆၀၁-ပါးကို ပဉ္စင်းခံရာ၌ ဆရာတော်အပါး ၅၀-တိတိ ပင့်သည်၊ ယင်းတွင် သီဟိုဠ်ပြန်သံဃာ ၁၇-ပါး, ပဲခူးသံဃာ ၁၅-ပါး, ထေရဂိုဏ်းသံဃာ ၁၈-ပါး ပါဝင်၍ ၈၄၁ ခု၊ တပေါင်းလပြည့်နေ့မှ လပြည့်ကျော် ၄-ရက်နေ့အထိ ၅-ရက်တိုင်တိုင် ဥပသမ္ပဒကံဆောင်ရန် စီမံတော်မူသည်၊ ကံဆောင်ပွဲသို့ ပို့ဆောင်ရာ၌ ပဉ္စင်းလောင်း ၆-အုပ်စုကို တအုပ်စုစီခွဲကာ အစဉ်အတိုင်း ဟံသာဝတီမြို့တော်တွင်းမှ ကလျာဏီသိမ်သို့ အခမ်းအနားဖြင့် ပို့ဆောင်လေသည်၊ ပဉ္စင်း

လောင်း တပါးလျှင် ဆင်တစီးစီ၍ စီးစေပြီးလျှင် မင်းသား ၆-ဦးက တအုပ်စုစီကို ဦးစီးကြရာ၌ အုပ်စုချင်း မရောထွေးရန် တအုပ်စုလျှင် ခေါင်းပေါင်းအရောင်တမျိုးစီ ပေါင်းစေရသည် ဟူ၏၊ ဓမ္မစေတီမင်းကြီး ကိုယ်တော်တိုင် ကလျာဏီသိမ်သို့ ကြွတော်မူလာ၍ ပဉ္စင်းလောင်းအုပ်စု ၆-အုပ်စုကို တအုပ်စုစီသိမ်တွင်းသို့ ပင့်ဆောင်ကာ ပဥ္စမ သာမဏေ ပြုစေပြီးနောက် ၂-ပါး တတွဲစီ ဥပသမ္ပဒကံကို ခံယူစေတော်မူသည်၊ လပြည့်ကျော် ၄-ရက်နေ့တွင် ကံဆောင်ကိစ္စပြီးစီး၍ ၅-ရက်နေ့၌ မင်းကြီး ကိုယ်တော်တိုင် ဆရာတော်အပါး ၅၀-နှင့် ပဉ္စင်းသစ် ၆၀၁-ပါးအား ဆွမ်းခဲဘွယ်ဘောဇဉ်များဆက်ကပ်ပြီးလျှင် လှူဘွယ်ဝတ္ထုများကို လှူဒါန်းတော်မူသည်၊ ထို့နောက် ဓမ္မစေတီမင်းကြီးသည် ရဟန်းသစ် ၆၀၁-ပါးကို ဝမ်းသာကြည်နူးစွာ ဖူးမြော်ကန်တော့ပြီးမှ ယင်းတို့၏ နေရင်းဌာနသို့ ပြန်လည်ပို့ဆောင်တော်မူစေလေသည်၊ ဤကား ပဉ္စင်းသစ် ၆၀၁-ပါးကို ဥပသမ္ပဒဘုံရောက် ခြီးမြှောက်ပုံ အကြောင်းအရာကို ကလျာဏီမွန်ကျောက်စာအရ ဖော်ပြလိုက်ခြင်းပင် ဖြစ်သည်။

ဤဖော်ပြပါ ကလျာဏီကျောက်စာ မွန်ဘာသာအပိုင်းလာ သိမ် ၃၉၇-သိမ် သမုတ်ခြင်း, ပဉ္စင်းသစ် ၆၀၁-ပါးအား ဥပသမ္ပဒဘုံသို့ရောက် ခြီးမြှောက်ပုံ အခမ်းအနား ပြုလုပ်ခြင်းတို့ကို မြန်မာရာဇဝင်နှင့် သာသနာ့သမိုင်းတို့တွင် ပါဝင်သည်ကို မတွေ့ရပေ၊ ယင်းသို့ မတွေ့ရခြင်းသည်ပင် ရှေးမြန်မာလူမျိုးတို့၏ သမိုင်းပညာ၌ လေ့လာမှု နည်းပါးခဲ့ခြင်း၏ သာဓကဟု ဆိုသင့်၏၊ မည်သို့ပင်ဖြစ်စေ-ဓမ္မစေတီမင်းကြီးကား ကလျာဏီသိမ်တော်ကြီးနှင့်အတူ ရာမညတိုင်း အလုံးတွင် သိမ်ကောင်း သိမ်မွန်များစွာ သမုတ်တော်မူခဲ့ခြင်းနှင့်

ရဟန်းဟောင်း ရဟန်းသစ်တို့ကို စစ်စစ်မှန်မှန် ဖြစ်ပေါ်ခဲ့စေခြင်းတို့ဖြင့် ဗုဒ္ဓသာသနာတွင် အတုမဲ့သာသနာပြု မင်းတပါး အဖြစ်ကို ရယူခဲ့သည်ဟု ဆိုသင့်ပေတော့သည်။

မှန်ပါ၏–လောက၌ သာသနာကို ပြုစုခြင်း, ခြီးမြှောက်ခြင်း, ထောက်ပံ့ခြင်း စသည်ဖြင့် နည်းအမျိုးမျိုးရှိရာတွင် ဓမ္မစေတီမင်းကြီးကား ခြီးမြှောက်ထောက်ပံ့ရုံမျှမကသာသနာတော်၏ အရင်းအမြစ်ကစ၍ ပြုပြင်ခဲ့သည်ဟု ဆိုရပေမည်၊ သူ့ခေတ်အလျောက် ဤကဲ့သို့မပြုလျှင်လည်း မဖြစ်ပေ၊ အချို့က ဓမ္မစေတီမင်းကြီးသည် လက်ရှိသာသနာကို ဖျက်ဆီး၍ အသစ်ပြုလုပ်ခဲ့သည်ဟု အပြစ်ဆိုကြသည်၊ အမှန်အားဖြင့် သာသနာ၏ မူလဘူတ ဖြစ်သော သိမ်၏ မူမမှန်မှုကိုမှ မပြုပြင်နိုင်ခဲ့လျှင် သာသနာတော်၏ သန့်ရှင်းစင်ကြယ်မှုမှာ ဖြစ်လာနိုင်တော့မည် မဟုတ်ပေ၊ အဘယ့်ကြောင့် ဆိုသော် ထိုသိမ်၌ ဖြစ်ကြသော ရဟန်းတို့၏ မူမမှန်မှုကြောင့် နောက်နောင် ပရံပရသိဿာနုသိဿတို့မှာလည်း မူရင်းမမှန်သည့်အတွက် ပျက်ပြားချွတ်ယွင်းရတော့မည်မှာ ဓမ္မတာပင် ဖြစ်တော့သဖြင့် ဤကဲ့သို့ ဖျက်၍မှမပြင်လျှင် သန့်စင်လာနိုင်ဖွယ်ရာ မရှိသောကြောင့်ပင် ဖြစ်လေသည်၊ ထို့ကြောင့် မင်းကြီးသည် မိမိကိုယ်တိုင်က ပိဋကကျွမ်းကျင်ခဲ့သည် အားလျော်စွာ ဝိနည်းပါဠိတော် အဋ္ဌကထာနှင့် ယင်းတို့၏ အဖွင့်ဋီကာများ ဖြစ်ကြသော သာရတ္ထဒီပနီ, ဝိမတိ, ဝဇီရဗုဒ္ဓိ, ကင်္ခါ (အဋ္ဌကထာ) ဋီကာ, ဝိနယဝိနိစ္ဆယ (အဋ္ဌကထာ) ဋီကာ, ဝိနယသင်္ဂဟ (အဋ္ဌကထာ), ဝိနယာလင်္ကာရဋီကာ, သီမာလင်္ကာရသင်္ဂဟကျမ်း စသည့် ဝိနည်းဆိုင်ရာ ကျမ်းပေါင်းများစွာတို့ကို လေ့လာကြည့်ရှု၍ မုချမူရင်းသိမ်များ ပျက်စီး

ကြောင်းသိသည်နှင့်ပင် သိမ်သစ်သမုတ်ရန်နှင့် ယင်းသိမ်သမုတ်ကံအတွက် ရဟန်းကောင်း ရဟန်းမှန်ဖြစ်ပေါ်လာရန်တို့ကိုပါ စီမံဆောင်ရွက်ခြင်းသည်ပင် ဤဗုဒ္ဓသာသနာတော်၌ အလွန်အံ့ကဲ အထူးခြားဆုံးသော သာသနာပြု သာသနာခြီးမြှောက်သောက်ပံ့မှုကြီးကို စွန့်စွန့်စားစား အားကြိုးမာန်တက်ပြုလုပ်တော်မူရသော ကိစ္စကြီး ပေါ်ပေါက်လာရခြင်းပင်ဖြစ်တော့သည်။

မိမိတသက်တာအတွက် ပြုလုပ်ခဲ့ရုံမျှသာမက ယခုမိမိပြုစု ခြီးမြှောက်ထောက်ပံ့လိုက်သော ရဟန်း သံဃာတော်များနှင့် နောက်နောင် ပေါ်ပေါက်သမျှ ရဟန်းသံဃာတော်တို့အားပါ ဆက်လက်သာသနာပြုရန် ညွှန်ကြားထားရစ်ခဲ့ပေသေးသည်၊ ကတိကဝတ်အဖြစ် ခံယူစေခဲ့ပေသေးသည်၊ ယင်းကို ဤကျောက်စာနောက်ပိုင်းတွင် ဤသို့ဖော်ပြခဲ့သည်။

"အရှင်ဘုရားတို့ ယနေ့မှစ၍ ရှင်သာမဏေပြု(ရဟန်းပြု)လိုပါသည်ဟူ၍ အရှင်ဘုရားတို့ထံသို့ လာရောက်လျှင် သံပူအပ်သသူ (မင်းဒဏ်သင့်၍ သံပူဖြင့် အကပ်ခံရသူ), ခိုးမှုပြုသသူ, နှောင်အိမ်ဖောက်သသူ, မင်းအားပြစ်မှားသသူ, အို၍မစွမ်းနိုင်သသူ, ပြင်းစွာအနာနှိပ်စက်သသူ, လက်ပြတ်ခြင်း အစရှိသော အင်္ဂါချို့သောသူ, ကုန်းသော ကွသော ခွင်သော ကောက်သောသူ, သည်မှတပါးလည်း ပရိသတ်ကို ဖျက်တတ်သော လူမြင်၍ ပြက်ရယ်ကဲ့ရဲ့ခြင်းကို ပြုစရာဖြစ်သော စိတ်ကြည်ညိုဖွယ်မရှိသော သူတို့ကို လက်ခံ၍ ရှင်သာမဏေ (ရဟန်း) မပြုကုန်နှင့်" ဟူ၍ ပရိသဒူသက ပုဂ္ဂိုလ်တို့အား ဝိနည်းတော်အတိုင်း သာသနာတွင်းသို့ မသွင်းစေခြင်းတို့အပြင်

"အကြင် ရဟန်းယုတ်တို့သည် ဆေးကုခြင်း ဟူးရားဂဏန်းတွက်ခြင်းကို ပြုကုန်သည်၊ လက်သမားအမှု ဆင်စွယ်ပွတ်ခြင်းတို့ကိုပြု၍ အသက်မွေးကုန်သည်၊ မင်း၏အမတ်ကြီးအစရှိသော အလုံးစုံသော သူတို့၏သားငယ်တို့ကို ချီထိန်းယကုန်သည်၊ ဥပဒ်ကြားခြင်း, နိမိတ်ဖတ်ခြင်း, အိပ်မက်ဖတ်ခြင်းတို့ဖြင့် အသက်မွေးကုန်သည်၊ မင်းချင်းယောကျ်ားအမှတ်မရှိသော မိန်းမယောကျ်ားတို့နှင့် မလျော်ကပ်သော ရောယှက်ခြင်းဖြင့် ရောယှက်၍ နေကုန်သည်၊ ထိုသို့သော ရဟန်းယုတ် တို့သည် အရှင် ဘုရားတို့ထံ၌ နေလိုကုန်သည် လာကုန်လျှင် ခွင့်ပေးတော်မမူကုန်လင့်" ဟူ၍လည်း ကုလဒူသန အနေသနရဟန်းတို့အား လက်မခံရန်ကတိပြုစေပြီးနောက်—

"အကြင် အမျိုးသားတို့သည် ရှင်သာမဏေပြုလိုကုန်သည် ဟူ၍ လာရောက်လျှင် အက္ခရာစာ အရေးအသားတို့ကိုသင်စေ၍ အရွတ်အဖတ်ပီသအောင် လေ့ကျက်စေပြီးလျှင် သရဏဂုမ်သိက္ခာပုဒ်တို့ကို သင်စေပြီးမှ ရှင်သာမဏေ ပြုတော်မူပါကုန်၊ အသက်နှစ်ဆယ်ပြည့်ပြီးသော သာမဏေတို့သည် ပဉ္စင်းခံလိုပါ၏ဟုဆိုလျှင် ရဟန်းတို့ဖြည့်ရာသော သီလလေးပါးကို အကျဉ်း (ပြော)ကြား၍ ဘိက္ခုပါတိမောက်နှင့် ခုဒ္ဒသိက္ခာကျမ်းကို အစမှအဆုံးထိတိုင်အောင် သင်စေ၍ အာပတ် (ဖြေ)ဒေသနာကြား ပစ္စဝေက္ခဏာလေးပါးတို့ကို နှုတ်တက်အောင် လေ့ကျက်စေပြီးမှ" စသည်ဖြင့် သာမဏေကောင်း ပဉ္စင်းကောင်းဖြစ်အောင် လမ်းညွှန်ခဲ့လေသည်၊ နောက်ဆုံးတွင် "ရှေးအခါ၌မူကား ရာမညတိုင်း၌ ရဟန်းတို့ အသီးအခြား ကွဲပြားကြလေသောကြောင့် ဤသို့သော သာသနာတော် အညစ်အ

ကြေး ဘေးရန်ဆူးငြောင့် ဖြစ်လေသည်၊ ယခုမှုကား တပေါင်း တည်း ဖြစ်ပါစေ” ဟု တဂိုဏ်းတည်း တဖွဲ့တည်း ညီညီ ညွတ်ညွတ် ကာယစိတ္တ သမဂ္ဂသံဃာများဖြစ်ကြရန် သာသနာ နှောင်ရေးအတွက် အလေးပေး ညွှန်ကြားသွားခဲ့လေသည်၊ ထို့ကြောင့် ဓမ္မစေတီမင်းတရား၏ သာသနာပြုစု ခြီးမြှောက် မှုကား သားစဉ်မြေးဆက် ဆက်လက်ခိုင်ခံ့စေရန် အဋ္ဌမြစ် ချခဲ့ခြင်းနှင့် အလားတူသည်ဟု ဆိုနိုင်ပေသည်။

ထိုမှနောက်၌ ဤနိဒါန်းအစတွင် ဖော်ပြခဲ့သော ဂါထာ အတိုင်း အနာဂတ် ရဟန်းရှင်လူများနှင့် နောက်မင်း အဆက် ဆက်တိုင်အောင် ဆက်လက်သာသနာပြုနိုင်ရန် မှာကြားသိ စေလျက် ဤ ခိုင်ခံ့တည်တံ့ရစ်လတ္တံ့သော ကျောက်စာတော် ကြီးကို ပါဠိဘာသာ မွန်ဘာသာတို့ဖြင့် သေချာကျန တိတိ ပပ ထိုးနှံ့စိုက်ထူ၍ ထားတော်မူခဲ့လေသည်၊ အမြင့် ၇-ပေ, အကျယ် ၄-ပေ, ထု ၁-ပေ ၃-လက်မ, ၂-မျက်နှာစီရေး, တမျက်နှာလျှင် စာကြောင်းရေ ၇၀, ၁-လက်မလျှင် စာလုံး ၃-လုံးဝင် ရေးထိုးရသည့် ကျောက်စာ ၁၀-တိုင် (မျက်နှာ- ၂၀) ဖြင့် စိုက်ထူထားခဲ့၏၊ နှစ်ကာလကြာညောင်းခြင်းနှင့် စကျင်ကျောက် ကျောက်မာမျိုးမဟုတ်သဲကျောက် ကျောက်နု မျိုးများ ဖြစ်သည့်အားလျော်စွာ ကျောက်စာ ၁၀-တိုင်လုံး ပင် ပျက်ပြုံးပြိုကွဲ အနဲနဲယိုယွင်းလျက် ရှိကြသည်၊ ပါဠိ ဘာသာ (မြန်မာအက္ခရာ) ၃-တိုင်ကို ရှေးဟောင်း ကျောက် စာဌာနမှ သစ်သားသံချောင်းတို့ဖြင့် တွဲစပ်ညှပ်ထူ၍ ထား နိုင်သော်လည်း ဖတ်ရှု၍ဖြစ်နိုင်သော အခြေသို့ကား ပြန်မ ရောက်တော့ချေ၊ မွန်ဘာသာ (မွန်အက္ခရာ) အပိုင်း ၇- တိုင်မှာမူ ထူထောင်စပ်တွဲ၍ပင် မရနိုင်တော့၊ မြေပေါ်တွင်

သာ ကျောက်တိုး ကျောက်ခဲအနေ ကွဲကြေပုံကျ၍ နေလေတော့ပြီ၊ သခ်ါရမမ္မ ဘိဇ္ဇနသဘောကို ပြဟောနေသည့်ပမာ ဝမ်းနည်းဘွယ်ရာသာ ရှုမြင်ရတော့သည်။[၁]

ထို ကလျာဏီကျောက်စာ ပါဠိစာတော်မူကို သာသနာတော် ၂၂၉၃-ခု၊ မြန်မာသက္ကရာဇ် ၁၁၁၁-ခု (ကျောက်စာထိုးပြီးနောက် နှစ်ပေါင်း ၂၆၈-နှစ်ခန့်အကြာ)ပုဂံမြို့အနောက်ဖက် တန့်ကြည့်တောင်အနောက် ယောချောင်း၏ မြောက်ဖက်ကမ်း တောင်မြင့်ရွာကျောင်းနေ ဝါတော် ၃၀-ရ အရှင်သဒ္ဓမ္မနန္ဒိမထေရ်မြတ်က မြန်မာနိဿယ ပြန်ဆိုတော်မူခဲ့သည်၊ (ထို နိဿယကို သပြေကန်ဆရာတော် ကျိုက္ကစံ ဆရာတော်ဘုရားကြီးများ တည်းပြတ်၍ ကျိုက္ကစံ အရှင်အာစာရမထေရ်ကြီးကြပ်လျက် ၁၃၀၀-ပြည့်နှစ် တန်ခူးလက ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်တွင်ရင်း, ရန်ကုန်မြို့ ဘုရားဖြူ ဆရာတော် ဇ ည်းပြတ်၍ ခရစ်နှစ် ၁၉၃၈ (မြန်မာ ၁၃၀၀-ပြည့်နှစ်) ကသုဓမ္မဝတီ ပုံနှိပ်တိုက်တွင်ရင်း ပုံနှိပ်ထားခဲ့ကြသဖြင့် ယင်းကျောက်စာပါဠိနှင့် နိဿယတို့ကို မြန်မာနိုင်ငံတွင် အလွယ်တကူ ကြည့်ရှုသုံးသပ် နိုင်ကြရပေသည်)။

ယင်း ကလျာဏီကျောက်စာ ပါဠိဘာသာမူကိုပင် သာသနာတော် ၂၃၀၂-ခု မြန်မာသက္ကရာဇ် ၁၁၂၀-ပြည့်နှစ် ပဌမဝါဆိုလတွင် " မင်းကေရာဇ် မေးလျှောက်သဖြင့် တောင်

---

၁။ ယင်း ကလျာဏီကျောက်စာမှန်ဘာသာကို ဦးလူဖေဝင်း တည်းပြတ်၍ ၁၉၅၈-ခုနှစ်က ယဉ်ကျေးမှုဌာနက ရွှေသိန်း ပုံနှိပ်တိုက်တွင် ပုံနှိပ်ခဲ့ဘူးသည်ဟု သိရပေသည်။

တွင်းပုဂ္ဂိုလ်ကျော် ထုတ်ဆို” ပြန်ကြား **မြန်မာအသွားဖြင့်** ရေးသားပေးအပ်ခဲ့လေသည်၊ ဤ၌ ယင်း **မြန်မာစကားပြေမူ** နိဂုံးအရ တောင်တွင်းပုဂ္ဂိုလ်ကျော်ဟုသာ သာမညဆိုလိုက်ခြင်း ဖြစ်၏၊ ခေတ်နှင့် အချိန်အခါ စာသွား စာလာ အရ အထူးဆိုရသော် “ဉာဏာဘိ ဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်ရ မကာရလောပအကျော် တောင်တွင်းဆရာတော် ခင်ကြီးဖျော်”ဟု ဆိုရပေမည်။

စာနိဂုံးတွင် ၁၁၂၀-ပြည့်နှစ် ပဌမဝါဆိုလဟု ပါရှိသဖြင့် ယင်းအချိန်တွင် မေးလျှောက်သော မင်းကရာဇ်ဟူသည်မှာ ကုန်းဘောင် ပဌမ အာဒိကမ္မိကရာဇာ မဟာဓမ္မရာဇ်မင်းဆုံး ဖြစ်သော အလောင်း မင်းတရားကြီးပင် ဖြစ်ရပေမည်၊ တောင်တွင်းဆရာတော် အဋ္ဌုပ္ပတ္တိတွင် ၁၁၂၂-ခုနှစ် နန်းတက်သော အလောင်းမင်းတရားကြီး၏ သားတော်ကြီး စစ်ကိုင်းမြို့တည် မင်းလက်ထက်တွင်မှ “ရတနာသိခမြို့တော် အနောက်မြောက်ယွန်း၌ ကျောင်းဦးပြာသာဒ်နှင့်တကွ သုံးဆယ်ဇေတဝန် ရွှေကျောင်းဆောက်တော်မူ၍ မဟာဘုံသာ သမုတ်တော်မူပြီးလျှင် တောင်တွင်းပုဂ္ဂိုလ်ကျော်အား တင်လှူသည်”ဟု ဆိုသဖြင့် ထိုမတိုင်မီကပင် ရွှေမြို့တော်၌ ရောက်ပေါက်တည်ရှိနေကာ သားတော်ကြီး အိမ်ရှေ့မင်းသား၏ ဆရာအဖြစ်ဖြင့် မင်းကရာဇ်၏ သာသနာရေး အမေး သူ့စာတို့ကို နေရာဌာနအားလျော်စွာ ဖြေရှင်း ဟောကြား လျှက်ရှိနေပြီဟု သိသာရပေသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် အလောင်းမင်းတရားကြီးသည် သက္ကရာဇ် ၁၁၁၉ ခု ကဆုန်လပြည့်ကျော်

၄-ရက်နေ့ ဟံသာဝတီပြည်ကြီးကို အလိုတော်ပြည့်၍ ဆင်မြင်း လက်နက် ကိရိယာသုံ့ပန်းလူသူအများ ရတော်မူသည်၊ ၎င်းလပြည့်ကျော် ၁၀-ရက်နေ့ ဟံသာဝတီ ထီးနန်းကို တက်သိမ်းစံပယ်တော်မူသည်၊ နောက် ဟံသာဝတီထီးနန်းတွင် ၂-လခန့် စံနေတော်မူပြီးမှ ၎င်းနှစ် ဝါဆိုပြလည့်ကျော် ၂-ရက်နေ့ ပြန်လည်ကွန့်မြန်းတော်မူခဲ့သည်၊ ဤသို့ ဟံသာဝတီတွင် ၂-လခန့် စံနေတော်မူခဲ့ရသဖြင့် ဟံသာဝတီ၏ အကျော်ရတနာ ဖြစ်တော်မူသော ဤကလျာဏီ သိမ်တော်ကြီးနှင့် သိမ်ကျောက်စာတော်တို့ကို သတိပြုမိတော်မူရာ၏၊ မြန်မာဘာသာမဟုတ် ပါဠိဘာသာ, မွန်ဘာသာ အက္ခရာများဖြစ်သဖြင့် သာသနာတော်ရေး အလေးပေးတော်မူသော မင်းတရားကြီးသည် ယင်းကျောက်စာပါ အကြောင်းအရာများကို သိတော်မူလိုပေရာ၏၊ ထို့ကြောင့် ကျောက်စာမူတော်တို့ကိုကူးယူစေကာ ရွှေမြို့တော်ရှိထင်ရှားသော ပရိယတ္တိ အကျော် ဆရာတော်တို့အား မြန်မာစကားပြေ ပြန်စေတော်မူခြင်းဖြင့် ဤမကာရလောပအကျော် တောင်တွင်း ဆရာတော်၏ ကလျာဏီကျောက်စာ မြန်မာစကားပြေကျမ်းဖြစ်ပေါ်လာခဲ့ခြင်းပင် ဖြစ်ပေရာ၏၊ (၁၁၁၁-ခုနှစ်က ပုဂံမြို့အနောက် တန့်ကြည့်တောင် တောင်မြင့်ကျောင်း အရှင်သဒ္ဓမ္မနန္ဒီပုဂ္ဂိုလ်–နိဿယ ပြန်ဆိုထားခဲ့သော်လည်း ပြန့်နှံ့ထင်ရှား ကျော်ကြားသိသာခြင်း ရှိခဲ့သေးဟန် မတူပေ)။

ဤ ကလျာဏီ ကျောက်စာ မြန်မာ စကားပြေကျမ်းကို ပြုစုတော်မူသော တောင်တွင်း ဆရာတော်၏ အကြောင်းကို အကျဉ်းမျှ ပြဆိုရသော် ဆရာတော်သည် မြန်မာသက္ကရာဇ်

၁၀၈၆-ခု တန်ခူးလပြည့် အင်္ဂါနေ့ ဖွားမြင်သည်၊ ပညာဉာဏ်
ထက်သန်ကြီးကျယ်လှာဖြင့် တနေ့လျှင် စာချပ်အင်္ဂါတကိုက်
ခန့် ရသည်ဖြစ်၍ တောင်တွင်းကျော်ဟု ကျော်စောထင်ရှား
သည်၊ ပိဋကသုံးပုံတွင် မသင်ကြားဘူးသေ.သော ကျမ်း
ဂန်မရှိ၊ မတလုံးကြေသည်ဖြစ်၍ "မကာရလောပ"ဟု ဂုဏ်ပြုရ
လေ၏၊ ပဥ္စင်းပျိုကပင် ပုဒ်စစ်ဉတ်ကောက် ယမိုက်ခက်ဆစ်
ပဋ္ဌာန်းအရကောက်များကို စီရင်တော်မူသည်၊ သဒ္ဒါကြီး
ဂဏ္ဍိပဗ္ဗ, သမ္ဗန္ဓဆက္ကဝဏ္ဏနာ, သုတ္တမာလာ, ဝုတ္တိမာလာ, ပုဒ်စစ်,
သဒ္ဒါစစ်, သံဝဏ္ဏနာ, နည်းလေးဆယ်, သဒ္ဒါငယ် ကစ္စာယန-
သာရအကောက်, နေတ္တိဟာရအကောက်, ဝိထိလက်ရိုး, အဘိ
ဓမ္မာအရကောက်, အာချာတ်သာမိနိယံ, မြန်မာဝစ္စဝါစက
ကျမ်း စသည်တို့ကို စာသင်ပျိုနု အခြေပြုတို့အတွက် စီရင်
ခဲ့၏၊ ဒွါဒသရာသီ, ဒွါဒသစိန္တာနက္ခတ်ကျမ်း, အာဒိကပ္ပ, ကပ္ပါ
လင်္ကာရ, ကပ္ပဝဏ္ဏနာ, ဗေဒင်လက်ရိုးဋီကာ, ဓာတ်ကျမ်း,
ဆနဝုတိဆေးကျမ်း, အသီတိဓာတ်ကျမ်း, အင်္ဂဝိဇ္ဇာကျမ်း,
ဇမ္ဗူတန်ဆောင်, ဇမ္ဗူအုပ်ဆောင်း, ဇမ္ဗူကွန်ချာ, ကဝေသာရ
ကျမ်း စသည့် လောကီဆေးဝါး အင်းအိုင် ဓာတ်နက္ခတ်ဗေဒင်
ဆိုင်ရာ ကျမ်းပေါင်းများစွာ တို့ကိုလည်း စီရင်ခဲ့လေ၏၊ ထို
ဆရာတော်ကား ဗေဒင်ကျမ်း, ဓာတ်ကျမ်း, လုပ်ရပ်ကျမ်း,
အင်္ဂဝိဇ္ဇာကျမ်းတို့ကို သူငယ်အဖြစ်ကပင် တတ်ကျွမ်းတော်
မူခဲ့သည်၊ ဆရာတော်ပြုစုစီရင်သော အစုစုကျမ်းများ ပေမ
တင်ဘဲ ပရပိုက်မူဖြင့် တောင်တထိုင် မြောက်တထိုင် ရှိသည်၊
(လူတထိုင်စီမြင့်သည်)ဟု အဆိုရှိပေသည်၊ ထိုမျှ ပညာ
တတ်ကျွမ်း၍ တတ်သလောက်လည်း နောက်သားတို့အတွက်
ရေးသား ပြုစု နေသောကြောင့် လားမသိ ဆရာတော်ကား

သက်တော်မရှည်ချေ၊ သက်တော် ၃၇-နှစ် ဝါတော် ၁၇-ဝါတွင် လွန်တော်မူလေသည်။

ဤကလျာဏီ ကျောက်စာ မြန်မာစကားပြေ နိဂုံးအရဆို လျှင် အလောင်းမင်းတရားကြီးလက်ထက် ၁၁၂၀ ခုနှစ်တွင် ဤကျမ်းကို ပြုစု၍ မင်းထံဆက်သွင်းခဲ့ကြောင်း သိသာရပေ သည်၊ ဆရာတော်သည် ဤကျမ်းကို ပြန်ဆိုရာ၌ ပါဠိဘာသာ ဝါကျ အသွား အလာအတိုင်း မချန်မခြွင်း ကွက်တိပြန်ဆိုခဲ့ သည်ကား မဟုတ်ချေ၊ နေရာများစွာတွင် ခြုံငုံ၍ မြန်မာ ဘာသာဖြင့် ပြေပြေပြစ်ပြစ် ကျစ်လစ်စေ့ငှရုံမျှသာ ဖြစ်စေပြီး လျှင် အချို့နေရာတို့တွင် ချန်ထား ကျော်လွှား၍ ပြန်ဆိုသွား ပေသည်၊ ဤဘွင်လည်း "မင်းကေရာဇ် မေးလျှောက်သည်ကို" ဟူသော နိဂုံးစကားကို ထောက်ဆ၍ မင်းကေရာဇ် စိတ်ဝင် တစား ဖတ်ကြားနိုင်ရန်မျှသာ ရည်ရွယ်တော်မူဟန် တူသည်၊ အဘယ့်ကြောင့် ဆိုသော် မပြန်ဆိုပဲ ကျော်လွှားချန်ထားခဲ့ သော အချက်များမှာ အများအားဖြင့် ဝိနည်းအရာ ခဲခက် သော အဆုံးအဖြတ်များ, ကျမ်းအဆိုအမိန့်များ, စဉ်းစား တွေးခေါ်ချက်များ ဖြစ်၍ ယင်းတို့ကို ရှောင်ဖယ်ကာ အဓိပ္ပါယ်မပျက်ရုံမျှ ချဉ်းချုံးပြန်ဆိုသွားသည်ကို တွေ့ရသော ကြောင့်ပင် ဖြစ်၏။

ထို့ကြောင့် ယင်းကလျာဏီကျောက်စာ မြန်မာစကားပြေ ကျမ်းကို ရိုက်နှိပ်ရာတွင် ဆရာတော်ပြန်ဆိုရင်းမူကို မပျက် စေပဲ မူအတိုင်း တိတိပပ ကြပ်မတည်းပြတ် ရိုက်နှိပ်လျက် မင်းကေရာဇ်အတွက် လေးနေမည်ဖြစ်၍ ခြွင်းရစ်ခဲ့ဟန်တူ သော ဖော်ပြပါ ဝိနည်းကိစ္စ အဆိုအမိန့်များကိုလည်း အရေ

ပါသော စာပေများဖြစ်သည့်အတိုင်း **တပေါင်းတည်း လေ့လာနိုင်ရစေ** အောက်ခြေမှတ်ချက်ပြုလုပ်၍ ထည့်လိုက်ပါသည်။

ထို့ပြင် မူလစာမူမှာ အဆင့်ဆင့် ရေးကူးထားသဖြင့် သက္ကရာဇ်နှစ်များ ဂဏန်းအရေးများ မှားမှားယွင်းယွင်း ဖြစ်နေသည်တို့ကိုင်း, စာကျနေရစ်ဟန်တူသော စကားဝါကျများနှင့်မှားခဲ့ဟန်တူသော စကားဝါကျများကိုင်း ကျောက်စာပါဠိနိဿယမှုတို့နှင့်ညှိ၍ ပြင်ဆင်ခဲ့ပါသည်၊ အချို့ အချက်များကို အောက်ခြေတွင် ဖော်ပြထားခဲ့ပါသည်။

ထို့ကြောင့် စာရှုသူတို့သည် ဤကလျာဏီကျောက်စာ မြန်မာပြန်ကျမ်းကို ကြည့်ရှုရာ၌ အထက်ပါ အချက်များကို သတိပြုစေသော်မူကား ဤနိဒါန်းအစတွင် ဖော်ပြပါရှိသော ဓမ္မစေတီမင်းကြီး၏ အာသီသဂါထာလာ အဓိပ္ပါယ်အတိုင်း ဤစာကိုဖတ်ရှုယင်း ဓမ္မစေတီမင်းကြီးနှင့် အတူတကွ ဟံသာဝတီ နေပြည်တော်ရှိ ရဟန်း ရှင်လူတို့ ညီတူညီမျှ သမာဆန္ဒစိတ်ထားဖြင့် မြတ်စွာဘုရား သာသနာတော်၌ ဖြစ်ပေါ်လာသော သာသနာ့အညစ်အကြေး ဘေးရန်ဟူသမျှတို့ကို လျင်လျင်မြန်မြန် ဆေးကျော်သုတ်သင်ကြ သကဲ့သို့ ဤခေတ် ဤအခါ၌လည်း ခေတ်အားလျော်စွာ ပေါ်ပေါက်နေကြသော သာသနာ့ဘေးရန်တို့ကို ထက်ထက်သန်သန် သုတ်သင်လျက် ထုတ်နှင်ပယ်ခွင်း သန့်ရှင်းစင်ကြယ်စေရေး အားပေးလုပ်ဆောင်ကြမည်ဆိုလျှင် အကျွန်ုပ်တို့က ကြေနပ်အားရ လှိုက်လှဲစွာ ထုတ်ဆောင်ရကျိုးနပ်သည်ဟု ယူဆရမည်ဖြစ်ပေသတည်း။

**ပိဋကဗျူဟာအဖွဲ့**

၁၉၇၇-ခု။

# ဓမ္မစေတီမင်းကြီး

## အဋ္ဌုပ္ပတ္တိအကျဉ်း

ရာမညတိုင်း ဟံသာဝတီပြည်တွင် မထင်ရှားသော ဇနီးမောင်နှံနှစ်ဦးရှိကြရာ လင်၏အမည်မှာ ဗောဓိဂမုံး၊ မယား၏ အမည်မှာမိတတ်ဟူ၏၊ မယားမိတတ်သည် အခါတပါးသော နေ့၌ ထူးဆန်းသော အိပ်မက်တခုကို မြင်မက်၏၊ မက်ဟန်ကား အရှေ့ဖက်မှ သိတင်းသုံး (လူသူတော်) တဦးသည် လာလတ်၍ မုဒရက်သီး တလုံးကို မိတတ်၏ ဦးခေါင်း၌ စွပ်ပေးခဲ့ပြီးသော် ကြာနီတပွင့်၊ ကြာခေါင်းလောင်းတပွင့်၊ ကြာဖြူတပွင့် သည်သုံးပွင့်တို့ကို ပေးခဲ့၍ သွားလေသည် ဟူ၏။

ထိုမိတတ်သည် မိုးသောက်လျှင် အိပ်မက်ဒတ်တတ်သော ပညာရှိတို့ကိုပြန်ကြားနည်းဟုသွားရန်ကြံစည်စဉ်မှာပင် ပုဏ္ဏားကြီးတဦးလာလတ်သောကြောင့်ရင်းပုဏ္ဏားကြီးအားအိပ်မက်ကို ပြန်ကြားလေလျှင် ပုဏ္ဏားကြီးက “တကာမခေါင်း၌ မုဒရက်သီးကို စွပ်လာသည့်အလိုကား တကာမ ဝမ်း၌ သားယောကျ်ား ပဋိသန္ဓေတည်လာပြီ၊ ထို သားယောကျ်ားသည် လက်ဦးစွာ ရဟန်းပြု၍ ပိဋကတ်သုံးပုံကို တတ်လတ်မည်၊ ကြာခေါင်းလောင်းပေးခဲ့သည့်အလိုကားထိုကြာခေါင်းလောင်းကို မွန်တို့ဘာသာ တဂေါဟု ဆိုသည်၊ တဂေါလည်း တနင်္လာနံ့ ပကိုးသည်လည်း တနင်္လာနံဖြစ်သောကြောင့် ပကိုးကို အစိုးရလတ်မည်၊ ကြာပန်း ၃-ပွင့် ပေးလာသည်ဖြစ်၍လည်း

ယင်းမင်း၏အနွယ် မင်းသုံးဆက် ဖြစ်လတ်မည်”ဟု ဖတ်၏၊ ယင်းပုဏ္ဏားကြီးအား တတ်အားသမျှ ပူဇော်သက္ကာရပြုလျှင် “ပြန်ခါမှငါယူမည်” ဟု ဆိုပြီးလျှင် သွားလေသည်၊ ကာလ မြင့်မြဲစွာကြာ၍ မရောက်လာသောကြောင့် အခြားပုဏ္ဏား တို့အား ပေးလှူရလေ၏၊ ယင်းမိတတ်လင်မယားတို့လည်း “နတ်တို့ အိပ်မက်ကို ဖတ်လာပေသည်”ဟု ဝမ်းမြောက်၍ နေလေ၏။

ကိုယ်ဝန် ၃-လရှိလျှင် မိတတ် လက်ကိုကိုင်၍ ရွှေမော်ဓော ရင်ပြင်ထက်သို့ ရဟန်းတယောက် တင်လေသည်ဟု မြင်မက် ပြန်၏၊ ကိုယ်ဝန် ၆-လ ရှိလျှင်လည်း ရွှေမော်ဓော ခေါင်း လောင်းထက်သို့တက်၍ နေသည်ဟု မြင်မက်ပြန်၏၊ ကိုယ်ဝန် ၁၀-လ စေ့လျှင် သားယောကျ်ားကို ဖွားမြင်၏၊ ထိုသား ငယ်ကို မင်းတန်ဟု အမည်မှည့်၏၊ ထိုသူငယ်ကြီးလတ်လျှင် နွားကျောင်းသားတို့နှင့် ကစားသည်ရှိသော် နွားကျောင်း သားတို့ကို နိုင်လေသဖြင့် မင်းမြှောက် ကစားကြပြီးလျှင် နွားချေးခြောက် အရှက်အပြားတို့ကို ကျိုင်းပြု၍ ကာလျက် လက်သမ်းစင်ပြုပြီးနောက် ပင့်ဆောင်ကြကုန်၏၊ ထိုအခါ လူအများတို့က နွားချေးခြောက်ကျိုင်းတို့ကို ကျိုင်းအစစ် ထင်မြင်ကြရကုန်၍ ရွာသူကြီးအား ပြောကြားကြကုန်၏။

ရွာသူကြီးက သူငယ်၏ မိဘတို့ကိုခေါ်၍ နင့်သား၏ အပြု အမူသည် ကြီးကျယ်သည် ဖြစ်သောကြောင့် မင်းစိုးကြား သော် သင့်မည်မဟုတ်၊ နင့်သားကို ရဟန်းပြု၍ ကျောင်း ထန်မှာ ထားလေဟုဆိုလျှင် မိဘတို့သည်လည်း ထိုသူငယ်ကို သာမဏေပြု၍ ကျောင်းမှာ ထားလေ၏၊ ထားလျှင် ထိုသူ

ငယ်၏ ဆရာသည် နမော-ဟု ရေးပြလျှင် သူငယ်လည်း နမော၏ အဓိပ္ပါယ်ကို မေးလတ်၏၊ နမော၏ အဓိပ္ပါယ်ကို ဆရာမသိနိုင်လျှင် ထိုမောင်ရှင်သည် မိဘတို့ထံသို့သွား၍ ဤရဟန်းသည် နမော၏ အင်ပွါယ်ကိုမျှ ငါမေးလျှင် မဖြေနိုင်သည်ဖြစ်၍ ဤရဟန်းကျောင်းတွင် ငါနေ၍ စာပေကျမ်းဂန် တတ်နိုင်မည်မဟုတ်၊ သို့ဖြစ်၍ စာပေကျမ်းဂန် တတ်သော ကျောင်းတွင်သာ ငါ့ကိုထားပါဟု ဆိုလေ၏။

မိဘတို့သည် သာမဏေကို ယင်းကျောင်းမှနုတ်၍ ဟံသာဝတီမြို့တော်တွင်းရှိ စန္ဒကလ မည်သော ကျောင်းမှာ ထားလေ၏၊ ယင်းဆရာတို့သည်လည်း ထိုသာမဏေကို နမောဟု ရေး၍ ပြလျှင် ထိုသာမဏေသည် ရှေးကဲ့သို့ နမော၏ ဒ႒ပ္ပါယ်ကို မေးမြန်း၏၊ ဆရာလည်း စာပေကျမ်းဂန်တတ် သည်ဖြစ်၍ ဤသို့ဖြေ၏ "အဟံ-ငါသည်၊ သိရသာ-ဦးဖြင့်၊ ဗုဒ္ဓါယ-မြတ်စွာဘုရားအား၊ နမော-ရှိခိုးခြင်းသည်၊ သိဒ္ဓံ-ပြီးစေသတည်း" ဤသို့ ဖြေပြီးလျှင် သင်ပုန်းကြီးကစ၍ ဖတ်စာဇာတ်နိပါတ် ကျမ်းဂန်စာပေ ဟူးရား ဂဏန်း ဗိန္ဒော ရောဂ-နိဒါန်း အစရှိသော ဆေးဝါးကျမ်း အဋ္ဌာရသအတတ်တို့ကို အကုန် သင်လေ၏၊ ထိုမောင်ရှင်သည် ကျမ်းဂန်ပေစာတို့ကို အတုလွတ်တတ်သောကြောင့် ဓမ္မဓရဟူသော အမည်ကို မှည့်၏။

ယင်း စန္ဒကလကျောင်းတွင် ရင်းအရပ် ပကန်တောင်ဟူသော ရွာသား သာမဏေတပါးသည်လည်း စာပေကျမ်းဂန် တတ်လှသောကြောင့် ဓမ္မဉာဏဟူသော အမည်ကို မှည့်၏၊ ထိုသာမဏေနှစ်ပါးတို့သည်ကား အလွန်တရာချစ်ခင်ကြကုန်

လျက် အတူတကွနေကြကုန်၏၊ အခါတပါး ထိုသာမဏေ နှစ်ပါးတို့သည် ဤသို့ ကြံကြကုန်၏၊ ပုဂံအဝပြည်တို့သည် စည်ပင်သာယာလှ၏ စာတတ် ပေတတ်လည်း များလှ၏ ဟူသည်ဖြစ်၍ ငါတို့နှစ်ပါး ပုဂံအဝသို့တက်၍ စာပေကျမ်းဂန်လည်း သင်ချေရစေ အရပ်အရာတို့ကိုလည်း ကြည့်ရှုချေရစေဟူ၍ တိုင်ပင်ကြပြီးသော် ဆရာအား ခွင့်တောင်း၍ သာမဏေ နှစ်ပါးတို့သည် အဝသို့ တက်ကြလေကုန်၏၊ အကြား၌ ၂၅-ရက်ကြာမှ အဝသို့ ရောက်လေကုန်၏၊ ရောက်လျှင် စစ်ကိုင်းဖက်သို့ ကူးပြီးသော် အရိယဓဇဘုန်းတော်ကြီးကျောင်းတွင် နေလေကုန်၏၊ (မွန်ရာဇဝင် မူကား စစ်ကိုင်းမြို့ကဝါဆိပ်တွင် သက်ငယ်ကျောင်း ဆောက်၍ နေသည်ဟုဆိုသည်၊) ကာလရှည်ကြာလျှင် မွန်မင်းသမီး ရှင်စောပုသည် သာမဏေနှစ်ပါးတို့ ဟံသာဝတီက လာ၍ စစ်ကိုင်းဘက် အရိယဓဇ ဘုန်းတော်ကြီးကျောင်းတွင် နေသည်ဟု ကြားသဖြင့် ပင့်ခေါ်စေ၏။

ရှင်စောပု အကြောင်းကား ဟံသာဝတီ၌ ဒဂုံစားဗညားကျန် သည် မုတ္တမသို့ကူး၍ နေလေလျှင် ဗညားကျန်းနောင်တော် ဗညားရံ အိမ်ရှေ့မင်းသည် ဟံသာဝတီက ဒဂုံသို့ ချီလာ၍ နောင်တော် ဗညားဓမ္မရာဇာ (မွန်မင်း) ကို ပုန်ကန်သေ၏၊ ယင်းသို့ ရာမညဌ် အစုစုရှိကြောင်း ကြားလျှင် အဝမင်း ဆင်ဖြူရှင်သီဟသူသည် ကြည်းတပ်, ရေတပ်, အင်အား ကြီးမားစွာဖြင့် ဟံသာဝတီသို့ ချီလာ၏၊ ရောက်လျှင် ဒဂုံကို ကြည်းရေဝန်းရံ၍ လုပ်ကြံသည်-မရလေ၊ ဝန်းရံ၍သာ နေရချေသည်၊ တလခန့်ရှိလျှင် ဒဂုံမင်းဗညားရံသည် နှမတော်

ရှင်စောပုကို ဆက်ပါတော့မည်ဟူ၍ အရေးစကားဖြင့် တပ်သို့ စေလှာ၏၊ ထိုနောက် ပြာသာဒ်သုံးဆောင် ဆောက်ပြီးလျှင် နှမတော် ရှင်စောပုကို "သီရိ တြိဘဝနာဒိတျာပဝရ အတုလအဂ္ဂဓမ္မ ရာဇာဓိရာဇဒေဝီ" ဟူသော အမည်ဖြင့် ဘိသိက်ခံတော်မူ၍ မိဖုရားကြီးတို့၏ အဆောင် အယောင်နှင့်တကွ ကိုယ်လုပ်အမတ်သူမိး သုံးကျိပ် အထိန်းအချီနှင့်တကွ ပေး၍ ဝေါဖြင့် ဆင်ဖြူရှင်သီဟသူ ရှိရာ ဘောင်တော်သို့ မှန်အမတ် မြန်မာအမတ်တို့ ဝန်းရံ၍ ပို့လှာ၏၊ ဆင်ဖြူရှင် သီဟသူလည်း ဘောင်တော်ထက်တွင် ခရီးဦးကြိုဆို၍ လက်လှမ်းတော်မူနှင့်၏။

ရှင်စောပုကား မွန်ဘုရင် ရာဇာဓိရာဇ်မိဖုရား သုဒ္ဓမာယာတွင် ဗညားရံနှင့် ရှင်စောပုကို မြင်သည်၊ ခမည်းတော် ရှိစဉ်ကပင် အသက် ၂၁-နှစ်အရွယ် ရှင်စောပုကို တူတော်သမိန်စည်သူနှင့် စုံဘက်တော်မူ၍ သမီးတော် ၂-ပါး ( နဲ့တကာတော်, နဲ့တကာသင်) နှင့် သားတော် (ဗညားဗရူး)ကို မြင်သည်၊ ရှင်စောပု အသက် ၂၅-နှစ်တွင် သမိန်စည်သူကံကုန်၍ မောင်တော်ဗညားရံနှင့် အတူနေသည်၊ အသက် ၂၉-နှစ် (သက္ကရာဇ် ၇၈၅) တွင် ဆင်ဖြူရှင်သီဟသူကို ဆက်သည်၊ ဆင်ဖြူရှင် သီဟသူလည်း အပြင်အလျာ အရောင်အဆင်းကောင်းလှသောကြောင့် အလွန်သေးမြတ်တော်မူသည်။

၇၈၇-ခု နှစ်တွင် ဆင်ဖြူရှင် သီဟသူနတ်ရွာစံ၍ သက်တော် ၉-နှစ်ရှိ သားတော်မင်းလှငယ် နန်းတက်သည်၊ ၃-လမျှဖြင့် အနိစ္စရောက်၍ ကလေးကျေးတောင်ညိုနန်းတက်သည်၊ ယင်း

လည်း ၇-လမျှဖြင့် အနိစ္စရောက်ပြန်ပြီးနောက် ၇၇၇-တွင် မိုးညှင်းမင်းတရား ရွှေထီး ရွှေနန်းအုပ်စိုးတော်မူသည်၊ ရှင်စောပုလည်း မင်းအဆက်ဆက်ပင် မိဖုရားကြီး ဖြစ်လေ၏။

မိဖုရား ရှင်စောပုသည် မွန်သာမဏေနှစ်ပါးအား ဟံသာဝတီ အကြောင်းကို မေးသော် ပြည်ရွာအကြောင်းခပ်သိမ်းကို ပြန်ကြားလျှင် အလွန်တရာ ကြည်ညို၍ ထိုသာမဏေနှစ်ပါးကို သားပြု၍ မွေးစားလေ၏၊ နောင်လည်း ရဟန်းအဖြစ် ခြီးမြှောက်၏။

သက္ကရာဇ် ၇၉၁-တွင် ရှင်စောပုကို ဓမ္မဓရ, ဓမ္မဉာဏတို့ ခိုးပြေးလေသည်၊ ခိုးဟန်ကား မိုးညှင်းမင်းတရားသည် ချစ်ချစ် ခင်ခင်မပြုသောကြောင့် ဟံသာဝတီမှ စသင်လာသော ဓမ္မဓရ, ဓမ္မဉာဏတို့ကို ရွှေငွေအများပေးပြီးလျှင် ထိုဥစ္စာကို ကံကျေးပြုစေ၍ လှေတက်လှူသူ ဝယ်ယူစေပြီးလျှင် မိဖုရား ရှင်စောပု နာကျန်ပြုလေ၏၊ မိုးညှင်းမင်းတရားလည်း ဆေးသမားတို့ကို ခေါ်၍ ပြ၏၊ ရှင်စောပုသည်လည်း ချိပ်ကို အရည်ဖျော်၍ သောက်လေ၏၊ ယင်းသို့ သောက်လေလျှင် ဝမ်းက အနီ အဝါတို့ ကျလေ၍ ယင်းသို့မှ ဆေးဝါးကုသ၍ မသင့်လို ချွတ်လွှဲပါမည်ဟူ၍ မိုးညှင်းမင်းတရားကို လျှောက်လေ၏၊ မင်းကြီးလည်း ယုံကြည်၍ ခွင့်ပေးတော်မူ၏။

ရှင်စောပုလည်း ရဟန်းနှစ်ပါးနှင့်တိုင်ပင်ပြီး ရှိပြီဖြစ်၍ အနောက်လုံးတော်ပေါက်မှာ ချွတ်လွှဲမည်ဟူ၍ သွားလေ၏၊ ရောက်လျှင် စီရင်၍ထားသော လှေကိုစီး၍ စုန်ပြေးလေ၏၊ ရဟန်းနှစ်ပါးလည်း ခရီးအကြား၌ အထွေထွေပရိယာယ်ဝေဝုစ်စီရင်၍ သွားလေ၏၊ မိုးညှင်းမင်းတရားက အမတ် ၅-

ယောက်ကို လှော်ကား ၅-စင်းနှင့် လက်ပြည့်လှော်စေ၍ လိုက်စေသော်လည်း မတွေ့ချေ၊ နေ့ကို တောတွင်ပုန်း၍ ညဉ့်ကိုမှ စုန်၍ ဟံသာဝတီသို့ ရောက်လေ၏၊ ဟံသာဝတီမင်း ဗညားရံလည်း နှစ်မတော် ရှင်စောပုရောက်လျှင် ဝမ်းမြောက် ဝမ်းသာရှိ၍ နန်းတွင်းတွင် အိမ်ဆောက်၍ နေရ၏၊ ရှင်စောပုသား ဗညားဗရူးလည်း မယ်တော်သည် အဝမှာ ရှည်ကြာလေသော ကြောင့် အမိမှန်း မသိ ဟူ၏။

ရှင်စောပုကား ၂၉-နှစ်တွင် ဆင်ဖြူရှင် သီဟသူသို့ဆက်သည်၊ ဆင်ဖြူရှင် လက်ထက်တော်က ၃-နှစ်၊ မင်းလှငယ် ၃-လ, ကလေးကျေးတောင်ညို ၇-လ, မိုးညှင်းမင်းတရား လက်ထက်တော်က၃-နှစ် ဖြစ်၍ အင်းဝရွှေမြို့တော်တွင် ၇-နှစ်နှင့်သော် ဟံသာဝတီသို့ ရှင်စောပုပြန်ရောက်သည့်ကာလ အသက် ၃၆-နှစ်သာ ရှိသေးသည်။

ဟံသာဝတီ နေပြည်တော်၌ ရာဇာဓိရာဇ် နတ်ရွာစံပြီးနောက် ၇၇၅-တွင် ၎င်းမင်း၏သားတော် အကြီး ဗညားဓမ္မရာဇာ ၅-နှစ် နန်းစံ၏၊ သားတော်အလတ် ဗညားရံမင်း ၇၉၀-ပြည့်မှ ၈၀၈-ခုနှစ်အထိ ၁၈-နှစ် နန်းစံ၏၊ ၎င်းမင်းလက်ထက် ရှင်စောပု ဟံသာဝတီသို့ ရောက်လာ၏၊ ၎င်းမင်းနောက် ရှင်စောပုသား ဗညားဗရူးသည် ၈၀၈-ခု နှစ်က စ၍ ၃-နှစ် နန်းစံတော်မူ၏၊ ဗညားကျန်းမင်းသည် ၈၁၁-ခုနှစ်က စ၍ ၃-နှစ် နန်းစံတော်မူ၏၊ ၎င်းနောက် လိပ်မွတ်ထော်မင်း

သည် ဂ၁၄-ခု နှစ်ကစ၍ ၇-လ နန်းစံတော်မူ၏၊ ၎င်း၏နောက်တွင် ရှင်စောပုသည် ဗညားထောဘွဲ့ဖြင့် ဂ၁၄-မှစ၍ ၁၉-နှစ်တိုင်တိုင် ထီးနန်းဆက်ခံ စိုးစံတော်မူသည်။

ဟံသာဝတီတွင် ရှင်စောပု ထီးနန်းရသောအခါ ရဟန်းတော် ဓမ္မဓရနှင့် ဓမ္မညာဏတို့အား လူဝတ်လဲစေ၍ အနီး၌ မြဲစွဲရ၏၊ နောင်တွင် ဓမ္မဓရလူထွက်မင်းတန် (ဓမ္မစေတီ)ကို သမီးငယ် နှဲတကာသင်နှင့် စုံဘက်၍ အိမ်ရှေ့နန်းသည်၊ ဘုရင်မ ရှင်စောပုသည် ဂ၁၄-မှ ဂ၃၃-အထိ ၁၉ နှစ်တိုင်တိုင် မင်းပြုသည် မှန်သော်လည်း ၈၀-ပြည့် နှစ်လောက်မှစ၍ သမက်တော် ဓမ္မစေတီကိုသာလျှင် ပြည်ရေး ပြည်မှုတို့ကို အပ်နှံလွှဲပေးထားပြီးလျှင် မိမိမူကား ဒဂုံမြို့ ရွှေတိဂုံစေတီတော်ကြီး၏ အနောက်မျက်နှာ၌ စံမြို့တည်၍ စေတီတော်ကြီးကို အမြဲဆည်းကပ်ပူဇော်တော်မူလျက် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုတို့ကို ဆည်းပူးတော်မူ၍ ဂ၃၃-ခုနှစ် (သက်တော် ၇၆-နှစ်)တွင် နတ်ရွာစံတော်မူလေ၏။

ယင်းသည့်နောက်တွင် သမက်တော် ဓမ္မစေတီသည် သာသနာတော်နှစ် ၂၀၁၅ မြန်မာ ဂ၃၃၊ ခရစ် အေဒီ ၁၄၇၂-တွင် ရာမညတိုင်းအလုံး မွန်တိုင်းသုံးရပ်၌ မင်းအဖြစ်သို့ရောက်တော်မူခဲ့လေသည်၊ ယင်းသည်နောက် မင်းအဖြစ်သို့ ရောက်၍ ၃-နှစ်မြောက်ဖြစ်သော မြန်မာ ဂ၃၆ ခု-နှစ်မှစ၍ သာသနာတော် စည်ပင်သန့်ရှင်းရေးအတွက် ကလျာဏီသိမ်တော်ကြီး ဖြစ်မြောက် ပေါ်ပေါက်လာရန် စီမံဆောင်ရွက်တော် မူပုံကို သိမ်တော်ကျောက်စာ မြန်မာပြန်၌ အကျယ်တဝင့် ဆက်

လက်ကြည့်ရှုနိုင်ကြပေမည်၊ ဓမ္မစေတီမင်းကြီးကား မင်းဖြစ်သည်မှစ၍ နှစ်ပေါင်း ၂၁-နှစ် တိုင်တိုင်သာသနာတော်ကို ပြုစုတော်မူလျက် သာသနာတော်နှစ် ၂၀၃၆၊ မြန်မာ ၈၅၄၊ ခရစ်အေဒီ ၁၄၉၂-တွင် လူ့ပြည်ငြိး၍ နတ်ထီးလှုံတော်မူခဲ့လေသတည်း။

ဓမ္မစေတီမင်းကြီး အဋ္ဌုပ္ပတ္တိ အကျဉ်းပြီး၏။

[မှတ်ချက်။ ။ဤဓမ္မစေတီမင်းကြီး၏ အဋ္ဌုပ္ပတ္တိ၌ ရေးသော သက္ကရာဇ် အမှတ်အသားများမှာ ရာဇဝင်သမိုင်းကျောက်စာများစွာတို့၌ တကျမ်းနှင့်တကျမ်းမတူညီကြသဖြင့် သင့်လျော်အောင် ညှိနှိုင်းထည့်သွင်းထားပါသည်၊ ထို့ကြောင့် မိမိတို့ အမှတ်အသားနှင့် မတူညီပါက အပြစ်မတင်ရန်ကြိုတင်တောင်းပန်ပါသည်။ ။ ပိဋကဗျူဟာ ]

# ဘုရားရှိခိုးကျောက်စာ
# မြန်မာပြန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ရတနတ္တယံ အဟံ ဝန္ဒာမိ

**အာသီသပုဗ္ဗကဂန္ထာရမ္ဘ**

အမိတာနန္တ ဉာဏဿ၊
သဒ္ဓမ္မစက္ကဝတ္တိနော။
ဝရဂုဏ္ဏောဃပုဏ္ဏဿ၊
စက္ကံ ဒိပ္ပတု သဗ္ဗဒါ။

အမိတာနန္တဉာဏဿ၊ မနိုင်းယှဉ်နိုင် အဆုံးမရှိသော ဉာဏ်ရှိတော်မူထသော။ သဒ္ဓမ္မစက္ကဝတ္တိနော၊ သူမြတ်တို့၏ တရားစကြာမင်း ဖြစ်တော်မူသော။ ဝရဂုဏ္ဏောဃပုဏ္ဏဿ၊ မြတ်သောကျေးဇူးတော်အပေါင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ စက္ကံ၊ သာသနာတော်သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဒိပ္ပတု၊ ထွန်းလင်းစေသတည်း။

ကျောက်စာ ၃-ပ-မ-သ-စ

## မဇ္ဈိမပဒေသ သာသနာဝင်

သာကီဝင်မင်းတို့၏အထွတ် လူနတ်တို့၏ဆရာ ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အမြိုက်နိဗ္ဗာန် လွန်တော်မူသည်မှ ၂၁၈-နှစ်ရှိသောအခါ ပါဋလိပုတ်မြို့၌ ဓမ္မာသောကမင်းမြတ်သည် ရာဇာဘိသေကခံသည်၊ အဘိသိက်ခံပြီး၍ လေးနှစ်မြောက်၌ နိဂြောဓသာမဏေကို မြင်ရာတွင် အစပြု၍ ဘုရားသခင် သာသနာတော်၌ လွန်စွာကြည်ညိုခြင်းဖြစ်၍ ရဟန်းတို့အား များစွာသော လာဘ်ပူဇော်သက္ကာကို ဖြစ်စေသည်။

တိတ္ထိတို့အား လာဘ်ပူဇော်သက္ကာသည် ယုတ်၍ စားရုံဝတ်ရုံမျှ မရကုန်ပြီ၊ ထိုအခါ တိတ္ထိတို့သည် လာဘ်ပူဇော်သက္ကာကို တောင့်တကုန်သည်ဖြစ်၍ အချို့သော တိတ္ထိတို့သည်လည်း ရဟန်းကောင်းတို့၏ အထံ၌ ဝင်၍ ပဉ္စင်းခံပြီးသော် မိမိတို့၏ သဿတဒိဋ္ဌိ အစရှိသော မိစ္ဆာအယူကို ပြကုန်သည်၊ အချို့သောတိတ္ထိတို့သည်လည်း အလိုလို သင်္ကန်းဝတ်၍ ရဟန်းအသွင် ယူပြီးသော် မိမိတို့၏ မိစ္ဆာအယူကို ပြကုန်သည်၊ ရဟန်းကောင်းတို့သည် ဥပုသ် အစရှိသော သံဃကံကို ပြုကုန်သည်ရှိသော် ရဟန်းကောင်းတို့၏ အကြား၌ တိုးဝှေ့နေလှာကုန်သည်၊ ထိုသို့ နေလှာကုန်သောကြောင့် ပရိသတ် မစင်ကြယ်သည်ဖြစ်၍

ရဟန်းကောင်းတို့သည် ဥပုသ်မပြုရကုန်၊ အသောကာရုံ ကျောင်း၌ ၇-နှစ် ဥပုသ်ပြတ်လေသည်။

## ဓမ္မာသောကမင်း သာသနာပြုစုပုံ

ထိုသို့ ဥပုသ်ပြတ်လေသည်ကို အစွဲပြု၍ ဓမ္မာသောက မင်းသည် သာသနာတော်၏ အညစ်အကြေး ဆေးရန် ဆူးငြောင့်တို့ကို သုတ်သင်ရှင်းလင်းလိုသည်ဖြစ်၍ အရှင် မောဂ္ဂလိပုတ္တတိဿထေရ်ကို ပင့်စေပြီးသော် ဘုရားသခင် အလိုတော်ကို အတပ်အကြပ်သိရအောင် အရှင်မောဂ္ဂလိ ပုတ္တတိဿအထံ၌ သင်၍ သိပြီးသော် ရဟန်းအပေါင်းတို့ စည်းဝေးစေ၍ အယူတူရာ တပေါင်းတည်း အစုဖွဲ့၍ နေစေ ပြီးလျှင် တစုစီထုတ်၍ 'ဘုရားသခင်သည် အဘယ်အယူ ရှိသနည်း'ဟူ၍ မေးရသည်၊ 'မြတ်စွာဘုရားသည် ဝိဘဇ္ဇ- ဝါဒီ=ခွဲခြမ်းသော အယူရှိသည်'ဟု ဆိုကုန်သော သာသာ နာတော်ကိုမှီသော ရဟန်းကောင်းတို့သည် ခြောက်သန်း အရေအတွက် ရှိကုန်သည်၊ မြတ်စွာဘုရားသည် သဿတ ဝါဒီ အယူရှိတော်မူသည် အစရှိသည်ဖြင့် မိစ္ဆာအယူကို ဆိုကုန်သော တိတ္ထိဖြစ်သော ရဟန်းယုတ်တို့သည် ခြောက် သောင်း အရေအတွက် ရှိကုန်သည်။

ထိုအခါ ဓမ္မာသောကမင်းကြီးသည် အလုံးစုံသော ထိုတိတ္ထိရဟန်းယုတ် ခြောက်သောင်းတို့ကို လူထွက်စေ၍ 'ယခု ပရိသတ် စင်ကြယ်ပြီ၊ သံဃာတော် အပေါင်းသည်

ညပုသ်ပြုတော်မူလော့ဟု တောင်းပန်၍ မြို့သို့ဝင်လေ၏၊ အရှင်မောဂ္ဂလိပုတ္တတိဿမဟာထေရ်လည်း အသောကာရုံ ကျောင်း၌ ခြောက်သန်းသော ရဟန်းတို့နှင့်တကွ ဥပုသ် ပြုတော်မူသည်၊ အညီအညွတ် ပြုပြီးသောအဆုံး၌ မြတ်စွာ ဘုရား အကျဉ်းအားဖြင့် ဟောတော်မူအပ်သော အဘိ-ဓမ္မာ ၇-ကျမ်းတို့တွင် ငါးဆင့်မြောက်ဖြစ်သော ကထာ ဝတ္ထုကျမ်းကို မြတ်စွာဘုရား အကျဉ်းထားတော်မူသော နည်းကို အမှီပြု၍ အကျယ် ဟောတော်မူသည်။

## တတိယသံဂါယနာတင်ခြင်း

ကထာဝတ္ထုကျမ်းကို အကျယ်ဟောတော်မူပြီးသော နောက်မှ— "အရှင်မဟာကဿပထေရ်သည် အဘိညာဉ် ခြောက်ပါး ပဋိသမ္ဘိဒါဉာဏ် ၄-ပါး ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံကုန်သော အင်္ဂါ ၈-ပါးရှိသော ပိဋကတ် ၃-ပုံကို နှုတ်ပါလေ့ကျက် ဆော င်ရွက်နိုင်ကုန်သော ရဟန္တာငါးရာ တို့ကို ရွေးကောက်၍ ါးလပတ်လုံး ပဌမသင်္ဂါယနာ တင်သကဲ့သို့ရင်း, အရှင် ဟာယသထေရ်လည်း ဆိုခဲ့ပြီး သော ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံကုန်သော ရဟန္တာ ၇-ရာတို့ကို ရွေးကောက်၍ ၇-လပတ်လုံး ဒုတိယသင်္ဂါယနာ တင်သကဲ့သို့ရင်း" ထို့အတူ အဘိညာဉ် ၆-ပါး ပဋိသမ္ဘိဒါ ဉာဏ် ၄-ပါး ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံကုန်သော အင်္ဂါ ၈-ပါးရှိသော ပိဋကတ် ၃-ပုံကို နှုတ်ပါလေ့ကျက်

ဆောင်ရွက်နိုင်ကုန်သော ရဟန္တာတထောင်တို့ကို ရွေး ကောက်၍ ၉-လပတ်လုံး တတိယသင်္ဂါယနာ တင်တော် မူသည်။

## ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုစေလွှတ်ခြင်း

သင်္ဂါယနာတင်ပြီးသော အဆုံး၌ နောင်အခါ၌ သာသနာတော် တည်မည့်အရပ်ကို ကြည့်တော်မူသော် ပစ္စန္တရစ် အရပ်တို့၌ သာသနာတော် တည်တွန်းမည်ကို မြင်တော်မူ၍ ထိုထိုသော ပစ္စန္တရစ် အရပ်တို့သို့ အရှင် မဇ္ဈန္တိက အစရှိသော မထေရ်တို့ကို အသီးအသီး သာသနာ တော်ပြု စေလွှတ်တော်မူသည်၊ ထိုစေလွှတ်အပ်သော မထေရ်အပေါင်းတို့တွင် အရှင်မဟိန္ဒထေရ်ကို သိန်းဟိုဠ် ကျွန်းသို့[၁] သာသနာပြု စေလွှတ်တော်မူသည်၊ အရှင် သောဏမထေရ်နှင့် အရှင်ဥတ္တရမထေရ်ကို သုဝဏ္ဏဘူမိဟု ဆိုအပ်သော ရာမညတိုင်းသို့ သာသနာပြု စေလွှတ်တော် မူသည်။

## ရာမည သာသနာဝင်

ထိုအခါ သုဝဏ္ဏဘူမိတိုင်း၌ သီရိမာသောက မင်းပြု

၁။ ဤ၌ သိန်းဟိုဠ်ဟုရေးသော်လည်း နောက်ပိုင်း၌ သီဟိုဠ်ဟု ရေးသည်။ အရေးနှစ်မျိုးလုံးကိုပင် အသုံး ပြုသည်။

သည်၊ ထိုမင်း၏ ရာဇဌာန် မင်းနေပြည်သည် ကေလာသ တောင်ထိပ် စေတီ၏ အနောက်မြောက်ယွန်း၌ မြို့၏ ထက်ဝက် အရှေ့အပိုင်းသည် တောင်ထိပ်၌ အနောက် အပိုင်းသည် မြေညီ၌ တည်သည်၊ ထိုမြို့သည် ကုလားတိုက် ကဲ့သို့ မြေစိုင်ကုတ်ဟိုက် များသောကြောင့် တိုက်ကုလား မြို့ဟု ယနေ့ထက်တိုင်အောင် တွင်သည်။

ထိုတိုက်ကုလားမြို့သည် သမုဒ္ဒရာနှင့် နီးသည်၊ သမုဒ္ဒရာ ၌ ရက္ခိုသ်ဘီလူးမသည် မင်း၏ နန်းတော်၌ ဖွားတိုင်း သော သူငယ်ကို မပြတ်လာ၍ စားသည်၊ မထေရ်နှစ်ဦးတို့ ကြွလာစဉ်လည်း မင်း၏ မိဖုရားကြီးသည် သူငယ်ဖွားမြင် သည်၊ ရက္ခိုသ်ဘီလူးမလည်း သူငယ်ဖွားမြင်ကြောင်းကို သိ၍ အခြွေအရံ ငါးရာနှင့်တကွ သူငယ်ကို စားမည်ဟူ၍ လာလသည်ကို လူတို့မြင်၍ ကြောက်လန့်တကြား ဟစ် ကြော်ကုန်သည်၊ မဟာထေရ်နှစ်ဦးတို့လည်း ထိုအကြောင်း ကို သိ၍ အလွန်ကြောက်မက်ဖွယ်ရှိသော ဥကွေ့ာင်းမှာ ရက္ခိုသ်ကဲ့သို့ ကိုယ်မှာ ခြသေ့ကဲ့သို့ ဥကွေ့ာင်းတခု ကိုယ် နှစ်ခုရှိသော ထိုရက္ခိုသ်ဘီလူးတို့ထက် နှစ်ဆတက်ကြီး သော အဆင်းအရုပ် ဖန်ဆင်း၍ ထိုဘီလူးတို့ကို လိုက်၍ ရံကုန်သည်၊ ဘီလူးတို့သည် ,မထေရ်တို့ ဖန်ဆင်းသော အဆင်းအရုပ်ကို မြင်၍ "ငါတို့သည်ယခု ဤသူတို့၏ အစာ

ဖြစ်ချေတော့မည်”ဟု ကြောက်လန့်ကုန်၍ သမုဒ္ဒရာသို့ ရှေးရှု ပြေးလေကုန်၏။

မထေရ်နှစ်ဦးတို့လည်း ထိုဘီလူးတို့ကို နောင်တပန် မလာနိုင်အောင် ကြံ၍၊ ထက်ဝန်းကျင်၌ အစောင့် အရှောက်ကို စီရင်ကုန်၍ စည်းဝေးသော ပရိသတ်တို့အား သုတ်သီလက္ခန်ကျမ်း၌ သုတ်တို့တွင် အစဦးဖြစ်သော ဗြဟ္မဇာလသုတ်ကို ဟောတော်မူသည်၊ ဟောတော်မူသော အဆုံး၌ ခြောက်သောင်းသော လူတို့သည် တရားရကုန်သည်၊ ယောကျ်ား သုံးထောင့်ငါးရာ မိမ္မ တထောင့် ငါးရာ ရဟန်းပြုကုန်သည်၊ သည်မှ ကြွင်းသော မင်းမှစ၍ ပြည်သူခပ်သိမ်းတို့သည်လည်း သရဏဂုံသုံးပါး ပဉ္စသီ ၅-ပါးတို့၌ ကောင်းစွာတည်ကုန်သည်၊ နှစ်အရေအတွက်ကား မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသည်မှ နှစ်ရာ့ သုံးဆယ်ခြောက်နှစ်၌ မထေရ်နှစ်ဦး လာရောက်၍ ရာမည တိုင်း၌ သာသနာတော် တည်သည်။

ထိုအခါမှစ၍ ရာမညတိုင်း၌ ဖွားမြင်တိုင်းသော မင်းသားသူငယ်တို့ကို သောဏုတ္တရ အမည်မှည့်ကုန်သည်၊ ခပ်သိမ်းသော ဖွားသစ်သော သူငယ်တို့အား ရက္ခိုသ် ဘီလူးဘေးမှ ကင်းစေခြင်းငှါ ပေ၌ မထေရ်တို့ ဖန်ဆင်း သော အရုပ်ကို ရေး၍ ဥက္ကောင်းပေါ်၌ ထားကုန်သည်၊ မြို့၏ အရှေ့မြောက် တောင်ထိပ်၌လည်း မထေရ်တို့

ဖန်ဆင်းသော အရုပ်သဏ္ဌာန် ကျောက်ရုပ်ထု၍ ထား ကုန်သည်၊ ထိုအရုပ်သည် ယနေ့ထက်တိုင်အောင် ရှိသည်၊ ဤသို့လျှင် ရာမညတိုင်း၌ သာသနာတော် တည်သည်မှ စ၍ အရှည်လေးမြင့် သာသနာတော် စည်ပင်ထွန်းလင်း သည်၊ နောက်နောက်အခါ လွန်လသော် ရာမညတိုင်းသည် ကျယ်သောအဝန်းရှိသော်လည်းအသီးအသီးခိုးမှုပြု၍ဖြတ် သောကြောင့်တကြောင်း, ယဉ်းနာ နှိပ်စက်သောကြောင့် တကြောင်း,ငတ်မွတ်ခေါင်းပါးသောကြောင့် တကြောင်း, မြွတ်သောစက်ဖြင့် ချုပ်အပ်သော[၁] မင်းခုနစ်ဦး စစ်သည် နှိပ်စက်၍ တကြောင်း ရာမညတိုင်း အားနည်းချေသည်၊ သို့လျှင် ထိုတိုင်း၌ သီတင်းသုံးကုန်သော ရဟန်းတို့သည် ချမ်းသာစွာ ပရိယတ် ပဋိပတ်ကို မဖြည့်နိုင်သောကြောင့် သာသနာတော်လည်း အားနည်းချေသည်၊ သူရိယ မင်းသားဟူ၍ ငယ်မည်ရှိသော မနူဟာမင်းလက်ထက်တွင် လွန်၍ပင် အားနည်းပြန်ချေသည်၊ ထိုမနူဟာမင်းပြုသော အခါ သာသနာတော် ၁၆၀၀-ရှိပြီ။

## ပုဂံ သာသနာဝင်

သာသနာတော် ၁၆၀၁-နှစ် သက္ကရာဇ် ၄၁၉-ခု၌ အရိမဒ္ဒနာ ပုဂံပြည်ကြီးကို အစိုးရသော အနော်ရထာ

---

၁။ ဝရစက္ကသံခိတ္တာယ-မြွတ်သော သာသနာတော်ကို ကျဉ်းမြောင်းစေတတ်သော (နိဿယ)။

*

မင်းစောသည် ရာမညတိုင်းတလိုင်းသုံးရပ်ကို အောင်မြင်၍ ပိဋကတ် ၃-ပုံနှင့်တကွ ရဟန်းသံဃာကို ဆောင်ယူ၍ အရိမဒ္ဒနာ ပုဂံပြည်ကြီး၌ သာသနာတော်မြတ်ကို တည်စေသည်၊ ထို့နောက် တရာ့ခုနစ်နှစ် သကြဇ် ၅၂၆-ခုတွင် သီဟိုဠ်ကျွန်း၌ သီရိသံဃဗောဓိပရက္ကမဗာဟုမင်းသည် သာသနာတော်ကို သုတ်သင်သည်၊ ထို့နောင် ခြောက်နှစ် သကြဇ် ၅၃၂-တွင် သီဟိုဠ်ကျွန်း၌ စေတီတော်များကို ပူဇော်ခြင်းငှါ ပုဂံမင်းဆရာတော် ဥတ္တရာဇီဝမဟာထေရ်သည် များစွာသော ရဟန်းအပေါင်း ခြံရံလျက် သင်းဘောစီးမည်ဟူ၍ ကုသိမ်မြို့သို့ ကြွလာသည်၊ ထိုဥတ္တရာဇီဝမဟာထေရ်သည် ရာမညတိုင်းသား အရိယဝံသမထေရ်၏ တပည့်တည်း၊ အရိယဝံသမထေရ်သည်လည်း ကပုဂံမြို့နေ¹ မဟာကာဠမထေရ်၏ တပည့်တည်း၊ မဟာကာဠ မထေရ်သည်လည်း သထုံမြို့နေ ပြာဏဒဿီ တပည့်တည်း၊ ထိုပြာဏဒဿီ မထေရ်သည် လောကီဈာန် အဘိညာဉ်ရသောသူတည်း၊ နံနက်စောစော သထုံမြို့ကကြွ၍ မဂဓရာဇ်တိုင်း ဥရုဝေဠတော၌ မဟာဗောဓိကို တံမြက်လှည်း၍ သထုံပြည်၌ နံနက်ဆွမ်းခံသည်၊ ထိုအကြောင်းကို မဂဓရာဇ်တိုင်းသား ဥရုဝေဠကုန်သည် ရှာနေ ကုန်

---

၁။ ကပ္ပုဂံနဂရဝါသိမဟာကာလတ္ထေရဿ - ကပ္ပုဂံမြို့၌နေသော မဟာကာလမထေရ်၏ (နိဿယ)။

* ယခုအခါမွန်ဟုခေါ်ဝေါ်သည်။

သည်တို့သည် သထုံပြည်သို့ ကုန်ရောင်း ကုန်ဝယ်လာရာ တွင် သထုံပြည်သားတို့အား ပြော၍ သိသတည်း။

## ဆပဒ သာမဏေ

ထိုသို့ လောကီချာန် အဘိညာဉ်ရသော ပြာဏဒဿီ မဟာထေရ်၏ အနွယ်အဆက် တပည့်ဆက် ဖြင်သော ဥတ္တရာဇီဝမဟာထေရ်သည် ကုသိမ်မြို့သို့ရောက်၍ များစွာ သောရဟန်းအပေါင်း ခြံရံလျက် အသက်နှစ်ဆယ် ပြည့်ပြီး သောဆပဒ အမည်ရှိသော (မူများစွာ၌ ဆပ္ပဋ-ဟုရှိသည်) သာမဏေနှင့်တကွ သင်းဘော လှေစီး၏၊ ထို ဆပဒအမည် ရှိသော သာမဏေသည်ကား ကုသိမ်မြို့ ကျေးလက်၌ နေ သော သူတို့၏ သားတည်း၊ ဥတ္တရာဇီဝ မဟာထေရ်တပည့် ရင်းတည်း၊ ကုသိမ်မြို့ကျေးလက် ဆပဒအမည်ရှိသော ရွာ၌ နေသော သူတို့၏ သားဖြစ်သောကြောင့် ဆပဒသာမဏေ ဟူ၍ တွင်သည်၊ ဥတ္တရာဇီဝမဟာထေရ်သည် သင်းဘော လှေစီး၍ သီဟိုဠ်ကျွန်းသို့ရောက်လေသော် သီဟိုဠ်ကျွန်း၌ ရှိသော မထေရ်တို့သည် ထိုဥတ္တရာဇီဝမထေရ်နှင့် တရား စကား ပြောဟော နှီးနှောကြ၍ တတ်ရည် လိမ္မာရည် ရှိသည် သဒ္ဒနယ အတ္ထနယ သဘောကျအောင် ပြောဆို နိုင်ကြသည်ဖြစ်၍ တယောက်သည် တယောက်အား အလွန်နှစ်သက် မြတ်နိုးကြသဖြင့် "ငါတို့သည် သီဟိုဠ် ကျွန်း၌ သာသနာပြု မဟာမဟိန္ဒမထေရ်၏ အနွယ်အဆက်

တပည့်အဆက် ဖြစ်တော့သည်၊ အရှင်တို့လည်း သုဝဏ္ဏဘုမ္မိတိုင်း၌ သာသနာပြု သောဏာဥတ္တရမထေရ် နှစ်ဦးတို့၏ အနွယ်အဆက် တပည့်အဆက် ဖြစ်တော့သည်၊ တခြားမဟုတ်ပြီ၊ ငါတို့အားလုံးသည် တပေါင်းတည်း သံဃာကံကို ပြုကုန်အံ့”ဟု ဆို၍ အသက်နှစ်ဆယ်ပြည့် ဆပဒ သာမဏေကို ပဉ္စင်းခံကုန်သည်။

ထိုနောင်မှ ဥတ္တရာဇီဝမဟာထေရ်သည် သီဟိုဠ်ကျွန်း၌ စေတီရှိခိုးခြင်း အစရှိသော အလုံးစုံပြုဘွယ်ကိစ္စဟူသမျှကို ပြီးစေ၍ ပုဂံမြို့သို့ တဖန် ပြန်တော့မည်ပြုသည်၊ ဆပဒ ပဉ္စင်းငယ်သည်ကား “ငါသည် ဆရာနှင့်အတူ လိုက်ချေသော် ထိုဇမ္ဗူဒိပ်ကျွန်း၌ ဆွေမျိုးဉာတိ ပလိဗောဓ နှောင့်ရှက်၍ ကျမ်းဂန်အဟုတ် မသင်ရရှိချေမည်၊ ဤသီဟိုဠ်ကျွန်း၌နေ၍ အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံကို သင်ပြီးမှ ပြန်တော့မည်”အကြံရှိ၍ ဆရာဥတ္တရာဇီဝမထေရ်ကို ပန်ကြား၍ သီဟိုဠ်ကျွန်း၌ နေရစ်လေ၏၊ ဥတ္တရာဇီဝ မဟာထေရ်လည်း များစွာသော ရဟန်းအပေါင်း ခြံရံလျက် သင်းဘောစီး၍ ကုသိမ်မြို့သို့ ရောက်လာသည်၊ ကုသိမ်မြို့မှသည် ပုဂံပြည်သို့ ကြွ၍ သီတင်းသုံးလေ၏။

## သီဟိုဠ်သံဃာဂိုဏ်း

ဆပဒပဉ္စင်းပျိုလည်း အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံကို သင်၍ ဆယ်ဝါရှိပြီးသော် ထေရသမ္မုတိကိုရ၍

ပုဂံပြည်သို့ တဖန်ပြန်မည်ကို ကြံအောက်မေ့သည်၊ "ငါ တယောက်အထီး တည်းသာ ပြန်ချေသည်ဖြစ်အံ့၊ ငါတို့ ဆရာ ဥတ္တရာဇီဝ မဟာထေရ်သည် သေလွန်ခဲ့၍ ပုဂံမြို့သား မြမ္မာရဟန်းတို့နှင့် တပေါင်းတချက်တည်း သံဃကံကြီး ကံငယ် မပြုလိုသော် အပေါင်းအဖော် လေးယောက်ရမှ ဥပသမ္ပဒကံကို ဆောင်နိုင်ရာချေသည်"ဟု ကြံ၍ တာမ-လိတ္တိသား သီဝလိထေရ်, ကမ္ဘောဇသား တာမလိန္ဒထေရ်, ကဉ္စီပုရသား အာနန္ဒာထေရ်, လင်္ကာဒီပသား ရာဟုလာ ထေရ် ဤလူလေးယောက်တို့နှင့် တိုင်ပင်ပြီးသော် သင်း ဘောစီး၍ ကြွလေ၏၊ ဆပဒမထေရ်နှင့်တကွ မထေရ် ငါးပါးတို့သည် ပိဋကတ်သုံးပုံကို ဆောင်သည်၊ တတ်ရည် လိမ္မာရည်နှင့် ပြည့်စုံကြသည်ချည်းတည်း၊ထိုမထေရ်ငါးပါး တို့တွင် ရာဟုလာမထေရ်သည် အထူးအားဖြင့် သာလွန်၍ တတ်ရည် လိမ္မာရည်ရှိသည်၊ မထေရ်ငါးပါးတို့သည် သင်း ဘောစီး၍ ကြွသည်ရှိသော် ကုသိမ်မြို့သို့ ရောက်၍ ဝါဆို ချိန်အခါနီးသောကြောင့် ပုဂံမြို့သို့မရောက်နိုင်ပြီ၊ကုသိမ်မြို့ တွင်ပင် ဝါကပ်ကြကုန်သည်၊ ထိုမထေရ်ငါးပါးတို့ ကပ် ရောက်သော ကျောင်းရာဇာတိုင်းသည် ကုသိမ်မြို့ တောင် ဖက်၌ ယနေ့ထက်တိုင်အောင်ပင် ထင်ရှားရှိသေးသည်။

## မြန်မာသီဟိုဠ် ဂိုဏ်းကွဲ

ဝါကျွတ်ပြီးသော် ဆပဒထေရ်လည်း ပဝါရဏာပြုပြီးလျှင် အဖော်မထေရ် လေးဦးတို့နှင့်တကွ ပုဂံမြို့သို့ ကြွလာသည်၊ ဆပဒထေရ် ပုဂံမြို့သို့ မရောက်မီ လေးရက်ငါးရက်တွင်းဝယ် ဆရာဥတ္တရာဇီဝမဟာထေရ် အနိစ္စရောက်ချေသည်၊ ဆပဒထေရ်လည်း ပုဂံမြို့သို့ရောက်၍ ငယ်ဆရာရင်း ဥတ္တရာဇီဝမဟာထေရ် သေလွန်ကြောင်းကို သိ၍သုသာန်သင်းချိုင်းသို့ ကြွပြီးသော် ရှိခိုးပူဇော် ကန်တော့ခြင်းကို ပြုပြီးလျှင် အဖော်မထေရ်လေးဦးတို့နှင့် တိုင်ပင်သည်၊ "အရှင်တို့ ငါတို့ဆရာ ဥတ္တရာဇီဝမဟာထေရ်နှင့် သီဟိုဠ်ကျွန်းသား မထေရ်ကြီးများသည် တပေါင်းတချက်တည်း သံဃကံကို ပြုကြသည်၊ ငါတို့လည်း ယခုသောဏထေရ် ဥတ္တရထေရ်တို့၏ အနွယ်အဆက် တပည့်ဆက်ဖြစ်သော ပုဂံမြို့သား မြန်မာရဟန်းတို့နှင့် တပေါင်းတချက်တည်း သံဃကံကို ပြုသင့်၏၊ ထိုသို့ ပြုသင့်သော်လည်း ရှေးအခါမူကား ငါတို့ဆရာ ရာမညတိုင်းသား ဥတ္တရာဇီဝမဟာထေရ် အစိုးရသည်၊ ယခုမူကား ပုဂံမြို့သား မြန်မာရဟန်းတို့ အစိုးရလေသည် ဖြစ်သောကြောင့် တပေါင်းတချက်တည်း သံဃကံကို မပြုပြီ"ဟု တိုင်ပင်၍ ဆပဒထေရ်သည် မာနအားဖြင့် ပုဂံမြို့သား ရဟန်းတို့မှ ခွဲ၍ အသီးအခြား သံဃကံကို ပြုလေ၏။

ဤသို့လျှင် ရာမညတိုင်း သထုံပြည်မှ သာသနာတော် ရောက်၍ မြမ္မာတို့အရပ် ပုဂံပြည်၌ သာသနာတော် တည်ပြီးသည်မှ တရာ့နှစ်ဆယ်လေးနှစ် သကြဇ် ၅၄၃-ခု တွင် သီဟိုဠ်ကျွန်းမှ သာသနာရောက်၍ ပုဂံမြို့၌ တည်သည်။

## သီဟိုဠ် ဂိုဏ်းကွဲများ

ထိုမထေရ်ငါးဦးတို့ ရောက်သောအခါ ပုဂံမြို့၌ နရပတိ စည်သူ မင်းပြုသည်၊နရပတိစည်သူ မင်းကြီးသည် မထေရ် ငါးဦးတို့၌ လွန်စွာသဒ္ဓါကြည်ညိုခြင်းရှိ၍ ဧရာဝတီမြစ်၌ ဖောင်ဖွဲ့စေ၍ များစွာသော ပဥ္စင်းလောင်းတို့ကို ပဥ္စင်းခံ စေသည်၊ ထိုသို့ဖြစ်၍ များမကြာမီ သံဃာပွါးများ၍ အပေါင်းဂိုဏ်းသံဃာ များစွာစည်ပင်သည်၊ တရံရောအခါ နရပတိစည်သူမင်းကြီးသည် မထေရ်ငါးဦးတို့အား အလှူ ကြီးပေးမည်ဟူ၍ ပွဲသဘင်ခံစေသည်၊ ထိုအခါ ရာဟုလာ မထေရ်သည် အရည်အပြင် အဆင်းအင်္ဂါ လက္ခဏာနှင့် ပြည့်စုံသော ကခြေသည် တယောက်ကို မြင်ရာတွင် တပ်သောစိတ်ဖြစ်၍ ရဟန်းအဖြစ်၌ မမွေ့လျော်သဖြင့် လူထွက်မည်ဟူ၍ အကြံရှိသည်၊ ထိုအကြောင်းကို မထေရ် လေးဦးသိ၍ အထူးထူးသော နည်းတို့ဖြင့် ဆန်း ကြယ်သော အသွယ်သွယ်သော တရားစကားတို့ဖြင့် ဆိုဆုံးမကုန်သော်လည်း မတတ်နိုင်ခဲ့၍ "အရှင်သည်လူ့

ပြုလိုခဲ့သော် သည်အရပ်တွင် မပြုနှင့်၊ ရာမညတိုင်းသို့ သွား၍ သင်းဘောစီးပြီးလျှင် မလယကျွန်းသို့ သွား၍ မလယကျွန်းသို့ ရောက်မှ လူပြုပါလေတော့”ဟု ဆိုကုန်၏၊ ရာဟုလာမထေရ်သည်လည်း ထိုဆိုတိုင်း ရာမညတိုင်းသို့ သွား၍ သင်းဘောစီးပြီးလျှင် မလယကျွန်းသို့ ရောက်လေသည်၊ မလယမင်းသည် ဝိနည်းသိက္ခာပုဒ်တော်ကို သိချင်သည်၊ ထိုမင်းကို ခုဒ္ဒသိက္ခာကျမ်းကို ဋီကာနှင့်တကွ သင်စေသည်၊ သင်၍ ကုန်ပြီးလျှင် မင်းလည်းကြည်ညို၍ အထူးထူးသော ကျောက်သံရတနာတို့ဖြင့် သပိတ်အပြည့် ထည့်၍ ပူဇော်သည်၊ ရာဟုလာမထေရ်သည်လည်း ထို ပူဇော်သက္ကာကို ရ၍ လူထွက်ပြန်လျှင် အိမ်ရာထောင်ခြင်းကို ပြုလေ၏။

ကြွင်းရစ်သည့် မထေရ်လေးဦးတွင် ဆပဒမထေရ်သည် အနိစ္စရောက်၍ သီဝလိမထေရ်, တာမလိန္ဒမထေရ်, အာနန္ဒာမထေရ် ဤမထေရ်သုံးဦးသည်သာ ပုဂံပြည်၌ သာသနာတော်စီးပွါးကို ပြုကုန်သည်၊ တရံရောအခါ ပုဂံမင်းသည် သဒ္ဓါကြည်ညို၍ မထေရ်သုံးဦးတို့အား ဆင် ၃-စီးလှူသည်၊ သီဝလိမထေရ်, တာမလိန္ဒမထေရ်တို့မှာ ရသည့်ဆင်ကို တောမှာလွှတ်စေသည်၊ အရှင်အာနန္ဒာ မထေရ်မှာမူကား ‘ကဉ္စိပူရပြည်၌ ဆွေမျိုးတို့အား ပေးမည်’ဟူ၍ ကုသိမ်မြို့သို့ပို့၍ ဆင်ကို သင်းဘောမှာ တင်စေ

သည်၊ ထိုအကြောင်း မထေရ်နှစ်ဦးတို့သိ၍“ငါ့ရှင်အာနန္ဒာ ငါတို့မှာ ဆင်ကိုရလျှင် တောမှာလွှတ်စေသည်၊ ငါ့ရှင်မှာ မူကား တိရစ္ဆာန်ဆင်းရဲလေအောင် ဆွေမျိုးတို့အား ပေး ခြင်းသည် မသင့်”ဟူ၍ ဆိုကုန်သည်၊ အာနန္ဒာမထေရ်က လည်း “အရှင်ဘုရားတို့ ဘဲ့ကြောင့် ဤစကားကို ဆိုဘိ သနည်း၊ ထိုဆွေမျိုးတို့အား သင်္ဂြိုဟ်ထောက်ပံ့ခြင်းကို မင် လာတပါးဟု ဘုရားရှင် ဟောသည် မဟုတ်လော”ဟူ၍ ဆိုသည်၊ မထေရ်နှစ်ဦးတို့ကလည်း “အာနန္ဒာ သင်သည် ဆိုဆုံးမခက်သည်၊ သီတင်းသုံးဘော် သိက္ခာကြီးဝါကြီး ငါတို့ဆိုဆုံးမသည်ကို မယူ၊ ယနေ့မှစ၍ သင့်မှာလည်း အသီးသံဃကံကို ပြုလေတော့၊ ငါတို့မှာလည်း အသီး သံဃကံကို ပြုတော့မည်” ဆို၏၊ ထိုနေ့မှစ၍ မထေရ် နှစ်ဦးတို့သည် အသီးအခြား သံဃကံကို ပြုကုန်သည်၊ အာနန္ဒာမထေရ်မှာလည်း အသီးအခြား သံဃကံကို ပြုလေ၏။

မထေရ်နှစ်ဦးတွင် တာမလိန္ဒမထေရ်သည် တရံရော အခါ ကျမ်းဂန်ဗဟုသုတနှင့်ပြည့်စုံသော တတ်ရည် လိမ္မာ ရည် ရှိသော တပည့်တို့ဘို အထံသို့ လာရောက်သော မင်း အစရှိသော တကာဥပါတို့ကို ပစ္စည်းနှင့်စပ်သော စကား ကို ဆိုသည်၊ ‘ဒါယကာတို့ ယခု ငါ့တပည့်ရဟန်းများသည် ကျမ်းဂန်ဗဟုသုတ တတ်ရည်လိမ္မာရည်ရှိပါလျက် ပစ္စည်း

လေးပါးမလောက်သောကြောင့် ပရိယတ် ပဋိပတ် အဟုတ်မဖြည့်နိုင် ရှိသည်၊ ဒါယကာတို့ ပစ္စည်းထောက်ပံ့လျှင် ပရိယတ် ပဋိပတ်ကို အဟုတ်ဖြည့်နိုင်လတ္တံ့”ဟု ဝစီဝိညတ်ဖြင့် ပစ္စည်းကို ရှာလေသည်၊ ထိုအကြောင်းကို သီဝလိမထေရ်သည်၍ “အရှင်တာမလိန္ဒ မြတ်စွာဘုရားသည် ဝစီဝိညတ်ကြောင့် ဖြစ်သောပစ္စည်းကို ကဲ့ရဲ့စက်ဆုပ်တော်မူသည်၊ အရှင်သည် အဘယ့်ကြောင့် ဝစီဝိညတ်ဖြင့် ပစ္စည်းကို ရှာဘိသနည်း၊ အရှင်၏ အမူအကျင့်သည် မသင့်”ဟူ၍ ဆိုဆုံးမသည်၊ တာမလိန္ဒမထေရ်ကလည်း “အရှင်ဘုရားကိုယ့်ဘို့ရည်၍ ဝစီဝိညတ် ပြုသော ပစ္စည်းကိုသာ ဘုရားသခင် ကဲ့ရဲ့စက်ဆုပ်တော်မူသည်၊ ကျွန်ုပ်မှာမူကား ကိုယ့်ဘို့ရည်၍ ဝစီဝိညတ်ပြုသည်မဟုတ်၊ ကျမ်းဂန်ဗဟုသုတ တတ်ရည် လိမ္မာရည်ရှိသော တပည့်များသည် ပစ္စည်းလောက်မှ ပရိယတ် ပဋိပတ်ကို ဖြည့်နိုင်မည်၊ ပရိယတ် ပဋိပတ်ကို ဖြည့်နိုင်မှ သာသနာတော် စည်ပင်ပြန့်ပွါးမည်ကို နှလုံးထား၍ တပည့်များဘို့ ဝစီဝိညတ်ပြုပါသည်”ဟူ၍ ဆိုသည်၊ သီဝလိမထေရ်ကလည်း“တာမလိန္ဒ အရှင် ဤကဲ့သို့ ယူသည်ရှိသော် အရှင်မှာလည်း အသီးအခြား သံဃကံကို ပြုလေတော့၊ ငါ့မှာလည်း အသီးအခြား သံဃကံကို ပြုတော့မည်”ဆို၍ ထိုနေ့မှစ၍ မထေရ်နှစ်ဦးတို့သည် အသီးအခြား သံဃကံကို ပြုကုန်သည်။

## အရှေ့သံဃာနှင့် သီဟိုဠ်သံဃာ

ထိုအခါ ပုဂံပြည်၌ သထုံပြည်မှလာသော သာသနာဆက် ရဟန်းသံဃာတဂိုဏ်း, သီဝလိမထေရ်တပည့် ရဟန်းသံဃာတဂိုဏ်း, တာမလိန္ဒမထေရ်တပည့် ရဟန်းသံဃာတဂိုဏ်း, အာနန္ဒာမထေရ်တပည့် ရဟန်းသံဃာတဂိုဏ်း ဖြစ်၍လေးဂိုဏ်းပြားလေသည်၊ ထိုလေးဂိုဏ်းတို့တွင် သထုံပြည်မှလာသော သာသနာတော်ဆက် ရဟန်းသံဃာကို ရှေးဦးစွာ လာသောကြောင့် အရှေ့သံဃာဟူ၍ ခေါ်ကုန်သည်၊ ကြွင်းသော သုံးဂိုဏ်းသံဃာကို သီဟိုဠ်ကျွန်းမှ လာသော သာသနာဖြစ်သောကြောင့် သီဟိုဠ်သံဃာဟူ၍ ခေါ်ကုန်သည်၊ နောက်မှလာသောကြောင့် အနောက်သံဃာဟူ၍လည်း ခေါ်ကုန်သည်၊ မထေရ်သုံးဦးတို့တွင် သီဝလိမထေရ်, တာမလိန္ဒမထေရ် နှစ်ဦးတို့သည် အသက်အတိုင်း သာသနာတော်ကို ထွန်းလင်းစည်ပင်အောင် ပြု၍ ကံအလျောက် လားလေကုန်သည်၊ အာနန္ဒာမထေရ်သည်ကား ငါးဆယ့်လေးဝါပတ်လုံး သာသနာတော်ကို စည်ပင်ထွန်းလင်းအောင်ပြု၍ သကြဇ် ၆၀၇-ခုနှစ်၌ ကံအလျောက် လားလေသည်။

[ပဉ္စမတိုင် မြောက်ဘက် အက္ခရာအရ ပြီး၏]

## ဓမ္မဝိလာသသမထေရ်

ဒလကျေး ပဒိပ္ပဇည်းရွာသူသား သာရိပုတ္တရာအမည်ရှိသော သာမဏေတဦးသည် ပုဂံမြို့သို့သွား၍ အာနန္ဒာမထေရ်အထံ၌ ပဥ္စင်းခံပြီးသော် အဌကထာနှင့်တကွ သုတ် အဘိဓမ္မာ ဝိနည်းကို သင်၍ အရပ်ကက်ဝန်းကျင်ကျော်စောထင်ရှားသည်၊ ထိုအခါ ပုဂံမင်းသည် သာရိပုတ္တရာအမည်ရှိသောပဥ္စင်း ကျေးဇူးသိတင်း ကျော်စောခြင်းအသံကို ကြား၍"သာရိပုတ္တရာအမည်ရှိသော ရဟန်းသည် တရားစကား အကြားအမြင်နှင့် ပြည့်စုံသည်၊ တရားကျမ်းဂန်ကို လေ့ကျက်ဆောင်ရွက်သည်၊ တတ်ရည်လိမ္မာရည်ရှိသည်၊ ကိုယ်အင်္ဂါကြီးငယ်နှင့် ပြည့်စုံသည်ဖြစ်အံ့ ငါဆရာပြု၍ ကိုးကွယ်မည်၊သွား၍စူးစမ်းချေ"ဟု မင်းချင်းတယောက်ကို စေလွှတ်၏၊ ထိုစေလွှတ်သော မင်းချင်းသည် သွား၍ ကိုယ်အင်္ဂါကြီးငယ်ကို စူးစမ်းသည်ရှိသော် ခြေမဖျားပြတ်သည်ကို မြင်၍ ထိုအကြောင်းကို ပုဂံမင်းအား ကြားလျှောက်လေ၏၊ ပုဂံမင်းသည် အင်္ဂါကြီးငယ် မပြည့်စုံသောကြောင့် ဆရာပြု၍ မကိုးကွယ်ပြီပင့်ဖိတ်၍ ပူဇော်သက္ကာရ များစွာပြုပြီးလျှင် ဓမ္မဝိလာသဟူသော နာမံတံဆိပ်ကို လှူ၍ "ရာမညတိုင်း၌ သာသနာတော် စည်ပင်ထွန်းလင်းအောင် ပြုစုပါ"ဟု တောင်းပန်၍ ဒလသို့ ကြွစေ၏၊ ဓမ္မဝိလာသမထေရ်လည်း ရာမညတိုင်းသို့

သွား၍ ဒလမြို့၌ များစွာသော ရဟန်းအပေါင်းကို သုတ်အဘိဓမ္မာ ဝိနည်း တရားကျမ်းဂန်တို့ကို သင်ကြားပို့သ၍ နေလေသည်၊ ထိုအခါ ဒလမြို့၌ ဓမ္မဝိလာသမထေရ်တပည့် ရဟန်းသံဃာတို့ကို သီဟိုဠ်ပါရဟန်းဟူ၍ ခေါ်ဝေါ်ကုန်သည်။

## ရာမညသံဃာဂိုဏ်းများ

ဒေသကာ ဥတ္တရမထေရ် နှစ်ပါးတို့၏ အနွယ်အဆက် ဖြစ်သော ရဟန်းသံဃာတို့ကို အရိယာအပါ သံဃာဟူ၍ ခေါ်ဝေါ်ကုန်သည်၊ အရိယာအပါသံဃာမှ တဦးသော မထေရ်သည် ကျမ်းဂန်တရား အကြားအမြင် ဂုဏ်ကျေးဇူး အထူးနှင့် ပြည့်စုံသည်ဖြစ်၍ လက္ခိယမြို့၌ ပဂံါအမည်ရှိသော ငါးများသောကြောင့် ပဂံါချောင်းဟူ၍ တွင်သော ချောင်းတခု၏ အနီးကျောင်း၌ သီတင်းသုံးနေသည်၊ ထိုကျောင်းနှင့် မနီးမဝေး၌ အိမ်ဈေးတခုရှိသည်၊ ထိုအိမ်ဈေးနှင့် မနီးမဝေးသောအရပ်၌ များစွာသော ကမ္ဗောဇတိုင်းသား သုန့်ပန်းလူတို့ကို နေစေသည်၊ ထိုအိမ်ဈေးကိုလည်း ကမ္ဗောဇအိမ်ဈေးဟု တွင်သည်၊ ပဂံါချောင်းဝကျောင်းကိုလည်း ကမ္ဗောဇဈေးနှင့်နီးလေသောကြောင့် ကမ္ဗောဇဈေးကျောင်းဟူ၍ တွင်လေသည်၊ ထိုကျောင်း၌ သီတင်းသုံးနေသော မထေရ်ကိုလည်း ကမ္ဗောဇဈေးကျောင်းမထေရ်ဟူ၍ တွင်လေသည်၊ တရံရောအခါ ဒလမြို့နေ သဒ္ဓါ

တရားနှင့် ပြည့်စုံသော သီရိစည်သူအမည်ရှိသော အမတ် တဦးသည် ကန်ကြီးတခုအနီး၌ ကျောင်းဆောက်၍ ကမ္ဗောဇဈေးကျောင်း မဟာထေရ်ကို ပင့်ဖိတ်၍ သီတင်း သုံးစေသည်၊ ထိုအခါ ဒလမြို့၌ အရိယာအပါ ရဟန်းသံဃာ တို့တွင် ကမ္ဗောဇဈေးကျောင်းမဟာထေရ်သည် ဂုဏ်ကျေး ဇူးအထူးနှင့် ပြည့်စုံသည်ဖြစ်၍ ထင်ရှားသည်ကို စွဲ၍ အလုံးစုံသော အရိယာအပါ ရဟန်းသံဃာကို ကမ္ဗောဇ သံဃာဟူ၍ ခေါ်ဝေါ်ကုန်သည်၊ ထိုကမ္ဗောဇ သံဃာကို စွဲ၍ ရာမညတိုင်းအရပ်၌ အရိယာအပါ သံဃာဟူသမျှကို ကမ္ဗောဇ သံဃာဟူ၍ချည်း ခေါ်ဝေါ်ကုန်သည်။

ထိုအခါ မုတ္တမမြို့၌ ကမ္ဗောဇသံဃာတဂိုဏ်း, သီဝလိ မထေရ်အနွယ်အဆက် သီဟိုဠ်သံဃာတဂိုဏ်း, တာမလိန္ဒ မထေရ် အနွယ်အဆက် သီဟိုဠ်သံဃာတဂိုဏ်း, အာနန္ဒာ မထေရ်အနွယ်အဆက် သိန်းဟိုဠ်သံဃာတဂိုဏ်း၊ မုတ္တမ မြို့သား သီဟိုဠ်ကျွန်းသို့သွား၍ ပဉ္စင်းခံပြီးသော် တဖန် ပြန်လှာ၍ အသီးအခြား သံဃကံကို ပြု၍နေသော မိဖုရား ဆရာ ဗုဒ္ဓဝံသမထေရ်အနွယ်အဆက် သီဟိုဠ်သံဃာတဂိုဏ်း, သီဟိုဠ်ကျွန်းသို့သွား၍ ပဉ္စင်းခံပြီးသော် မုတ္တမမြို့သို့ တဖန် ပြန်လှာ၍ အသီးအခြား သံဃကံကို ပြုသော မဟာနာဂ မထေရ် အနွယ်အဆက် သီဟိုဠ်သံဃာတဂိုဏ်း-ဖြစ်သော

ခြောက်ဂိုဏ်းသော သံဃာတို့သည် အသီးအခြား သံဃကံကိုပြု၍ သီတင်းသုံးနေကုန်သည်။

## သိမ်သမုတ်ကြခြင်း

ထိုခြောက်ဂိုဏ်းတို့၌ သိမ်သမုတ်ခြင်း ပဉ္စင်းခံခြင်း အစရှိသော သံဃကံကို ပြုသောအခါ တယောက်သည် တယောက်အား မနှိုးမနှော သင့်မသင့်ကိုလည်း မတိုင်ပြီ၊ ငါတို့သာ လိမ္မာသည်၊ တတ်သည် အမှတ်ရှိ၍ မိမိတို့အယူအတိုင်း သံဃကံကို ပြုကုန်သည်။

အချို့သော မထေရ်တို့သည် သိမ်သမုတ်သည်ရှိသော် နိမိတ်တိုင်စိုက်ပြီးလျှင် နိမိတ်အပ ဂါမခေတ်တွင်း၌ရှိသော ရဟန်းတို့ကို မသိမ်းမဆည်းမူ၍ နိမိတ်တွင်းတွင်ရှိသော ရဟန်းတို့ကိုသာ သိမ်းဆည်း၍ သိမ်သမုတ်ကုန်သည်၊ ထိုသိမ်၌ပင် ပဉ္စင်းခံခြင်း အစရှိသော သံဃကံကို ပြုကုန်သည်။

အချို့သော မထေရ်တို့မှာလည်း "ဂါမခေတ်အလုံးကို သိမ်းဆည်းရခြင်းသည် ခဲယဉ်းသည်၊ ဝိသုံဂါမဖြစ်မှ လွယ်သည်"ဟု အမှတ်ရှိ၍ ဝိသုံဂါမလက္ခဏာကို အဟုတ်အမှန် မဆင်ခြင်ပဲ ကျောင်းအရံ ဥပစာရသိမ်ကိုသော်၎င်း၊ ထိုထက်အလွန်၎င်း အလိုရှိတိုင်းသောအရပ်ကို မင်းစိုးအမျုးအမတ်တို့ကို ပိုင်းခြားစေ၍ တစုံတယောက်သောသူအား

ပေးခြင်းမြောက်အောင် မပေးပဲလျက် ထိုအရပ်၌ ဂါမခေတ်ကို မသိမ်းဆည်းမူ၍ သိမ်သမုတ်ကုန်သည်။

အချို့သော မထေရ်တို့မှာလည်း ဗဒ္ဓသိမ်ချင်းသာ သစ်ပင်အခက် အစရှိသည် စပ်လျှင် သိမ်ရောရှက်ခြင်းဖြစ်သည်၊ ဗဒ္ဓသိမ်နှင့် ဂါမခေတ်စပ်သော်၎င်း, ဂါမသိမ်ချင်းစပ်သော်၎င်း သိမ်ရောရှက်ခြင်းမည်သည် မဖြစ်ဟု အယူရှိ၍ သိမ်သမုတ်ရာဂါမခေတ်နှင့် တပါးသောဂါမခေတ်တို့၏ သစ်ပင်သစ်ခက် စပ်ခြင်းအစရှိသည်ကို မဖြတ်မူ၍ သိမ်သမုတ်ရာဂါမခေတ်တွင်း၌ရှိသော ရဟန်းသံဃာတို့ကိုသာ သိမ်းဆည်း၍ သမုတ်ကုန်သည်၊ သည် တတိယအယူသည် တရားဝိနည်းနှင့်ထောက်လျှင် လွန်သည်။

အချို့သော မထေရ်တို့မှာလည်း ပါဠိ အဋ္ဌကထာပါဌ်၏အနက်အဓိပ္ပါယ်တို့ကို ကောင်းစွာနှလုံးမပြုမူ၍ ရက်ဆက်မပြတ် အလွန်မိုးကောင်းသော ရာမညတိုင်း၌ နဒီလက္ခဏာဇာတဿရအိုင် လက္ခဏာမရှိသည့်အရပ်၌ ဥဒကုက္ခေပသိမ်စီရင်၍ ပဥ္စင်းခံခြင်း အစရှိသော သံဃကံကို ပြုကုန်သည်။

အချို့သော မထေရ်တို့မှာလည်း သိမ်သမုတ်သောအခါ သိမ်သမုတ်ရာဂါမခေတ်နှင့် တပါးသော ဂါမခေတ်တို့၏ သစ်ပင်သစ်ခက် အစရှိသည်တို့ကို ခုတ်ဖြတ်သုတ်သင်၏၊ သိမ်သမုတ်၍ ပြီးပြီးသော်ကား ထိုသိမ်နှင့် ဂါမခေတ်၏၊ သစ်ပင်သစ်ခက် အစရှိသည် စပ်ရှက်ခြင်းကို

မသုဘ်သင်မှု၍ ပဥ္စင်းခံခြင်း အစရှိသော သံဃကံကို ပြုကုန်သည်၊ သည်ပဉ္စမအယူလည်း တရားဝိနည်းနှင့် ထောက်လျှင် လွန်သည်။

## ဟံသာဝတီ သာသနာဝင်

ဘုရားသခင် ပရိနိဗ္ဗာန်ပြုပြီးသည့်နောက် သာသနာတော် နှစ်ထောင်နှစ်နှစ် သက္ကရာဇ် ၈၂၀-၌ ပိဋကတ်သုံးပုံ ဗေဒင်လေးပုံတက်ကျမ်း,ဗျာကရုဏ်းကျမ်း,ဆန်းအလင်္ကာ သဒ္ဒါနိဂဏ္ဍု ဆင်ကြန်မြင်းကြန် အစရှိသော အလုံးစုံသော သုတမျိုး၌ လေ့လာကျွမ်းကျင်တော်မူသော ပရံအတတ်, သစ်ပြောက်အတတ် အစရှိသော အလုံးစုံသော အတတ်တို့၌ အပြီးတိုင် တတ်တော်မူသော မြမ္မာဘာသာ ရှမ်းဘာသာအစရှိသော ဘာသာမျိုးတို့၌ လေ့လာကျင်လည်တော်မူသော သဒ္ဓါသီလအစရှိသော မြတ်သော ကျေးဇူးအပေါင်းနှင့် ပြည့်စုံတော်မူသော ကုမုဒြာကြာ သင်းခွေပန်း တန်ဆောင်မနုန်းလပြည့်နှင့်တူသော ဆင်ဖြူရှင်ဖြစ်တော်မူသော ရာမာဓိပတိ နာမံတော်ရှိသော သုန်းကြက်သရေတို့ဖြင့် လွန်ကဲစွာသော မဟာဓမ္မရာဇ် မင်းမြတ်သည် ကုသိမ် ၃၂-မြို့, ဟံသာဝတီ ၃၂-မြို့, မုတ္တမ ၃၂-မြို့ဟု ဆိုအပ်သော ရာမညတိုင်း ※တလိုင်းသုံးရပ်တို့၌ များသောလူအပေါင်းအား စောင့်ရှောက်ခြင်းကိုပြုလျက် ဟံသာဝတီမြို့၌ တရားသဖြင့် မင်းပြုတော်မူသည်။

※ ယခုအခါ မွန်ဟုခေါ်ဝေါ်ကြ၏။

ထိုရာမာဓိပတိမင်းသည် သာသနာတော်၌ လွန်စွာ ကြည်ညိုခြင်းရှိသည်ဖြစ်၍ ကြံအောက်မေ့သည်ကား— “ဘုရားသခင် သာသနာတော်သည် ပဉ္စင်းခံခြင်းနှင့် စပ်သည်၊ ပဉ္စင်းခံခြင်းသည်လည်း သိမ်၏ပြည့်စုံခြင်း, ပရိသတ်၏ပြည့်စုံခြင်း, ဝတ္ထု၏ပြည့်စုံခြင်း, ဉတ်၏ပြည့်စုံခြင်း, ကမ္မဝါစာ၏ပြည့်စုံခြင်း တည်းဟူသော ပြည့်စုံခြင်း ငါးပါးရှိမှ ကံမြောက်သည်၊ ထိုငါးပါးတို့တွင် အပြစ်ကင်းသော ပဉ္စင်းလောင်း ဌာန်ကရိုဏ်း ပြည့်စုံစွာရွတ်နိုင်သော ဆရာတို့၏ ရကောင်းသောကြောင့် ဝတ္ထု,ဉတ်,ကမ္မဝါစာ တို့သည် ပြည့်စုံလွယ်၏၊ သိမ်, ပရိသတ် နှစ်ပါးတို့၏ ပြည့်စုံခြင်းကိုသိခြင်းငှါခဲယဉ်းလှချေ၏”ဟူ၍ ကြံအောက်မေ့တော်မူသည်။

ထို့နောင် ရာမာဓိပတိမင်းကြီးသည် ဝိနည်းပါဠိတော် ငါးကျမ်း အဋ္ဌကထာငါးကျမ်း ဝဇီရဗုဒ္ဓိဋီကာ သာရတ္ထ ဒီပနီ အမည်ရှိသောဋီကာ ဝိမတိဝိနောဒနီအမည်ရှိသော ဋီကာ ကင်္ခါဝိတရဏီအမည်ရှိသော ပါတိမောက်အဋ္ဌ ကထာ ထိုအဋ္ဌကထာ၏ အဖွင့်ဖြစ်သော သာရတ္ထမဉ္ဇူသာ ဋီကာ ဝိနယဝိနိစ္ဆယနှင့် ထို၏ဋီကာ ဝိနည်းသင်္ဂြိုဟ် သီမာ လင်္ကာရကျမ်းနှင့် သီမာလင်္ကာရသင်္ဂြိုဟ် ဤဆိုခဲ့ပြီးသော အစောင်စောင်သောကျမ်းတို့ကို သဒ္ဒါအားဖြင့်ရင်း အနက် အားဖြင့်ရင်း အဖန်တလဲလဲ ကြည့်ရှုဆင်ခြင်၍ ပါဠိကို

အဋ္ဌကထာနှင့် အဋ္ဌကထာကို ဋီကာနှင့် ကျမ်းတစောင်ကို ကျမ်းတစောင်နှင့် ရှေ့စကားကို နောက်စကားနှင့် နှီးနှော နှိုင်းရှဉ်ပြီးသော် မြတ်စွာဘုရားအလိုတော်နှင့် လျောက်ပတ်စွာ အဋ္ဌကထာဋီကာနှင့် ကျမ်းပြုဆရာတို့၏ အယူနှင့်လည်းအညီ "သိမ်အဆုံးအဖြတ် အဘယ်သို့ ရှိမည်နည်း" ဟူ၍ အဖန်တလဲလဲ ကောင်းစွာ သတိထား၍ နက်နဲသော ပညာဖြင့် စိစစ်ဆင်ခြင်သည်။

## သိမ်အမျိုးမျိုး

ထိုသို့ ဆင်ခြင်လတ်သော် ဤသို့သော ဝိနည်းအဆုံးအဖြတ်ထင်သည်[၁]၊ ပကတိဂါမမူလည်းဖြစ်စေ, ဝိသုံဂါမမူလည်းဖြစ်စေ တပါးသော ဂါမခေတ်တို့နှင့် သစ်ပင်သစ်ခက်အစရှိသော စပ်ရှက်ခြင်းကို ခုတ်ဖြတ်သုတ်သင်၍ သိမ်သမုတ်ရန် အလိုရှိသောအရပ်၏ ထက်ဝန်းကျင် သိနိုင်ခဲသော သိမ်အပိုင်းအခြားရှိသောကြောင့် မဟာသိမ်၌ သင်္ကေတန်အပြားမရှိသော်လည်း များစွာသော

---

၁။ ယောက်ျားမိန်းမတို့ အမြဲသွားလာရာ အရပ်၏ အဖြစ်, ဣရိယာပုထ် မျှလောက်သောအဖြစ်, အသံမြွက်ဆိုရာ အရပ်၏အဖြစ်, စားသောက်သုံးဆောင် အသက်မွေးရာ အရပ်၏အဖြစ်ဟု ဆိုအပ်သော လက္ခဏာနှင့်တကွ အခွန်ကောက်ရာ အရပ်အားဖြင့် ပိုင်းခြားအပ်သော။

နိမိတ်တို့ကို ထားရာသည်၊ ခဏ္ဍသိမ်၌မူကား သိလွယ်သော သိမ်အပိုင်းအခြားရှိသောကြောင့် ခရီးဆုံသဏ္ဌာန်ကို အလို ရှိလျှင် နိမိတ်သုံးခု, လေးထောင့်သဏ္ဌာန်ကို အလိုရှိလျှင် နိမိတ်လေးခု, အထူးထူးသောသဏ္ဌာန်ကို အလိုရှိလျှင် သဏ္ဌာန်နှင့်လျော်ကပ်ပတ်စွာ နိမိတ်ငါးခု ခြောက်ခု အစ ရှိသည်ဖြင့် ထားရာသည်၊ ထိုသို့ထားပြီးမှ နိမိတ်အတွင်း နှင့် နိမိတ်ပြင်ကို သစ်ပင်သစ်ခက် အစရှိသည် မစပ်ရှက် ရအောင် သိမ်အပိုင်းအခြားကို ကောင်းစွာပြ၍ သိမ် သမုတ်ရာ ဂါမခေတ်တိုင်း၌ ရဟန်းတို့ကို ဟတ္ထပါသ်တွင်း သို့ ဆောင်သင့်သောသူတို့ကို ဟတ္ထပါသ်တွင်းသို့ဆောင်၍, ဆန္ဒထိုက်သော သူတို့အားမူလည်း ဆန္ဒဆောင်၍, (ကြွင်း သောရဟန်းတို့ကို) ဂါမခေတ်မှ အပသို့ထုတ်၍, ခရီး သွားလာကုန်သော ရဟန်းတို့၏ အသွားအလာကို သုတ် သင်အံ့သောငှါ သိမ်သမုတ်ရာ ဂါမခေတ်၏ ထက်ဝန်းကျင် အရပ်ရှစ်မျက်နှာတို့၌ အစောင့်အရှောက် လူထား၍, အမှတ်ပြုခြင်းငှါ တမ်းခွန်ကုက္ကားဆွဲ၍, စည်ကြီး ခရုသင်း အစရှိသည်တို့ကို ထားစေပြီးလျှင် သုံးကြိမ်နိမိတ်ကြား၍, ဆယ်ပါးသော ဗျဥ္ဇနဗုဒ္ဓိနှင့် ပြည့်စုံစွာ ဥတ်ကမ္မဝါစာ ရွတ်ဖတ်၍ သမုတ်အပ်သည်၊ ထိုသို့သော အစီအရင်ဖြင့် သမုတ်သောသိမ်သည် သိမ်မြောက်၏၊ ထိုသိမ်၌ ပြုသော ကံသည် ကံမြောက်၏။

တကြောင်းမှာလည်း မိုးလေးလတို့၌ ယုတ်စွအဆုံး လခွဲတကြိမ် လွန်စွအဆုံး ငါးရက်တကြိမ် အလျဉ်မပြတ် ရွာခြင်းသည် မိုးမှန်ဖြစ်သည်၊ လခွဲတကြိမ်မျှ မရွာခြင်းသည် မိုးခေါင်သည်၊ လေးရက်တကြိမ်မှစ၍ နေ့တိုင်း ရွာခြင်းသည် မိုးကောင်းလွန်းသည်၊ မိုးမှန်ရွာသော ကာလ၌ မိုးလေးလပတ်လုံး သင်းပိုင်နား တသစ်နှစ်သစ် စွတ်လောက်အောင် ရေနေသောမြစ်သည် နဒီမြောက်၏၊ ရေနေသောအိုင်သည် ဇာတဿရမြောက်၏။

မိုးမှန်ရွာသောကာလ မိုးလေးလပတ်လုံး ရေနေဘူးလေပြီးသော နဒီဇာတဿရသည် နောက်မိုးခေါင်သော ကာလ၌ရေပင်မရှိသော်လည်း နဒီ ဇာတဿရမြောက်၏၊ ဘဲ့ကြောင့်နည်းဟူမူကား မိုးခေါင်ခြင်းသည် ပမာဏ မဟုတ်သောကြောင့်တည်း၊မိုးကောင်းလွန်းသောကာလ၌ မိုးလေးလပတ်လုံး တသစ်နှစ်သစ် သင်းပိုင်နားစွတ် လောက်အောင် ရေနေသော်လည်း နဒီ ဇာတဿရ မမြောက်၊ ဘဲ့ကြောင့်နည်းဟူမူကား မိုးကောင်းလွန်းခြင်းသည် ပမာဏမဟုတ်သောကြောင့်တည်း။

ဤငါတို့ ရာမညတိုင်းသည်လည်း အလွန်မိုးကောင်းသော အရပ်ဖြစ်သည်၊ လေးရက်တကြိမ် သုံးရက်တကြိမ် နှစ်ရက်တကြိမ် ရက်ဆက်မပြတ်ပင် မိုးရွာသည်၊ ထိုသို့ဖြစ်သောကြောင့် ဤငါတို့ ရာမညတိုင်း၌ မိုးမှန်စွာရွာသော

ကာလ၌ မိုးလေးလပတ်လုံး ရေနေကောင်းသော ကြီးကျယ်သော နဒီဇာတသာရအိုင်တို့၌ ဥဒကုက္ခေပသိမ်စီရင်၍ ကံဆောင်ခြင်းသာ ကံမြောက်ရာသည်၊ မိုးကောင်းလွန်း၍ ရေနေသော နဒီဇာတသာရတို့၌ ကံဆောင်ခြင်းသည် ကံမမြောက်ရာဟု ဝိနည်းအဆုံးအဖြတ်ထင်သည်[၁]။

---

၁။ ဤသို့ သိမ်အဆုံးအဖြတ်ကို ထင်မြင်လာသော ရာမာဓိပတိမင်းအား ဤသို့ အကြံအစည်ဖြစ်ပြန်၏၊ ဂါမခေတ် တမျိုးမျိုး၌ သိမ်သမုတ်လိုကုန်သော ရဟန်းတို့သည် ထိုဂါမခေတ်၌ တည်ရှိသည့်ရဟန်း အားလုံးအား ဟတ္ထပါသ်သို့ဆောင်ခြင်း အစရှိသဖြင့် မသုတ်သင်ပဲ နိမိတ်အတွင်းရှိ ရဟန်းတို့ကိုသာ ဟတ္ထပါသ်သို့ ဆောင်၍ သိမ်သမုတ်လျှင် ထိုရဟန်းတို့၏ သိမ်သမုတ်ကံသည် ပျက်သည်သာ၊ မှန်၏-ပကတိ ဂါမခေတ်ကို အခွန်ကောက်ယူရာ အရပ်အားဖြင့် ခွဲခြားလိုလျှင် မင်းအစရှိသူတို့သာ ခွဲခြားပေးနိုင်၍ သီးခြားဂါမ (ဝိသုံဂါမ) ဖြစ်နိုင်၏၊ ဗဒ္ဓသိမ်ဟူသည်လည်း ကမ္မဝါစာအဆုံးတွင်သာ ဖြစ်နိုင်၏၊ နိမိတ်ကြားကာမျှဖြင့် မဖြစ်နိုင်၊ ထို့ကြောင့် နိမိတ်အတွင်းအရပ်သည် အမြဲအခွန်ယူရာ ဂါမသိမ်မှအသီးအခြား (ဝိသုံဂါမ) အဖြစ်သို့မရောက်၊အဘယ့်ကြောင့်ဆိုလျှင် နိမိတ်အတွင်းအပ အားလုံးသည်ပင် ဂါမသိမ်တခုတည်း ဖြစ်နေသောကြောင့်တည်း၊

ထိုဂါမသိမ် တခုတည်း၌ရှိနေကြသည့် ရပ်ဟန်းအား လုံးကို ဟတ္ထပါသ်သို့မဆောင်ပဲ ဆန္ဒမယူပဲ သိမ်ပ သို့ထုတ်သင့်သော ရဟန်းကို မထုတ်ပဲ သိမ်သမုတ် သောကံကိုပြုလျှင် ထိုကံသည် ဓမ္မကံမဟုတ်၊ ထို သိမ်၌ပြုအပ်သော ရဟန်းခံခြင်း စသည်လည်း ပျက်၏။

အချို့မထေရ်တို့ကား ဂါမလက္ခဏာကင်းသော အလိုရှိရာ အရပ်တခုကို မင်းအစရှိသည်တို့ကို ပိုင်း ခြားစေ၍ ဝိသုံဂါမဖြစ်သည်ဟု ယူဆကာ မိမိတို့ အလိုရှိရာအရပ်၌ ရှိနေသော ရဟန်းတို့ကိုသာလျှင် ဟတ္ထပါသ်သို့သွင်းလျက် သိမ်သမုတ်ကံကို ပြုကုန်၏၊ ဂါမခေတ်အလုံး၌ရှိသော ရဟန်းတို့ကို ဟတ္ထပါသ် သို့ မသွင်းကုန်၊ ထိုမထေရ်တို့၏ သိမ်သမုတ်ကံသည် လည်း မဓမ္မကံမဟုတ် ထိုသိမ်၌ပြုအပ်သော ရဟန်း ခံခြင်းစသည်သည်လည်း ပျက်၏။

အချို့မထေရ်တို့ကား မိမိသိမ်သမုတ်လိုသော ဂါမခေတ်နှင့် အခြားသောဂါမခေတ်တို့သို့ ဆက်စပ် ယှက်သွယ်နေသော သစ်ခက်စသည်တို့ကို ပိုင်းခြား ဖြတ်တောက် ခြင်းကို မပြုပဲ မိမိဂါမခေတ်အတွင်း၌ တည်ကုန်သော ရဟန်းတို့ကိုသာလျှင် ဟတ္ထပါသ် သို့ ဆောင်၍ သိမ်ကိုသမုတ်ကုန်၏၊ ထိုမထေရ် တို့၏ သိမ်သမုတ်ကံသည်လည်း ဓမ္မကံမဟုတ်၊ဗဒ္ဓ သိမ်နှစ်ခုတို့၏ သစ်ခက်စသည် စပ်ယှက်သဖြင့်

သိမ်အချင်းချင်း ရောစပ်သကဲ့သို့ ဗဒ္ဓနှင့်ဂါမသိမ် ဂါမသိမ်အချင်းချင်းတို့ သစ်ခက်စသည် စပ်ယှက် ခြင်းသည်လည်း ထိုသိမ်တို့၌ပြုသော ပဥ္စင်းခံခြင်း စသော ကံကို ပျက်စေ၏။

အချို့မထေရ်တို့ကား အလွန်မိုးရွာသော ရာမည တိုင်း၌ နဒီလက္ခဏာ ဇာတဿရလက္ခဏာမှ ကင်း သည့်မြစ်ဇာတဿရအိုင်တို့၌ စီရင်သည့် ဥဒကုက္ခေပ သိမ်၌ ပဥ္စင်းခံခြင်းစသောကံကို ပြုကုန်၏၊ ထိုကံ သည်လည်း ပျက်၏၊ အဘယ့်ကြောင့် ဆိုသော် ဆိုခဲ့ သောမြစ်၌ မိုးမှန်ရွာသောအခါ လခွဲတကြိမ်ရွာ ခြင်းဖြင့် မိုးလေးလအတွင်း သင်းပိုင်နား တသစ် နှစ်သစ်စွတ်လောက်အောင် ရေနေရုံမျှကို ဤဒေသ ၌ နဒီလက္ခဏာမဆိုသင့်ရာ၊ အလွန်မိုးကောင်းသော ဤဒေသ၌ ဤနည်းဖြင့် နဒီလက္ခဏာယူခြင်းမှာ အသို့သင့်နိုင်အံ့နည်း၊ ဇာတဿရအိုင်၌လည်း မိုးမှန် ရွာသောအခါ ဆိုခဲ့သော မိုးလေးလအတွင်း သောက်ရုံ ခြေလက်ဆေးရုံမျှ ရေရှိရုံဖြင့် ဇာတ ဿရလက္ခဏာ မဆိုသင့်ရာ၊ အလွန် မိုးကောင်း သောကြောင့် ဤဒေသ၌ ဤနည်းဖြင့် ဇာတ ဿရလက္ခဏာ ယူခြင်းမှာ အသို့သင့်နိုင်အံ့နည်း၊ ထိုကြောင့် ထိုနဒီလက္ခဏာ ဇာတဿရလက္ခဏာ မရောက်သောမြစ် ဇာတဿရအိုင်တို့၌ ကံဆောင် သော မထေရ်တို့၏ ပဥ္စင်းခံခြင်းစသော ကံသည် ပျက်၏။

အချို့မထေရ်တို့ကား ဂါမခေတ်တခု၌ သိမ်သမုတ်လိုလျှင် အခြားဂါမခေတ်တို့နှင့် သစ်ခက်စသည် စပ်ယှက်ခြင်းကို ပိုင်းဖြတ်၍ ထိုဂါမခေတ် နိမိတ်အတွင်းအပရှိ ရဟန်းအပေါင်းတို့ကို ဟတ္ထပါသ် ဆောင်ခြင်း စသည်ကိုပြုကာ သိမ်သမုတ်ကုန်၏၊ ထိုသိမ်၌ ဥပသမ္ပဒကံ စသည်ပြုသောအခါ၌ကား ယင်းဗဒ္ဓသိမ်နှင့် ဂါမသိမ်တို့၏ သစ်ခက်စသည် စပ်ယှက်ခြင်းကို ပိုင်းခြားခြင်း မရှိပဲ ကံဆောင်ကြကုန်၏၊ ထိုကံသည် ပရိသတ် ဝိပတ္တိဖြစ်၍ ပျက်၏၊ အဘယ့်ကြောင့်ဆိုသော် ဗဒ္ဓသိမ် ဂါမသိမ် အချင်းချင်း ယောနေ္ဒာ စပ်ယှက်ခြင်း သဘောရှိသောကြောင့်တည်း။

အထူးမှာ အချို့မထေရ်တို့သည် စင်ကြယ်သော ဗဒ္ဓသိမ်၌ဖြစ်စေ, ရွာလက္ခဏာရှိသော ပကတိဂါမသိမ်၌ဖြစ်စေ, ဝိသုံဂါမ၌ဖြစ်စေ, နဒီလက္ခဏာသို့ ရောက်သော မြစ်ကြီး၌ဖြစ်စေ, ဇာတဿရလက္ခဏာသို့ရောက်သော အိုင်၌ဖြစ်စေ, သမုဒ္ဒရာလက္ခဏာသို့ ရောက်သော သမုဒ္ဒရာ၌ဖြစ်စေ, ပဥ္စင်းခံခြင်းစသော ကံကိုပြုလျှင် သိမ်လက္ခဏာ ပြည့်စုံမှန်ကန်ပါသော်လည်း ကံပြုသောရဟန်းတို့က ရဟန်းဖြစ်စဉ်ကပင် သိမ်မမှန်ခဲ့၍ ထိုရဟန်းတို့၏ ကံသည်လည်း ပရိသဝိပတ္တိဖြစ်သဖြင့် ပျက်ရာသည်သာတည်း။

## သိမ်ပျက်များ

ဤသိမ် အဆုံးအဖြတ်ကို ကြားပြီးသော် ရာမာဓိပတိမင်း အား တဖန်စိတ်အကြံဖြစ်ပြန်သည်—"ငါတို့ရာမညတိုင်း၌ ဆိုခဲ့ပြီးသောနည်းဖြင့် သိမ်မမြောက်ခဲ့သော် ပဥ္စင်းခံခြင်း စသော သံဃကံသည် သိမ်အားဖြင့်ပျက်၍ ကံမမြောက် ဖြစ်ခဲ့ရာသည်၊ ကံမမြောက်ခဲ့သော် ထိုပဥ္စင်းမမြောက် သော ရဟန်းတို့သည် တပါးပဥ္စင်းလောင်းအား ပဥ္စင်း ခံပြီးသည်ရှိသော် ပရိသတ်အားဖြင့် ကံပျက်ရာချေသည်၊ ဤသို့လျှင် ငါးပါးသော သမ္ပတ္တိတွင် သိမ်နှင့်ပရိသတ် ဤနှစ်ပါးတို့သည် မပြည့်စုံဟူ၍ ငါထင်သည်၊ ငါသာ ထင်မည်လော ငါမှတပါး ရာမညတိုင်း ဟံသာဝတီမြို့၌ ပိဋကတ်သုံးပုံကို လေ့ကျက်ဆောင်ရွက်ကုန်သော ဗျတ္တိ ဗလနှင့်ပြည့်စုံသော ရဟန်းတို့အားလည်း ထင်မည်လော" ဟူ၍ ကြံပြီးသော် ပိဋကတ်သုံးပုံကို လေ့ကျက်ဆောင် ရွက်ကုန်သော ရဟန်းတို့ကိုပင့်ဘိတ်၍ ဝိနည်းအဆုံး အဖြတ်ကို ပြုစေသည်ရှိသော် ပိဋကတ်ကျမ်းဂန် လေ့ကျက် ကုန်သော ရဟန်းတို့လည်း သိမ်နှင့်ပရိသတ်သည် မပြည့် စုံသကဲ့သို့ ထင်ကြောင်းကို ရာမာဓိပတိမင်းအား ကြား ကုန်သည်[၁]။

---

၁။ ထိုသို့ ကြားကုန်သောအခါ ရာမာဓိပတိမင်းသည် "သြော် သိမ်အပေါင်းတို့ကား ပျက်ခဲ့လေပြီတကား

မြတ်စွာဘုရား သာသနာတော်သည် အနှစ်ငါး ထောင်တည်လတ္တံ့ဟု အဋ္ဌကထာ ဆရာမြတ်တို့ ဆိုကုန်၏၊ ယခုအခါ မြတ်စွာဘုရား ဘုရားအဖြစ်သို့ ရောက်သည်မှ နှစ်ပေါင်း ၂၀၄၇-နှစ်မျှသာ ရှိသေးလျက် သာသနာတော်သည် ယခုကပင် အညစ်အကြေး ဆူးငြောင့် ဘေးဘျမ်းရှိလျက် ယုံမှားဘွယ်ရှိသည့် ပဋ္ဌင်းအဖြစ်များ ရှိနေချေပြီ၊ အသို့လျှင် အနှစ်ငါးထောင်တိုင်အောင် တည်နိုင်ပါအံ့နည်း” ဟု ကြံစည်မိလေ၏၊ ထို့နောက်မှ “ငါသည် ထိုသို့ သော သာသနာတော်၏ အညစ်အကြေး ဆူးငြောင့် ဘေးဘျမ်းကို မြင်သဖြင့် သာသနာတော် စင်ကြယ် သန့်ရှင်းလျက် အနှစ်ငါးထောင် တည်စွမ်းနိုင်အောင် ကြောင့်ကြ မစိုက်ပဲ လျစ်လျူရှု၍ နေခဲ့သော် မြတ်စွာဘုရား၌ ချစ်ခင်ကြည်ညိုခြင်း ရိုသေမြတ်နိုးခြင်းနှင့် မပြည့်စုံသည်ဖြစ်ရာ၏၊ စင်စစ်သာသနာ တော် သုတ်သင်ပြုစုသင့်သည်သာ ဖြစ်၏၊ အဘယ် အရာမှစ၍ ဤရာမညတိုင်း၌ သဒ္ဓါတရားနှင့် ပြည့်စုံ သော အမျိုးသားတို့သည် စင်ကြယ်သော ပဋ္ဌင်း အဖြစ်ကိုငဲ့လျက် ထိုပဋ္ဌင်းအဖြစ်ကို ခံယူကာ သာ သနာတော် စင်ကြယ်ခြင်းဖြစ်ရာအံ့နည်း၊ ထိုအရာမှ စ၍ ငါလုပ်ဆောင်ပေအံ့” ဟု ကြံစည်ပြန်လေ၏။

## သီဟိုဠ်သာသနာ သန့်ရှင်းပုံ

ရာမာဓိပတိမင်းသည်လည်း ဥပသမ္ပဒ အစရှိသော သံဃကံတို့ကို ယုံမှားမရှိအောင် သာသနာတော်ကို သုတ်သင်လိုသော ဆန္ဒရှိသည်ဖြစ်၍ သန့်ရှင်းစင်ကြယ် မည့်အကြောင်းကို ကြံအောက်မေ့သည်ကား 'မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်မှ နှစ်ရာသုံးဆယ့်ခြောက်နှစ်၌ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်စေလွှတ်၍ အရှင်မဟိန္ဒမထေရ်သည် သီဟိုဠ်ကျွန်းသို့သွား၍ သာသနာကို တည်စေ၏၊ သီဟိုဠ်ကျွန်းကိုအစိုးရသော ဒေဝါနံပိယတိဿ မင်းသည် မထေရ်၌ သဒ္ဓါကြည်ညိုခြင်းဖြစ်၍ မဟာဝိဟာရကျောင်းကို ဆောက်လှူသည်၊ မဟာဝိဟာရ ကျောင်း တည်သည်မှစ၍ ၂၁၈ နှစ်တိုင်တိုင် သာသနာတော်သည် သန့်ရှင်းစင်ကြယ်စွာ မဟာဝိဟာရဝါသီအနွယ်တို့ ဂိုဏ်းတည်သည်' ၂၁၇-နှစ်တွင်မှ ဝဋ္ဋဂါမဏိအဘယမင်းသည် ဒါထိယအမည်ရှိသော ကျည်းမင်းကိုအောင်မြင်၍ သီဟိုဠ်ကျွန်း၌ မင်းအဖြစ်သို့ရောက်လျှင် အဘယဂိရိကျောင်းကို ဆောက်လုပ်၍ ရှေးအထက်က ၇-ဦးသော ကျည်းမင်းတို့နှင့် စစ်တိုက်ရာတွင်ရှုံးသဖြင့် ၁၄-နှစ်ပတ်လုံး ပုန်း၍ နေရသောအခါ ကျေးဇူးပြုဘူးသော မဟာတိဿ အမည်ရှိသော မထေရ်ကို ပင့်ဘိတ်၍ တင်လှူလေသည်၊ ထိုမဟာတိဿမထေရ်သည်ကား လူတို့နှင့် ရောရှက်၍

ကုလဒူသန အနေသနအမှုကို ပြုသောကြောင့် မဟာဝိဟာရဝါသီသဃာတို့မှ နှင်ထုတ်၍ အသီးအခြား သံဃာကံကို ပြု၍ နေလေသည်၊ ထိုအခါမှစ၍ မဟာဝိဟာရဝါသီတဂိုဏ်း, အဘယဂိရိဝါသီတဂိုဏ်း နှစ်ဂိုဏ်းကွဲလေသည်၊ အဘယဂိရိကျောင်းတည်သည့်နောက် ၃၅၇-နှစ်၌ မဟာသေန အမည်ရှိသောမင်းသည် သိန်းဟိုဠ်ကျွန်း၌ နှစ်ဆယ့်ခုနစ်နှစ်ပတ်လုံး မင်းပြုသည်၊ ထိုမင်းလက်ထက် ဇေတဝန်ကျောင်းကိုဆောက်၍ ဒက္ခိဏဝိဟာရကျောင်း၌ နေသော မစောင့်မစည်းသော ယုတ်မာသော အကျင့်ရှိသော တိဿမထေရ်အား ပင့်ဘိတ်၍ တင်လှူသည်၊ ထိုအခါမှစ၍ ဇေတဝနဝါသီတဂိုဏ်း ဖြစ်လေသည်။

## မဟာဝိဟာရဂိုဏ်းသာ စင်ကြယ်ပုံ

ဤသို့လျှင် သိန်းဟိုဠ်ကျွန်း၌ ဘုရားသခင် ပရိနိဗ္ဗာန်ပြုတော်မူသည့်နောက် နှစ်ရာ့သုံးဆယ့်ခြောက်နှစ်တွင် သာသနာတော်စ၍တည်သည်၊ သာသနာတော် တည်သည်မှစ၍ အနှစ်ခြောက်ရာ မပြည့်မီတွင် မဟာဝိဟာရဝါသီတဂိုဏ်း, အဘယဂိရိဝါသီတဂိုဏ်း, ဇေတဝနဝါသီတဂိုဏ်း သုံးဂိုဏ်းကွဲလေသည်၊ ထိုသုံးဂိုဏ်းတို့တွင် မဟာဝိဟာရဝါသီတဂိုဏ်းသည်သာ စင်စစ်သန့်ရှင်းစင်ကြယ်စွာ တရားအယူရှိသည်၊ ကြွင်းသော နှစ်ဂိုဏ်း သားတို့သည် မသန့်ရှင်း မစင်ကြယ် တရားမဟုတ်သည်ကို တရားပြု၍ ယူကုန်သည်၊

ထိုအခါမှစ၍ သိန်းဟိုဠ်ကျွန်း၌ အစဉ်သဖြင့် အဓမ္မဝါဒီအားကြီးကုန်သည်၊ ထိုအဓမ္မဝါဒီပုဂ္ဂိုလ်တို့သည် အထူးထူး အပြားပြား မဟုတ်မရာသောအကျင့် မကောင်းသော အကျင့်တို့ကို ကျင့်ကုန်၍ သာသနာတော် အညစ်အကြေး ဘေးရန်ဆူးငြောင့်တို့ကို ပြုကုန်သည်၊ သိန်းဟိုဠ်ကျွန်း၌ သာသနာတော် တည်သည်မှစ၍ ၁၄၇၂-နှစ် သာသနာတော်နှစ် ၁၇၀၈-၌ သီရိသင်္ဃဗောဓိပရက္ကမဗာဟုမင်းသည် မင်းအဖြစ်သို့ရောက်၍ ၁၈-နှစ်တွင် မဟုတ်မရာသော အကျင့် မကောင်းသောအကျင့်ကို ကျင့်ကုန်သော ရဟန်းတို့သည် သာသနာတော်၏ အညစ်အကြေး ဘေးရန်ဆူးငြောင့် ပြုကြောင်းကိုသိ၍ 'ဓမ္မာသောကမင်းသည် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ကို အမှီပြု၍ သန့်ရှင်း စင်ကြယ်စွာ တရားကို အယူရှိသော ရဟန်းသင်္ဃာအား ထောက်ပံ့ခြင်းကိုပြု၍ မသန့်ရှင်းမစင်ကြယ်သော ခြောက်သောင်းမျှလောက်သော ရဟန်းယုတ်တို့ကို လူထွက်စေ၍ သာသနာတော်မြတ်ကို သုတ်သင် ရှင်းလင်းသကဲ့သို့' ဥဒုမ္ဗရဂိရိကျောင်း၌ သီတင်းသုံးတော်မူသော မဟာကဿပမထေရ် အမှူးရှိသော ကောင်းသောအကျင့်ကို ကျင့်၍ တရားအယူရှိသော မဟာဝိဟာရဝါသီသံဃာအား ထောက်ပံ့ခြင်းကိုပြု၍ မဟုတ်မရာသောအကျင့် မတရားသောအကျင့်တို့ကို ကျင့်ကုန်သော အဓမ္မဝါဒီ ရဟန်းယုတ်

တို့ကို လူထွက်စေ၍ သာသနာတော်ကို သုတ်သင်ရှင်း လင်းသည်။

## သီဟိုဠ်သို့သွားရန် သံဃာတော်တို့အား လျှောက်ထားခြင်း

နောက်လည်း ဝိဇယဗာဟုမင်း, ပရက္ကမဗာဟုမင်း တို့သည် သာသနာတော်ကို သုတ်သင်ရှင်းလင်းကုန်သည်၊ ထိုအခါမှစ၍ သိန်းဟိုဠ်ကျွန်း၌ သန့်ရှင်းစင်ကြယ်စွာ ကောင်းသောအကျင့်ကို ကျင့်၍ တရားအယူရှိသော မဟာဝိဟာရဝါသီ အနွယ်အဆက်ဖြစ်သော ရဟန်းသံဃာ သည် ယနေ့ထက်တိုင်အောင် ထင်ရှားရှိသည်၊ ထိုသို့ ဖြစ်သောကြောင့် ရာမညတိုင်း၌ တတ်ရည် လိမ္မာရည်နှင့် ပြည့်စုံသော ရဟန်းတို့ကို တောင်းပန်၍ သိန်းဟိုဠ်ကျွန်းသို့ သွား၍ ပဉ္စင်းခံစေပြီးလျှင် ပြန်ရောက်သောအခါ ဤ ရာမညတိုင်း၌ သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးသား တို့အား ပဉ္စင်းခံ၍ သာသနာတော်ကို သန့်ရှင်းစင်ကြယ် စွာ အနှစ်ငါးထောင်ပတ်လုံး တည်အောင်ပြုမည်ဟု ကြံပြီးသော် ရာမာဓိပတိမင်းသည် မောဂ္ဂလ္လာန်အစရှိ ကုန်သော နှစ်ကျိပ်နှစ်ပါးသော မထေရ်တို့ကို ပင့်ဖိတ်၍ တောင်းပန်သည်၊ "အရှင်ဘုရားတို့ ယခု ရာမညတိုင်း၌ ပဉ္စင်းအဖြစ်သည် ယုံမှားသကာရှိခဲ့သည်၊ သိန်းဟိုဠ်ကျွန်း ၌မူကား သာသနာတော် တည်သည်မှစ၍ ယနေ့ထက်တိုင်

အောင် သန့်ရှင်းစင်ကြယ်သော မဟာဝိဟာရဝါသီ အနွယ် အဆက် ရဟန်းသံဃာရှိသည်၊ အရှင်ဘုရားတို့သည် သိန်းဟိုဠ်ကျွန်းသို့ကြွ၍ မဟာဝိဟာရဝါသီသံဃာအနွယ်အဆက်မှ သုတပါးကွဲရှဲ စွပ်စွဲခြင်းအပြစ်မှ ကင်းသောဂိုဏ်းကို ရွေးချယ်စိစစ်၍ မြတ်စွာဘုရားကိုယ်တော်မြတ် ရေသပ္ပါယ်ဘူးသော ကလျာဏီမြစ်၌ ဥဒကုက္ခေပသိမ်စီရင်၍ ပဥ္စင်းခံတော်မူပါကုန်၊ သိန်းဟိုဠ်ကျွန်း၌ ပဥ္စင်းအဖြစ်တည်းဟူသော သာသနာတော်မျိုးစေ့ကိုပျိုးခဲ့၍ ဤရာမညတိုင်း၌ ပဥ္စင်းလောင်း အမျိုးကောင်းသားတို့အား ပဥ္စင်းခံပါလျှင် သာသနာတော်သည် အနှစ်ငါးထောင်ပတ်လုံး သန့်ရှင်းစင်ကြယ်စွာ တည်ပါလတ္တံ့၊ သိန်းဟိုဠ်ကျွန်းသို့ ကြွသွားရခြင်းသည်လည်း အရှင်ဘုရားတို့အား များသောအကျိုးရှိပါသည်၊ သီဟိုဠ်ကျွန်းသို့ ရောက်တော်မူပါလျှင် သိန်းဟိုဠ်ကျွန်း စွယ်တော်ဓာတ်, ဒက္ခိဏသာခါမဟာဗောဓိ, ရတနာစေတီအစရှိသော စေတီအပေါင်း, သမန္တကူဋတောင်ထိပ်၌ မြတ်စွာဘုရား၏ ခြေတော်ရာစေတီကို ရှိခိုးပူဇော် ပြုပါရလိမ့်မည်၊ သို့လျှင် အရှင်ဘုရားတို့အား အတိုင်းမသိသော ကုသိုလ်အစု ကောင်းမှုတရား ပွါးများလိမ့်မည်ဖြစ်၍ အရှင်ဘုရားတို့အား သိန်းဟိုဠ်ကျွန်းသို့ ကြွစေခြင်းငှါ တောင်းပန်ပါသည်” ဟူ၍ တောင်းပန်လေ၏။

မထေရ်ကြီးတို့လည်း“တရားမင်းမြတ်တောင်းပန်ခြင်းသည် သာသနာကြီးပွါးခြင်း၏ အကြောင်းတရားနှင့်ညီသော တောင်းပန်ခြင်း ဖြစ်တော့သည်၊ ငါတို့အားလည်း သိန်းဟိုဠ်ကျွန်းသို့ သွားရခြင်းသည် အတိုင်းမသိသော ကုသိုလ်အစု ကောင်းမှုပွါးများခြင်း အကြောင်းဖြစ်တော့သည်၊ ထိုသို့ဖြစ်၍ မင်းကြီးတောင်းပန်သောဆုကို ပေး၏၊ သိန်းဟိုဠ်ကျွန်းသို့ သွားကုန်အံ့”ဟု ဝန်ခံကုန်၏။

## လှူဖွယ်ဝတ္ထုနှင့် လက်ဆောင်စီမံခြင်း

ရာမာဓိပတိမင်းလည်း မထေရ်တို့၏ ဝန်ခံခြင်းကိုရလျှင် ရွှေစင်အချိန် ပိဿာ ၅၀-တို့ဖြင့် စီရင်အပ်သောအထွတ်ဣန္ဒနီလာ ရတနာတပ်သော ထီးဖြူတစင်း,[၁] ရွှေစင်အချိန် ပိဿာခြောက်ဆယ်ရှိသော အဖုံးအခြေနှင့်တကွ ရွှေသပိတ်တလုံး, ရွှေစင်ပိဿာသုံးဆယ်ရှိသော အထွတ်၌ဣန္ဒနီလာ ရတနာတပ်သော ရွှေကရားတလုံး, ရွှေစင်

၁။ ပညာသပလ သုဝဏ္ဏ ဝိရစိတထုပိကောပရိပတိဌာ-ပိတံ, မဟာဣန္ဒနီလ မဏိမယံ, ကေသေလပတ္တဥ္စ-ပိုလ်ငါးဆယ်သော ရွှေစင်တို့ဖြင့် လုပ်အပ်သော ရွှေတုံးတို့၏ အထက်၌တည်သော အဘိုးများစွာ ထိုက်သော ဣန္ဒနီလာ မြကျောက်ဖြင့် ပြီးသော ကျောက်သပိတ်တလုံး-ဟု နိဿယတို့၌ တွေ့ရသည်။

ပိသာ သုံးဆယ်တို့ဖြင့် စီရင်သော ဆဲ့နှစ်မြောင့် ကွမ်းအစ် တလုံး, ရွှေစင်သုံးဆဲ့သုံးပိသာ အချိန်ရှိသော ရွှေစေတီ, ဖန်စေတီ, စဥ္စေတီ, ရွှေပန်း သည်မျှလောက်သော လှူဖွယ်ဝတ္ထုတို့ကို သရီရဓာတ်တော် ပူဇော်ဘို့စီရင်သည်၊ ရတနာစေတီ အစရှိသောစေတီ, ခြေတော်ရာစေတီ, ဗောဓိပင်တို့ကို ပူဇော်စေခြင်းငှါ အထူးထူးသော အဆင်း ရှိသော တမ်းခွန် ၅၈-တိုင်, ရွှေဖယောင်းတိုင် ၅၀-တို့ကို လည်း စီရင်သည်၊ သိန်းဟိုဠ်ကျွန်း၌ နေကုန်သော မဟာ ထေရ်တို့အား လှူဒါန်းစေခြင်းငှါ ဝါချည်ချော ဖျင်ပုဆိုး ၄၀, နီသောအဆင်း, ရွှေသောအဆင်း,ပြောက်ကျားသော အဆင်း,ဖြူသောအဆင်းအားဖြင့် အထူးထူးသော အဆင်း ရှိကုန်သော ပိုးချည်ချော ဝါချည်ချော အရုံပုဆိုး ၂၀, ဆန်းကြယ်သော အဆင်းရှိသော ဟရိပုဥ္စတိုင်းဖြစ် ကွမ်း အစ် ၂၀, ကျောက်ဖြင့်ပြီးသော ကရား ၄-လုံး, စိန့်တိုင်း ဖြစ် ကရားပြောက် ၈-လုံး စိန့်တိုင်းဖြစ် ၄-ထောင့် ယပ် ၂၀-တို့ကိုလည်း စီရင်သည်။

သိန်းဟိုဠ်ကျွန်း၌ နေကုန်သော မထေရ်ကြီးတို့အား လည်း သတင်းစကား ကြားလျှောက်လိုက်သည်၊ "အရှင် ဘုရားတို့ သရီရဓာတ်တော် အစရှိသည်ကို ပူဇော်စေခြင်း ငှါ အကျွန်ုပ်ပေးအပ်သော ပူဇော်သက္ကာရတို့ဖြင့် သရီရ ဓာတ်တော် အစရှိသည်တို့ကို ပူဇော်ခြင်းငှါ အရှင်ဘုရား

တို့ လုံ့လပြုတော်မူပါ၊ တပည့်နှင့်တကွ မထေရ်နှစ်ကျိပ်နှစ်ပါး စိတြအမည်ရှိသော ရာဇတမန်, ရာမအမည်ရှိသော ရာဇတမန်တို့သည် စွယ်တော်ဓာတ်ကို ဖူးမြင်ပူဇော်ရအောင် အရှင်ဘုရားတို့ လုံ့လပြုတော်မူပါ၊ တပည့်နှင့်အတူ နှစ်ကျိပ်နှစ်ပါး ရှာမညတိုင်းသားမထေရ်တို့ကို မဟာဝိဟာ-ရဝါသီ အနွယ်အဆက်ဖြစ်သော ရဟန်းသံဃာမှ သူတပါး ကဲ့ရဲ့စွပ်စွဲခြင်းကင်းသော ရဟန်းတို့ကို ရွေးကောက်၍ မြတ်စွာဘုရား ရေသပ္ပါယ်တော်မူဘူးသော ကလျာဏီမြစ်၌ ဥဒကုက္ခေပသိမ်စီရင်၍ ပဉ္စင်းအဖြစ်ကို ပေးတော်မူပါကုန်”ဟူ၍ သိန်းဟိုဠ်ကျွန်း မဟာထေရ်တို့အား သတင်းစကား ကြားလျှောက်လိုက်သည်၊ သိန်းဟိုဠ်ကျွန်းကို အစိုးရသော ဘုဝနေကဗာဟုမင်းအား ငွေ ၂၀၀-ထိုက်သော[၁] နီလာကျောက်နှစ်စေ့, ငွေပိသာ လေးရာ့သုံးဆယ်ထိုက်သော ပတ္တမြားနီနှစ်စေ့, သင်တိုင်းအလို့ငှါ အဖိုးများစွာထိုက်သော စိန့်ဘိုင်းဖြစ်ပုဆိုးလေးထည်, ဖြူသောအဆင်းရှိသော ပန်းပွင့်ပွင့်ပုဆိုးသုံးထည်, ဖြူညိုသော ပုဆိုးချောနှစ်ထည်, ဖြူသောအဆင်းရှိသော တခဲနက်ပုဆိုးတထည်, ရွှေသောအဆင်းရှိသော ပန်းပွင့်ပုဆိုး နှစ်ထည်, ရွှေသောအဆင်းရှိသော ပုဆိုးချောတထည်, ညိုသော

---

၁။ ဒွိသတပလရူပိယဂ္ဃနိကေ-ရွှေစင်ပိုလ်နှစ်ရာ ထိုက်သော (နိဃယ)။

အဆင်းရှိသော ပုဆိုးချောနှစ်ထည်, ပိုးချည်ချောပုဆိုးနှစ်ထည် သည်မျှလောက်သော လက်ဆောင်တို့ကို စီရင်၍၊ ယခင့်ရဟန်းတို့ကို မှာသကဲ့သို့ မှာစာလည်း ရွှေပေရေး၍ ပေးလိုက်၏၊ ဤသို့လျှင် ရာမာဓိပတိမင်းသည် စီရင်ခင်း စီရင်ဖွယ်တို့ကို စီရင်၍ တပည့်နှင့်တကွ နှစ်ကျိပ်နှစ်ပါးသော မထေရ်တို့အား များစွာသော အဝတ်သင်္ကန်း ဆေးပစ္စည်းတို့ဖြင့် လှူဒါန်းပူဇော်၍ စိတြတမန် ရာမတမန်တို့ကို အပ်လိုက်သည်။

ရိက္ခာအသုံးအဆောင် အလို့ငှါလည်း တမန်တို့လက်၌ ရွှေ ၂၀၀ [၁] အပ်လိုက်သည်၊ ထိုသို့ စီရင်၍ပြီးလျှင် တပည့်နှင့်တကွ မောဂ္ဂလ္လာန်အစရှိသော မထေရ်တကျိပ်တပါးတို့သည် ရာမတမန်နှင့်အတူ တသင်းဘောတည်း စီးသည်၊ တပည့်နှင့်တကွ မဟာသီဝလိစသော မထေရ်တကျိပ်တပါးတို့မှာ စိတြတမန်နှင့်အတူ တသင်းဘောတည်း စီးသည်။

[အလယ်တိုင် မြောက်ဖက်အက္ခရာအရ ပြီး၏]

---

၁။ သုဝဏ္ဏဇာတာနိ ဒွေပလသတာနိ-ရွှေစင် ဖြစ်ကုန်သော ပိုလ်နှစ်ရာတို့ကို (နိဿယ)။

## သီဟိုဠ်ကျွန်းသို့ သင်္ဘောလွှင့်ကြခြင်း

ရာမတမန်စီးသော သင်္ဘောသည် သက္ကရာဇ် ၈၃၇ တပို့တွဲလပြည့်ကျော် ၁၁-ရက် ၁-နေ့နေ့၌ ယောင်က အမည်ရှိသော[၁] မြစ်ဝမှထွက်၍ သမုဒ္ဒရာသို့ လွှင့်သည်၊ စိတြတမန်စီးသော သင်္ဘောသည်ကား တပို့တွဲလပြည့် ကျော် ၁၂-ရက် ၂-လာနေ့၌ ယောင်ကအမည်ရှိသော မြစ်ဝမှထွက်၍ သမုဒ္ဒရာသို့လွှင့်သည်၊ နောက်မှထွက်သော သင်္ဘောသူကြီး လိမ္မာသောကြောင့် တပေါင်းလပြည့် ကျော် ၈-ရက်နေ့၌ ကလမ္ဗုအမည်ရှိသော သိန်းဟိုဠ် ကျွန်း သင်္ဘောဆိပ်သို့ရောက်လေသည်၊ ထိုအကြောင်း ကို သိန်းဟိုဠ်မင်းကြား၍ တပေါင်းလကွယ်နေ့၌ မဟာ ထေရ်တကျိပ်တဦးတို့နှင့် စိတြတမန်အား ခရီးဦးကြိုဆို ခြင်းကိုပြု၍ ရာမာဓိပတိမင်းသည် ပေးမှာအပ်သော ရာဇ သံစာကို ဖတ်၍ကြားရလျှင် အလွန်ဝမ်းမြောက် နှစ်သက် ခြင်းဖြစ်၍ သာယာစွာသောစကား ပြောဟောပြီးသော အဆုံး၌ မထေရ်တကျိပ်တဦးတို့အား တဲနေရာအရပ်ချ၍ ဆွမ်း ပစ္စည်းမပြတ်ထောက်ပံ့သည်၊ စိတြတမန်အားလည်း နေရာအရပ်ချ၍ မျိုးရိက္ခာလုံလောက်အောင် ပေးသည်၊ မိုးသောက်လျှင် စိတြတမန်သည် ရာမာဓိပတိမင်း ကပ်

---

၁။ ယောဂါဘိမာန နဒိမုခတော-ယောဂမည်သော မြစ်ဝမှ (နိယာဿ)။

လှူလိုက်သော လှူဖွယ်ဝတ္ထုနှင့်တကွ သိန်းဟိုင်ဌကျွန်း မဟာထေရ်တို့အား မှာလိုက်သောရာဇသံစာကို ကပ်သည်၊ သိန်းဟိုင်ဌကျွန်း မဟာထေရ်တို့လည်း စာကိုကြားလျှင် ဝမ်းမြောက်ခြင်းဖြစ်၍ ရာမာဓိပတိမင်းကြီး နှစ်သက်လောက်အောင် လုံ့လပြုမည်ဟူ၍ ဝန်ခံကုန်သည်၊ စိတြတမန်သင်းဘော၌စီးသော တကျိပ်တဦးသော မထေရ်တို့သည် ရာမတမန်သင်းဘော၌စီးသော မထေရ်တို့မရောက်သေးသောကြောင့် 'ငံ့၍နေရသည့်အခိုက်တွင် စေတီဗောဓိရှိခိုးရသော် ကောင်း၏' ဟု အကြံဖြစ်၍ သိန်းဟိုင်ဌမင်းအား တောင်းပန်၍ အနုရာဓပြည်သို့ ကြွလေကုန်၏။

## ရာမတမန်သတော် လမ်းအခက်အခဲ

ရာမတမန်စီးသော သင်းဘောလှေလည်း လေကြောင်းခရီးအစုန်လွန်၍ ပြန်၍လာခဲ့ရာတွင် လေရင်ဆိုင်လာ၍ [၁] ဆင်းရဲငြိုငြင်စွာ လာခဲ့ရသောကြောင့် တန်ခူးလဆန်း ၉-ရက် ၁-နေ့နေ့မှာမှ သိန်းဟိုင်ဌကျွန်း ကျေးစွန်ဝလ္လိရွာသို့ရောက်သည်၊ ထိုအခါဝလ္လိရွာ၌ ဂုရုဝိအမည်ရှိ

---

၁။ အနုရာဓပုရဂါမိမဂ္ဂေနာဂတတ္တာ စဝိတွာ ဂမနကာလေ ပဋိလောမဝါတေနာဂတတ္တာ - အနုရာဓပြည်သို့ သွားသောရေကြောင်းဖြင့် မသွားပဲ အကြေသို့လျော၍သွားသဖြင့် ဆန့်ကျင်ဘက် လေတိုက်ခတ်၍ (နိဿယ)။

သော သိန်းဟိုင်ဗြမင်းအမတ်သည် ခိုးမှုပြု၍ ထိုရွာတွင်နေသည်၊ ထိုအကြောင်းကိုသိ၍ သိန်းဟိုင်ဗြမင်းညီတော်သည် လှေသင်းဘောစီးလျက် များစွာသော သူရဲသူခက်အပေါင်းစီးသော တိုက်လှေသင်းဘောခြံရံလျက် တိုက်မည်ဟူ၍ ထွက်လာ၏၊ ဂုရုဝီအမတ်လည်း ကြောက်၍စစ်မပြိုင်ဝံ့သောကြောင့် ရွာမှထွက်ပြေး၍ တောသို့ဝင်လေ၏၊ သိန်းဟိုင်ဗြမင်းညီတော်သည် ဝလ္လိရွာကိုရ၍ ခန့်ထားစီရင်၍ နေသည်။

ဂုရုဝီအမတ်၏လက်သား အချင်းအရင်တို့သည် ဝလ္လိရွာနှင့် ဇယဝဒ္ဓနအမည်ရှိသော မင်းနေပြည်အကြား၌ ပုန်းအောင်း၍ လာလာတိုင်းသော လူတို့ကို လုယက်ဖျက်ဆီးသောကြောင့် မထေရ်တကျိပ်တဦး ရာမတမန်တို့သည် ဇယဝဒ္ဓနမြို့သို့ သွားလိုလျက် သိန်းဟိုင်ဗြမင်းညီတော်ထံမှ ခွင့်မရသောကြောင့် ငံ့လင့်၍နေရသည်၊ သက္ကရာဇ် ၈၃၈-ခု ပဌမဝါဆိုလပြည့်ကျော် ၂-ရက်မှာမှ အခွင့်ရ၍ မထေရ်တကျိပ်တဦး ရာမတမန်တို့သည် ဝလ္လိရွာမှထွက်၍ ၅-ရက် ခရီးသွားလျှင် လပြည့်ကျော် ၈-ရက် ဇယဝဒ္ဓနမြို့သို့ ရောက်ကုန်သည်၊ သိန်းဟိုင်ဗြမင်းလည်း ရောက်လျှင် ဝမ်းမြောက်ဝမ်းသာ ပဋိသန္ဓာရပြု၍ ဆွမ်းပစ္စည်းရိက္ခာလုံလောက်အောင် လှူဒါန်းပေးကမ်း၍ တဲ

နေရာအချပ်ချ၍ နေ့ရသည်၊ မိုးသောက်လျှင် ရာမတမန် သည် သိန်းဟိုင်ဦးကျွန်း မဟာထေရ်တို့အား လှူဖွယ်ဝတ္ထု နှင့် ရာဇသံမှာစာတို့ကို ကပ်သည်၊ မဟာထေရ်တို့လည်း ဝမ်းမြောက်ဝမ်းသာ ဝန်ခံကုန်သည်။

ထိုနောက် ဒုတိယဝါဆိုလမှ အနုရာဓပြည်သို့ ကြွလေ သော စိတြတမန်နှင့် မထေရ်တို့သည် အနုရာဓပြည်၌ ရတနာစေတီ, မရိစိစေတီ, ထူပါရုံစေတီ, အဘယဂီရိစေတီ, သိလာစေတီ, ဇေတဝန်စေတီ, ဒက္ခိဏသာခါ မဟာဗောဓိ ပင်တို့ကို ရှိခိုးပူဇော်၍ လောဟပါသာဒပြာသာဒ်ကိုလည်း ဖူးမြင်ခဲ့၍ တံမြက်တလင်း သုတ်သင်ခြင်း အစရှိသော ဝတ်ကြီးဝတ်ငယ်တို့ကိုပြု၍ ဇယဝဒ္ဓနမြို့သို့ ပြန်ရောက်လာ ကုန်သည်၊ သိန်းဟိုင်ဦးမင်းသည်လည်း သင်းဘောနှစ်စင်း စီးသော မထေရ်တို့ညီညွတ်လျှင် စွယ်တော်ခတ်ကိုပြမည် ဟူ၍ ဒုတိယဝါဆိုလပြည့်ကျော် ၁-ရက်နေ့ ၁-နေ့နေ့၌ အလုံးစုံသော စွယ်တော်ခတ်အိမ် ပြာသာဒ်တို့ကို တန် ဆာဆင်စေ၍ ပုဆိုးဗိတာန်ကျက်စေပြီးလျှင် ပန်းနံ့သာ အခိုးအထုံ ဆီမီးတို့ဖြင့် ပူဇော်စေ၍ စွယ်တော်ကို ထုတ် ၍ပြသည်၊ တမန်နှစ်ဦးနှင့် မထေရ်တို့သည် ဝမ်းမြောက် ဝမ်းသာ ရှိခိုးပူဇော်ကန်တော့ ပြုကုန်သည်၊ သိန်းဟိုင်ဦးမင်း သည်လည်း ရာမာဓိပတိမင်းက လှူလိုက်သော လှူဖွယ်

စတ္တူတို့ကို စွယ်တော်အား ပူဇော်ပြီးလျှင် တမန်တို့နှင့် မထေရ်တို့ကိုခေါ်၍ ကြည့်စေသည်[၁]။

## ကလျာဏီမြစ်၌ ရဟန်းခံကြခြင်း

ထိုနောင်မှ ရာမာဓိပတိမင်းကြီး မှာသောအတိုင်း ကလျာဏီမြစ်၌ လှေဖောင်ဖွဲ့၍ ဖောင်အထက်၌ ပြာသာဒ် ဆောက်ပြီးလျှင် ဗိတာန်ကြက်၍ အထူးထူးသောတမ်းခွန်, ကုက္ကား, မုလေးပွါးတို့ဖြင့် တန်ဆာဆင်ယင်ပြီးသော အဆုံး၌ ဝိဒါဂမမဟာထေရ်ကို မဟာဝိဟာရအနွယ်မှာ ကဲ့ရဲ့စွပ်စွဲခြင်းကင်းသော ရဟန်းတို့ကို ရွေးကောက်စေ သည်၊ ဝိဒါဂမ မဟာထေရ်သည် မမ္ဗကိတ္တိထေရ်, ဝနရတန ထေရ်, မင်္ဂလထေရ်, သိန်းဟိုဋ္ဌမင်းဆရာ, အိမ်ရှေ့မင်းဆရာ အစရှိသော နှစ်ကျိပ်လေးဦးသော မထေရ်တို့ကို ပင့်ဘိတ်

---

၁။ ထိုနောက်သီဟိုဠ်မင်းသည်ရာမာဓိပတိမင်း မှာလိုက် သော သန္ဒေသကထာကို နှလုံးသွင်း၍ ထိုမင်း ပါးလိုက်သော ရွှေစေတီအိမ်၌ သိရိစွယ်တော်ဓာတ် ကိုထားကာထိုစေတီအိမ်၏ အထက်၌ ထီးဖြူဆောင်း မိုးလျက် ရွှေသပိတ်, ရွှေကရား, ရွှေကွမ်းအစ် တို့ကို ကပ်လှူစေပြီးသော် တကျိပ် နှစ်ပါးသော မဟာထေရ်များနှင့် စိတြတမန်, ရာမတမန် တို့အား ပြောလျက် "အရှင်တို့ မင်းကြီးမှာတိုင်း ပြုသော အခြင်းအရာကို သိစေပါကုန်လော့" ဟု ဆိုလေ၏။

စေ၍ ဒုတိယဝါဆိုလပြည့်ကျော် ၁၁-ရက်နေ့၌ ရာမညတိုင်းသား တပည့်နှစ်ကျိပ်နှစ်ပါးနှင့်တကွ မထေရ်နှစ်ကျိပ်နှစ်ပါးတို့အား ပဉ္စင်းခံစေသည်[၁]။

---

၁။ ထိုအခါ၌ သီဟိုဠ်မထေရ်တို့သည် ရှေးအရပ်တပါးမှ လာသော ရဟန်းတို့အား ပဉ္စင်းအဖြစ်ကို ပေးသောအခါတွင် ပြုလုပ်ခဲ့သည့် အလေ့အကျက် အတိုင်းပင် ရာမညတိုင်းသား လေးကျိပ် လေးပါးသော ရဟန်းတို့အား လူအဖြစ်၌တည်စေကာ သင်္ကန်းပေးခြင်း သရဏဂုံပေးခြင်းအားဖြင့် သာမဏေဘုံ၌ တည်စေပြီးမှ ဒုတိယ ဝါဆိုလဆုတ် တဆဲ့တရက် ဗုဒ္ဓဟူးနေ့ ညဥ့်အခါ၌ မောဂ္ဂလ္လာန်ထေရ်, ကုမာရကဿပထေရ်, မဟာသီဝလိထေရ်, သာရိပုတ္တရာထေရ်,ဉာဏသာဂရထေရ် ဤ မထေရ်ငါးပါးတို့သည် နှစ်ကျိပ်လေးပါးကုန်သော သံဃာတို့ အထံ၌ ဓမ္မကိတ္တိမထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပဉ္စပရိဝေဏဝါသိမင်္ဂလထေရ်ကို ကမ္မဝါစာ ဆရာ ပြု၍ ပဉ္စင်းခံကုန်၏။

၁၂-ရက် ကြာသပတေးနေ့ ညဥ့်အခါ၌ သုမနထေရ်, ကဿပထေရ်, နန္ဒထေရ်, ရာဟုလာထေရ်, ဗုဒ္ဓဝံသထေရ်, သုမင်္ဂလထေရ်, စူဠနန္ဒထေရ်, သောဏုတ္တရထေရ်, ဂုဏသာဂရထေရ်, ဓမ္မရက္ခိတထေရ် ဤတကျိပ်သော ထေရ်တို့သည် ဝနရတန

## ဘွဲ့တံဆိပ် လှူခြင်း

ပဉ္စင်းခံပြီးလျှင် ရာမညတိုင်းသား ရဟန်းလေးကျိပ် လေးပါးတို့အား များစွာသော ဝတ္ထုတို့ဖြင့် လှူဒါန်း ပူဇော်ပြီးလျှင် "အရှင်ဘုရားတို့ လှူဖွယ်ဝတ္ထုတို့ဖြင့် လှူဒါန်းပူဇော်ရခြင်းသည် အကျွန်ုပ်အား မရောင့်ရဲနိုင်၊ လှူဖွယ်ဝတ္ထုသည် မကြာမတင် ပျောက်လိမ့်မည်၊ သို့ဖြစ် သောကြောင့် တသက်ပန် အရှည်တည်အံ့သော နာမံ

---

မဟာထေရ်ကို ဥပဇ္ဈာယ်ပြု ပဉ္စပရိဝေဏဝါသိမင်္ဂလ ထေရ်ကို ကမ္မဝါစာ ဆရာပြု၍ ပဉ္စင်း ခံကုန်၏။

၁၃-ရက် သောကြာနေ့ နေ့အခါ၌ စူဠသုမန ထေရ်၊ ဇဝနပညာထေရ်၊ စူဠကဿပထေရ်၊ စူဠ သီဝလိထေရ်၊ မဏိသာရထေရ်၊ ဓမ္မရာဇိကထေရ်၊ စန္ဒနသာရထေရ် ဤခုနစ်ပါးသော ထေရ်တို့သည် ဝနရတနမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပဉ္စပရိဝေဏ ဝါသိမင်္ဂလထေရ်ကို ကမ္မဝါစာ ဆရာပြု၍ ပဉ္စင်း ခံကုန်၏။

ထို့နောက် ၁၄-ရက် စနေနေ့၌ ထိုမဟာထေရ် တို့၏တပည့် ပဉ္စင်းငယ် နှစ်ကျိပ်နှစ်ပါးတို့သည် ပဉ္စ ပရိဝေဏဝါသိ မင်္ဂလထေရ်ကို ဥပဇ္ဈာယ်ပြု၍ အိမ် ရှေ့မင်း ဆရာမထေရ်ကို ကမ္မဝါစာဆရာပြု၍ ပဉ္စင်း ခံကုန်၏။

တံဆိပ်အလှူကို ပေးလှူပါမည်ဆို၍ [၁] မထေရ်ကြီး နှစ်ကျိပ်နှစ်ပါးတို့အား နာမံတံဆိပ် လှူလေသည်၊” ထိုနောက်မှ အမှုကိစ္စပြီးပြီးလျှင် ရာမတမန်သင်းဘော၌ စီးသော မထေရ်တကျိပ်တဦးတို့သည်၊ ရာမတမန်နှင့်တကွ ဇယဝဍ္ဎနမြို့မှ ထွက်ခဲ့၍ ဝလ္လိရွာသို့ ရောက်ကုန်၏။

---

၁။ ၁။ မောဂ္ဂလ္လာန်ထေရ်အား သိရိသင်္ဃဗောဓိသာမိ၊
၂။ ကုမာရကဿပထေရ်အား ကိတ္တိသိရိမေဃသာမိ၊
၃။ ဉာဏသာဂရထေရ်အား ပရက္ကမဗာဟုသာမိ၊
၄။ ဗုဒ္ဓဝံသထေရ်အား ဗုဒ္ဓဃောသသာမိ၊
၅။ နန္ဒထေရ်အား သီဟဠဒီပဝိသုဒ္ဓသာမိ၊
၆။ ရာဟုလာထေရ်အား ဂုဏရတနဓရသာမိ၊
၇။ သုမင်္ဂလထေရ်အား ဇိနာလင်္ကာရသာမိ၊
၈။ ဓမ္မရက္ခိတထေရ်အား ရတနမာလိသာမိ၊
၉။ စူဠသုမင်္ဂလထေရ်အား သဒ္ဓမ္မတေဇသာမိ၊
၁၀။ ကဿပထေရ်အား ဓမ္မာရာမသာမိ၊
၁၁။ မဏိသာရထေရ်အား ဘုဝနေကဗာဟုသာမိ၊
၁၂။ မဟာသီဝလိထေရ်အား တိလောကဂုရုသာမိ၊
၁၃။ သာရိပုတ္တရာထေရ်အား သိရိဝဍ္ဎနရတနသာမိ၊
၁၄။ သုမနထေရ်အား မင်္ဂလတ္ထေရသာမိ၊
၁၅။ စူဠကဿပထေရ်အား ကလျာဏတိဿသာမိ၊
၁၆။ စူဠနန္ဒထေရ်အား စန္ဒနဂိရိသာမိ၊

စိတြတမန်သင်းဘော၌စီးသော မထေရ်တကျိပ်တဦး သည်ကား သမန္တကူဋတောင်ထိပ်၌ သီရိပါဒအမည်ရှိသော ခြေတော်ရာစေတီကို ရှိခိုးပူဇော်၍ ဇယဝဍ္ဎနမြို့သို့ တဖန် ပြန်ကုန်သည်၊ ဝလ္လိဒ္ဓါသို့ရောက်ကုန်သော မထေရ်တကျိပ် တဦးတို့သည် တော်သလင်းလဆန်း ၂-ရက် ၄-နေ့၌ သင်းဘောစီး၍ ထွက်ခဲ့လျှင် တော်သလင်းလပြည့်ကျော် ၂-ရက် ယောင်ကမြစ်သို့ ရောက်လှာသည်၊ ရာမာဓိပတိ မင်းကြီးလည်း ထိုအကြောင်းကိုကြားလျှင် ဝမ်းမြောက် ဝမ်းသာဖြစ်၍ သီတင်းကျွတ်လပြည့်နေ့မှာ ဒဂုံဆံတော် ရှင်ကို ဖူးမြင်၍ မထေရ်တို့အား ခရီးဦးကြိုဆိုမည် အကြံ

---

၁၇။ သောဏုတ္တရထေရ်အား သိရိဒန္တဓာတုသာမိ၊
၁၈။ ဂုဏသာဂရထေရ်အား ဝနဝါသိတိဿသာမိ၊
၁၉။ ဇဝနပညာထေရ်အား ရတနာလင်္ကာရသာမိ၊
၂၀။ စူဠသီဝလိထေရ်အား မဟာဒေဝသာမိ၊
၂၁။ ဓမ္မရာဇိကထေရ်အား ဥဒုမ္ဗရဂိရိသာမိ၊
၂၂။ စန္ဒနသာရထေရ်အား စူဠာဘယတိဿသာမိ၊

ဤသို့ အစဉ်အားဖြင့် နှစ်ကျိပ်နှစ်ပါးသော မထေရ်တို့ကို ဘွဲ့အမည် နာမံတံဆိပ် လှူဒါန်းလေ၏။

၁။ ထိုအခါ ရာမာဓိပတိမင်းသည် ရာမတမန်သင်္ဘော၌ စီးကုန်သော မထေရ်တို့ ယောင်ကမြစ်ဝသို့ ရောက် သော အကြောင်းကို ကြား၍ "ငါတိုက်တွန်းသည့်

ရှိ၍ ဒဂုံမြို့၌ ကျောင်းဆောက်၍ ဆွမ်းပစ္စည်းလုံလောက်အောင် ထောက်ပံ့လျက် မထေရ်တို့ကို သီတင်းသုံးနေနှင့်စေသည်။

## စိတြတမန်သဘော် ပျက်စီးခြင်း

စိတြတမန်သင်းဘော၌စီးသော မထေရ်တကျိပ်တဦးတို့သည်ကား သီဟိုဠ်မင်းက "သင်းဘောနှင့် ရာဇသံဖက်၍ထည့်လိုက်ပါမည်၊ အရှင်ဘုရားတို့ ငံ့လင့်တော်မူပါကုန်ဦး" ဆို၍ ငံ့နေရသည်၊ ထိုသို့ငံ့နေစဉ်တွင် စိတြတမန်စီးသော သင်းဘောသည် လေပြင်းတိုက်၍ ကလမ္ဗုဆိပ်တွင် သမုဒ္ဒရာ၌ နစ်ချေသည်၊ ထိုအကြောင်းကို သီဟိုဠ်မင်းကြားလျှင် "ကျွန်ုပ်စေသည့် သင်းဘောတွင်စီး၍ ကြွပါကုန်တော့" ဆို၍ မထေရ်တကျိပ်တဦး စိတြတမန်တို့သည် သီဟိုဠ်မင်းသင်းဘောတွင်စီး၍ ကလမ္ဗုဆိပ်မှ ထွက်ခဲ့ကုန်သည်ရှိသော် သုံးညဉ့်လွန်လျှင် လေပြင်းတိုက်၍ သမုဒ္ဒရာ

---

အတိုင်း သီဟိုဠ်ကျွန်းသို့ သွား၍ ဥပသမ္ပဒကံဆောင်ပေးကုန်သော မထေရ်တို့အား ကျေးကျွန်တို့ကို ကြိုဆိုစေ၍ မသင့်လျော်၊ ငါကိုယ်တိုင် ဒဂုံသို့ ထွက်၍ အချိန်သုံးထောင်ရှိ ခေါင်းလောင်းကြီးကို ဒဂုံဆံတော်ရှင်အား သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့ တင်လှူပူဇော်ပြီးနောက် မထေရ်တို့အား ခရီးကြိုဆိုပေအံ့-ဟု အကြံဖြစ်လေ၏။

လယ် ကျောက်ဖျာကြားတွင် ကပ်၍ ရှိသောကြောင့် သင်းဘောကို မထုတ်နိုင်လျှင် သင်းဘောတွင်ပါသော ဝါး သစ်သား အဆောက်အဦတို့ကို ဖောင်ဖွဲ့ပြီးလျှင် ဇမ္ဗူဒိပ်ကျွန်းသို့ ကူးကုန်သည်၊ သီဟိုဠ်မင်းတမန်မူကား လက်ဆောင်မပါပြီဖြစ်၍ ဟံသာဝတီသို့ မလိုက်ပြီ၊ သီဟိုဠ်ကျွန်းသို့ ပြန်ရမည်အကြောင်းကိုသာ အားထုတ်လေသည်၊ မထေရ်များနှင့် စိတြတမန်သည်ကား ခြေကျင်သွား၍ နာဂအမည်ရှိသော သင်းဘောဆိပ်သို့ ရောက်ကုန်၏၊ ထိုဆိပ်၌ သီဟိုဠ်သို့ စွယ်တော်ကိုဆောင်သောအခါ စွယ်တော်ချရာအရပ်တွင် စိန့်မင်းသည် တည်ထားအပ်သော ကူကြီး၌ ဘုရားဆင်းတုတော်ကို ရှိခိုး၍ နာဝုတအမည်ရှိသော သင်းဘောဆိပ်သို့ သွားကုန်သည်။

## သီဟိုဠ်စွယ်တော်ခေတ်

သီဟိုဠ်ကျွန်းသို့စွယ်တော်ရောက်ကြောင်းကား သီဟိုဠ်ကျွန်း၌မင်း ၆၂-ဆက်ဖြစ်၍ သာသနာတော် ၈၃၀-ရှိသောအခါ ကာလိင်္ဂရာဇ်ပြည်မှ ကုဟသီဝမည်သော မင်း၏သမီးဖြစ်သော ဟေမမာလာမင်းသမီးနှင့် ဒန္တကုမာရမင်းသားသည် သင်းဘောဖြင့်ကူးလေ၍ စွယ်တော်ခေတ်ကို ဆောင်ယူလေသောကြောင့် ကိတ္တိသိရိမေဃမင်း၏လက်ထက်တွင် သီဟိုဠ်ကျွန်းသို့ စွယ်တော်ရောက်လေသည်။

## မထေရ်တို့၏ လမ်းခရီး အခက်အခဲ

နာဂဝုတသင်းဘောဆိပ်သို့ရောက်လျှင် ထိုဆိပ်၌ မာလိန်ပရကာ အမည်ရှိသော ဆိပ်စား, ပစ္ဆလိယာအမည်ရှိသော ဆိပ်စား နှစ်ဦးတို့သည် ရာမာဓိပတိမင်းနှင့် မိတ်သဟာယဖြစ်၍ မျိုးရိက္ခာနေရာပေး၍ သင်းဘောအရပ်တခြားသို့ လွှင့်လေသည်၊ သင်းဘောရောက်ခါမှ ပို့ပါမည်ဆို၍ မထေရ်လေးဦးတို့သည် ငံ့လင့်၍နေကုန်၏၊ ခုနစ်ဦးသော မထေရ်တို့သည်ကား 'ကောမာလဆိပ်မှာမှ သင်းဘောစီးတော့မည်' ဆို၍ ကောမာလဆိပ်သို့ သွားကုန်သည်၊ သကြစ် ၈၃၉-ခု ကဆုန်လဆန်း ၄-ရက် ၄-ဟူးနေ့၌ နာဂဝုတဆိပ်၌ သီတင်းသုံးနေသော လေးဦးသော မထေရ်တို့တွင် သုံးဦးသောမထေရ်တို့သည် မာလိန်ပရကာ ဆိပ်စား သင်းဘော၌ စီးလေသည်၊ စူဠာဘယတိဿ အမည်ရှိသော မထေရ်တဦးမူကား ပစ္ဆလိယာ ဆိပ်စား သင်းဘော၌စီးသည်၊ မထေရ်သုံးဦးတို့သည် ကဆုန်လပြည့်ကျော် ၁၂-ရက် ၆-နေ့ နာဂရာသီတောင်မှကျသော မြစ်ဝသို့ရောက်၍ နယုန်လဆန်း ၇-ရက် ၃-ဂ်ါနေ့၌ ကုသိမ်မြို့သို့ ရောက်ကုန်သည်၊ စူဠာဘယတိဿ မထေရ်ကား ထိုဝါဆိုလဆန်း ၁၃-ရက် ၃-ဂ်ါနေ့၌ ဟံသာဝတီမြို့သို့ ရောက်လာသည်။

ကောမာလဆိပ်သို့သွား၍ နေလေသောမထေရ် ၇ ဦး တို့တွင် သုမင်္ဂလမထေရ်သည် ပဉ္စင်းငယ် ၃-ယောက်နှင့် သက္ကရာဇ် ၈၄၂-ခု တော်သလင်းလကွယ် ၄-ဟူးနေ့၌ ပိန်း ဖောလှေစီး၍ ကောမာလဆိပ်မှ ထွက်ခဲ့သည်၊ တန် ဆောင်မုန်းလဆန်း ၁၃-ရက် ၂-နေ့ ကုသိမ်မြို့သို့ရောက် ၍ တန်ဆောင်မုန်းလပြည့်ကျော် ၁၄-ရက် သောကြာနေ့ ဟံသာဝတီမြို့သို့ ရောက်လာသည်၊ ကြွင်းသော မထေရ် ၆-ဦးတို့သည် ပဉ္စင်းငယ် ၄-ယောက်နှင့်တကွ ခပ်သိမ်း သော သတ္တဝါတို့၏ ကံသာဥစ္စာရှိသည် အဖြစ်ကြောင့် အကုသိုလ်ကံကို မလွန်နိုင်သည်ဖြစ်၍ အနိစ္စသို့ရောက်ချေ သည်၊ ခပ်သိမ်းသော သင်္ခါရတရားတို့သည် အမြဲမရှိဟု မပြတ်အောက်မေ့ရာသည်။

[အလယ်တိုင် တောင်မျက်နှာ အက္ခရာအရေ ပြီး၏။]

---

## ဓမ္မစေတီမင်း ကြိုဆိုခြင်း

သက္ကရာဇ် ၈၃၈-ခုတွင် ရာမာဓိပတိမင်းကြီးသည် ဒဂုံ ဆံတော်ရှင်ကို ပူဇော်အံ့သောငှါ ခေါင်းလောင်းကြီး သွန်း၍ သီတင်းကျွတ်လဆန်း ၈-ရက် ၅-တေးနေ့၌ ပြာသာဒ်ရွှေဘောင် စီးတော်မူပြီးလျှင် များစွာသောလှေ အပေါင်းခြံရံ၍ ဒဂုံမြို့သို့ထွက်သည်၊ သီတင်းကျွတ်လဆန်း ၁၃-ရက် ၃-နေ့ ဒဂုံမြို့သို့ရောက်၍ ရာမတမန်သင်းဘော၌

စီးသော မထေရ်တကျိပ်တဦးတို့ကိုပင့်၍ အထူးထူးသော အရသာရှိသော ပစ္စည်းဘောဇဉ်တို့ဖြင့် လှူဒါန်းပူဇော်၍ သာယာစွာဟောပြောပြီးလျှင် နေရာကျောင်းသို့ ပြန်စေသည်။

## ခေါင်းလောင်း လှူဒါန်းခြင်း

ထို့နောင်မှ ၃-ရက် ပတ်လုံး ပွဲသဘင်ကြီးစွာခံ၍ ခေါင်းလောင်းကြီးကို စေတီတော်အပြင်သို့တင်လှူသည်၊ အထွက်တရက်နေ့၌ ကြီးစွာသောအလှူကိုပေး၍ လပြည့်ကျော် ၃-ရက် တနင်္ဂနွေနေ့တွင် မထေရ်တို့စီးစရာ လှေ ၁၁-စင်းအပ်၍ ၄-ရက် ၂-လာနေ့ ဒဂုံမှ ထွက်ခဲ့လျှင် ၈-ရက် သောကြာနေ့ ဟံသာဝတီရွှေနန်းတော်သို့ရောက်သည်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂-ရက်နေ့၌[1] မထေရ်တို့ကို ပင့်ဘိတ်စေ၍ ရွှေနန်းတော်သို့ ဝင်ရသည်၊ မထေရ်တို့လည်း နန်းတော်သို့ ရောက်လျှင် စွယ်တော်ခတ်ဖြင့် ဘုံဆိပ်ခတ်သော စန္ဒကူးမှုံ့ထည့်သောကြုပ်, အတုလုပ်ခဲ့သော စွယ်တော် ရုပ်သဏ္ဌာန်, ဒက္ခိဏသာခါ ဗောဓိရွက်,

၁။ ထေရေ ပန မဟာဗုဒ္ဓရူပါသန္နတိတ္ထေယေဝေကာဟံ ဝသာပေတွာ ဒသမိယမာဒိစ္စဝါရေ-မထေရ်တို့ကို ကာ့း ရုပ်တုတော်ကြီး (ယခု ရွှေသာလျောင်း) အနီး ဖြစ်သောဆိပ်၌ တရက်မျှ နေစေ၍ ၁၀-ရက် တနင်္ဂနွေနေ့၌....(နိဿယ)။

ဗောဓိစေ့, သာသနာတော်ကို သုတ်သင်သော **သီရိသင်္ဃ-**
ဗောဓိပရက္ကမမင်း, ဝိဇယဗာဟုမင်း, ပရက္ကမဗာဟုမင်း
တို့၏ သာသနာတော်ကို သုတ်သင်ကုန်သော ကမ္ဗည်းစာ,
ရဟန်းတို့ကို ထောက်ပံ့၍ ပြုစေသော ကတိကဝတ်စာ,
မထေရ် ၉-ဦးတို့ဖွဲ့သော ဂါထာဗန္ဓ ^၁ သိန်းဟိုင်ဋ္ဌကျွန်းကို
အစိုးရသော ဘုဝနေကဗာဟုမင်း၏ ရာဇသံစာတို့ကို
ရာမာဓိပတိမင်းအား သွင်းကုန်သည်၊ ရာမာဓိပတိမင်း
လည်း ဝမ်းမြောက်ဝမ်းသာ ပဋိသန္ဓာရ ပြုပြီးလျှင်
ကျောင်းသို့ ပြန်စေသည်။

## ကလျာဏီ သိမ်သမုတ်ရန် စီစဉ်ခြင်း

ထိုနောင်မှ ရာမာဓိပတိမင်းကြီးသည် ကြံအောက်မေ့
ပြန်သည်၊ "ဤမထေရ်တကျိပ်တဦးတို့သည် သီဟိုဠ်ကျွန်း
သို့သွား၍ သန့်ရှင်းစင်ကြယ်သော ပဉ္စင်းအဖြစ်ကို ဆောင်
ယူခဲ့ကုန်သည်၊ ဤ ဟံသာဝတီပြည်၌လည်း သန့်ရှင်းစင်
ကြယ်သော သိမ်သည်မရှိသေး ဖြစ်သောကြောင့် စောင့်
ရှောက်လွယ်သော ဂါမခေတ်ကိုရှာ၍ ထိုဂါမခေတ်၌ ဤ
မထေရ်တို့ကို ဗဒ္ဓသိမ် သမုတ်စေရသော် ကောင်း၏"ဟု
ကြံ၍ သင့်တင့် လျောက်ပတ်သော ဂါမခေတ်ကို ရှာစေ
သည်ရှိသော် ရွှေမော်ဓောစေတီ အနောက်တောင်စွန်း၌

၁။ ဝနရတနမဟာထေရေန ဝိရစိတဂါထာဗန္ဓဥ-ဝနရတန
မဟာထေရ် စီရင်အပ်သော ဂါထာဗန္ဓကိုရင်း(နိဿယ)။

နရသူရ အမတ်စားသောရွာသည် ကျဉ်း၏၊ စောင့်ရှောက်လွယ်၏ဟု အမှုးအမတ်တို့ ကြားလျှောက်သည်ရှိသော် ကိုယ်တိုင် ထိုအရပ်သို့သွား၍ကြည့်ပြီးလျှင် “ဤဂါမခေတ်သည် စောင့်ရှောက်လွယ်၏၊ သိမ်သမုတ်ခြင်းငှါ လျှောက်ပတ်၏” ဟုဆို၍မြေကိုသုတ်သင်စေပြီးလျှင် သိမ်သမုတ်မည့်အရပ်၌ အလယ်တွင် စရပ်ဆောက်စေ၍ အရပ်ထက်ဝန်းကျင်ကိုနွားချေးဖြင့်လိမ်းပြီးသော် စောင်ရန်းလုပ်၍ တံခါးလေးမျက်နှာ ထားသည်၊ ထိုသိမ်သမုတ်ရာ ဂါမခေတ်၏ တပါးသော ဂါမခေတ်တို့နှင့် မစပ်ရှက်ရအောင် မြေထဲ၌ရှိသောသစ်မြစ်၊အပေါ်၌ရှိသော သစ်ခက်အစရှိသည်တို့ကို ခုတ်ဖြတ်၍ အနက်တထွာခန့် ဂါမခေတ်ပြင်နားကို လှည့်၍ မြောင်းငယ်တူးစေသည်၊သိမ်သမုတ်ရာ၏အရပ် အနောက်မျက်နှာ၌လည်း ကျောင်းဆောက်၍ မထေရ်တကျိပ်တဦးတို့ကို နေစေပြီးလျှင် တဖန်ကြံအောက်မေ့ပြန်သည်၊ “ဤတကျိပ်တဦးသော မထေရ်တို့သည် တပည့်ပဉ္စင်းငယ်တို့နှင့် သိန်းဟိုဠ်ကျွန်း၌ သန့်ရှင်းစင်ကြယ်သော ပဉ္စင်းအဖြစ်ကို ဆောင်ယူခဲ့ကုန်သည်၊ သီဟိုဠ်ကျွန်းသို့ မသွားမီရှေးကာလ၌ ကဲ့ရဲ့စွပ်စွဲခြင်းရှိသည် မရှိသည်ကို စူးစမ်းဆင်ခြင်ရာသေးသည်၊ ကဲ့ရဲ့စွပ်စွဲခြင်း ရှိလျှင်လည်း သိမ်သမုတ်သောအခါ ကြည်မှုသင့်ချေမည်၊ အဘဲ့ကြောင့်နည်းဟူမူကား သိမ်သည် သာသနာတော် မူလဖြစ်သည်၊ သိမ်သမုတ်ခြင်း၌ ကဲ့ရဲ့စွပ်စွဲခြင်းရှိသည့် ရဟန်း

ပါလျှင် နောင်အခါ သာသနာတော် ရန်သူဖြစ်သော သူတို့သည် ကြွေးကြော်လေတော့မည်”ဟု အကြံရှိ၍ ပညာရှိသော မင်းချင်းတို့ကို စူးစမ်းစေသော် မထေရ်ကြီး တဦးနှင့် ပဥ္စင်းငယ်လေးဦးတို့မှာ သီဟိုဠ်ကျွန်းသို့ မသွားမီ ရှေးကာလ၌ အပြစ်ကြီးမရှိသော်လည်း စိုးစဉ်းကွဲ့ရဲ့ စွပ်စွဲ ဘူးကြောင်းသိ၍ ထိုငါးဦးသော မထေရ်တို့ကို ထုတ်၍ ကြွင်းသော မထေရ်တို့နှင့် ပဥ္စင်းငယ်ခြောက်ဦးတို့ကိုသာ သိမ်သမုတ်စိမ့်မည်ဟူ၍ ခန့်ရန်သည်၊ သိမ်သမုတ်ခါနီးကာ လ၌ မထေရ်တကျိပ်တို့တွင် ဂုဏရတနာကရအမည်ရှိသော မထေရ်သည် အနာနှိပ်စက်၍ ကျောင်းသို့ ပြန်သွားရ လေသည်။

## သိမ်နုတ်ခြင်း

ကြွင်းသော မထေရ် ၉-ဦးနှင့် ပဥ္စင်းငယ် ၅-ဦး[၁] ပေါင်း တကျိပ်လေးဦးတို့သည် သိမ်သမုတ်မည့် အရပ်၏ အနောက် မျက်နှာကျောင်း၌ သီတင်းသုံးကုန်သည်၊ ထိုနောင်မှ ရာမာဓိပတိမင်းသည် သိမ်သမုတ်ခြင်းကို ပြုလို၍ ကြံ အောက်မေ့ပြန်သည်၊ “သိမ်သမုတ်ရာအရပ်၌ ရှေးသိမ်

---

၁။ ၁။ သိရိသဃ်ဗောဓိသာမိထေရ်၊
၂။ ကိတ္တိသိရိမေဃသာမိထေရ်၊
၃။ ပရက္ကမဗာဟုသာမိထေရ်၊
၄။ ဗုဒ္ဓဃောသသာမိထေရ်၊

ဟောင်း မရှိသည်ရှိသော် သိမ်သမုတ်ခြင်းသည် ကံမြောက်၏၊ ရှေးသိမ်ဟောင်းရှိခဲ့သော် ရောရှက်ခြင်းဖြစ်၍ ကံမမြောက်ရာချေ၊ ထိုသို့ဖြစ်သောကြောင့် သိမ်မသမုတ်မီ ရှေးဦးစွာ သိမ်နုတ်ခြင်းကို ပြုစိမ့်မည်" ဟူ၍ ခန့်ထား

---

၅။ ဇိနလင်္ကာရသာမိထေရ်၊
၆။ ရတနမာလိသာမိထေရ်၊
၇။ သဒ္ဓမ္မတေဇသာမိထေရ်၊
၈။ ဓမ္မာရာမသာမိထေရ်၊
၉။ ဘုဝနေကဗာဟုသာမိထေရ်၊

ဤမထေရ် ၉-ပါးနှင့် ထို မထေရ်တို့၏ တပည့်ဖြစ်ကုန်သော—

၁။ သံဃရက္ခိတအရှင်၊
၂။ ဓမ္မဝိလာသအရှင်၊
၃။ ဥတ္တရအရှင်၊
၄။ ဥတ္တမအရှင်၊
၅။ ဓမ္မသာရအရှင်၊

ဤရဟန်း ၅-ပါး ပေါင်း တကျိပ်လေးပါး—

၁။ "ဝေဠု ပန ဘိက္ခဝေ တိစီဝရေန အဝိပ္ပဝါသော သမုဟနိတဗ္ဗော" ဟူသော ပါဠိတော်အရ သိမ်နုတ်လိုသော ရဟန်းသည် ဝတ်ကိုသိရမည်၊ ဤကား သိမ်နုတ်ရာ၌ ဝတ်တည်း၊ ခဏ္ဍသိမ်၌တည်၍ အဝိပ္ပ

ဝါသသိမ်ဟု ဆိုအပ်သော မဟာသိမ်ကို မနုတ်အပ်၊ မဟာသိမ်၌တည်၍ ခဏ္ဍသိမ်ကို မနုတ်အပ်၊ ခဏ္ဍ သိမ်၌တည်၍သော်ကား ခဏ္ဍသိမ်ကို နုတ်အပ်၏၊ မဟာသိမ်၌တည်၍ မဟာသိမ်ကို နုတ်အပ်၏။

သိမ်တို့မည်သည် အကြောင်းနှစ်ပါးဖြင့်နုတ်အပ် ကုန်၏၊အကြောင်းနှစ်ပါးကား–ကျဉ်းသောသိမ်ကို ကျောင်း ကြီးပွါးလာ၍ ချဲ့ရန်သော်၎င်း, ကျယ် သောသိမ်ကို ရဟန်းတပါးအား ကျောင်းရာပေးရန် အတွက် ချဉ်းရန်၎င်း ဤနှစ်ပါးတည်း၊သိမ်နုတ်ရာ ၌ ခဏ္ဍသိမ်ကို၎င်း, မဟာသိမ်ကို၎င်း သိ၍သာနုတ် ခြင်း ဖွဲ့ခြင်းငှါ တတ်နိုင်ကုန်လတ္တံ့၊ အထူးအားဖြင့် ကား ခဏ္ဍသိမ်ကိုသိသော ရဟန်းတို့သည် မဟာ သိမ် ကို မသိသော်လည်း နုတ်ရန်, ဖွဲ့ရန် တတ်နိုင်ကုန် လတ္တံ့၊ခဏ္ဍသိမ်ကို မသိသောရဟန်းတို့သည် မဟာ သိမ်ကိုသာ သိကုန်အံ့၊စေတီယင်ပြင်,ဗောဓိယင်ပြင် ဥပုသ်အိမ် စသည့် သံသယကင်းရာ အရပ်တို့၌ တည်၍ နုတ်ရန်ကား တတ်နိုင်စရာ ရှိ၏၊ ဖွဲ့ရန်ကား မတတ်နိုင်၊ အကယ်၍ ဖွဲ့ကုန်မူ သိမ်ရောယှက်ခြင်းကို ပြု၍ ဝိဟာရသိမ်ကို ဝိဟာရသိမ် မဟုတ်သည် ကို ပြုမိကုန်ရာ၏၊ ထို့ကြောင့် မနုတ်အပ်ပေ၊ ခဏ္ဍသိမ်, မဟာသိမ် နှစ်မျိုးလုံးကို မသိသော ရဟန်းတို့ကား နုတ်ခြင်း, ဖွဲ့ခြင်း နှစ်မျိုးလုံးကိုပင် မတတ်နိုင်ကုန်လတ္တံ့၊ အဘယ့်ကြောင့် ဆိုသော် ကမ္မဝါစာဖြင့် ဖွဲ့အပ်သော ဗဒ္ဓသိမ်မည်သည် ကမ္မဝါ

စာဖြင့် နုတ်သော်သာလျှင် သို့မဟုတ် သာသနာ တော် ကွယ်သော်သာလျှင် သိမ်အဖြစ်မှ စွန့်သဖြင့် သိမ်ဟူ၍ မသိလျှင် ကမ္မဝါစာဖြင့်နုတ်ရန် မတတ် ကောင်းသောကြောင့်ပင်တည်း၊ကောင်းစွာသိလျှင် မူကား နုတ်လည်း နုတ်အပ်၏၊ ဖွဲ့လည်း ဖွဲ့အပ်၏။

ဤသို့ အဋ္ဌကထာ ဆိုအပ်သည်ဖြစ်၍ သိမ်နုတ် သော အမှုကို ပြုလိုကုန်သော ရဟန်းတို့သည် သိမ် ဟောင်း၏ ရှိသည့်အဖြစ်နှင့် ယင်း၏ အပိုင်းအခြား ကို သိလျှင်သာ ထိုအရပ်၌ ကံအားလျောက်ပတ် ကုန်သော ရဟန်းတို့နေ၍ သိမ်ဟောင်းကို နုတ်ရန် သိမ်သစ်ကို သမုတ်ရန် ဖြစ်နိုင်ကုန်၏၊ သိမ်ဟောင်း ကို မသိကုန်သော် နုတ်ခြင်း အသစ်သမုတ်ခြင်းကို မရအပ်ကုန် မဖြစ်နိုင်ကုန်၊ ဤသို့ အနက် အဓိပ္ပါယ် ရောက်သကဲ့သို့ ပေါ်လွင်၏။

သို့သော်လည်း ဝိမတိဝိနောဒနီဋီကာ၌ "အချို့ သော မထေရ်တို့သည် ဤသို့သော ကျောင်းတို့၌ လည်း ခြောက်ပါး ငါးပါးကုန်သော ရဟန်းတို့ကို ပင့်ယူ၍ ကျောင်း၏ အစွန်းမှစ၍ ကျောင်း အရံ တံတိုင်း အတွင်း အပ ထက်ဝန်းကျင်မှ ခဲတကျ ဖြစ်သည့် နေရာအားလုံး၌ ညောင်စောင်းပမာဏ ဖြစ်သောနေရာ၌ အကြားမရှိရပ်ကာ ပဌမ အဝိပ္ပ- ဝါသသိမ်ကို, ထို့နောင် သမာနသံဝါသက သိမ်ကို နုတ်ခြင်းဖြင့် သိမ်နုတ်ခြင်းကိုပြုလျှင် ထိုကျောင်း၌

ခဏ္ဍသိမ် မဟာသိမ်ရှိလျှင် ညှောင်စောင်းရာ တနေ ရာရာ၌ရှိသည့် ထိုရဟန်းတို့သည် ထိုသိမ်တို့ကို ကေန် နုတ်မိကုန်ရာ၏၊ သို့ နုတ်မိလျှင် (ထိုသိမ်တို့ကျွတ်၍) ဂါမသိမ်တို့သာ ကြွင်းကုန်ရာ၏၊ မှန်၏–ဤသိမ်နုတ် ခြင်း၌ ခဏ္ဍသိမ် မဟာသိမ်ဟူသော သိမ်ဟောင်း ရှိ, မရှိ အပိုင်းအခြားသိခြင်းကား အကြောင်းမဟုတ်၊ သိမ်၏ အတွင်းအရပ်ကို နုတ်အံ့ဟု ကမ္မဝါစာ ဖတ် ရွတ်ခြင်းသည်သာအကြောင်းတည်း၊ ဤအဋ္ဌကထာ ၌ "ခဏ္ဍသိမ်ကိုသိသော ရဟန်းတို့သည် မဟာသိမ် ကို မသိသော်လည်း နုတ်ခြင်း ဖွဲ့ခြင်းငှါ တတ်နိုင် ကုန်လတ္တံ့" ဟု ဤသို့ "မဟာသိမ်၏အပိုင်းအခြားကို မသိသော်လည်း နုတ်ခြင်းကို ဆိုသောကြောင့် ဂါမ သိမ်သည်သာ ကြွင်းလတ်သော် ထိုဂါမသိမ်၌ အလို အလျောက် ခဏ္ဍသိမ် မဟာသိမ်နှစ်ပါးလုံးကို ဖွဲ့ရန် ပဉ္စင်းခံခြင်း စသောအမှုကို ပြုရန် အပ်၏" ဟု ဆို ကုန်၏၊ ထို ကေစိမထေရ်တို့၏ စကားသည် သင့် သကဲ့သို့ ထင်၏၊ စူးစမ်းဆင်ခြင်၍ ယူသင့်၏၊ ဤသို့ ဝိမတိဝိနောဒနီ ဋီကာဆိုသောကြောင့် ထို ကေစိ မထေရ်တို့၏အယူဆန္ဒသည်သင့်မြတ်သကဲ့သို့ထင်၏။

အဋ္ဌကထာ၌လည်းသိမ်ဟောင်း၏ရှိသောအဖြစ် မရှိသော အဖြစ်နှင့် အပိုင်းအခြားကို မသိသော ရဟန်းတို့အား သိမ်နုတ်ခြင်းငှါ ခက်ခဲသည်ဖြစ်၍ လုံ့လမထုတ်ပဲ သာမန်မျှ နုတ်ခြင်းဖြင့် နုတ်ကြမည် ကိုရည်၍သာ ထိုသို့ ဆိုအပ်၏၊ လုံ့လထုတ်ခြင်းဖြင့်

စီရင်သည်ကား သိမ်နိမိတ်ထားရာအရပ်၏ အတွင်း၌ အလျားအနံအားဖြင့် ငါးတောင်ငါးတောင် အတိုင်း အရှည်ရှိသော အရပ်ကို မြေဖြူဖြင့် အရေးသားစေ၍ အကြောင်းသားပြီးလျှင် တကြောင်းတကြောင်း၌အကွက် လိုက်၍ သားစေသည်၊ ထိုသို့သားစေပြီးမှ ပဥ္စင်းငါးဦး မထေရ်ကိုးဦး ပေါင်း တကျိပ်လေးဦးတို့ကို ပင့်ဘိတ်၍ ဤသို့ သိမ်နုတ်ခြင်းကို ပြုစေသည်၊ ပဌမအကြောင်း၌ ပဌမ

---

နုတ်သည်ရှိသော်လည်း အခြင်းခပ်သိမ်း မနုတ်နိုင် စကောင်းသည်ကို ရည်၍ အဋ္ဌကထာ၌ မဆိုပေ။

ထို့ကြောင့် သိမ်သစ်ဖွဲ့လိုကုန်သော ရဟန်းတို့ သည် ထိုဖွဲ့လိုရာအရပ်၌ ရှေးသိမ်ဟောင်းရှိသော အဖြစ်ကိုင်း၊ အပိုင်းအခြားကိုင်း၊ မသိကုန် သော်လည်း ပြုလတ္တံ့၊ သိမ်သစ်၏နိမိတ်ထိုက်သော အရပ်အတွင်းအပ၌ လေးတောင်ငါးတောင်အတိုင်း အရှည်ရှိသော ညောင်စောင်းကွက်တို့ကို ပိုင်းခြား စေ၍ အစဉ်အားဖြင့်ရင်း အစုအားဖြင့်ရင်း ပိုင်း ခြား၍ ထိုအပိုင်းအခြားတို့တွင် ကံအားလျောက် ပတ်သော ရဟန်းတို့ အခြားမရှိနေ၍ သိမ်နုတ်ခြင်းကို ပြုကုန်လျှင် အဘယ်မှာ သိမ်ဟောင်းတို့ မနုတ်အပ် သောအဖြစ် ရှိရာအံ့နည်း၊ အဘယ်မှာ ဂါမသိမ်သာ ကြွင်းသည် မဖြစ်ရာအံ့နည်း၊ ဤသို့ နှလုံး သွင်း၍ ရာမာဓိပတိမင်းသည် သိမ်နုတ်ခြင်း၏ ပရိကံ အစီ အရင်ကို ပြုစေ၏။

အကွက်တွင် တကျပ်လေးဦးသော ရဟန်းတို့ကို နေစေ၍ ခုနစ်ရပ်တို့၌ ကမ္မဝါစာကိုထား၍[၁] အသီးအသီး ခုနစ်ကြိမ် ကမ္မဝါစာကို ဖတ်စေသည်၊ ထို့နောင် ဒုတိယအကွက်မှစ၍ အဆုံးအကွက်တိုင်အောင်ကမ္မဝါစာဖတ်စေပြီးလျှင် ဒုတိယ အကြောင်း၌ ပဋိလောမအားဖြင့် အဆုံးအကွက်မှစ၍ အစ အကွက် တိုင်အောင် ကမ္မဝါစာဖတ်စေသည်၊ ဤသို့လျှင် အနုလုံပဋိလုံအားဖြင့် အကြောင်းတိုင်း အကွက်စေ့အောင် ဖတ်စေ၍ သိမ်နုတ်ခြင်းအမှုကို ပြုစေသည်၊ ဤ သိမ်နုတ် ခြင်းသည်နတ်တော်လဆန်း ၇-ရက် စနေနေ့ ပြီးသည်။

## သိမ်သမုတ်ခြင်း

၈-ရက်မြောက်သောနေ့၌ ရာမာဓိပတိမင်းသည် သိမ် သမုတ်စေခြင်းငှါ နံနက်စောစောသွား၍ သိမ်သမုတ်ရာ အရပ်၌ အပလေးထောင့်တို့၌ နိမိတ်လေးတိုင်တို့ကို စိုက် စေသည်၊တူရူအရပ်လေးမျက်နှာတို့၌လည်း စဉ်းငယ်ချုံ၍ နိမိတ်တိုင်လေးတိုင်စိုက်စေသည်[၂]၊ နိမိတ် ၈-တိုင်အတွင်း၌

---

၁။ ကမ္မဝါစမ္ပိ သတ္တသု ဌာနေသု ပဌာပေတွာ – ကမ္မဝါ စာကိုလည်း ခုနစ်ပါးသော အရပ်တို့၌ ရွတ်ဖတ် စေ၍ (နိဿယ)။

၂။ စတူသု ဒိသာသု ပန၊ အရပ်လေးမျက်နှာတို့၌ ကား။ စတ္တာရိနိမိတ္တာနိ၊ လေးခုသော နိမိတ်တို့ကို။

ကြိုးသား၍ အပိုင်းအခြား ထင်ရှားစေခြင်းငှါ အနက် တထွာခန့် မြောင်းငယ် တူးစေပြီးလျှင် အတွင်းအပ မရော ရှက်ရအောင် သစ်ခက်စသည်တို့ကို ဖြတ်စေ၍ အထူးထူး သော တန်ဆာဆင်ခြင်းတို့ဖြင့် တန်ဆာဆင်ပြီးလျှင် အထူး ထူးသော ပူဇော်ဖွယ်ဝတ္ထုတို့ဖြင့် ရဟန်းတကျိပ်လေးဦး တို့ကို အရှေ့မျက်နှာမှစ၍ အစဉ်အတိုင်း အရပ် ၈-မျက်နှာ တို့၌ နိမိတ် ၈-တိုင်တို့ကို ကြားစေ၍ ရှေးဦးကြားခဲ့သော နိမိတ်ကိုထပ်၍ ကြားစေခြင်းဖြင့် စပ်မိအောင်ပြု၍ ၃-ကြိမ် နိမိတ်တို့ကိုလည်၍ ကြားစေသည်၊ ထို့နောင် နရသူရအမတ်စားသော ဂါမခေတ်၏ ထက်ဝန်းကျင် ထိုထိုသော အရပ်တို့၌ တံခွန်ကုက္ကားဆွဲ၍ စည်ကြီးသံ ခရုသင်းသံ အစရှိသော အမှတ်ပြုစေ၍ ခရီးသွားသော ရဟန်းတို့၏ သွားလာခြင်းကို မြစ်အံ့သောငှါရင်း, ထို

---

ဌပေတွာ၊ ထား၍။ ကောဏောသု၊ အထောင့်အရပ် တို့၌။ စတုန္နံ၊ လေးပါးကုန်သော။ နိမိတ္တာနံ၊ နိမိတ် တို့ကို။ဌပနပ္ပယောဇနဘူတ စတုရဿသဏ္ဌာနတော၊ ထားခြင်း၏ အကျိုးဖြစ်၍ဖြစ်သော လေးထောင့် သဏ္ဌာန်မှ။ သဏ္ဌာန ဘေဒသင်္ခါတံ၊ သဏ္ဌာန်အထူး ဟုဆိုအပ်သော။ ပယောဇနံ၊ အကျိုးကို။ ဒဿေတုံ၊ ပြခြင်းငှါ။ မဇ္ဈေ၊ အလယ်၌။ ကိဉ္စိဝိတ္ထတံ၊ စိုးစဉ်း အနည်းငယ်ချဲ့ခြင်းကို။ ကတွာ၊ ပြု၍။ ဌပါပေသိ၊ ထားစေ၏။ (နိဿယ)

ဂါမခေတ်တွင်း၌ အခြားရဟန်းတို့ကို ဂါမခေတ်မှ အပသို့ ထုတ်အံ့သောငှါရင်း,ထားသော အစောင့်အရှောက် လူတို့ အထံသို့ မြင်းသည် ခြေလျင်တို့ကို စေလွှတ်၍ တပါး ရဟန်းမရှိကြောင်းကို အတပ်အကြပ် သိပြီးမှ သိမ်သမုတ် သော ကမ္မဝါစာကို ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးနှင့် ပြည့်စုံစွာ ဌာန်ကရိုဏ်းပီသအောင် ခုနစ်ကြိမ်ဖတ်စေ၍ သိမ်သမုတ် ခြင်းကံကို ပြီးစေသည်၊ ပြီးသောအဆုံး၌ စည်မောင်း သုံးကြိမ်တီးစေ၍ ကြွေးကြော်ခြင်းကို ပြုစေသည်၊ သီဟိုဠ်ကျွန်း ကလျာဏီမြစ်၌ ဥဒကုက္ခေပသိမ်စီရင်၍ ပဉ္စင်းခံ ကုန်သော ရဟန်းတို့သည် သမုတ်သောကြောင့် ဤသိမ်ကို "ကလျာဏီ" ဟူ၍ အမည်ပေးလေသည်။

## ဥပဇ္ဈာယ်ဆရာရှာခြင်း

ကလျာဏီသိမ် မသမုတ်မီ ရှေးဦးကပင် သီဟိုဠ်ကျွန်းသို့ သွား၍ ပဉ္စင်းခံသောရဟန်းတို့ ရောက်သည်မှစ၍ များစွာ သော သဒ္ဓါတရားနှင့်ပြည့်စုံသော ဂိုဏ်းဆရာမထေရ်တို့ သည် ရာမာဓိပတိမင်းသို့ကပ်၍ "မင်းကြီး ငါတို့ပဉ္စင်း အဖြစ်သည် ယုံမှားသင်္ကာရှိခဲ့သည်၊ သီဟိုဠ်ကျွန်းမှ ပဉ္စင်း ခံ၍ ပြန်ကုန်သော ရဟန်းတို့၏အထံ၌ ထပ်၍ ပဉ္စင်းခံ လိုပါသည်" ဟု အကြောင်းကြားကုန်သည်၊ ရာမာဓိပတိ မင်းကြီးလည်း "အရှင်ဘုရားတို့ ထပ်၍ ပဉ္စင်းခံလိုသသူတို့ ကိုလည်း မခံနှင့်ဟု ကျွန်ုပ်မမြစ်သင့်၊ မခံလိုသသူတို့ကို

လည်း ထပ်၍ ခံဟူ၍ ကျွန်ုပ်မဆိုဝံ့၊ ဝိနည်းအဆုံးအဖြတ်သည်သာ ပမာဏဖြစ်သည်၊ ဝိနည်းတရားကိုသာ အရှင်ဘုရားတို့ ကောင်းစွာ ဆင်ခြင်ပါကုန်လော့”ဟု ဆိုလိုက်သည်၊ ထို့နောင်မှ ကြံအောက်မေ့ပြန်သည်၊ “ရဟန်းပဉ္စင်းအဖြစ်သည် ဥပဏ္ဏာသယ်အရင်းရှိသည်၊ ဥပဏ္ဏာသယ်အဖြစ်ကိုလည်း ဆယ်ဝါရမှ ဗျတ္တိဗလနှင့် ပြည့်စုံသော ရဟန်းတို့အားသာ မြတ်စွာဘုရား အခွင့်ပြုတော်မူသည်၊ သီဟိုဠ်ကျွန်း၌ ပဉ္စင်းခံခဲ့သော ဤရဟန်းတို့သည် တဝါမျှမရသေး၊ ဥပဏ္ဏာသယ်ပြုခြင်းငှါ မထိုက်၊ ဥပဏ္ဏာသယ်ပြုခြင်းငှါထိုက်သော သီဟိုဠ်ကျွန်း မဟာဝိဟာရဝါသီ ရဟန်းတို့အထံ၌ ပဉ္စင်းခံခဲ့၍ ဤရာမညတိုင်းသို့ တဖန် ပြန်လာသော ဆယ်ဝါရပြီးသောမထေရ်ရမှ သင့်ချေမည်”ဟု ကြံအောက်မေ့၍ ရှာစေသော် သုဝဏ္ဏသောဘဏ အမည်ရှိသော မထေရ်တဦးကို တွေ့၍ ပင့်ဘိတ်စေပြီးလျှင် မေးစိစစ်သည်ကား “အရှင်ဘုရားသည် သီဟိုဠ်ကျွန်းသို့ သွားသောအခါ၌ အဘယ်သိမ်၌ ပဉ္စင်းခံသနည်း၊ ကမ္မဝါဆရာကားအဘယ်သူနည်း၊ သီဟိုဠ်ကျွန်း၌ ပဉ္စင်းခံသည်မှစ၍ ယခုဘယ်မျှဝါရပြီနည်း”ဟူ၍ မေးစိစစ်သည်၊ သုဝဏ္ဏသောဘဏမထေရ်ကလည်း “မင်းကြီး သီဟိုဠ်ကျွန်း၌ ကလမ္ဘုမည်သော မြစ်၌ ဥဒကုက္ခေပသိမ်စီရင်၍ မနိုင်းရှည့်နိုင် များလှစွာသော ရဟန်းသံဃာအထံ၌ ဝနရတနအမည်ရှိသော မဟာသဃ်ရာဇာဟောင်းကို ဥပဏ္ဏာသယ်ပြု၍ ရှေးကာလ

ရာဟုလာဘဒ္ဒအမည်ရှိသော ယခုမူကား ဝိဇယဗာဟုသံဃ ရာဇာ အမည်တွင်သော မထေရ်ကို ကမ္မဝါစာဆရာပြု၍ ပဉ္စင်းခံသည်၊ သီဟိုဠ်ကျွန်း၌ ပဉ္စင်းခံသည်မှစ၍ ယခု ၂၆-ဝါရှိပြီ''ဟူ၍ ဆိုသည်၊ ထိုစကားကိုကြားလျှင် ရာမာဓိပတိ မင်းသည် အလွန်နှစ်သက်သော နှလုံးရှိသည် ဖြစ်၍ ''အရှင်ဘုရား ယခု ပဉ္စင်းလောင်းတို့၏ ဥပဇ္ဈာယ်ပြုတော်မူပါ''ဟူ၍ တောင်းပန်သည်၊ မထေရ်လည်း ''မင်းကြီး ရှေးသောအခါ ရဟန္တာတို့သည် ကိုယ်၏အစီးအပွါးကို မငဲ့မူ၍ ပစ္စန္တရာဇ်၌ သာသနာတော်စီးပွါးကို ပြုကုန်သည်၊ ငါလည်း သူတော်ကောင်းတို့ အလေ့အကျင့်သို့လိုက်၍ သာသနာတော်စီးပွါးကို ပြုအံ့''ဟူ၍ ဝန်ခံလေ၏။

[တတိယတိုင် မြောက်ဘက်ကအက္ခရာအရ ပြီး၏]

---

## ပဉ္စင်းခံခြင်းများ

သိမ်သမုတ်ပြီးသော အခြားမဲ့၌ ရှေးအထက်က တောင်းပန်လှသော ရဟန်းတို့သည် ရာမာဓိပတိမင်းကြီး အထံသို့ကပ်၍ ''တရားမင်းမြတ် ယခု သိမ်ကောင်းစွာ ပြည့်စုံပြီ၊ ဥပဇ္ဈာယ်ပြုမည့် မထေရ်လည်း ရပြီ၊ ပဉ္စင်းခံပါတော့အံ့''ဟူ၍ ကြားလှာကုန်၏၊ ရာမာဓိပတိမင်းလည်း နတ်တော်လဆန်း ၉-ရက် ၂-လာနေ့၌ ကလျာဏီသိမ်သို့ သွား၍ သီဟိုဠ်ပဉ္စင်းရဟန်းတို့နှင့် သုဝဏ္ဏသောဘဏ

မထေရ်ကို လျှောက်သည်၊ "အရှင်ဘုရားတို့ ဤရဟန်းတို့သည် အရှင်ဘုရားတို့အထံ၌ ပဉ္စင်းခံလိုကုန်ပါသည်၊ ခံပါစေ"ဟူ၍ လျှောက်သည်၊ သီဟိုဠ်ပဉ္စင်းငယ်တို့ကလည်း "မင်းကြီးစေခိုင်း၍ သီဟိုဠ်ကျွန်း၌ ငါတို့ ပဉ္စင်းခံရသောအခါ လူထွက်၍ ဝတ်ဖြူဝတ်ပြီးမှ တဖန်သက်န်းပေးခြင်း သရဏဂုံပေးခြင်းဖြင့် သာမဏေအဖြစ်၌ တည်ပြီးမှ ပဉ္စင်းခံရသည်၊ အဘဲ့ကြောင့် ဤသို့ပြုသနည်းဟူမူကား ဤသီဟိုဠ်ကျွန်းသို့လာ၍ ပဉ္စင်းခံသော ရဟန်းတို့သည် ရှေးပဉ္စင်းအဖြစ်၌ မသန့်ရှင်းမစင်ကြယ်ဟု အမှတ်ရှိ၍ ပဉ္စင်းခံလှာကုန်သည်၊ ထိုသို့လျက် နောက်အခါမိမိတို့တပည့်အစရှိသော ရှေးအထက်က ဝါငယ်သောရဟန်းတို့ကို မြင်ပြန်သောအခါ နှလုံးမသာရှိ၍ ဝါသစ်ကိုမရေတွက်မူ၍ ငါဟောင်းကို ရေတွက်ခြင်းကို မနှစ်သက်သောကြောင့် လူထွက်၍ ပဉ္စင်းခံရသည်၊ ထိုသီဟိုဠ်ကျွန်းအလေ့အကျက်အတိုင်း ငါတို့ပဉ္စင်းခံရသကဲ့သို့ လူထွက်၍ ပဉ္စင်းခံမည်ဖြစ်လျှင် ပဉ္စင်းအဖြစ်ကို ပေးကုန်အံ့"ဟူ၍ ဆိုသည်၊ ပဉ္စင်းခံလိုသော ဂိုဏ်းဆရာမထေရ်တို့လည်း "သီဟိုဠ်တို့အလေ့အကျက်အတိုင်းပြုပါကုန်အံ့"ဟူ၍ ဝန်ခံကုန်သည်၊ ထိုသို့ ဝန်ခံပြီးမှ ဓမ္မကိတ္တိအမည်ရှိသော ဂိုဏ်းဆရာကို အစပြု၍ သီဟိုဠ်အလေ့အကျက်အတိုင်းပြုစေပြီးလျှင် သုဝဏ္ဏသောဘဏမထေရ်ကို ဥပဇ္ဈာယ်ပြု၍ သီဟိုဠ်ကျွန်းမှပြန်သော ၆-ဦးသော မထေရ်တို့တွင် ၂-ဦး

၂၂-ဦးသော မထေရ်တို့ကို အလှည့်အလှည့် ကမ္မဝါစာဆရာ ပြုစေ၍ ပဉ္စင်းခံကုန်သည်။

ပဉ္စင်းခံစ ရှေးဦးစွာဖြစ်သော နတ်တော်လဆန်း ၉-ရက် ၂-လာနေ့၌ ရာမာဓိပတိမင်းကြီးသည် ကိုယ်တိုင်ပင် ထိုအရပ်သို့သွား၍ ကာရကရဟန်း ပဉ္စင်းခံသစ်ရဟန်းတို့အား နံနက်အခါ ဆွမ်းခဲဘွယ် ညအခါ အထူးထူးသော အဖျော်တို့ဖြင့် ရောင့်ရဲစေ၍ ပဉ္စင်းခံပြီးသောအဆုံး၌ ကောင်းချီးပေးအံ့သောငှါ စည်ကြီး, ခွက်ခွင်း, ခရုသင်းအစ ရှိသည်တို့ကို ထားစေ၍ ပဉ္စင်းခံသော ရဟန်းသံဃာတို့ကို ရေတွက်စေခြင်းငှါ လိမ္မာသော စာရေးအမတ် ပညာရှိတို့ကို ထားခဲ့၍ ညဉ့်အခါ ပဉ္စင်းခံစေခြင်းငှါ များစွာသော ဆီမီးတိုင်တို့ကို ထွန်း၍ နေဝင်ခါနီးသော ကာလ၌ နန်းတော်သို့ ပြန်လေ၏၊ လဆန်း ၉-ရက်နေ့မှစ၍ ၁၃-ရက်နေ့တိုင်အောင် ထပ်၍ပဉ္စင်းခံလှာသော ဂိုဏ်းဆရာသည် ၂၄၅-ယောက် အရေအတွက်ရှိသည်၊ ရာမာဓိပတိမင်းလည်း လဆန်း ၁၄-ရက် စနေနေ့၌ ထို ၂၄၅-ယောက်သော ဂိုဏ်းဆရာတို့ကို "အရှင်ဘုရားတို့ နက်ဖန်ဥပုသ်နေ့၌ အရှင်ဘုရားတို့သည် ဥပသမ္ပဒကံပြုသော ရဟန်းတကျိပ်ငါးပါးတို့နှင့် တပေါင်းတချက်တည်း ဥပုသ်ပြုတော်မူပါကုန်၊ ဥပုသ်ပြုပြီးသော အဆုံး၌ လှူဒါန်းပူဇော်ပါမည်" ဟူ၍ ပင့်ဘိတ်စေ၏၊ လပြည့် ဥပုသ်နေ့ရောက်လျှင်

ရာမာဓိပတိမင်းသည် များစွာသော အခြေအရံနှင့်တကွ နံနက်စောစော ကလျာဏီသိမ်သို့သွား၍ နေရာတို့ကို ခင်းစေပြီးလျှင် ပဉ္စင်းခံသစ်သော ရဟန်း သီဟိုဠ်ပြန် ရဟန်းတို့ကို ငံ့လင့်လျက်နေနှင့်၏၊ထိုအလုံးစုံသော ရဟန်း တို့သည်လည်း တပေါင်းတည်း စည်းဝေး၍ ကလျာဏီ သိမ်၌ ဥပုသ်ပြုပြီးသောအဆုံး၌ နှစ်ရာ့ခြောက်ကျိပ်သော ရဟန်းတို့အား အထူးထူးသော ခဲဘွယ်စားဘွယ် ကွမ်း အစရှိသော ဆေးတို့ဖြင့် ရောင့်ရဲစေ၍ ရဟန်းတပါး တပါးအား ချည်ချောသကန်းလျာ တစုံစီ, ကွမ်းသီး ကွမ်းညှပ် အစရှိသော အခြံအရံအပြည့်ထည့်၍ အဖုံးနှင့် တကွ ကွမ်းအစ်တလုံးစီ, တောထန်းယပ်တစင်းစီ,သလူထီး တစင်းစီ, အဖုံးအခြေနှင့်တကွ သပိတ်တလုံးစီ အစေ့ အငှပေးလှူသည်၊ သုဝဏ္ဏသောဘဏမထေရ်အားလည်း ကလျာဏီတိဿမထေရ်ဟူသော နာမံတံဆိပ်ကို ပေးလှူ သည်၊ ထိုနေ့မှစ၍ ပဉ္စင်းခံခြင်းကိုပြုသောရဟန်း ပဉ္စင်းခံ လှာသော ရဟန်းတို့အား ဆွမ်းအစရှိသော ပစ္စည်းဖြင့် လုပ်ကျွေးခြင်းငှါ များစွာသော စာရေးတို့ကိုလည်း ထားသည်၊ ပဉ္စင်းခံပြီးသော အဆုံး၌ ကောင်းချီးပေး အံ့သောငှါ စည်ကြီး, ခွက်ခွင်း, ခရုသင်း, တီးမှုတ်မည့် သူတို့ကိုလည်း ထားသည်၊ နေ့ပိုင်းမပြတ်လည်း များစွာ သော ရဟန်းတို့လာ၍ ပဉ္စင်းခံကုန်သည်။

## ကတိကဝတ် တောင်းပန်ခြင်း

သည်မှတပါးလည်း အလုံးစုံသော ရဟန်းသံဃာကို စည်းဝေးစေ၍ ဤသို့သော ကတိကဝတ် ပြုမည့်အကြောင်းကို တောင်းပန်သည်၊ "အရှင်ဘုရားတို့ ယနေ့မှစ၍ ရှင်သာမဏေပြုလိုပါသည်ဟူ၍ အရှင်ဘုရားတို့အထံသို့ လာရောက်လျှင် သံပူကပ်သသူ, ခိုးမှုပြုသသူ, နှောင်အိမ်ဖောက်သသူ, မင်းအား ပြစ်မှားသသူ, အို၍မစွမ်းနိုင်သသူ, ပြင်းစွာအနာနှိပ်စက်သသူ, လက်ပြတ်ခြင်းအစရှိသော အင်္ဂါချို့သသူ, ကုန်းသော ကွသော ခွင်သော ကောက်သောသူ, သည်မှတပါးလည်း ပရိသတ်ကို ဖျက်တတ်သသူ, လူမြင်၍ ပြက်ရယ်ကဲ့ရဲ့ခြင်း ပြုစရာဖြစ်သော၊ စိတ်ကြည်ညိုဘွယ်မရှိသော သူတို့ကို လက်ခံ၍ ရှင်သာမဏေ မပြုကုန်နှင့်၊ အရှင်ဘုရားတို့ အထံသို့ ပဥ္စင်းခံလိုပါသည်ဟူ၍ လာရောက်လျှင် အကျွန်ုပ်အားသော်လည်း အကြောင်းကြားစေ၊ ဟံသာဝတီပြည်၌ သီတင်းသုံးနေသော ဂိုဏ်းဆရာတို့အားသော်လည်း အကြောင်းကြားစေ၊ အကြောင်းမကြားမူ၍ မိမိတို့နေရာအရပ်၌သာ အရှင်ဘုရားတို့သည် ပဥ္စင်းခံခြင်းကို ပြုသည်ဖြစ်အံ့၊ ပဥ္စင်းလောင်း အမိ အဖ ဆွေမျိုး အရှင်ဘုရားတို့အလုပ်အကျွေးတကာဥပါတို့အား မင်းဒဏ်စီရင်မည်"။

"အကြင် ရဟန်းယုတ်တို့သည် ဆေးကုခြင်း, ဟူးရား ဂဏန်းတွက်ခြင်းကို ပြုကုန်သည်၊ လက်သမားအမှု, ဆင် စွယ်ပွတ်ခြင်းတို့ကိုပြု၍ အသက်မွေးကုန်သည်၊ မင်း၏ အမတ်ကြီး အစရှိသော အလုံးစုံသော သူတို့၏ သားငယ် တို့ကို ချီထိန်းယကုန်သည်၊ ဥပဒ်ကြားခြင်း, နိမိတ်ဖတ် ခြင်း,အိပ်မက်ဖတ်ခြင်းတို့ဖြင့် အသက်မွေးကုန်သည်၊ အချို့ သောရဟန်းတို့သည်လည်း ပန်းချီအမှု, လက်သမားအမှု, ဆင်စွယ်ပွတ်အမှု, ကသယ်မှု,ဆင်းတုထုခြင်း အစရှိသည်ကို ပြု၍ ကာမစည်းစိမ်ကိုခံစားသော လူတို့ကဲ့သို့ အသက် မွေးခြင်း ပြုကုန်သည်၊ အချို့သော ရဟန်းတို့သည်လည်း ဝါခင်းယာခင်းသို့သွား၍ ရှည်စွာသောအသံဖြင့် တရား ဟော၍ ဝါဂွမ်းရလျှင် ကုန်သွယ်ခြင်းကို ပြုကုန်သည်၊ အချို့သော ရဟန်းတို့သည်လည်း သလေး,မယော အစ ရှိသော လယ်ခင်းသို့သွား၍ တရားဟောပြီးလျှင် စပါးခံ၍ ကုန်သွယ်ခြင်းကိုပြုကုန်သည်၊အချို့သော ရဟန်းတို့လည်း ရေတ်ခင်းသို့သွား၍ တရားဟောပြီးလျှင် ရေတ်သီးခံ၍ ကုန်သွယ်ခြင်းကို ပြုကုန်သည်၊ အချို့သော ရဟန်းတို့ လည်း အထူးအခြား အပြားပြားတို့ဖြင့် ကုန်သွယ်ခြင်းကို ပြုကုန်သည်၊ အချို့သောရဟန်းတို့လည်း ကြွေအံကြူး သောသူ, သေရက်ကြူးသောသူ, ခိုးမှုပြု၍ အသက်မွေး သောသူ, မင်းချင်းယောကျ်ား, အမှတ်မရှိသော မိမ္မ ယောကျ်ားတို့နှင့် မလျော်ကပ်သော ရောရှက်ခြင်းတို့

ဖြင့် ရောရှက်၍ နေကုန်သည်၊ ထိုသို့သော ရဟန်းယုတ်တို့သည် အရှင်ဘုရားတို့ အထံ၌ နေလိုကုန်သည်ဟူ၍ လာကုန်လျှင် ခွင့်ပေးတော်မမူကုန်နှင့်၊ အကြင်ရဟန်းတို့သည်ကား သဒ္ဓါတရားနှင့် ပြည့်စုံကုန်၏၊ သိက္ခာပုဒ်တော်အတိုင်း ကောင်းစွာ ကျင့်ကုန်၏၊ ပါဠိသင် အဋ္ဌကထာသင်ခြင်းတို့၌ လုံ့လပြုကုန်၏၊ ထိုသို့သော ရဟန်းတို့ နေလိုလျှင် ခွင့်ပေးတော်မူကြပါကုန်''။

"အကြင်အမျိုးသားတို့သည်ရှင်သာမဏေပြုလိုပါသည်ဟူ၍ လာရောက်လျှင် အက္ခရာအရေးအသားတို့ကို သင်စေ၍ အရွတ်အဖတ်ပြီသအောင် လေ့ကျက်စေပြီးလျှင် သရဏဂုံသိက္ခာပုဒ်တို့ကိုသင်စေပြီးမှ ရှင်သာမဏေပြုတော်မူပါကုန်၊ အသက်နှစ်ဆယ် ပြည့်ပြီးသော သာမဏေတို့သည် ပဉ္စင်းခံပါလို၏ဆိုလျှင် ရဟန်းတို့ ဖြည့်ရသော သီလလေးပါးကို အကျဉ်းကြား၍ ဘိက္ခုပါတိမောက်နှင့် ခုဒ္ဒသိက္ခာကျမ်းကို အစမှအဆုံးထိတိုင်အောင် သင်စေ၍ အာပတ်ဒေသနာကြား ပစ္စဝေက္ခဏာလေးပါးတို့ကို နှုတ်တက်အောင် လေ့ကျက်စေပြီးမှ ကျွန်ုပ်အားသော်၎င်း ဟံသာဝတီမြို့၌ ဂိုဏ်းဆရာတို့အားသော်၎င်း အကြောင်းကြားပါကုန်၊ ထိုအခါ ကျွန်ုပ်သည် ပရိက္ခရာ ၈-ပါးတို့ဖြင့် ထောက်ပံ့၍ ပဉ္စင်းခံစေပါမည်၊ အရှင်ဘုရားတို့မှာလည်း ဝိနည်းပညတ်တော် သိက္ခာပုဒ်အတိုင်း ကြိုးစားအား

ထုတ်၍ ကျင့်ဆောင်တော်မူပါကုန်၊ ရှေးအခါ၌မူကား ရာမညတိုင်း၌ ရဟန်းတို့သည် အသီးအခြား ကွဲပြားကြလေသောကြောင့် ဤသို့သော သာသနာတော် အညစ်အကြေးဘေးရန်နှင့် ဆူးငြောင့်ဖြစ်လေသည်၊ ယခုမူကား အရှင်ဘုရားတို့အားလုံးသည် သဒ္ဓါတရားနှင့် ပြည့်စုံကြသူချည်းဖြစ်၍ မဟာဝိဟာရအနွယ်အဆက်ဖြစ်သော သီဟိုဠ်ပဉ္စင်းအဖြစ်ကို ယူအပ်ပြီးဖြစ်သောကြောင့် သီဟိုဠ်မဟာထေရ်တို့ကဲ့သို့ ဆံရိတ်ခြင်း သင်္ကန်းဝတ်ခြင်းကို ပြု၍ တပေါင်းတည်း ဖြစ်ပါစေ”။


ဤသို့ ရာမာဓိပတိမင်းသည် အလုံးစုံသော ရာမညတိုင်း၌ ရဟန်းတို့အား ကတိကဝတ်ကို တောင်းပန်၍ ရွှေငွေခံသောရဟန်း, ဥစ္စာစပါးဆည်းပူးသော ဆင် မြင်း ကျွဲနွား ကျွန်ယောကျ်ား ကျွန်မိမ္မရှိသော ရဟန်းတို့အားလည်း “အရှင်တို့သည် သဒ္ဓါတရားနှင့် ပြည့်စုံ၍ ရွှေငွေအစရှိသော ပစ္စည်းတို့ကို စွန့်၍ သိက္ခာပုဒ်တော်အတိုင်း ကျင့်ဆောင်နိုင်လျှင်လည်း ကျင့်ဆောင်ကုန်၊ မကျင့်ဆောင်နိုင်လျှင်လည်း လူထွက်ကုန်”ဟူ၍ စေသည်၊ ထိုအခါ သဒ္ဓါနှင့်ပြည့်စုံသော အချို့သော ရဟန်းတို့သည် ရွှေငွေအစရှိသော ပစ္စည်းတို့ကိုစွန့်၍ သိက္ခာပုဒ်တော်အတိုင်း ကောင်းအောင်ကျင့်ကုန်သည်၊ အချို့သောရဟန်းတို့လည်း မစွန့်နိုင်၍ လူထွက်ကုန်သည်၊ အထင်အရှား

ပါရာဇိကသို့ရောက်ပြီးသော ရဟန်းတို့ကို မတောင်းပန်မူ၍ လူထွက်စေသည်၊ ပါရာဇိကသို့ ရောက်သောအပြစ်လည်း မထင်ရှား သူတပါးကဲ့ရဲ့စွပ်စွဲခြင်းများ၍ သုတ်သင်နိုင်ခဲ့သော ရဟန်းတို့ကိုလည်း မတောင်းပန်မူ၍ လူထွက်စေသည်၊ ဆေးကုသောရဟန်း, ဟူးရားဂဏန်းတွက်သောရဟန်း, ကာမစည်းစိမ်ခံစားသော လူတို့ကဲ့သို့ ပန်းချီအစရှိသော အမှုကိုအစပြု၍ အသက်မွေးသော ရဟန်း, ကုန်စလယ်သွယ်သော ရဟန်းတို့ကိုလည်း လူထွက်စေသည်။

ဤသို့လျှင် ရာမာဓိပတိမင်းသည် အလုံးစုံသော ရာမညတိုင်း၌ သာသနာတော် အညစ်အကြေးကို သုတ်သင်၍ အလုံးစုံသော ရဟန်း သံဃာကို တပေါင်းတချက်တည်း ပြုသည်၊ အလုံးစုံသော ရာမညတိုင်း၌ သီတင်းသုံးနေသော ဂါမဝါသီရဟန်း, အရညဝါသီရဟန်း တို့သည် သကြဇ် ၈၄၁-ခုဘိုင်အောင် မဟာဝိဟာရဝါသီ အနွယ်အဆက်ဖြစ်သော စင်စစ်သန့်ရှင်းစင်ကြယ်သော သီဟိုဠ်ကျွန်း ပဥ္စင်းအဖြစ်ကို မပြတ်ယူကုန်သည်၊ ထိုအခါပဥ္စင်းခံလာသောဂိုဏ်းဆရာရဟန်းအပေါင်း ၈၀၀-အရေအတွက်ရှိ၏၊ပဥ္စင်းငယ်ရဟန်းပေါင်း တသောင်းလေးထောင်နှစ်ရာခြောက်ကျိပ်ငါးပါး အရေအတွက်ရှိသည်၊ နှစ်ရပ်အပေါင်း တသောင်း ငါးထောင် ခြောက်ကျိပ်ငါးပါး အရေ

အတွက် ရှိသည်၊ ထို့နောင် ဆိုခဲ့ပြီးသော ကတိကဝတ်နှင့် ပြည့်စုံသော အသက် ၂၀-ပြည့်သား သာမဏေခြောက်ရာ့ တပါးတို့အား ပရိက္ခရာ ၈-ပါးတို့ဖြင့် ထောက်ပံ့၍ ကလျာဏီသိမ်၌ပဉ္စင်းခံစေသည်၊ ထိုအလုံးစုံသော ရဟန်းတို့ကို ပေါင်းသည်ရှိသော် ထိုအခါ ရာမညတိုင်း၌ ရဟန်းပေါင်း တသောင်း ငါးထောင် ခြောက်ရာခြောက်ကျိပ်ခြောက် ပါး အရေအတွက်ရှိသည်၊ ဤသို့လျှင် သာသနာတော်ကို သုတ်သင်ခြင်းကိုပြုသော ရာမာဓိပတိမင်းသည် အနှစ် ငါးထောင် ကာလပတ်လုံး ဘုရားသခင် သာသနာတော်သည် ပဉ္စင်းခံခြင်း၌ ယုံမှားမရှိခြင်း, ဒုဿီလရဟန်း တို့၏ ငင်း ကဲ့ရဲ့စွပ်စွဲခြင်းရှိသော ရဟန်းတို့၏ငင်း ကင်းခြင်းတို့ ဖြင့် သန့်ရှင်းစင်ကြယ်စွာ မပြိုမပျက် တည်စေသတည်းဟု နှလုံးသွင်းပြုသတည်း။

**ကလျာဏီ ကျောက်စာ မြန်မာပြန် ပြီး၏။**



မဓဝါ ကျောက်စေတီတော်

( ကလျာဏီ သိမ်တော်ကြီး အနီးတွင် တည်ရှိသည် )

# မခေါ ကျောက်စေတီ သမိုင်း[၁]

ငါတို့ မြတ်စွာဘုရားသည် ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်း၌ ဘုရားဆုကို တောင်းတော်မူပြီး၍ ကမ္ဘာ တသိန်းအလွန်ရှိသော လေးသင်္ချေကာလပတ်လုံး အစဉ် သဖြင့် အမျှသုံးဆယ်သော ပါရမီဟုဆိုအပ်သော သဗ္ဗညုတ ဉာဏ်တော် အဆောက်အဦတို့ကို ဖြည့်တော်မူ၍ ထိုပါရမီ တရားတို့၏ အပြီးသို့ရောက်သဖြင့် ကဆုန်လပြည့်နေ့ ဗောဓိပင်ရင်း၌ အပရာဇိတပလ္လင်သို့ ကပ်တော်မူ၍ အ လွန်ဖျက်နိုင်ခဲသော မာရ်စစ်သည်ကို ဖျက်တော်မူ၍ မနှိုင်း ရှည့်နိုင်သော ကျေးဇူးအပေါင်း တန်ဆာဆင်အပ်သော သဗ္ဗညုတဉာဏ်ဟု ဆိုအပ်သော သမ္မာသမ္ဗောဓိ ဉာဏ်ကို ရတော်မူသဖြင့် ဘုရားအဖြစ်သို့ ရောက်တော်မူသည်၊ ထိုနောက်ရှစ်ဝါမြောက်၌ သတ္တဝါအပေါင်းတို့အား သနား တော်မူသဖြင့် ဒေသစာရီ ကြွတော်မူသည်ရှိသော် ဝိဒေ- ဟရာဇ်တိုင်း မိဓိလာပြည်သို့ ရောက်တော်မူလေ၏၊ ထိုအခါ အရှင်ဂဝံပတိ မထေရ်သည် သထုံမြို့ကျေး၌ ဆွေမျိုးဖြစ်ခဲ့ ဘူးသော လူအပေါင်းကို မြင်တော်မူ၍ သနားတော်မူ

---

၁။ ကလျာဏီကျောက်စာနှင့် ဆက်တွဲပါရှိသော ဤစေတီ တော်သမိုင်းမှာ ကလျာဏီသိမ်တော်ကြီးအနီးရှိ မခေါ ကျောက်စေတီတော်သမိုင်း ဖြစ်သည်။

သဖြင့် မြတ်စွာဘုရားကိုပန်ကြား၍ မိထိလာမြို့မှ ဒေသစာရီ ကြွတော်မူလာပြီးလျှင် ဆွေမျိုးဖြစ်ဘူးသော လူအပေါင်း တို့အား ဆုံးမပြီးလျှင်ပြန်ခဲ့၍ ရှေးဆွေမျိုးဖြစ်ဘူးသော သထုံပြည်၌ သီရိမာသောကမင်းအား အလွန်နှစ်သက် အံ့ သြဘွယ်ရှိသော တရားစကားဖြင့် ဆုံးမသည်၊ သီရိမာသော ကမင်းသည် အထူးထူးအသွယ်သွယ်ဆန်းကြယ်နက်နဲသော တရားစကားကိုကြားရလျှင် ဘုရားသခင် သာသနာတော်၌ လွန်စွာကြည်ညိုခြင်းဖြစ်၍ ဘုရားသခင်အား ဖူးမြင်ရမည့် အကြောင်းကို အရှင်ဂဝံပတိမထေရ်အား လျှောက်ကြား တောင်းပန်သည်၊ အရှင်ဂဝံပတိလည်း ကောင်းကင်ဖြင့် ကြွ၍ မိထိလာမြို့သို့ ရောက်လျှင် မြတ်စွာဘုရားအား အလုံး စုံသော အကြောင်းအရာကို ကြားလျှောက်၍ သထုံမြို့သို့ ကြွတော်မူပါမည့်အကြောင်းကို တောင်းပန်သည်၊ မြတ် စွာဘုရားသည်း မဟာကရုဏာဖြင့် တိုက်တွန်းအပ်သော နှလုံးရှိသည်ဖြစ်၍ နှစ်သောင်းသော ရဟန္တာအပေါင်း ခြံရံလျက် ကောင်းကင်ခရီးဖြင့် သထုံမြို့သို့ ကြွတော်မူ လှာသည်။

သီရိမာသောကမင်းလည်း အရှင်ဂဝံပတိမထေရ်သည် ရဟန္တာနှစ်သောင်းနှင့်တကွ မြတ်စွာဘုရားဆောင်ယူ၍ ကြွလှာသည်ဟူ၍ကြားလျှင် အလွန်နှစ်သက် ဝမ်းမြောက် ခြင်းဖြစ်၍ မြတ်စွာဘုရားအား ခရီးဦးကြိုဆိုပြီးလျှင် သထုံ

မြို့နှင့် မနီးမဝေးသောအရပ်၌ မဏ္ဍပ်ကြီးစွာဆောက်၍ အထူးထူး အပြားပြား ဆန်းကြယ်စွာ တန်ဆာဆင်၍ ဘုရားသခင်အား ထိုက်သော သီဟာသနနေရာ, ရဟန္တာတို့အားထိုက်သော ကောင်းမြတ်သောနေရာတို့ကို ခင်းစေပြီးလျှင် ရဟန္တာနှစ်သောင်းနှင့်တကွ ဘုရားသခင်ကို သီတင်းသုံးနေစေ၍ ခုနစ်ရက်ပတ်လုံး အထူးထူး အပြားပြား များစွာသော ပန်းနံ့သာ ဆီမီး အခိုးအထုံ သင်္ကန်း ဆွမ်း ဆေး ပစ္စည်း တို့ဖြင့် ရောင့်ရဲစေ၍ အလှူကြီးပေးသည်၊ မြတ်စွာဘုရားလည်း သီရိမာသောကမင်း အမှူးရှိသော လူအပေါင်းတို့အား တရားအမြိုက်တိုက်ကျွေးတော်မူသည်၊ ၇-ရက်လွန်လျှင် မဇ္ဈိမဒေသသို့ပြန်တော့မည်ဟူ၍ အမိန့်တော်ရှိသည်။

ထိုအခါ သထုံမြို့၌ ရသေ့ခြောက်ဦးတို့သည် မြတ်စွာဘုရား ပြန်တော်မူမည့်အကြောင်းကိုကြား၍ အဆောတလျင် လာရောက်ပြီးလျှင် လွန်စွာနှစ်သက်ဘွယ်ရှိသော ကျက်သရေဖြင့် တင့်တယ်ခြင်း အထွတ်စမ္ပါယ်ခြင်းသို့ ရောက်သော မြတ်စွာဘုရားအဆင်းတော်ကို မြင်ရသဖြင့်၎င်း, အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော ကြား၍မရောင့်ရဲနိုင်အောင် ကရဝိက်ငှက်မင်း ဗြဟ္မာမင်းတို့၏ အသံထက် ဆထက်ထောင်ရာ သာယာချမ်းမြေ့လှစွာသော တရားသံကို ကြားနာရသဖြင့်၎င်း, သဒ္ဓါနှစ်သက်ခြင်း ပြင်းစွာ

ဖြစ်၍ မပြတ်ပူဇော်ရာ တစုံတခု ပေးပါမည့်အကြောင်းကို မြတ်စွာဘုရားအား တောင်းပန်ကုန်သည်၊ မြတ်စွာဘုရားလည်း ရသေ့ခြောက်ဦးတို့အား သနားတော်မူသဖြင့် လက်ျာလက်တော်ဖြင့် ဥက္ကောင်းကို သုံးသပ်တော်မူ၍ ဆံတော်ခြောက်ချောင်းတို့ကို ပေးအပ်တော်မူသည်၊ ထိုသို့ ပေးအပ်သည်ကို သထုံပြည်ကို အစိုးရသော သီရိမာသောကမင်းမြင်လျှင်"အကျွန်ုပ်အားလည်း ဆံတော်ခြောက်ပေးအပ်သနားတော်မူပါ"ဟူ၍ တောင်းပန်သည်၊ မြတ်စွာဘုရားသည် "မင်းကြီး ဆံတော်ခြောက်ကို မပေးအပ်သင့်သေး၊ နောင်အခါ ၃၇-နှစ်လွန်၍ ငါ ပရိနိဗ္ဗာန်ပြုတော်မူလျှင် ငါခိုင်ဿာန်တော်မူခဲ့သည့်အတိုင်း ၃၃-ချောင်းသော သွားတော်ခြောက်တို့ကို ထင်းပုံမှထုတ်၍ ဂဝံပတိမထေရ် ဆောင်ယူခဲ့လိမ့်မည်၊ ထိုသွားတော်ခြောက်တို့ကို ပူဇော်ရလတ္တံ့ သည်ဖြစ်၍ ဆံတော်ခြောက်ကို ငါ မပေးသည်"ဟူ၍ အမိန့်တော်ရှိသည်၊ ထိုသို့ မိန့်တော်မူပြီးလျှင် နောင်အခါ ရာမညတိုင်း၌ သာသနာတော်တည်ခြင်း,သတ္တဝါတို့၏ ချမ်းသာခြင်း အကျိုးငှါ ၁၃-ရပ်တို့၌ ဖလသမာပတ် ဝင်စားတော်မူပြီးလျှင် ရဟန္တာနှစ်သောင်းခြံရံလျက် မဇ္ဈိမဒေသအရပ်သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ ၃၇-နှစ်ပတ်လုံး အကြွင်းမရှိ ဘုရားကိစ္စကို ပြီးစေ၍ ဂဝံပတိမထေရ်အား သထုံမြို့သို့

၃၃-ချောင်းသော သွားတော်ဓာတ်တို့ကို ဆောင်ယူရမည့် အကြောင်းကို ဝန်ပြုတော်မူ၍ ပရိနိဗ္ဗာန်ပြုတော်မူသည်။

အရှင်ဂဝံပတိမထေရ်လည်း မြတ်စွာဘုရား အမိန့်ရှိတော်မူသည့်အတိုင်း ၃၃-ချောင်းသော သွားတော်ဓာတ်တို့ကို ထင်းပုံမှဆောင်ယူပြီးလျှင် ကောင်းကင်ခရီးဖြင့်ကြွ၍ သထုံမြို့၌ သီရိမာသောကမင်းအား ပေးအပ်သည်၊ သီရိမာသောကမင်းလည်း ၃၃-ဆူသော သွားတော်ဓာတ်တို့ကိုရလျှင် ကောင်းစွာနှစ်သက် ဝမ်းမြောက်ခြင်းဖြစ်၍ များစွာသော လူအပေါင်းနှင့် သက်တော်ထင်ရှား ဘုရားကြွတော်မူလာသောအခါ ၇-ရက်ပတ်လုံး သုံးဆောင်တော်မူသော အရပ်သို့သွား၍ သိကြားမင်းစေတီအထွတ်၌[၁] ၃၇-တိုက်လုပ်၍ ဓာတ်တော်တို့ကို ဌာပနာပြီးလျှင် ဓာတ်တော်တို့ကို ဆေးကြောစရာ တွင်းနှစ်တွင်းတူးစေ၍ ၃၃-ဆူသော သွားတော်ဓာတ်တို့ကို ဆေးကြောပြီးလျှင် ၃၃-ဆူသော ကျောက်စေတီငယ်လုပ်၍ ပူဇော်လေ၏၊ ထို ဓာတ်တော်တို့ကို ဆေးကြောသော တွင်းသည် ယနေ့ထက်တိုင်အောင် ကောင်းသောအနံ့ရှိသော ရေနှင့်ပြည့်စုံသည်၊ ဤသို့လျှင် သီရိမာသောကမင်းသည် ၃၃-ဆူသော သွား

---

၁။ ဇာလန္ဓုပနိကုဋ္ဋ-သက်တင်ရေးနှင့်တူသော တောင်ထွတ်ရှိသော၊ ပဒေသ-အရပ်၌(နိဿယ)။

တော်ခတ်တို့ကို ကိုးကွယ်ပူဇော်လျက် အလှူပေးခြင်း သီလဆောက်တည်ခြင်း ကုသိုလ်ကောင်းမှုပြု၍ အသက်အတိုင်း နေပြီးလျှင် နတ်ရွာသုဂတိဘုံ၌ ဖြစ်လေသည်၊ များစွာသောလူတို့သည် ၃၃-ဆူသော ကျောက်စေတီတို့ကို ရှိခိုးပူဇော်သည်၊ နောက်ကာလရှည်မြင့်သဖြင့် လူသူအသွားအလာ ရှိခိုးပူဇော်ခြင်း အဆက်ပြတ်၍ ထို ၃၃-ဆူသော စေတီတို့ကို မသိကြကုန်ပြီ၊ တောချုံဖုံးအုပ်၍ ရှိလေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြု တော် မူ သည့် နောက် ၂၃၆-ခုနှစ်၌ရှင်သောဏ ဥတ္တရ မထေရ်နှစ်ဦးတို့လာရောက်၍ သီရိမာသောကမင်း[၁] အမှူးရှိသော များစွာသော လူအပေါင်းအား ဗြဟ္မဇာလသုတ်ကိုဟောရာတွင် သရဏဂုံပဥ္စသီ တည်ကြသည်၊ ခြောက်သောင်းသော သူတို့သည် မဂ်ဖိုလ်တရားကို ရကုန်သည်၊ ယောကျ်ားပျို ၃၅၀၀၀၊ မိမ္မပျို ၁၅၀၀-တို့လည်း ရဟန်းပြုကုန်သည်၊ ထိုအခါ သီရိမာသောကမင်းသည် သာသနာ၌ လွန်စွာကြည်ညိုခြင်းဖြစ်၍ ရှင်သောဏ ဥတ္တရ မထေရ်နှစ်ဦးတို့အား “အရှင်ဘုရားတို့တရားရတနာ သံဃာရတနာတို့ကို ကိုးကွယ်ရကုန်ပြီ၊

---

၁။ ယခင်သီရိမာသောကမင်းနှင့် အမည်တူသည်၊ တဦးတည်းမဟုတ်။

ဘုရားရတနာကို ထင်ရှားမကိုးကွယ်ရသေး၊ ကိုးကွယ်ရမည့် အကြောင်းကို လုံ့လပြုတော်မူပါ”ဟူ၍ တောင်းပန်သည်၊ မထေရ်နှစ်ဦးတို့လည်း အရှင်ဂဝံပတိ ဆောင်ယူလေသော ၃၃-ဆူသော သွားတော်ဓာတ်တို့၏ ရှေးသီရိမာသောက မင်းသည် ကျောက်စေတီတည်ထားသော အရပ်တို့ကို ပြကုန်သည်၊ သီရိမာသောကမင်းလည်း ၃၃-ဆူသော စေတီတို့မှ ထုတ်ယူခဲ့၍ တိုက်ကုလားမြို့ အရှေ့မြောက် ထောင့် မနီးမဝေးသောအရပ်၌ ရွှေတိုက် ၃၃-ဆူလုပ်၍ ထိုဘိုက်တို့၌ ၃၃-လုံးသော ရွှေဖျဉ်းတို့ကို နံ့သာမှုံ့တို့ဖြင့် ပြည့်စေ၍ ထိုရွှေဖျဉ်းတို့၌ ရွှေကြုပ် ၃၃-လုံးတို့ကို နံ့သာ မှုံ့တို့ဖြင့် ပြည့်စေပြီးလျှင် ၃၃-ဆူသော သွားတော်ဓာတ် တို့ကို ဌာပနာပြီးလျှင်“မြတ်စွာဘုရားသည် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့အား အစီးအပွါးတို့ဖြင့် ချစ်သနား တော်မူသည်၊ ဤဓာတ်တော်တို့သည် ဘုရားသခင်၏ ဓာတ်တော်စင်စစ် မှန်သည်ဖြစ်အံ့၊ ရွှေဖျဉ်းနှင့်တကွ ထိုထို သောအရပ်၌ သတ္တဝါတို့၏ စီးပွါးချမ်းသာအလို့ငှါ သာသနာတော် ကွယ်သည့်တိုင်အောင် တည်စေသတည်း” ဟူ၍ သီရိမာသောကမင်း ဆုတောင်းပဋ္ဌနာပြုသည်၊ ဆုတောင်းပဋ္ဌနာ ပြုသည်၏အခြားမဲ့၌ ၃၃-ဆူသော သွားတော်ဓာတ်တို့သည် ရွှေဖျဉ်း ၃၃-လုံးနှင့်တကွ ရွှေတိုက် ၃၃-တိုက်တို့မှ ကွယ်ခဲ့၍ ထိုထိုသောအရပ်၌ တည်လေကုန်သည်။

ထိုထိုသောအရပ်၌ ဓာတ်တော်တည်ကြောင်း ထိုအရပ်နေ လူတို့လျှောက်သဖြင့်၎င်း, မထေရ်နှစ်ဦးတို့(ပြော)ကြားသဖြင့်၎င်း, သိရိမာသောကမင်း သိလျှင် ထိုထိုသောအရပ်သို့ လူတို့ကိုစေလွှတ်၍ စေတီအိမ်ပြာသာဒ်လုပ်စေသည်၊ လူအပေါင်းတို့လည်း ရှိခိုးပူဇော်ကန်တော့ပြုကြသည်၊ နောက်သဒ္ဓါတရားနှင့် ပြည့်စုံသောမင်းတို့သည် စေတီအိမ်ပြာသာဒ်သည်မခိုင် ထာဝရ မဖြစ်လေဟူ၍ စေတီအိမ်ကိုဖျက်ပြီးလျှင် စေတီကိုထပ်၍ကြီးအောင်တည်သည်။

ဟံသာဝတီမြို့ အနောက်မြောက်ယွန်း၌ တည်သည့်ရွှေမော်ဓော[1]စေတီကိုလည်း သာသနာတော် ၁၈၉၂-သကြဇ် ၇၁၀-၌ ဆင်ဖြူရှင်မင်း ၈-ဦးတို့တွင် ၈-ဦးမြောက်သော ဓမ္မစေတျလောကနာထ အမည်ရှိသော ရာမာဓိပတိမင်းသည် ၃၅-နှစ်ပတ်လုံး မင်းပြုရာတွင် စေတီအိမ်ကိုပယ်၍ စေတီကိုကြီးအောင် ထပ်၍တည်ပြန်သည်၊ သကြဇ် ၇၄၅-ခုနှစ် ထိုမင့်သား သုတသောမမင်းသည်[2] ၃၈-နှစ်ပတ်လုံး မင်းပြုရာတွင် ခမည်းတော်ထပ်တည်သော စေတီ

၁။ မဓဝါ ဣတိ၊ မဓဝါစေတီဟူ၍။ ဝေါဟရန္တိ၊ ခေါ် ဝေါ်ကုန်၏။ (ဟံသာဝတီမြို့အနောက်မျက်နှာ ကလျာဏီသိမ်အနီးရှိ စေတီဟူ၏)(နိဿယ)။

၂။ ဟံသာဝတီပြည့်ရှင် ရာဇာဓိရာဇ်မင်းကို ဆိုလို၏။


သည် သေးငယ်သည်ဟူ၍ တဖန်ကြီးအောင် ထပ်တည် ပြန်သည်၊ သည်နောက် ဟံသာဝတီပြည်၌ မင်းငါးဆက် လွန်သော သာသနာတော် ၂၀၀၂၊ သကြာဇ် ၇၂၀-၌ သုတသောမမင်း သမီးတော် တြိဘုဝနာဒိတျမင်းမိဖုရား[၁] သည် သားတော် ရာမာဓိပတိတြိပရမမင်းနှင့် တိုင်ပင်၍ သီဟပမာဏအမည်ရှိသောအမတ်၊ ဗြာဟ္မဏအမည်ရှိသော လက်သမားဆရာကို စေလွှတ်၍ စေတီတော်ကို ထပ်၍ တည်စေသည်၊ ငါးနှစ်ကြာမှ သကြာဇ် ၇၂၄ - ခုတွင် ပြီးသည်။

ကလျာဏီ ကျောက်စာနှင့် ဆက်၍ပါရှိသော

**မဓဝါ ကျောက်စေတီ သမိုင်း ပြီး၏။**

---


၁။ ဘုရင်မကြီး ရှင်စောပုကို ဆိုလိုသည်။



ကလျာဏီ သိမ်တော်ကြီး အတွင်း၌ ၁၃၁၆-ခုနှစ်တွင်
ရေးဆွဲခဲ့သော ပန်းချီကားချပ်များသည်
ကလျာဏီ သမိုင်းကို ဤသို့ ပြောပြနေသည်။
( နောက်ဆက်တွဲ ပုံများကြည့် )




ဒဂုန်ကိုတိုက်ရန်လာသော-အဝဘုရင်သီဟသူအား-ဒဂုန်မြို့စားဗညားရန်က-နှမတော်-ရှင်စောပုကို ဆက်သနေပုံ




မိဖုယားကြီးရှင်စောပုသည်-ဓမ္မစေတီ-ဓမ္မပါလ-ရဟန်းတော်နှစ်ပါးနှင့်တိုင်ပင်၍-အဝမြို့မှ-ဒဂုန်မြို့သို့-လှေနှင့်စုံဆင်းလာပုံ



ရှင်စောပုကို-ဟံသာဝတီပဲခူးမြို့၌(သီရိတြိဘဝနာဒိတ္တပဝရ,အဂ္ဂမဟာဓမ္မရာဇာဓိရာဇာ,မဟာဒေဝီ)ကောရီဘုရင်မကြီးအဖြစ်ဘိသိက်ခံပုံ



ဓကာရီဘုရင်မကြီးကိုယ်တိုင်·သမက်တော်·ဓမ္မစေတီကို(ရာမာဓိပတိ)အမည်နှင့်·ဘိသိက်သွန်းလောင်း၍-ထီးနန်းလွှဲအပ်ပေးပုံ




ဓမ္မစေတီမင်းကြားကြီးသည်-သိမ်များကိုသံသယဖြစ်၍-မထေရ်များအားသီဟိုဠ်ကျွန်း၌-ပဉ္စင်းခံ၍-ယံသာဝတီပဲခူးပြန်ရောလျှင်သိမ်သမုတ်ရန်[illegible]ထားပုံ



မင်းကြီးလျှောက်ထားချက်အရ·မောဂ္ဂလာန်မထေရ်·မဟာသီဝလိမထေရ်အမှူးရှိသော·သံဃာ·၄၄·ပါးတို့·သီဟိုဠ်သွားရန်သင်္ဘောဒါပ်ဆင်းပုံ



ရာမညတိုင်းသားမထေရ်များ သီဟိုဠ်ကျွန်းသို့ရောက်ရာ သီဟိုဠ်ဘုရင် (ဘုဝနေကမင်း) က ဖူးမျှော်ကန်တော့၍ စွယ်တော်ကိုဖူးစေပုံ။



သီဟိုဠ်မထေရ် ၂၄ ပါးတို့သည် ရာမညတိုင်းသားမထေရ် ၄၄ ပါးကို သိက္ခာဟောင်းချ၍ သာမဏေဖြစ်ပြီးမှ တဖန်ပဉ္စင်းသစ်ခံပေးနေပုံ။




သီဟိုဠ်မြို့ပြည်ရှင် ဘုဝနေကမင်းက ပဉ္စင်းအသစ်တို့အား တံဆိပ်တော်များကပ်လှူ၍ မြန်မာပြည်ပြန်ရန် သင်္ဘောဆိပ်ဆင်းလာပုံ -



ဓမ္မစေတီမင်းကြီးသည် သီဟိုဠ်မှ ပြန်ရောက်လာသော မထေရ် ၂၂ ပါး ကြိုဆိုပွဲနှင့် ဒဂုံဆံတော်ရှင်ဘုရားသို့ ခေါင်းလောင်းကြီး လှူပုံ




သီဟိုဠ်ပြန် မထေရ်မြတ်တို့အား ဟံသာဝတီပဲခူးမြစ်ဆိပ်မှ ဓမ္မစေတီမင်းကြီးက နန်းတော်သို့ ပင့်လာပုံ




နန်းဆောင်ရောက်ရှိ ဓမ္မစေတီမင်းကြီးအား သီဟိုဠ်မင်း ပေးလှူလိုက်သော စွယ်တော် [illegible] အပ်နှင်း [illegible]



ဓမ္မစေတီမင်းကြီးသည်၊ နရသူခေါ် အမတ်ကြီး၏ ရွာငယ်ကို၊ သိမ်သမုတ်ရန်၊ နေရာရွေးချယ် ညွှန်ပြနေပုံ။



သက္ကရာဇ်၊ ၈၃၈၊ ခု၊ နတ်တော်လဆန်း၊ ၈၊ ရက်၊ တနင်္ဂနွေနေ့ သိမ်သမုတ်ပြီး၍၊ အောင်စည်အောင်မောင်းတီးပြီး၊ အောင်မြင်ကြောင်း ကြွေးကြော်နေပုံ



ကလျာဏီ သိမ်တော်ကြီး အောင်မြင်၍ ဓမ္မစေတီမင်းကြီးနှင့်၊ အမတ်ကြီး၊ မထေရ်ကြီးများ၊ ကျောက်တိုင်စိုက်ထူနေကြပုံ



ဓမ္မစေတီမင်းကြီး·က ကလျာဏီသိမ်တော်ကြီး·အမိုး·တွင်·ရဟန်းခံကြသော·သံဃာတော်များအား·ကြည်ညိုနေပုံ ။

**ပိဋကတ်ပြုဟာမှ-မှတ်တမ်းတင်ပါသည်**

ဤ ကလျာဏီ ကျောက်စာ မြန်မာပြန် စာအုပ်အတွင်းရှိ
ကလျာဏီဆိုင်ရာ ဓာတ်ပုံများကို ၁၃၃၇-ခုနှစ် ပြာသိုလဆန်း
၆-ရက် စနေနေ့ (၂၅-၁၂-၇၆) တွင်
ပဲခူးမြို့သို့ သွားရောက်၍ ပိဋကတ်ပြုဟာ အဖွဲ့မှ-မှတ်တမ်းတင်
ရိုက်ကူးပါသည်။

**ပိဋကတ်ပြုဟာအဖွဲ့**

# ပိဋကနိဒါန်း နှင့်
# ပိဋကဗျူဟာနိဒါန်း
## ကိုယ်စားတော်အပ်နှင်းခြင်း

"ယော ခေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ" (မဟာပရိနိဗ္ဗာနသုတ်)။

"အာနန္ဒ၊ ချစ်သားအာနန္ဒာ။ မယာ၊ ငါဘုရားကိုယ်တော်မြတ်သည်။ ယော ဓမ္မောစ၊ အကြင်သုတ် အဘိဓမ္မာ(တရား)ကိုလည်း။ ဒေသိတော၊ သင်တို့အတွက် ဟောတော်မူအပ်ခဲ့ပြီ။ ယော ဝိနယောစ၊ အကြင်ဝိနည်း ဥပဒေသကိုလည်း။ ပညတ္တော၊ သင်တို့အတွက်ပညတ်တော်မူအပ်ခဲ့ပြီ။ သော၊ ထိုငါဘုရား လေးဆယ့်ငါးဝါ ကာလပတ်လုံး ဟောကြား ပညတ်တော်မူခဲ့သော သုတ် အဘိဓမ္မာ ဝိနည်းဟု ဆိုအပ်သော ပရိယတ္တိသဒ္ဓမ္မသည်။ မမစ္စယေန၊ ငါဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူသောအခါ၌။ ဝေါ၊ သင်ချစ်သားတို့၏။ သတ္ထာ၊ သက်တော်ထင်ရှား ငါဘုရား၏ကိုယ်တော်စားဆုံးမညွှန်ကြားမည့် ဆရာဘုရား (ဓမ္မက္ခန္ဓာဘုရား-ပရိယတ်ဘုရား-ပိဋကတ်ဘုရား)သည်။ ဘဝိဿတိ၊ မချွတ်ကေန် ဖြစ်လိမ့်လတ္တံ့"။

သုံးလူ့သခင် ဘုရားရှင်သည် သုတ်, အဘိဓမ္မာ, ဝိနည်းဟု ဆိုအပ်သော ဓမ္မက္ခန္ဓာတို့ကို ဟောကြား ပညတ်နိုင်စွမ်းရှိသည့် သဗ္ဗညုတဉာဏ်တော်ကြီးကို လိုလားတောင့်တတော်မူသည်ဖြစ်၍ လေးသင်္ချေနှင့် ကမ္ဘာတသိန်းတို့ ကာလပတ်လုံး

ပါရမီဆယ်ပါး, အပြားသုံးဆယ်, စွန့်ခြင်းကြီးငါးပါး, စရိယာ သုံးပါးတို့ကို ကြိုးစားဖြည့်ကျင့်တော်မူခဲ့ရာ မဟာသက္ကရာဇ် ၁၀၃-ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် လိုလားတောင့်တတော် မူခဲ့သည့် သဗ္ဗညုတ ဉာဏ်တော်မြတ်ကြီးကို ဗောဓိပင်နှင့် ရွှေ ပလ္လင်တွင် လက်ဝယ်ပိုင်ပိုင် ရရှိတော်မူခဲ့သဖြင့် ရည်ရွယ်တော်မူ ခဲ့သည့်အတိုင်း သတ္တဝါဝေနေယျတို့ သံသရာဝဋ်ဆင်းရဲမှ ကင်း လွတ်ကြပါစေရန် လမ်းညွှန်နည်းပြ ဩဝါဒဖြစ်တော်မူသည့် သုတ်, အဘိဓမ္မာ, ဝိနည်းတရားတို့ကို လေးဆယ့်ငါးဝါတို့ ကာလပတ်လုံး ဟောကြား ပညတ်တော်မူခဲ့ပြီး မဟာသက္က ရာဇ် ၁၄၈-ခု ကဆုန်လပြည့် အင်္ဂါနေ့ (ပရိနိဗ္ဗာန် စံလွန် တော်မူမည့်ဆဲဆဲ) တွင် ကိုယ်တော်မြတ် ပရိနိဗ္ဗာန် စံလွန် တော်မူသဖြင့် ဆရာဘုရား မရှိပြီဟု၍ အားငယ်နေရှာကြ မည့် သတ္တဝါဝေနေယျများအတွက် အားမငယ်ကြစေရန် ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာဘုရား, ပရိယတ် ဘုရား, ပိဋကတ်ဘုရားတို့ကို ကိုယ်စားမိန့်မှတ်၍ ဗျာဒိတ်တော် ခတ်ခဲ့ပါသည်။

## ပိဋက နိဒါန်း

သဗ္ဗညုတ ဉာဏ်တော်ကြီးဖြင့် လေးဆယ့်ငါးဝါတို့ ကာလ ပတ်လုံး ဟောကြား ပညတ်တော်မူခဲ့သည့် သုတ်, အဘိ ဓမ္မာ, ဝိနည်းတရားတို့ကို အရှင်သာရိပုတြာ, အရှင်မောဂ္ဂ- လ္လာန်, အရှင်မဟာကဿပ, အရှင်ဥပါလိ, အရှင်အနုရုဒ္ဓါ, အရှင်အာနန္ဒာစသော ထိပ်ခေါင်တင် မထေရ်ကျော်ကြီးတို့ သည် မြတ်စွာဘုရားထံတော်မှ ကြားနာခြင်း, သင်ယူခြင်းတို့ဖြင့် ၎င်း၊ မရှင်းလင်းသည့် အချက်အလက်တို့ကို မေးမြန်းခြင်း

ဆွေးနွေးခြင်းတို့ဖြင့်ရင်း ကိုယ်တိုင်ကိုယ်ကျ စနစ်တကျ သင်ယူမှတ်သား ဆောင်ယူတော်မူခဲ့ကြပါသည်၊ အာစရိယ ပရမ္ပရ သိဿာနုသိဿ ဟုဆိုအပ်သော ဆရာစဉ်ဆက်၊ တပည့်စဉ်ဆက်တို့ကိုလည်း (မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကပင်လျှင်) မပျက်မကွက် အစဉ်အဆက် ဆင့်ပွါးပို့ချ သင်ယူစေတော်မူခဲ့ကြပါသည်၊ ထိုပို့ချ သင်ယူသမျှအားလုံးတို့ကိုလည်း မြတ်စွာဘုရားထံ တင်ပြလျှောက်ထား၍ အတည်ပြုချက် ရယူတော်မူခဲ့ကြပါသည်၊ ထို့ကြောင့် ပဉ္စမသံဂါယနာတွင် အရှင်မဟာကဿပမထေရ်၏ စိစစ်မေးမြန်းချက်တို့ကို အရှင်ဥပါလိနှင့် အရှင်အာနန္ဒာမထေရ်တို့က "ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။ ဝေါ၊ ဤသို့။ သုတံ၊ ကြားနာလိုက်ရပါ၏။ ဥပလက္ခိတံ၊ မှတ်သားလိုက်ရပါ၏။ ဥပဓာရိတံ၊ ဆောင်ထားလိုက်ရပါ၏" ဟူ၍ ရဲဝံ့ပြတ်သားစွာ လျှောက်ထား ဖြေကြားနိုင်ခဲ့ကြခြင်း ဖြစ်ပါသည်။

သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတရားတို့ကို မြတ်စွာဘုရား ဟောကြား ပညတ်တော်မူရာတွင် အဘိဓမ္မာတရားကိုသာ ဒေသနက္ကမ (ဟောစဉ်) အဖြစ် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းဟူ၍ အစဉ်အတိုင်း ဟောတော်မူခဲ့သော်လည်း သုတ်တရားနှင့် ဝိနည်းတရားတို့ကိုမူ ပုဂ္ဂိုလ်၏ အဇ္ဈာသယနှင့် ဖြစ်ပေါ်လာသော လွန်ကျူးမှုအားလျော်စွာသာ အခြေအနေပေါ်မူတည်၍ ဟောကြားပညတ်တော် မူခဲ့ပါသည်၊ ဆိုလိုသည်မှာ သုတ်တရားနှင့် ဝိနည်းတရားတို့ကို ယခုကျမ်းစာအုပ်များတွင် မြင်တွေ့သင်ကြားနေရသော အစဉ်အတိုင်း ဟောကြား

ပညတ်တော်မူခဲ့သည် မဟုတ်ပဲ ဒေသနာတော်တို့ကို တရားနာပုဂ္ဂိုလ်၏ အလိုဆန္ဒစရိုက်နှင့် ကိုက်ညီအောင်, ဝိနည်းပညတ်ချက်တို့ကို ဖြစ်ပေါ်လာသော ကျူးလွန်မှုနှင့် သင့်လျော်အောင်သာ အခြေအနေပေါ်မူတည်၍ ဟောကြား ပညတ်ခဲ့သည်ဟု ဆိုလိုပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် ၃-လ စေ့မြောက်သော မဟာသက္ကရာဇ် ၁၄၈-ခု ဝါခေါင်လပြည့်ကျော် တရက်နေ့တွင် အရှင်မဟာကဿပ မထေရ်မြတ်ကြီး အမှူးရှိသောပဋိသမ္ဘိဒါပတ္တ ခီဏာသဝ ရဟန္တာ အရှင်မြတ်ကြီး ငါးရာတို့ ပဌမသံဂါယနာ တင်တော်မူကြရာတွင် ရှေးဦးစွာ ဝိနည်းတရားကို အစီအစဉ်ကျနအောင် စီစဉ်၍ သံဂါယနာတင် အတည်ပြုတော်မူကြပါသည်၊ ထို့နောက် သုတ္တန်တရားကို အစီအစဉ်ကျနအောင် စီစဉ်၍ သံဂါယနာတင် အတည်ပြုတော်မူကြပါသည်၊ ထို့နောက် အဘိဓမ္မာတရားကို အစီအစဉ် ကျနအောင် စီစဉ်၍ သံဂါယနာတင် အတည်ပြုတော်မူကြပါသည်၊ ဝိနည်းတရားတော် အစုကို "ဝိနယ ပိဋက" ဟူ၍၎င်း, သုတ္တန်တရားတော်အစုကို "သုတ္တန္တ ပိဋက" ဟူ၍၎င်း, အဘိဓမ္မာတရားတော် အစုကို "အဘိဓမ္မာ ပိဋက" ဟူ၍၎င်း အသီးသီး တသန့်စီခွဲခြား ဝေဘန်၍ စုပေါင်း သံဂါယနာတင် အတည်ပြုတော်မူကြပါသည်၊ ထိုပဌမသံဂါယနာမှစ၍ ဝိနယပိဋက, သုတ္တန္တပိဋက, အဘိဓမ္မာပိဋက ဟူ၍၎င်း, ထိုပိဋကသုံးမျိုးကိုပင် ပေါင်းစု၍ "တိပိဋက (ပိဋက သုံးပုံ)" ဟူ၍၎င်း သတ်မှတ်ခေါ်တွင် ထင်ရှားခဲ့ပါသည်။

အချုပ်ဆိုရပါသော် ဝိနည်း, သုတ်, အဘိဓမ္မာဟုဆိုအပ်သော ဓမ္မက္ခန္ဓာ-(တရားတော် အစုအပေါင်း) တို့ကို မြတ်စွာဘုရား ဟောကြား ပညတ်တော်မူခဲ့ပါသည်၊ ထိုဓမ္မက္ခန္ဓာတို့ကို ရဟန္တာအရှင်မြတ်ကြီးတို့ ကိုယ်တော်တိုင် မြတ်စွာဘုရား ထံတော်မှ နာယူသင်ကြား မှတ်သားဆောင်ယူ၍ အစဉ်အဆက် သင်ကြားပို့ချ ဆောင်ယူတော် မူခဲ့ကြပါသည်။

မြတ်စွာဘုရား လွန်တော်မူသောအခါ ကိုယ်စားတော်ထားခဲ့သော ဓမ္မက္ခန္ဓာတို့ကို ပဌမ သံဂါယနာတင်၍ အတည်ပြုတော်မူကြပြီး သင်ကြားမှတ်သား ဆောင်ယူရာ၌ အစီအစဉ်ကျနစ်၍ လွယ်ကူစေရန် ဝိနယပိဋက,သုတ္တန္တပိဋက, အဘိဓမ္မာပိဋကဟူ၍ ၃-မျိုး ၃-ပိုင်း ၃-ပုံ ခွဲဝေကာ သတ်မှတ်အတည်ပြုတော်မူခဲ့ကြပါသည်၊ ဤသည်လျှင် **ပိဋကနိဒါန်း** (ပိဋက သုံးပုံ ဖြစ်ပေါ်လာပုံအကြောင်း) အကျဉ်းချုပ် ဖြစ်ပါသည်။

## နိကာယ နိဒါန်း

နိကာယ–နိကာယ်ဟူသည် "အပေါင်းအစု" ဟု အဓိပ္ပါယ်ရပါသည်၊ အရှင်မဟာကဿပအမှူးရှိသော ပဌမသံဂါယနာတင် မထေရ်ကြီးတို့သည် ဗုဒ္ဓပါဝစန ဟု ဆိုအပ်သော မြတ်စွာဘုရား နှုတ်တော်ထွက် တရားဓမ္မစက်တို့ကို ပိဋက သုံးပုံအဖြစ် သုံးမျိုးသုံးပိုင်းခွဲခြား သတ်မှတ်ပြီးသောအခါ များပြားလှစွာသော သုတ္တန္တပိဋကကြီးကို အာစရိယ ပရမ္ပရ သိဿာနုသိဿတို့ သင်ကြားပို့ချ ဆောင်ယူရာ၌ အခက်အခဲတွေ့ကြမည်ကို မြော်မြင်တော်မူမိကြသဖြင့် များပြားလှစွာသော

သုတ္တန္တပိဋကကို အဓိကထား၍ နိကာယ် ငါးတန်အားဖြင့် အောက်ပါအတိုင်း ထပ်မံ၍ ခွဲခြားဝေဘန် ပေးတော်မူကြပြန်ပါသည်။

(၁) ဗြဟ္မဇာလသုတ် စသော ရှည်လျားသော သုတ်တော်ကြီး ၃၄-သုတ် အစု အပေါင်းကို ဒီဃနိကာယ (ဒီဃနိကာယ်)ဟူ၍၎င်း၊

(၂) မူလပရိယာယသုတ် စသော မတိုမရှည်သုတ်တော်ပေါင်း ၁၅၂-သုတ် အစုအပေါင်းကို မဇ္ဈိမနိကာယ (မဇ္ဈိမနိကာယ်)ဟူ၍၎င်း၊

(၃) ဩဃတရဏသုတ်စသော (ပုဂ္ဂိုလ်အားဖြင့်၎င်း, တရားအားဖြင့်၎င်း သဘောတူသည့်)သုတ်တော်ပေါင်း ၇၇၆၂-သုတ် အစုအပေါင်းကို သံယုတ္တနိကာယ (သံယုတ္တနိကာယ်)ဟူ၍၎င်း၊

(၄) စိတ္တပရိယာဒါနသုတ် စသော အင်္ဂါတပါးလွန်သုတ်တော်ပေါင်း ၉၅၅၇-သုတ် အစုအပေါင်းကို အင်္ဂုတ္တရနိကာယ (အင်္ဂုတ္တရနိကာယ်) ဟူ၍၎င်း၊

(၅) နိကာယ်လေးရပ်မှ ကြွင်းကျန်သည့် သုတ်တော်များနှင့် ဝိနယပိဋက အဘိဓမ္မာပိဋကတို့ကို တစုတည်း စုပေါင်း၍ ခုဒ္ဒကနိကာယ(ခုဒ္ဒကနိကာယ်) ဟူ၍၎င်း၊

အသီးသီး ခွဲဝေသတ်မှတ် ပေးတော်မူခဲ့ကြပါသည်။ ပဥ္စမ သံဂါယနာတင် မထေရ်မြတ်ကြီးတို့၏ ပိဋကသုံးပုံ နိကာယ်ငါးတန် ခွဲခြား ဝေဘန် သတ်မှတ်ပေးခဲ့မှု ကျေးဇူး

တော်ကြောင့် သာသနာ့ဝင် ဆရာစဉ်ဆက်, တပည့်စဉ်ဆက်တို့ သက်သာလွယ်ကူမှု ရခဲ့ကြပါသည်၊ မထေရ်မြတ်ကြီးတို့၏ ကျေးဇူးတော်ကား ကြီးမားလှပါပေစွ၊ ဤသည်လျှင် နိကာယ နိဒါန်း(နိကာယ်ငါးတန် ဖြစ်ပေါ်လာပုံ အကြောင်း) အကျဉ်းချုပ် ဖြစ်ပါသည်။

## အဋ္ဌကထာ နိဒါန်း

အရှင်မဟာကဿပ အမှူးရှိသော ပဌမသံဂါယနာတင် မထေရ်မြတ်ကြီးတို့သည် နောင်သာသနာ့ဝင် အစဉ်အဆက်တို့ မြတ်စွာဘုရား တရားတော်တို့ကို သင်ကြားပို့ချဆောင်ယူကြရာ၌ အလွယ်တကူသင်ယူပို့ချ ဆောင်ယူ နိုင်ကြရေးအတွက် ဝိမုတ္တိရသတပါးအားဖြင့်၎င်း, မြေ့ ဝိနယ နှစ်ပါးအားဖြင့်၎င်း, ပိဋကသုံးသွယ်အားဖြင့်၎င်း, နိကာယ် ငါးရပ်အားဖြင့်၎င်း, ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် အားဖြင့်၎င်း အမျိုးမျိုး ခွဲဝေသတ်မှတ်ကာ စာပေကျမ်းဂန် ပြုစုနည်း အမျိုးမျိုးတို့ကို လမ်းညွှန်ချက် ပြုတော်မူခဲ့ကြပါသည်၊ ယင်းသို့ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောမြွက်ခဲ့သည့် ပိဋကသုံးပုံ, နိကာယ် ငါးရပ်တို့ကို "ပါဠိတော်" (တရားစဉ်) ဟူ၍၎င်း, ထိုမူလပါဠိတော်၏ အနက်အဓိပ္ပါယ် စသည်တို့ကို အကျယ်ဟောပြ ဖွင့်ပြ ရှင်းလင်းပြချက်တို့ကို "အတ္ထကထာ" (အကျယ်ရှင်းလင်းချက်များ) ဟူ၍၎င်း ပိဋက သမိုင်းတွင် ပညတ်တင်ခဲ့ကြပါသည်၊ "အတ္ထ-မူလ ပါဠိတော်၏ အနက်အဓိပ္ပါယ်စသည်ကို၊ ကထာ- အကျယ်ဖွင့်ဆို ရှင်းလင်းချက်များ" ဟု အဓိပ္ပါယ်ရပါသည်၊ နောင်သောအခါ အက္ခရာ ရေးထုံးပြောင်း၍ အတ္ထကထာကို "အဋ္ဌကထာ"ဟု အစဉ်

အသက် ရေးထိုးပြုခဲ့ကြပါသည်၊ အမိပ္ပါယ်မှာမူ အတူတူပင် ဖြစ်ပါသည်။

မြတ်စွာဘုရား သခင်သည် ဓမ္မစက္ကပဝတ္တနသုတ် ခေါ်သော ဓမ္မစကြာတရားကို မဟာသက္ကရာဇ် ၁၀၃-ခု ဝါဆိုလပြည့်နေ့တွင် ဟောကြားတော်မူရာ အရှင်ကောဏ္ဍညမထေရ် သစ္စာသိမြင်၍ မဂ်ဖိုလ်ဝင်ခဲ့ပါသည်၊ လပြည့်ကျော် တရက်နေ့တွင် အရှင်ဝပ္ပအားရှင်း၊ နှစ်ရက်နေ့တွင် အရှင်ဘဒ္ဒိယအားရှင်း၊ သုံးရက်နေ့တွင် အရှင်မဟာနာမ်အားရှင်း၊ လေးရက်နေ့တွင် အရှင်အဿဇိအားရှင်း ဤဓမ္မစကြာ သုတ်တော်ကိုပင် နားလည် သဘောပေါက်အောင် ထပ်မံရှင်းလင်းပြ၍ သစ္စာသိမြင် မဂ်ဖိုလ်ဝင်စေခဲ့ပါသည်၊ ဤသို့ ဓမ္မစကြာ သုတ်တော်ကို တပါးစီ သင်ယူကျင့်ကြံစေရာ၌ (မျက်မှောက်ခေတ် ပရိတ်ရွတ်သကဲ့သို့) ဤသုတ်ကိုချည်း ထပ်ကာထပ်ကာ ရွတ်ပြနေတော်မူခဲ့သည် မဟုတ်ပါ၊ သုတ်တော်ပါ မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါး စသည်တို့ကို နားလည်သဘောပေါက်အောင် အမျိုးမျိုး ထပ်ဆင့်ရှင်းလင်း၍ အကျယ်ဟောပြပေးခြင်း ဖြစ်ပါသည်၊ မူလပဌမစတင်ဟောကြားသော တရားကို "ပါဠိတော်"ဟု ခေါ်ပြီး အကျယ်တဝင့်ထပ်ဆင့်ရှင်းလင်း ဟောပြချက်များကို "အဋ္ဌကထာ"ဟု ခေါ်ပါသည်။

ဓမ္မဘဏ္ဍာဂါရိက အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရား ဟောကြားတော်မူသော မူလတရားတော်(ပါဠိတော်)တို့တွင် မရှင်းလင်းသည့် အချက်များ၊ မထင်ရှားသည့် အချက်များကို ရှင်းလင်းသည်ထက် ရှင်းလင်းအောင်၊ ထင်ရှားသည် ထက်ထင်ရှားအောင် မြတ်စွာဘုရားထံ မကွယ်မဝှက် လျှောက်

ထားမေးမြန်း ခဲ့ပါသည်၊ ဤသို့ လျှောက်ထားခွင့်ကိုလည်း ဆုတပါးအနေဖြင့် ကြိုတင်၍ ပန်ကြားခဲ့ပါသည်၊ ယင်းသို့ အရှင်အာနန္ဒာစသော ပုဂ္ဂိုလ်တို့အား ထပ်ဆင့် ရှင်းလင်း ဟောပြချက်တို့သည် "မြတ်စွာဘုရားဟော အဋ္ဌကထာ"တို့ ပင် ဖြစ်ပါသည်၊ ထိုနည်းတူ ရဟန္တာအရှင်မြတ်ကြီးတို့ အစဉ် အဆက် မူလတရားတော် (ပါဠိတော်)တို့ကို သင်ယူ ပို့ချကြ ရာ၌လည်း နားလည် လွယ်ကူအောင် အကျယ်တဝင့်ထပ်ဆင့် ရှင်းလင်း ပေးတော်မူကြပါသည်၊ ရဟန္တာ အရှင်မြတ်ကြီးတို့ အကျယ်ရှင်းလင်း ဟောပြချက်တို့သည် "ရဟန္တာဟော အဋ္ဌ ကထာ"တို့ပင် ဖြစ်ပါသည်၊ ယင်းဘုရားဟော အဋ္ဌကထာ များနှင့် ရဟန္တာဟော အဋ္ဌကထာများကို ပဌမသံဂါယနာ တင်စဉ်ကပင်လျှင် "ပကိဏ္ဏကဒေသနာ" (အထွေထွေတရား တော်)ဟူသော အမည်ဖြင့် သီးသီးသန့်သန့် သံဂါယနာတင်၍ အတည်ပြုတော်မူခဲ့ကြပါသည်။

ဤသို့ဖြင့် အရှင်မဟာကဿပ အမှူးရှိသော ဆဋ္ဌာဘိည ပဋိသမ္ဘိဒါပတ္တ ရဟန္တာအရှင်မြတ်ကြီး ငါးရာတို့သည် မြတ်စွာ ဘုရား ဟောကြားတော်မူခဲ့သည့် မူလပါဠိတော်တို့ကို ပိဋကသုံးပုံ, နိကာယ်ငါးတန်ခွဲဝေဘန်၍၎င်း,ထိုပိဋကသုံးပုံ နိကာယ် ငါးတန်တို့၏ အကျယ် ရှင်းလင်းဖွင့်ပြရာ ဒေသနာတော်တို့ကို "ပကိဏ္ဏကဒေသနာ"အမည်ဖြင့် သီးသန့်ပြု၍၎င်း သံဂါယနာ တင် အတည်ပြုတော်မူကြပြီးနောက် ပြီးပြီးပျောက်ပျောက် မဖြစ်စေပဲ အရှင်မဟာကဿပ ကိုယ်တော်တိုင် ဦးစီး တာဝန် ယူခဲ့ဝေ၍ နိကာယ်ငါးတန်ကို ဆရာစဉ်ဆက်, တပည့်စဉ်ဆက်

တို့ကို သင်ကြားပို့ချ ဆောင်ယူတော်မူစေခဲ့ရာ သာသနာ တော်နှစ် ၁၀၀-ပြည့်တွင် အရှင်မဟာယသမထေရ်အမှူးရှိ သော ရဟန္တာအရှင်မြတ်ကြီး ၇၀၀-တို့သည်ရင်း, သာသနာ တော်နှစ် ၂၃၅-ခုတွင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးရှိသော ရဟန္တာအရှင်မြတ်ကြီး ၁၀၀၀-တို့သည်ရင်း အရှင်မဟာကဿပမထေရ်မြတ် ချမှတ်ပေးသွားတော်မူသော သံဂါယနာ နည်းညွှန်ချက်များအတိုင်း တသွေမတိမ်းလိုက်နာ နည်းယူ၍ ဒုတိယ သံဂါယနာနှင့် တတိယ သံဂါယနာတို့ကို ညီညွတ်စွာ တင်တော်မူကြပြီး ပိဋကသုံးပုံ, နိကာယ်ငါးတန် နှင့် ပကိဏ္ဏကဒေသနာတော်တို့ကို ထပ်မံအတည်ပြု မှတ်တမ်း တင်တော်မူကြပါသည်၊ ဆရာစဉ်ဆက်, တပည့်စဉ်ဆက်တို့ကို လည်း ဆက်လက်၍ သင်ကြားပို့ချ ဆောင်ယူစေခြင်းဖြင့် သာသနာတော်ကို အရှည်တည်တန့်အောင် ကြိုးပမ်းတော်မူ ခဲ့ကြပါသည်။

ပဌမ သံဂါယနာ, ဒုတိယ သံဂါယနာနှင့် တတိယသံဂါ- ယနာတို့ကို သတိပညာနှင့် အတူးကိုးလုံ ပြည့်စုံတော်မူကြကုန် သော ရဟန္တာအရှင်မြတ်ကြီးတို့သည် "မုခါရုဠ္ဍသံဂါယနာ" (နှုတ်ထက်သံဂါယနာ, အာဂုံသံဂါယနာ) ပြုတော်မူခဲ့ကြပါ သည်၊ ဤသံဂါယနာ သုံးတန်တွင် အဌကထာဟုခေါ်သော ပကိဏ္ဏက ဒေသနာတော်တို့ကို မူလပါဠိတော်များနှင့်အတူ သံဂါယနာတင်၍ အတည်ပြုခဲ့ကြောင်းကို သံဂါယနာသမိုင်း များတွင် မှတ်တမ်းတင်တော်မူခဲ့ကြပါသည်။

ယင်းသို့ တတိယသံဂါယနာ တင်တော်မူကြပြီးနောက် ကိုးတိုင်း ကိုးဌာန သာသနာပြုကြွရာတွင် ရဟန္တာအရှင်

မဟိန္ဒမထေရ်သည် အဋ္ဌကထာနှင့်တကွသော ပိဋကတော်တို့ကို နှုတ်ဖြင့်ဆောင်ယူ၍ သီဟိုဠ်ကျွန်းတွင် သာသနာပြုတော်မူပါသည်၊ မြတ်စွာဘုရားနှင့် ရဟန္တာ အရှင်မြတ်ကြီးတို့သည် မူလဘာသာဟု ခေါ်ဆိုအပ်သော မဂဓဘာသာကိုသာ အသုံးပြုတော်မူကြသဖြင့် သီဟိုဠ်ကျွန်းသားတို့သည် ဘာသာခြားဖြစ်နေသည့် မဂဓဘာသာကို သင်ယူမှတ်သားရာ၌ အခက်အခဲရှိလာသည်ကို သတိပြုမိတော်မူသဖြင့် အရှင်မဟိန္ဒမထေရ်သည် ပိဋကသုံးပုံနှင့် အဋ္ဌကထာတို့ကို သီဟိုဠ်ဘာသာသို့ ဘာသာပြန်၍ သင်ကြားပို့ချ ဆောင်ယူစေပါသည်၊ ဤသည်လျှင် ပိဋကဘာသာပြန် အဦးအစ, ပေါတ္ထကာရုဠှ-ပေထက်တင် အဦးအစဟု သမိုင်းတင်ရန် ဖြစ်ပါသည်။

အရှင်မဟိန္ဒမထေရ်၏ကျေးဇူးတော်ကြောင့် သီဟိုဠ်ကျွန်းတွင် သာသနာ အစဉ်အဆက် ကြီးမားစွာ ထွန်းကားခဲ့လေရာ ပဋိပတ် (ကျင့်စဉ်) တွင် စံတင်ဦးခိုက်ရသည့် ရဟန္တာမထေရ်မြတ်ကြီးများနှင့် ပရိယတ်(သင်စဉ်)တွင် စံတင်ဦးခိုက်ရသည့် ဂန္ထကာရက ကျမ်းပြုမထေရ်ကြီးများ သာသနာတော်သမိုင်းတွင် အထူးထင်ရှား ပေါ်ထွန်းခဲ့ပါသည်၊ ဤသို့ဖြင့် သီဟိုဠ်ကျွန်းတွင် ဝဋ္ဋဂါမဏိမင်းလက်ထက်သို့ ရောက်ခဲ့ပါသည်၊ ထိုမင်းလက်ထက်တွင် ဗြာဟ္မဏတိဿသူပုန်ဘေးကြီး (ပြည်တွင်းစစ်ကြီး) ၁၂-နှစ်တိုင်တိုင် ဖြစ်ပွါးခဲ့၍ တိုင်းပြည်ဖရိုဖရဲဖြစ်ကာ တိုင်းသားပြည်သူ ရဟန်းရှင်လူတို့ စစ်ဘေးကိုရှောင်တိမ်းကြရသဖြင့် အကွဲကွဲ အပြားပြား ဖြစ်ကုန်ကြပါသည်။

ထိုတွင် သံဃာတော်အချို့တို့ အိန္ဒိယတောင်ပိုင်းသို့ တိမ်းရှောင်တော်မူကြ၍ ပိဋကတော်တို့ကို ထိန်းသိမ်းစောင့်ရှောက်တော်မူကြပြီး သီဟိုဠ်ကျွန်းတွင် ကျန်ခဲ့သည့် သံဃာတော်များက စစ်ဒဏ်ကိုအလူးအလဲခံရင်း အာဟာရပြတ်၍ မတ်တတ်မှ လဲသည့်တိုင်အောင် သဲသောင်ပြင်များတွင် ခေါင်းချင်းဆိုင် အလျားမှောက်၍ ပိဋကတော်တို့ကို အသက်နှင့်လဲ၍ စောင့်ရှောက် ထိန်းသိမ်းတော် မူခဲ့ကြပါသည်၊ ပြည်တွင်းစစ်အေးငြိမ်းသွားသောအခါ အိန္ဒိယ တောင်ပိုင်းမှ သံဃာတော်များ သီဟိုဠ်ကျွန်းသို့ ပြန်ကြွတော်မူကြပြီး သီဟိုဠ်တွင် ကျန်ခဲ့သည့် သံဃာတော်များနှင့် မလယ ဇနပုဒ်အနီးရှိ အာလောကလိုဏ်တွင် ပိဋကတော် ညှိနှိုင်းပွဲကြီးကို ဆောင်ရွက်တော်မူကြရာ ဂင်္ဂါမြစ်ရေနှင့် ယမုနာမြစ်ရေကဲ့သို့ မကွဲမပြား တသားတည်း ညီညွတ်နေသည်ကို ဝမ်းမြောက်ဂုဏ်ယူ ကြည်ညိုဘွယ်ရာ မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

ရဟန္တာအရှင်မြတ်ကြီးတို့သည် အနာဂတ် သာသနာတော်အတွက် စိုးရိမ်ဘွယ်ရာ ဤအတွေ့အကြုံ, ဤအခြေအနေကို ဆင်ခြင်သုံးသပ်တော်မူကြပြီး သာသနာနှစ် ၄၅၀-တွင် သီဟိုဠ်ကျွန်း မလယဇနပုဒ်အနီးရှိ အာလောကလိုဏ်တွင် ပြည်သူတို့၏ အကူအညီဖြင့် သံဂါယနာသုံးတန်တင်ခဲ့သည့် ပိဋကသုံးပုံ, နိကာယ်ငါးတန်နှင့် ပကိဏ္ဏကဒေသနာ (အဋ္ဌကထာ)များကို ပေါတ္ထကာရုဠ-ပေထက်တင်၍ တညီတညွတ်တည်း သံဂါယနာတင် အတည်ပြုတော်မူကြပါသည်၊ ဤ ပေါတ္ထကာရုဠ-ပေထက်တင် သံဂါယနာကို "စတုတ္ထသံဂါယနာ"ဟု သမိုင်းတင်ခဲ့ကြပါသည်၊ ဆက်လက်၍ သီဟိုဠ်ကျွန်းတွင် သာသနာ

တော် ပြန်လည်ထွန်းကားခဲ့ပြန်ရာ သီဟိုဠ်ကျမ်းဂန်တတ် မထေရ်ကျော်ကြီးတို့သည် ဘုရား,ရဟန္တာဟော မူလပကိဏ္ဏက ဒေသနာတော်များကို နည်းမှီစံထား၍ သီဟိုဠ်ကျွန်းသားတို့နှင့် သင့်လျော်မည့် သီဟိုဠ် အဋ္ဌကထာသစ်များကို စုပေါင်း ရေးသား ပြုစုတော်မူကြပါသည်၊ ထို သီဟိုဠ်ခေတ်မှစ၍ ပကိဏ္ဏကဒေသနာ (အထွေထွေတရားတော်) များကို "မူလ အဋ္ဌကထာ"ဟူ၍၎င်း၊ "မဟာအဋ္ဌကထာ"ဟူ၍၎င်း၊ သီဟိုဠ် ခေတ်ရေး မဟာပစ္စရိအဋ္ဌကထာ, စူဠပစ္စရိအဋ္ဌကထာ, ကုရုန္ဒီ- အဋ္ဌကထာ စသည်တို့ကို "သီဟိုဠ်အဋ္ဌကထာများ" ဟူ၍၎င်း အသီးသီးခေါ်တွင်၍ ပညတ်တင်ခဲ့ကြပါသည်။

သာသနာနှစ် ၉၅၆-ခုတွင် ကမ္ဘာကျော် အရှင်မဟာ ဗုဒ္ဓဃောသမထေရ်သည် အိန္ဒိယတောင်ပိုင်းမှ သီဟိုဠ်ကျွန်းသို့ ကူး၍ အရှင်မဟိန္ဒမထေရ် သီဟိုဠ်ဘာသာသို့ ပြန်ဆို ရေးတင် ထားသော ပိဋကသုံးပုံ,နိကာယ်ငါးရပ်တို့ကို မူလဘာသာဖြစ် သော မာဂဓဘာသာသို့ ပြန်ဆိုရေးသားတော်မူပြီး ပကိဏ္ဏက- ဒေသနာ ( အထွေထွေတရားတော် ) ဆိုသည့် အမည်တော် အတိုင်း သုတ်,အဘိဓမ္မာ,ဝိနည်း အကျယ်ဖွင့်များရောပြွမ်းနေ သော မူလအဋ္ဌကထာကြီးကို သီဟိုဠ်အဋ္ဌကထာများနှင့်၎င်း၊ သီဟိုဠ် ကျမ်းဂန်တတ်မထေရ်ကျော်ကြီးများနှင့်၎င်း, သက- ဝါဒ ပရဝါဒများနှင့်၎င်း အမျိုးမျိုးညှိနှိုင်းတော်မူ၍ ပိဋက သုံးပုံအလိုက်, နိကာယ်ငါးတန်အလိုက် အဋ္ဌကထာများကို အုပ်စုခွဲ၍ စနစ်တကျညှိနှိုင်း တည်းဖြတ်တော်မူပြီး အစီအစဉ် ကျကျ ကျစ်ကျစ်လစ်လစ် လွယ်ကူသစ်လွင်အောင် စီစဉ်ပေး တော်မူပါသည်၊ အရှင်မဟာဗုဒ္ဓဃောသသည် အဋ္ဌကထာ

များကို မိမိစိတ်ကူးဖြင့် **အသစ်ရေးသားခြင်း မဟုတ်ပဲ** ဘုရားရဟန္တာဟော မူလအဋ္ဌကထာကြီးကို စနစ်တကျဖြစ်အောင် ပြန်လည်တည်းဖြတ်သန့်စင်ပေးတော်မူခြင်းသာ ဖြစ်ပါသည်၊ ခေတ်အဆက်ဆက်ကို ကျော်ဖြတ်ခဲ့ရသည့် ရောပြွမ်းကျယ်ဝန်း ရှုပ်ထွေးနေသော မူလအဋ္ဌကထာကြီးကို လိုရင်းနှင့် မူရင်းများ မထိခိုက်စေပဲ ကျစ်လစ်သိပ်သည်းစွာ အကျဉ်းချုံး၍ လွယ်ကူအောင် စီစဉ်ပေးတော်မူခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဋီကာဆရာကြီးတို့က အရှင်မဟာဗုဒ္ဓဃောသကို သင်္ဂဟကာရအဋ္ဌကထာဆရာ (အဋ္ဌကထာ အကျဉ်းပြုဆရာတော်) ဟု မော်ကွန်းထိုး တော်မူကြပါသည်၊ အရှင်မဟာဗုဒ္ဓဃောသတပါးတည်း ပေထက်တင်၍ ပြန်လည်စီစဉ်ပေးခဲ့သော အဋ္ဌကထာကျမ်းများသည် ဆဋ္ဌသံဂါယနာမူဖြင့် စာအုပ်ရေ ၃၅-အုပ်ရှိပြီး စာမျက်နှာပေါင်း ၁၃၀၀၀ ကျော်မျှ ရှိပါသည်၊ ထို့နောက် အရှင်ဗုဒ္ဓတ္တ, အရှင်ဓမ္မပါလ, (အာစရိယဓမ္မပါလ) အရှင်ဥပသေနက, အရှင်မဟာနာမက မထေရ်တို့က အရှင်မဟာဗုဒ္ဓဃောသ ခြွင်းချန်ခဲ့သည့် အဋ္ဌကထာများကို ဆက်လက်စီစဉ် ပြုစုတော်မူခဲ့ကြပါသည်၊ ဤသို့ဖြင့် လပြည့်ဝန်းကြီးသည် ကြယ်တာရာတို့ဖြင့် တင့်တယ်ဘိသကဲ့သို့ ပရိယတ္တိသဒ္ဓမ္မဟု ခေါ်သော ပိဋကသာသနာသည်လည်း အဋ္ဌကထာတို့ဖြင့် တင့်တယ်တော်မူခဲ့ပါသည်၊ ဤသည်လျှင် **အဋ္ဌကထာနိဒါန်း** – ( အဋ္ဌကထာကျမ်းများ ဖြစ်ပေါ်လာပုံအကြောင်း) အကျဉ်းချုပ် ဖြစ်ပါသည်။

## ဋီကာ နိဒါန်း

ဋီကာကျမ်းဟူသည် အဋ္ဌကထာ၌ တိမ်မြုပ်နေသော အနက်,အဓိပ္ပါယ်,အဆုံးအဖြတ် စသည်တို့ကို အကျယ်ချဲ့ပြသော ကျမ်းဖြစ်ပါသည်၊ ပါဠိတော် ဘဏ်တိုက်ကြီးကို အဋ္ဌကထာသော့များဖြင့် ဖွင့်လှစ်ရပါသည်၊ အဋ္ဌကထာဘဏ်တိုက်ကြီးကို ဋီကာသော့များဖြင့် ဖွင့်လှစ်ရပါသည်၊ ဤသို့ အဋ္ဌကထာဘဏ်တိုက်ကြီးများကို သာသနာ၀င်တို့ အလွယ်တကူ ဖွင့်လှစ်ယူနိုင်ရေးအတွက် ကျမ်းပြုမထေရ်မြတ်ကြီးတို့သည် ဋီကာကျမ်းများကို ကြိုးပမ်းပေးတော်မူကြပြန်ပါသည်၊ မူလဋီကာ, အနုဋီကာ, မဓုဋီကာ, ဋီကာ, ဋီကာကျော်, ဋီကာမော်စသည်ဖြင့် စုံတော်မူလှပါသည်၊ ပါဠိတော်၌ ဉာဏ်မသက်ဝင်နိုင်လျှင် အဋ္ဌကထာ၏ အကူအညီကို ယူရပါသည်၊ အဋ္ဌကထာ၌ ဉာဏ်မသက်ဝင်နိုင်လျှင် ဋီကာ၏ အကူအညီကို ယူရပါသည်၊ ဤသို့ဖြင့် ပရိယတ္တိသာသနာတော်သည် ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့ဖြင့် ဝေဆာပြည့်ဖြိုး တိုးတက်ပြန့်ပွါးခဲ့ပါသည်၊ ဤသည်လျှင် **ဋီကာနိဒါန်း** (ဋီကာကျမ်းများ ဖြစ်ပေါ်လာပုံအကြောင်း) အကျဉ်းချုပ် ဖြစ်ပါသည်။

## နာနာဂန္ထ နိဒါန်း

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပင်ပန်းကြီးစွာ ပါရမီတော်ဖြည့်ပြီးမှ ရယူခဲ့ရသည့် သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ဟောကြားဆုံးမတော်မူခဲ့သော ပရိယတ္တိသဒ္ဓမ္မများ အရှည်တည်တံ့ရေးနှင့် နောင်သာသနာဝင် ဆရာစဉ်ဆက်,တပည့်စဉ်ဆက်တို့ မူလပါဠိတော်

အဋ္ဌကထာဋီကာတို့ကို သင်ကြားပို့ချ လေ့လာကြရာ၌ လွယ်ကူသက်သာကြပါစေရန် ခက်ရာခက်ဆစ် (အဖုအထစ်)တို့ကို ဖြေရှင်းပေးသည့် ဂဏ္ဌိကျမ်းများနှင့် ပါဠိတော်၊အဋ္ဌကထာ၊ ဋီကာတို့ကို နောက်ယောင်ခံ ခြေရာကောက်၍ တံခါးပေါက် ဖွင့်ပေးနိုင်သော သင်္ဂဟကျမ်း (လက်သန်းကျမ်း) များနှင့် သဒ္ဒါကျမ်း၊ အလင်္ကာကျမ်း၊ အဘိဓာန်ကျမ်း၊ ဆန်းကျမ်း၊ နိဿယကျမ်း၊ အရကောက်ကျမ်း စသော အမျိုးမျိုးသော ကျမ်းဂန် (နာနာဂန္ထ) တို့ကို စာပေပညာရှင်၊ကျမ်းပြုပညာ ရှင် ထေရဝါဒသာသနာဝင် မထေရ်မြတ်ကြီးတို့သည် ကြီး မားသော လုံ့လဥဿာဟတို့ဖြင့် ရေးသားပြုစု၍ နောင် သာသနာဝင်တို့အတွက် လက်ဆင့်ကမ်း အမွေဆက်ခဲ့ပါသည်၊ ဤသည်လျှင် နာနာဂန္ထနိဒါန်း (အထွေထွေကျမ်းဂန်များ ဖြစ်ပေါ်လာပုံအကြောင်း)အကျဉ်းချုပ် ဖြစ်ပါသည်။

## ပုဂံဂန္ထဝင် နိဒါန်း

သာသနာနှစ် ၉၅၆-တွင် ကျေးဇူးတော်ရှင် အရှင်မဟာ ဗုဒ္ဓဃောသ မထေရ်မြတ်သည် သီဟိုဠ်ကျွန်း၌ သီဟိုဠ်ဘာသာ ပိဋကတော်များကို မာဂဓဘာသာသို့ ပြန်ဆို၍ သင်္ဂဟ အဋ္ဌကထာ (အဋ္ဌကထာအကျဉ်း)များကို မာဂဓဘာသာဖြင့် ပြုစုတော်မူကြောင်းကို အဋ္ဌကထာနိဒါန်းတွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်၊ အရှင်မဟာဗုဒ္ဓဃောသ ပြန်ဆိုပြုစုတော်မူသည့် မာဂဓဘာသာပိဋကတော်အစုံ (ပါဠိတော်၊ အဋ္ဌကထာအစုံ) တို့သည် သီဟိုဠ်မှ သုဝဏ္ဏဘူမိ (သထုံ)သို့ ရောက်ရှိခဲ့ကြောင်း ကို ရာဇဝင်များတွင် မှတ်တမ်းတင်ထားပါသည်၊ ထိုပိဋက တော်အစုံတို့ကို သထုံမင်း အနုရုဒ္ဓ ... တို့ နန်းတော်ဦး

ပိဋကတိုက်တွင် ကိုးကွယ်ခဲ့ကြောင်းနှင့် ပုဂံ-အနော်ရထာမင်းက သထုံ-မနူဟာမင်းထံမှ ပိဋကအစုံ ၃၀ (ပေမူ)တို့ကို စစ်ခင်း၍ ပုဂံသို့ ပင့်ဆောင်ခဲ့ကြောင်းများကိုလည်း ရာဇဝင်များတွင် သမိုင်းတင်ထားပါသည်၊ ရာဇဝင်သမိုင်းအရ ပိဋကအစုံ ( ပေမူ ) တို့သည် သီဟိုဠ်မှ သုဝဏ္ဏဘူမိ ( သထုံ ) သို့ရင်း, သုဝဏ္ဏဘူမိ (သထုံ)မှ ပေါက္ကာရာမ (ပုဂံ)သို့ရင်း ရောက်ရှိခဲ့ကြောင်း မှတ်သားရပါသည်။

အနော်ရထာမင်း (အနုရုဒ္ဓဒေဝ)သည် သာသနာနှစ် (၁၅၇၇) ခရစ်နှစ် (၁၀၄၄) မြန်မာနှစ် (၄၀၆) တွင် နန်းတက်၍ ၁၂-နှစ်ကြာသောအခါ သထုံမှ အရှင်အရဟံ (ဓမ္မဒဿီ)မထေရ်သည် သာသနာနှစ်(၁၆၀၀) ခရစ်နှစ်(၁၀၅၆) မြန်မာနှစ် (၄၁၈)တွင် ပုဂံသို့ သာသနာပြုကြွတော်မူပါသည်၊ အနော်ရထာမင်း သထုံ (သုဓမ္မဝတီ) မှ ပိဋကတော် အစုံ ၃၀ (ပေမူ) ပင့်ဆောင်နှစ်ကို သာသနာနှစ် (၁၆၀၁) မြန်မာနှစ် (၄၁၉)ဟု ပဲခူး ကလျာဏီကျောက်စာတွင် ဓမ္မစေတီမင်းက မော်ကွန်းတင်ခဲ့ပါသည်၊ ကလျာဏီကျောက်စာအရ အရှင်အရဟံ ပုဂံသို့ရောက်ပြီး နောက်တနှစ်တွင် သထုံမှ ပိဋကတော်ပေမူများ ပုဂံသို့ ရောက်ကြောင်း ထင်ရှားပါသည်၊ အရှင်မဟာဗုဒ္ဓဃောသ၏ ပိဋကတော်ပေမူများ သီဟိုဠ်မှ သထုံသို့ရောက်သောနှစ်နှင့် သထုံမှ ပုဂံသို့ ပိဋကတော် ပေမူများ ရောက်သောနှစ်ကို တွက်စစ်ကြည့်လျှင် နှစ်ပေါင်း ၆၀၀-ကျော် ကွာခြားသည်ကို တွေ့ရပါသည်။

ထို့ကြောင့် အရှင်အရဟံသည် နှစ်ပေါင်း ၆၀၀-ကျော် ကွာခြားနေသည့် သထုံ ပိဋကပေမူများဖြင့် မကျေနပ်

အားမရနိုင်သေး၍ သီဟိုဠ်ကျွန်းမှ ပိဋကပေမူတို့ကို ထပ်မံ ပင့်ဆောင် စေပါသည်၊ သထုံမှ ပင့်ဆောင်လာခဲ့သော ကျမ်းဂန်တတ် ရဟန္တာတထောင်နှင့် အရှင်အရဟံ ဦးဆောင်တော်မူပြီး သထုံပိဋကပေမူတို့နှင့် သီဟိုဠ်ပိဋကပေမူတို့ကို ညှိနှိုင်းတော်မူရာ နှစ်မူလုံးပင် မယုတ်မလွန် ညီညွတ်သောဟူ၍၊ ထိုပိဋကတော် (ပေမူ) ညှိနှိုင်းပွဲကြီးကို စလေဆရာကြီးဦးပုည က သူ၏သာသနာလျှောက် စာတမ်းတွင် "သတ္တမသံဂါယနာ" ဟု အောက်ပါအတိုင်း မော်ကွန်းတင်ခဲ့ပါသည်။

> "ဝိနာယက၊ မုနိန္ဒလည်း၊ အမတရွှေနန်း၊ သိမ်းမြန်းတော်မူသည်မှ၊ ကိန်းရှည်သာသနာ၊ သင်္ချာအဖြောင့်၊ ထောင့်ခြောက်ရာတစ်၊ သက္ကရာဇ်အလို၊ ကိန်းတိုရသာ၊ လေးရာတဆယ့်ကိုးတွင်၊ အနုရုဒ္ဓ၊ ဒေဝရာဇာ၊ အနော်ရထာမင်းစောသည်၊ အာသဝေါ မလိမ်းကျံ၊ ဝဋ္ဋဒုက္ခဆိတ်ညံသော၊ အရဟံမည်ခေါ် မထေရ်ကျော်ကို၊ အဖော်သဟဲ၊ တံကဲမှီငြမ်းပြု၍၊ သုဝဏ္ဏဘုမ္မိ၊ သထုံရှိသာသနာ၊ လင်္ကာကျွန်းဘောင်၊ သွားယူဆောင်သော၊ မြားမြောင်မွေခေတ်၊ ပရိယတ်ကျမ်းစာ၊ သာသနာတို့ဖြင့်၊ ရဟန္တာ ရှင်အရဟံသည်၊ စီမံပြသ၊ လမ်းမှန်ချ၍၊ မူလရှိဟောင်း၊ ခြောက်သောင်းကျော်စင်၊ အရည်းရှင်တို့၏၊ ဥတ္တမင်္ဂ၊ နိရယစီးပွါး၊ အယူမှားတို့ကို၊ ပယ်ရှားဉာဏ်ရောင်၊ နှိပ်နင်းအောင်မှ၊ တထောင်အရိယာ၊ ရဟန္တာတို့သည် အောင်ချာပူရ၊ ရိမဒ္ဒဥ၊ သတ္တမသင်္ဂါယနာတင်ပါသည်"။

*မှတ်ချက်။ ။စလေဆရာကြီး ဦးပုညက ပဌမ, ဒုတိယ, တတိယ, စတုတ္ထ သံဂါယနာတို့ကို သံဂါယနာ သမိုင်းစဉ်အတိုင်း မော်ကွန်းတင်ပြီး အရှင်နာဂသိန်နှင့် မိလိန္ဒမင်းတို့၏ ပိဋကစာပေဆွေးနွေးပွဲကြီးကို "ပဥ္စမသံဂါယနာ" ဟူ၍ရင်း, အရှင်မဟာဗုဒ္ဓဃောသမထေရ် သီဟိုဠ်ဘာသာ ပိဋကတော်များကို မာဂဓဘာသာ ပြန်ဆိုခြင်းနှင့် သင်္ဂဟ အဋ္ဌကထာများ စီစဉ်တော်မူခြင်းကို "ဆဋ္ဌသံဂါယနာ" ဟူ၍ ရင်း, အရှင်အရဟံ ဦးဆောင်သော ရဟန္တာတထောင်တို့၏ သထုံ ပိဋကပေမူ, သီဟိုဠ်ပိဋကပေမူ ညှိနှိုင်းပွဲကြီးကို "သတ္တမ သံဂါယနာ" ဟူ၍ရင်း စူးရှသော သမိုင်းအမြင်ဖြင့် မော်ကွန်းတင်ခဲ့ပါသည်။

အရှင် အရဟံမထေရ်သည် ညှိနှိုင်းပြီးသော ပိဋကတော် (ပေမူ)တို့ကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်၍ ပြန့်ပွါးအောင် ဆောင်ရွက်နိုင်ရေးအတွက် အနော်ရထာမင်းအား ပိဋက တိုက်ကြီးကို တည်ဆောက်စေပါသည်၊ ထိုပိဋကတိုက်ကြီးသည် ပုဂံမြို့ သရပါတံခါးအနီးတွင် တည်ရှိ၍ အမြင့် ပေ ၆၀-ခန့်ရှိပြီး အကျယ်အဝန်း ၅၁-ပေ စတုရန်းရှိပါသည်၊ (ခရစ်နှစ် ၁၇၈၃-မြန်မာနှစ် ၁၁၄၅-ခု နှစ်တွင် ဘိုးတော်မင်းတရား ပြန်လည်ပြုပြင် မွမ်းမံပါသည်၊) ထိုပိဋကတိုက်ကြီးတွင် ညှိနှိုင်းပြီး မူတော်သန့် ပိဋကစာပေတို့ကို အဆင့်ဆင့်ပို့ချခြင်း, သင်ကြားခြင်း, ကူးယူခြင်း, ပြန့်ပွါးစေခြင်းတို့ဖြင့် ပုဂံ ဂန္ထဝင်တို့ကို အစပျိုး၍ အုတ်မြစ်ချပေးတော်မူခဲ့ပါသည်၊ ထိုအခါမှစ၍ ပုဂံတွင် ရဟန်းရှင်လူ အမျိုးသား အမျိုးသမီး ဘုရင်စသော စာပေပညာရှင်တို့ အစဉ်အဆက်

ပေါ်ထွန်းခဲ့ပြီးပါဠိစာပေအရေးအသား,မြန်မာစာပေ အရေးအသားနှင့် မြန်မာအက္ခရာ ပုံဟန်တို့ ပီပြင်ထင်ရှား တိုးတက်ပြန့်ပွါး စည်ပင် ကြွယ်ဝခဲ့ပါသည်။

လက်လှမ်းမှီသမျှ ပေထက်တင် ပုဂံဂန္ထဝင် ကျမ်းပေါင်း ၇၀-ကျော်စာရင်းကို လေ့လာတွေ့ရှိရပါသည်၊ မြန်မာစာပေ အက္ခရာ မပီပြင် မကြွယ်ဝသေးခြင်းနှင့် ဘာသာခြားဖြစ်သည့် မာဂဓဘာသာကို စတင်လေ့လာကြရာတွင် အက္ခရာ ပုဒ်ဗျည်း မလိပ်လည်းရအောင် အထူးသတိပြုရသဖြင့် အက္ခရာဘေဒကို စနစ်တကျ နည်းညွှန်ပြသော သဒ္ဒါကျမ်းပေါင်း များစွာကို ပုဂံ ဂန္ထဝင်တွင် အများဆုံးတွေ့မြင်ရပါသည်၊ အရှင်အရဟံ စသော ပုဂံ မထေရ်ကျော်တို့သည် ပေစာ (ပေမူ) တို့ကို တဖက်မှ တိုးတက်ပြန့်ပွါးအောင် ကြိုးပမ်းတော်မူကြသည့် နည်းတူ ပုဂံကျောက်စာ သမိုင်းတခေတ်ကိုလည်း ရှေ့ဆောင်တော်မူခဲ့ကြပါသည်၊ပျူ,မွန်,မြန်မာတို့ကို သွေးစည်းပေါင်းဆုံစေခဲ့သော ကမ္ဘာကျော်, မြန်မာကျော်ဖြစ်သည့် ရာဇကုမာရကျောက်စာခေါ် "မြစေတီကျောက်စာ"ကို ပါဠိ, ပျူ, မွန်, မြန်မာ လေးဘာသာဖြင့် မြန်မာနှစ် ၄၇၄-ခုတွင် ရေးထိုးခဲ့ပါသည်၊ ရာဇဂုရု (မင်းလေးဆက်တို့၏ဆရာ) ဖြစ်တော်မူသော အရှင် အရဟံမထေရ်သည် မြစေတီ ကျောက်စာ ရေးထိုးပြီး နောက်တနှစ် ၄၇၅-တွင် ပရိနိဗ္ဗာန် ပြုတော်မူပါသည်၊ ထို့ကြောင့် မြစေတီကျောက်စာရေးထိုးစဉ်က အရှင်အရဟံမထေရ် သက်တော်ထင်ရှား ရှိနေသေးကြောင်း ဆင်ခြင်မိရန် ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ တက္ကသီလာနှင့် နာလန္ဒ တက္ကသိုလ်ကြီးများသည် အရှေ့တောင်အာရှတခွင်၌ ထင်ရှားဘိသကဲ့သို့ မြန်မာနိုင်ငံပုဂံသည်လည်း အရှင်အရဟံနှင့် ဒေနော်ရထာတို့၏(ဆရာဒကာ ပူးပေါင်း)ကြိုးပမ်းချက်အရ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်ကြီး သဖွယ် ဝင့်ကြွားထယ်ဝါ ဂုဏ်တင့်ခဲ့ပါသည်၊ **သာသနာတော်သုံးရပ် တည်တံ့ရာသည် ပရိယတ်၊ ပရိယတ် တည်တံ့ရာသည် ပိဋက၊ ပိဋကတည်တံ့ရာ ပိဋကတိုက်**-ဟူသော သာသနာတော် တည်တံ့ရေးမူကြီးကို အရှင်အရဟံသည် ရှေ့ဆောင်လမ်းပြ ချမှတ် ပေးတော်မူခဲ့ပါသည်၊ ထို့ကြောင့် ပုဂံခေတ်အဆက်ဆက်တွင် မင်းမိဖုရားသူဌေး သူကြွယ်စသည်တို့ စေတီပုထိုး ဂူဘုရား ကျောင်းကန် စသည်တို့ကို ဆောက်လုပ်လှူဒါန်းရာတွင် ပိဋကတိုက်ကိုပါပူးတွဲလှူဒါန်းလေ့ရှိကြောင်းကို ပုဂံကျောက်စာများက သက်သေပြုနေပါသည်၊ ဤသည်လျှင် **ပုဂံဂန္ထဝင် နိဒါန်း**(ပုဂံခေတ် အထွေထွေ ကျမ်းဂန်များ ပေါ်ပေါက် လာပုံအကြောင်း)အကျဉ်းချုပ် ဖြစ်ပါသည်။

## ပိဋကပေမူ နိဒါန်း

**အသီးသီး** အကျဉ်းမျှ တင်ပြခဲ့သည့် ပိဋကနိဒါန်း, နိကာယနိဒါန်း, အဋ္ဌကထာနိဒါန်း, ဋီကာနိဒါန်း, နာနာဂန္ထနိဒါန်း, ပုဂံဂန္ထဝင်နိဒါန်းတို့ကို လေ့လာ ဖတ်ရှုပြီးပါက ရှည်လျားလှစွာသော ပိဋကသမိုင်း ရေစီးကြောင်းကြီးကို မှန်းဆနိုင်လောက်ကောင်းပြီဟု မြော်လင့်ပါသည်၊ ထိုပိဋကသမိုင်း ရေစီးကြောင်းကြီးမှ ပိဋကပေမူ ရေးကို အကြမ်းဖျဉ်းသွား ကြည့်လိုက်ပါက –

(၁) သာသနာနှစ် ၂၃၆-ခုတွင် ရဟန္တာအရှင်မဟိန္ဒမထေရ်သည် အဋ္ဌကထာနှင့် တကွသော ပိဋကသုံးပုံကို သီဟိုဠ်ဘာသာသို့ ပြန်ဆို၍ ပေထက်အက္ခရာတင်ခြင်း၊

(၂) သာသနာနှစ် ၄၅၀-ခုတွင် အရှင်မဟာဓမ္မရက္ခိတ-မထေရ် ဦးဆောင်သော ရဟန္တာအရှင်မြတ် ၅၀၀-တို့သည် သီဟိုဠ်ကျွန်း မလယဇနပုဒ်အနီးရှိ အာလောက လိုဏ်၌ ပေါတ္ထကာရုဠှသံဂါယနာ (ပေထက်သံဂါ-ယနာ) တင်တော်မူခြင်း၊

(၃) သာသနာနှစ် ၉၅၆-ခုတွင် အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်သည် သီဟိုဠ်ဘာသာ ပိဋကတော်တို့ကို မာဂဓဘာသာသို့ ပြန်ဆိုခြင်းနှင့် သင်္ဂဟအဋ္ဌကထာ (အဋ္ဌကထာအကျဉ်း) တို့ကို စနစ်တကျ တည်းဖြတ် သန့်စင်၍ ပေထက်တင်ခြင်း၊

(၄) သာသနာနှစ် ၉၅၆-ခု နောက်ပိုင်းတွင် အရှင်မဟာ ဗုဒ္ဓဃောသမထေရ် ဘာသာပြန်ဆိုပြီးသော မာဂဓ-ဘာသာ ပိဋကတော် (ပေမူ) များ မြန်မာနိုင်ငံ သုဝဏ္ဏဘူမိ (သထုံ) သို့ ရောက်ရှိလာခြင်း၊

(၅) သုဝဏ္ဏဘူမိ (သထုံ) သို့ ရောက်ရှိလာသော ပိဋက-တော် (ပေမူ) တို့ကို သထုံ (မွန်) ရဟန်း သံဃာ-တော်များ ဆင့်ပွါးကူးယူ သင်ကြားပို့ချခြင်း၊

(၆) သာသနာနှစ် (၁၆၀၁) ခရစ်နှစ် (၁၀၅၇) မြန်မာနှစ် (၄၁၉) တွင် အနော်ရထာမင်းသည် သထုံမှ ပိဋက-တော် အစုံ ၃၀ (ပေမူ) တို့ကို ပုဂံသို့ ပင့်ဆောင်ခြင်း၊

(၇) ထိုနှစ်၌ပင် အရှင်အရဟံ (ရဟန္တာ) မထေရ်သည် သီဟိုဠ်မှ ပိဋကတော် (ပေမူ) တို့ကို ပင့်ဆောင်စေ၍ ရဟန္တာတထောင်တို့နှင့် သီဟိုဠ်ပိဋက (ပေမူ) တို့နှင့် သထုံပိဋက (ပေမူ) တို့ကို ညှိနှိုင်း အတည်ပြုတော်မူခြင်း၊

(၈) သီဟိုဠ် သထုံ ပိဋကတော် (ပေမူ) တို့ကို စနစ်တကျ ညှိနှိုင်းပြီးသောအခါ ပုဂံ-ပိဋကတိုက်ကြီးကို တည်ဆောက်စေ၍ ပိဋကတော် (ပေမူ)တို့ကို စနစ်တကျ ထိန်းသိမ်းစေခြင်း, သင်ယူစေခြင်း, ပို့ချစေခြင်း, ကူးယူစေခြင်း, ပြန့်ပွါးစေခြင်း, ပုဂံဂန္ထဝင်ကျမ်းများကို ရေးသား ပြုစုကြခြင်း။

(၉) ပုဂံခေတ်မှ အတည်ပြုခဲ့သော ပိဋကတော် (ပေမူ) တို့ကို ဦးထိပ်ထား၍ စစ်ကိုင်း, ပင်းယ, အင်းဝ, တောင်ငူ, ဟံသာဝတီ, ကုန်းဘောင်, ရတနာပုံခေတ်အဆက်ဆက်သို့ တိုင်အောင် ပိဋကစာပေ (ပေမူ)တို့ကို လက်ဆင့်ကမ်း ပခုံးပြောင်း၍ ဆင့်ပွါး တိုးတက်စေခြင်း။

ဟူသော ပိဋကစာပေ ပညာရှင်ကြီးတို့၏ စာ ပုလွေရင်မှာပိုက်၍ မောဟိုက် ပင်ပန်းစွာ ဖြတ်ကျော်ခဲ့ရသော ပိဋကပေမူ ခရီးရှည်ကြီးကို အနီးကပ်ဖူးမြင်ခွင့် ရကြပါလိမ့်မည်၊ ဤသည်လျှင် **ပိဋကပေမူနိဒါန်း** (ပိဋကပေမူများအကြောင်း) အကျဉ်းချုပ် ဖြစ်ပါသည်။

## ပေနိဒါန်း

ပေနိဒါန်း ဟူသည် "ပေ-အကြောင်း" ဖြစ်ပါသည်၊ ပိဋကစာပေ ပညာရှင်ကြီးတို့၏ စာပုလွေခရီးတွင် ပေသည် ပဓာနအခန်းမှ ပါဝင်ခဲ့ရလေရာ စာပေကို မြတ်နိုးကြသူတိုင်း ပေအကြောင်းကို သိထားအပ်ပါသည်၊ ပေအကြောင်းကို သိထားမှ ပေစာနှင့် ပေမူတို့ကို တန်ဘိုးထားတတ်၊ မြတ်နိုးတတ်၊ စောင့်ရှောက်တတ် ပါလိမ့်မည်၊ "စာ" သည် "ပေ" နှင့်ငင်း "ပေ" သည် "စာ" နှင့်ငင်း၊ လက်တွဲခဲ့ရ၍ "စာပေ" ဟူ၍ငင်း၊ "ပေစာ" ဟူ၍ငင်း၊ သမိုင်းတင် ခံခဲ့ရပါသည်၊ ထို့ကြောင့် "ပေ" သည် သမိုင်းဝင် အဘိုးတန် ပစ္စည်းတခုဖြစ်ပါသည်၊ "ပေ" အကြောင်းကား ဤသို့ပါတည်း။

ပေပင်သည် မိုးခေါင်ရေရှား အပူပိုင်းဒေသတွင်ပေါက်ပြီး ပေပင်၏ သက်တမ်းသည် အနှစ် ၆၀-ခန့်ရှည်၍ ပေရွက်၏ သက်တမ်းသည် အနှစ် ၁၀၀၀-ခန့် မဆွေးမမြေ့ တည်နိုင်သည်ဟု ဆိုပါသည်၊ ပေပင်သက် ၈-နှစ် (သို့မဟုတ်) ၁၀-နှစ် သက်တမ်းရှိသော ပေပင်၏အရွက်ကို စတင်၍ အသုံးပြုနိုင်ပြီး ထိုသို့အသုံးပြုရာတွင် အောက်ပါအတိုင်းစိတ်ရှည်လက်ရှည်ဖြင့် အဆင့်ဆင့် ပြုပြင်ယူရပါသည်။

(၁) ပေနှစ်ရွက် ပူးစပ်နေသော အလယ်ကြောမကို ရှေးဦးစွာ သင်နုတ်ပစ်ပြီး ပေရွက်များကို အရင်းအဖျား အနည်းငယ်ဖြတ်၍အထပ်လိုက်လိပ်ခွေကာ နေပူလှန်းထားရပါသည်၊ ခြောက်သွေ့လျှင် ပေရွက်ခွေများကို ပြန်ဆန့်ပြီး တဖန် တရွက်ခြင်း ပြန်ထပ်-ပြန်ခွေ ရပါသည်။

(၂) ပေရွက်ခွေများကို ရာဝင် စဥ့်အိုးထဲတွင် ရေမြုပ်အောင် ရေစိမ်၍ ထမင်း သင့်တင့်အောင် ထည့်ကာ နေပူတွင် အဖုံးမဖုံးပဲ ရက်သတ္တပတ်ကျော်မျှ နေလှန်းထားရပါသည်၊ (ထမင်း ထည့်ခြင်းမှာ ကော်တင်သည့် သဘောဖြစ်ပါသည်၊ အနံ့အသက် ဆိုးသဖြင့် လူသူဝေးရာတွင် ရေစိမ် နေလှန်းရပါသည်) နေပူရှိန်ကြောင့် ထမင်းရည်များ အချဥ်ပေါက် အမြှုပ်ပြန်လာလျှင် ပေရွက်များကို ဆယ်ကြည့် ရပါသည်၊ ညိုရောင်သန်းလာလျှင် နပ်ပြီဟုဆိုနိုင်ပြီး အစိမ်းကွက်များ ရှိနေသေးပါက ထပ်မံစိမ်ရပါသည်၊ အညိုလွန် (အနပ်လွန်) လျှင်လည်း ဆွေးမြေ့တတ်သဖြင့် အနေတော် ဖြစ်အောင် အထူးသတိထားရပါသည်။

(၃) ပေရွက်များ နပ်သောအခါ ရေအေး ရေသန့်ဖြင့် စင်ကြယ်အောင် အထပ်ထပ် ဆေးကြော၍ အထပ်လိုက် မဟုတ်တော့ပဲ တရွက်ခြင်း ပြန်ခွေ၍ နေရိပ်၌ အခြောက်ခံထားရပါသည်၊ ခြောက်သွေ့လျှင် အခွေများကို ပြန်ဖြန့်၍ တရွက်ခြင်း အကြီးအသေး ခွဲခြားပြီး စုစည်းထားရပါသည်။

(၄) ထို့နောက်ပေရွက်နှင့် အရွယ်ချင်းညီမျှသောပျဥ်ပြားနှစ်ချပ်ဖြင့် ပေရွက်များကို အထက်အောက် ညှပ်ထားရပါသည်၊ ပေရွက်များကို အထက်အောက်ညှပ်ထားသောပျဥ်ပြားကလေးနှစ်ချပ်ကို "ကျမ်း" ဟုခေါ်ပါသည်၊ ထိပ်နှစ်ဖက်အနားချင်းညီအောင်ကြေးစည်

သဏ္ဍာန်ရှိ ပေထိုးဆောက်ဖြင့် ထိုးဖြတ်ညှိပေး ရပါသည်။

(၅) တဖန် ပေရွက်များကိုထိန်းချုပ်ရန်အတွက် ပေရွက်၏ သုံးချိုး တချိုး ဘေး နှစ်ဖက်တွင် အပေါက်ငယ် နှစ်ပေါက် ဖောက်ရပါသည်၊ ထိုအပေါက်ကို "ပလ္လင်ပေါက်" ဟုခေါ်ပါသည်၊ ထို့နောက် ဝါးတိုင်ကလေး နှစ်တိုင်စိုက်၍ ထိုဝါးတိုင်ကလေးနှစ်တိုင်တွင်ပေပေါက် (ပလ္လင်ပေါက်) နှစ်ပေါက်ကို စွပ်ပြီး ထိန်းချုပ်ထားရပါသည်၊ ထိုဝါးတိုင်လေးနှစ်တိုင်ကို "ပလ္လင်တိုင်" ဟုခေါ်ပါသည်၊ (ယခုခေတ်တွင် စာရွက်များကို ဖိုင်တွဲသကဲ့သို့ ပေရွက်များကို ဖိုင်တွဲခြင်း သဘောဖြစ်ပါသည်)

(၆) ထို့နောက် ပေမျဉ်းတားရပါသည်၊ ပေမျဉ်းတားရာတွင် အလျားနှစ်ပေ-ပြက် လက်သုံးလုံးခန့်ရှိ ဝါးပြား (သို့မဟုတ်) သစ်သားပြား နှစ်ခုကို အထစ်ကလေးများ ဘယ်ညာနှစ်ဖက်ညီအောင် ပြုလုပ်၍ နန္ဒင်းရည်သုတ်လိမ်းထားသော ချည်ပွ (ကြိုးပွ) လေးများကို အထစ်ကလေးများတွင် တင်းတင်းမတ်မတ် ချည်ဆွဲထားရပါသည်၊ ထို့နောက် ညီညာသောခင်းပြင်ပေါ်၌ ပေတချပ်ကို အောက်ခံ ထား၍ ထိုပေချပ်ပေါ်တွင် နန္ဒင်းရည်သုတ်ထားသော မျဉ်းကြိုးများကို ညီညာအောင် ချရပါသည်၊ ထိုမျဉ်းကြိုးများ ပေါ်တွင် နောက်ထပ်ပေတချပ် ညီအောင် ထပ်ချပြီး လက်ဝဲဘက် သတ်သတ် လက်ယာဘက်သတ်သတ် လက်ဖြင့်

ဖိသပ် ပေးလိုက်သောအခါ အောက်ခံ ပေချပ်နှင့် အပေါ်ပေချပ်တို့တွင် သာသနာရောင်ဖြစ်သည့် အဝါရောင် မျဉ်းဝါရေးရေးလေးများ တားပြီးသား ဖြစ်သွားပါသည်၊ ယင်းကို "ပေမျဉ်းပစ်သည်"ဟု ခေါ်ပါသည်၊ ပေမျဉ်းပစ်ရာတွင် ပေရွက်အပေါက် (ပလ္လင်ပေါက်) များကို ဗဟိုထား၍ (ချန်လှပ်၍)မျဉ်းပစ်ရပါသည်၊ ပေချပ် အရွယ်အစား အလိုက် မျဉ်း ၈-ကြောင်း ၉-ကြောင်းစသည် ပစ်ရပါသည်၊ အများဆုံးမျဉ်းမှာ ၁၂-ကြောင်း ဖြစ်ပါသည်၊ မျဉ်းကြောင်းကိုအစွဲပြု၍ ၈-ကြောင်း ပေ, ၉-ကြောင်းပေ, ၁၂-ကြောင်း ပေဟု ခေါ်ဝေါ် သတ်မှတ်ကြပါသည်။

(၇) ထိုသို့ မျဉ်းပစ်ပြီးနောက် ပေချပ် ထိပ်နှစ်ဖက်တွင် ခဲ (သို့မဟုတ်) ဆူးငယ်ဖြင့် မျဉ်းတား-မျဉ်းပိတ် ရပါသည်၊ စာရေးသောအခါ ပေချပ် ထိပ်နှစ်ဖက်တွင် အစ-အဆုံး ညီညာစေရန် ထိပ်နှစ်ဖက် ကွက်လပ်ချန်ခြင်း ဖြစ်ပါသည်။

(၈) ထိုသို့ ပေပင်မှ ပေရွက်ကိုခူး၍ ခက်ခဲစွာ အဆင့်ဆင့်ပြုလုပ်ပြီးမှ ပေစာရေးရန် အဆင့်သို့ ရောက်ပါသည်၊ ပေစာရေးရာတွင် ပေစာခုံ၌ ကညစ်ဖြင့် စနစ်တကျ ရေးရပါသည်၊ပေစာခုံတွင် ပေစာထောင်ရန်နောက်မှီ သစ်သားဘောင် ပါရှိ၍ ပေစာကူးသောအခါ ထိုပေမှီဘောင်၌ ကူးမည့်ပေချပ်ကို ထောင်၍ကျန်သော ပေချပ်များကို "စာပုလွေ" ဖြင့် ထုပ်၍ ဘေးတွင် အဆင်သင့် ထားရပါသည်၊ ပေစာရေး ပေစာကူး

ပြီးသောအခါ စာလုံးများ ထင်ရှားလာစေရန် ရေနံချေး သုတ်ပေးရပါသည်၊ (ပိုးမစားခြင်း ကြာရှည်ခိုင်ခံ့ခြင်းကိုပါ တပါတည်း ပြီးစေပါသည်။)

(၉) ပေချပ်၏ ခွက်နေသောဖက်ကို "ဝမ်းဖက်" ဟူ၍၎င်း၊ ခုံးနေသောဖက်ကို "ကျောဖက်" ဟူ၍၎င်း ခေါ်ပါသည်၊ ပေစာ စတင်ရေးကူးသောအခါ ပဌမဆုံးပေချပ်၏ ဝမ်းဖက် ပလ္လင်ပေါက် နှစ်ပေါက်၏ကြားတွင် ရေးသားပြီး ကျောဖက်မှစ၍ ကျန်သောပေချပ်တို့တွင်မူ ထိပ်နှစ်ဖက်၌ တလက်မခွဲခန့် ချန်လှပ်၍ စာအပြည့်ရေးကြပါသည်၊ နောက်ဆုံးပေချပ်၏ ကျောဖက်တွင်မူ ပဌမဆုံးပေချပ်၏ ဝမ်းဖက်ကဲ့သို့ ပလ္လင်ပေါက်နှစ်ပေါက်ကြားတွင်သာ ရေးကူး၍အဆုံးသတ်လေ့ရှိကြပါသည်။

(၁၀) ပေစာထုပ်၏ ပဌမဆုံး ပေချပ်နှင့် နောက်ဆုံးပေချပ်တို့ကို ပေချပ်အပို ၁၀-ရွက်ခန့် စီထပ်၍ ပိုးကြိုး-ချည်ကြိုးတို့ဖြင့် သေသပ်စွာချုပ်ပြီး အပိုဆောင်း၍ခံပေးထားပါသည်၊ ရည်ရွယ်ချက်မှာ အစအဆုံးပေချပ်များ မနာစေရန်နှင့် ပေချပ် တချပ်ချပ် ချွတ်ယွင်း ပျက်စီး ပျောက်ဆုံးသွားခဲ့သော် အလွယ်တကူအစားထိုး ရေးကူး၍ ဖြည့်ဆည်းနိုင်ရန် ဖြစ်ပါသည်၊ ပေထုပ်၏ အစ၌အပိုဆောင်းပေးထားသော ပေချပ်အထပ်လိုက်ကို "စာပလ္လင်" ဟုခေါ်၍ ထိုစာပလ္လင်ကိုပင် "စာပလ္လင်ခံသည်" ဟု ပြောလေ့ ရှိပါသည်။

(စာပလွင်ခံသည်ကို နမူနာယူ၍ **စကားပြောရာ၌ စကားပလွင်ခံသည်**ဟု သုံးနှုန်းကြပါသည်)။

(၁၁) ပေချပ်တို့တွင် ကျောဘက်မျက်နှာပြင်၏ လက်ဝဲဘက်၌ စာမျက်နှာ အမှတ်အသားနှင့် လက်ယာဘက်၌ ကျမ်းအမည်များကို ရေးထိုးလေ့ ရှိပါသည်၊ စာမျက်နှာ တပ်ရာတွင် ဂဏန်းဖြင့် မသတ်မှတ်ပဲ ဗျည်းနှင့် သရတို့ကို သံစဉ်တွဲ၍ "က၊ကာ၊ကိ၊ကီ၊ကု၊ကူ၊ ကေ၊ကဲ၊ကော၊ကော်၊ကံ၊ကား" စသည်ဖြင့် သတ်မှတ်ပါသည်၊ ယင်းအက္ခရာ ၁၂-လုံးပါသော ပေချပ် ၁၂-ချပ်ကို "တအင်္ဂါ" ဟု ခေါ်၍ပေတအင်္ဂါတွင်ပေချပ် ၁၂-ချပ် သတ်မှတ်ကြပါသည်၊ဗျည်း ၃၃-လုံးသကော်တာ ဆုံးသွားလျှင် "ကျ၊ ကျာ၊ ကျိ၊ ကျီ" စသည်ဖြင့် ရှေးခေတ် သင်ပုန်းကြီးအတိုင်း စာမျက်နှာ ရေးမှတ်ကြပါသည်၊ ပေစာတထုပ်တွင် အများဆုံးပေအင်္ဂါ ၂၅ အင်္ဂါ (ပေရွက် ၃၀၀) ခန့်အထိ ထားလေ့ရှိကြပြီး ကျမ်းစာမူ အနည်းအများအလိုက် ပေထုပ် အကြီးအသေး ကွာခြားပါသည်၊ အများဆုံးကိုမူ ၂၅-အင်္ဂါလောက်သာ အများအားဖြင့် ထားတတ်ကြပြီး ကျမ်းစာမူ မဆုံးသေးပါက နောက်ပေတထုပ်၌ ဆက်လက်ရေးကူးကြပါသည်။

(၁၂) ထိုကဲ့သို့ ပေစာများ ရေးကူးပြီးသောအခါ မိမိတို့ အင်အားအလျောက် ဆေးသုတ်ခြင်း ရွှေချခြင်းတို့ကို ဆောင်ရွက်ကြပါသည်၊ ယင်းကို "မျဉ်းကိုင်သည်" ဟု ခေါ်ပါသည်၊ မျဉ်းကိုင်ခြင်းကို စွဲ၍ ပေအမျိုး

အစား ခွဲခြားသတ်မှတ်ကြပါသည်၊ (၁) လေးဖက်လေးတန် ရွှေချထားသော ပေထုပ်ကို "ရွှေမျဉ်းရွှေပိန်းချ ပေ" ဟုရင်း၊ (၂) ထိပ်နှစ်ဖက်ချန်လှုပ်၍ အလျားဘေးနှစ်ဖက်ကိုသာ ရွှေချထားသော ပေထုပ်ကို "ကြံဆစ်ပေ" ဟုရင်း၊ (၃) လေးဖက်လေးတန် ဟင်္သပြဒါးသုတ်ထားသော ပေထုပ်ကို"မျဉ်းနီပေ" ဟုရင်း၊ (၄) ဆေးနက်သုတ်ထားသောပေထုပ်ကို "မျဉ်းနက်ပေ"ဟုရင်း (၅)အထက်လေးမျိုးမှအပကျန်ရိုးရိုးပေကို "ပေကြမ်း"ဟုရင်း အသီးသီး ခွဲခြားသတ်မှတ် ခေါ်ဝေါ်ကြပါသည်။

(၁၃) ထိုသို့ ပေထုပ်ကို မျဉ်းကိုင် (ရွှေချ-ဆေးသုတ်) ပြီးနောက် ပေစာထုပ်ကို အဝတ်ဖြင့်ဖြစ်စေ ဝါးကိုအဝတ်နှင့် ရောနှောရက်လုပ်ထားသော "ယင်း" ဖြင့်ဖြစ်စေ ပတ်ထားရပါသည်၊ ထိုပတ်ထားသော အဝတ်စ (သို့မဟုတ်) ယင်းကို "ပုလွေ" ဟုရင်း၊"ကမ္ဗလွေ" ဟုရင်း၊ "စာပုလွေ" ဟုရင်း ခေါ်ဝေါ်ကြပါသည်၊ ပေထုပ်ကို ကိုင်တွယ်သောအခါ၌ ဖြစ်စေ ပေစာဖတ်သောအခါ၌ ဖြစ်စေ, ပေစာရေးကူးသောအခါ၌ ဖြစ်စေ, ပေချပ် မကျိုးမပဲ့စေရန် "စာပုလွေ" ကို အသုံးပြုရပါသည်၊ စာပုလွေသည် အလျားနှစ်တောင်ခန့် အနံတတောင်ခန့် ရှိပါသည်၊ ထိုစာပုလွေပေါ်တွင် မိမိတို့ အင်အားအလျောက် ပိုး-ဖဲ-ကတ္တီပါစသည်တို့ဖြင့် ထပ်မံ၍ အစွပ်ချုပ်လုပ်ပြီး ရှိသေမြတ်နိုးစွာ သုံးစွဲလေ့-လှူဒါန်းလေ့ ရှိကြပါသည်။

(၁၄) စာပုလွေနှင့် ပေစွပ်ပေါ်တွင် **စည်း**ထားသောကြိုးကို "စာစည်းကြိုး" ဟုရင်း၊ "ပေထုပ်ကြိုး" ဟုရင်း ခေါ်ပါသည်၊ စာစည်းကြိုးသည် အလျား ၁၅-ပေ အနံ လက်မဝက်ခန့် ရှိတတ်ပြီး ခိုင်ခံ့လှပစွာ စာလုံးများ ဖော်၍ရင်း၊ ရုပ်ပုံများ ဖော်၍ရင်း ဂျပ်ခုပ်ရက်နည်းဖြင့် ပညာသားပါစွာ ရက်လုပ်လေ့ ရှိကြပါသည်၊ ပေထုပ်ကြိုးပေါ်တွင် ကောင်းမှုရှင် အမည်နှင့် ဆုတောင်းစသည်တို့ကို လက်ာ-စကားပြေတို့ဖြင့်ရေးထိုးမှတ်တမ်းတင် ထားလေ့ရှိကြပါသည်။

(၁၅) ပေကို အကြောင်းပြု၍ မြန်မာဝေါဟာရနယ်တွင် "ပေဖူးလွှာ, ပေစာ, ပေမူ, ပေထုပ်, ပေချပ်, ပုလွေ, ကမ္ဗလွေ, စာပုလွေ, စာပလ္လင်, စာပလ္လင်ခံသည်၊ ပလ္လင်တိုင်, ပလ္လင်ပေါက်, ပလ္လင်ပေါက် သင်သည်, ကျမ်း, ကျမ်းပေါက်သင်သည်, ကျမ်းဦးပလ္လင်, စကားပလ္လင်ခံသည်" စသော ချစ်စဖွယ် ဝေါဟာရများဖြင့် ထည်ဝါဂုဏ်မြင့် ခဲ့ပါသည်၊ ပေအကြောင်းကား မမေ့စကောင်းပါပေ၊ ဤသည်လျှင် **ပေနိဒါန်း** ( ပေ အကြောင်း သိကောင်းစရာ ) အကျဉ်းချုပ် ဖြစ်ပါသည်။

**မှတ်ချက်။** ။ပေဖူးလွှာနှင့် ထန်းဖူးလွှာတို့သည် သဘောချင်း တူညီကြပါသည်၊ ( အများအား**ဖြင့်** ပေကို ကျမ်းပြုရာ၌ အသုံးပြု၍ ထန်းကိုစာပေးစာယူ 'စာချွန်'များ၌ အသုံးပြုလေ့ ရှိကြပါသည်)၊ မြန်မာ့

စာပေခရီးတွင် ပေဖူးလွှာနှင့် ထန်းဖူးလွှာ တို့သည်
သူနိုင်ငါနိုင် အပြိုင် ချီတက်ခဲ့ကြပါသည်။

ယခုတင်ပြခဲ့သည့် ပေနိဒါန်းကို လေ့လာကြည့်ပါက ပေအကြောင်းကို တစေ့တစောင်း အကဲခတ်ခွင့် ရကြပါလိမ့်မည်၊ ပိဋကစာပေ ပညာရှင်မထေရ်ကျော်ကြီးတို့သည် စာပုလွေကို ရင်မှာပိုက်ထွေးပြီး ပိဋကစာပေတို့ကို မြတ်နိုးရိုသေစွာ ထိန်းသိမ်းခဲ့ကြသည်၊ ပြန့်ပွါးအောင် ကြိုးစားခဲ့ကြသည်၊ နောင် သာသနာ၀င်တို့အတွက် သာသနာဆက်နှင့် စာပေအမွေအနှစ်တို့ကို ပေးအပ်ခဲ့ကြသည်၊ ယင်းသို့ ထိန်းသိမ်းရေး, ပြန့်ပွါးရေး, တည်တံ့ရေး, အမွေဆက်ခံရေးတို့ကို ဆောင်ရွက်ကြရာတွင် မျက်မှောက်ခေတ်ကဲ့သို့ လွယ်လွယ်ကူကူဖြင့် ဆောင်ရွက်နိုင်ရှာကြသည် မဟုတ်ပါချေ၊ ပေနိဒါန်းကို လေ့လာပါက ပေစာတရွက် ပေစာတချပ်ဖြစ်လာအောင် မည်မျှကြိုးပမ်းရသည်ကို မှန်းဆနိုင်ကြပါလိမ့်မည်၊ ဤမျှ ခက်ခဲပင်ပန်းစွာ ကြိုးပမ်းခဲ့ရသော သာသနာ့အမွေအနှစ်, စာပေ အမွေအနှစ်နှင့် ယဉ်ကျေးမှုအမွေအနှစ်တို့ မပျောက်မပျက်အောင် စောင့်ရှောက်ရမည့် တာ၀န်ကား သမိုင်းပေးတာ၀န်ဖြစ်ပါသည်၊ ယခုအခါ စာပေပညာရှင်ကြီးတို့ ပင်ပန်းစွာ ကြိုးပမ်းခဲ့ရသော အဖိုးတန် စာပေရတနာတို့သည် မျက်နှာငယ်ဖြင့် ပုန်းကွယ်နေရဆဲ ဖြစ်ပါသည်။

## မြန်မာနိုင်ငံ စက္ကူနှင့်စာပုံနှိပ်စက် နိဒါန်း

ပိဋကစာပေ ခရီးရှည်ကြီးကို လေ့လာကြရာ၌ အရေးပါလှသည့် ပေခရီးကို အနီးကပ် ရှုမြင်သုံးသပ်ကြည့်ပြီးနောက် ဒုတိယခရီးစဉ်ဖြစ်သော စက္ကူနှင့် စာပုံနှိပ်စက်ခရီးကို ဆက်

လက်လှေ့လာရန် လိုအပ်ပါလိမ့်မည်၊ အကျဉ်းချုပ်အားဖြင့် ခရစ်ယန် သာသနာပြုများမှတဆင့် မြန်မာနိုင်ငံသို့ စာပုံနှိပ်စက်များ(စက္ကူများ) ရောက်ရှိလာသည်ဟု မှတ်သားထားရန် ဖြစ်ပါသည်။

(၁) ခရစ်နှစ် ၁၇၇၆ (မြန်မာ-၁၁၂၈)ခုတွင် ဣတလီပြည် ရောမမြို့ရှိ ဘုရင်ဂျီ သာသနာပြုဌာနမှ မြန်မာနိုင်ငံ သံလျင်မြို့ရှိ ဘုရင်ဂျီ သာသနာပြုဌာနသို့ မြန်မာ အက္ခရာ ခဲစာလုံး ၆၀၀၀၀, လက်တင်အက္ခရာ ခဲစာလုံး ၄၀၀၀၀-နှင့် စာပုံနှိပ်စက်နှစ်လုံးကို ပို့လိုက်ရာ အသုံး မပြုရမီပင် သံလျင်မြို့မီးလောင်ရာ၌ ပါသွားခဲ့ပါသည်။

(၂) ခရစ်နှစ် ၁၈၁၄-ခု (မြန်မာနှစ် ၁၁၇၅) တွင် အမရ ပူရ ဘိုးတော်ဘုရားနှင့် ရင်းနှီးကျွမ်းဝင်သည့် အင်္ဂလိပ် သာသနာပြု ဆရာ "ဖိလစ်ကဲရေး"သည် ဘိုး တော်ဘုရား၏ ခွင့်ပြုချက်အရ အိန္ဒိယမှ မြန်မာ ခဲစာလုံး အစုံနှင့် စာပုံနှိပ်စက်တခုကို ရန်ကုန်မြို့သို့ ယူဆောင်ခဲ့ပြီး ၁၈၁၄-ခုနှစ်၊ ဩဂုတ်လ ၃၁-ရက်နေ့ တွင် ၎င်းမိသားစုနှင့်အတူ စာပုံနှိပ်စက်နှင့် ခဲစာလုံး များကို ယူဆောင်၍ ရန်ကုန်မှ အမရပူရသို့ မြန်မာ အစိုးရပိုင် သင်္ဘောဖြင့် ထွက်ခဲ့ရာ ရန်ကုန်မှထွက် ပြီး ၃-နာရီခန့် အကြာတွင် လေပြင်းမုန်တိုင်းမိ၍ သင်္ဘောမှောက်ရာ စာပုံနှိပ်စက်နှင့် ခဲစာလုံးများ ဆုံးပါးရပြန်ပါသည်။

(၃) ခရစ်နှစ် ၁၈၁၆-ခု (မြန်မာ-၁၁၇၈)တွင် အိန္ဒိယပြည် ဆရမ်ပူမှ မြန်မာနိုင်ငံ အမေရိကန် သာသနာပြုခေါင်း

ဆောင် ဆရာယုဒသန်အား စာပုံနှိပ်စက်တလုံး လက်ဆောင်ပို့လိုက်ရာ ထိုစက်သည် ရန်ကုန်မှမော်လမြိုင်သို့ ရောက်ရှိပြီး ၁၈၄၃-ခု (မြန်မာ ၁၂၀၄-ခု)နှစ်တွင် "ဓမ္မသီတင်းစာ"ကို ရိုက်နှိပ် ထုတ်ဝေပါသည်၊ မြန်မာနိုင်ငံ၌ မြန်မာဘာသာဖြင့် ထုတ်ဝေသည့် သတင်းစာများတွင် အစောဆုံး သတင်းစာ ဖြစ်ပါသည်၊ ထိုစာပုံနှိပ်စက်ကို မော်လမြိုင်မှတဆင့် ရန်ကုန်မြို့သို့ ပြောင်းရွှေ့၍ "အမေရိကန် သာသနာပြု စာပုံနှိပ်တိုက်"အမည်ဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

(၄) စတုတ္ထမြောက် စာပုံနှိပ်စက်မှာ ဘကြီးတော် မင်းတရားလက်ထက် အင်္ဂလိပ် မြန်မာပဌမစစ်ပွဲပြီးဆုံး၍ ရန္တပိုစာချုပ်အရ အင်္ဂလိပ်အစိုးရက သံတမန်အဖြစ် စေလွှတ်သော "မေဂျာဘာနေး"ယူဆောင်လာသည့် စာပုံနှိပ်စက် ဖြစ်ပါသည်၊ ရန်ကုန်မှ အမရပူရသို့ လှေဖြင့် သယ်ယူရာတွင် လှေနစ်၍ ဆုံးရှုံးရပြန်ပါသည်။

(၅) ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးသည် ခရစ်နှစ် ၁၈၇၂(မြန်မာနှစ် ၁၂၃၃-၃၄-ခုများ)တွင် ရန်ကုန်မှ စာပုံနှိပ်စက်များကို ဝယ်ယူ၍ နန်းမြို့တော်အတွင်း၌ "စာပုံနှိပ်စက်ရုံတော်"ကို ဖွင့်လှစ်ပြီး ဓမ္မစကြာသုတ်,မဟာသမယသုတ်-မှန်နန်းရာဇဝင် စသည်တို့ကို စတင်ရိုက်နှိပ် စေခဲ့ပါသည်၊ ဗုဒ္ဓဘာသာတရားတော်စာပေများကို ဦးစားပေး၍ ရိုက်နှိပ်စေခဲ့ပါသည်၊ ၁၂၃၆-နှစ်တွင် နန်းမြို့တွင်းမှ ရွှေကျီးမြင့်

ဘုရား တောင်ဘက်မုခ်ဝအနီးသို့ ပြောင်းရွှေ့ပြီး နာမည်ကျော် "ရတနာပုံ သတင်းစာ" ကို ထုတ်ဝေခဲ့ပါသည်၊ ဤသည်လျှင် မြန်မာနိုင်ငံ စက္ကူနှင့်စာပုံနှိပ်စက် နိဒါန်းအစဖြစ်ပါသည်။

ရတနာပုံခေတ်မှသည် နယ်ချဲ့ခေတ် လွတ်လပ်ရေးခေတ်စသည်တို့ကို ဖြတ်ကျော်၍ မျက်မှောက်ခေတ်အထိ ပေဖူးလွှာ,ထန်းဖူးလွှာနှင့်ကညစ်တို့၏နေရာတွင် စက္ကူနှင့်ကလောင်, ဖောင်တိန်, စာပုံနှိပ်စက်, လက်နှိပ်စက်, စာကူးစက် စသည်တို့က ဆက်လက်တာဝန်ယူ၍ စာပေတာဝန်ကို တကျော့တလည့် ထမ်းဆောင်လာခဲ့သော သမိုင်းကြောင်းကိုကားအများသိကြပြီးဖြစ်ပါသည်၊ ယင်းသို့ စက္ကူနှင့် စာပုံနှိပ်စက်ခေတ်သို့ ရောက်လာသောအခါ မိမိတို့၏ ရည်ရွယ်ချက်နှင့်စွမ်းအားအလျောက် ပုဂ္ဂလိကအနေဖြင့်၎င်း,အသင်းအဖွဲ့များအနေဖြင့်၎င်း, စုပေါင်းစနစ်ဖြင့်၎င်း, နိုင်ငံတော်အစိုးရအနေဖြင့်၎င်း, ဓမ္မဒါနအဖြစ်၎င်း, စီးပွါးရေးအဖြစ်၎င်း ပိဋကပေစာတို့ကို ပုံနှိပ်စာအဖြစ်သို့ ရိုက်နှိပ်ပို့ဆောင်ခဲ့ကြရာ ပိဋကစာပေများပိုမိုရှင်သန်ကြီးပွါးတိုးတက်ခြင်းသို့ ရောက်ခဲ့ရပါသည်။

သို့သော် သထုံ, ပုဂံ, စစ်ကိုင်း, ပင်းယ, အင်းဝ, တောင်ငူ, ဟံသာဝတီ, ညောင်ရမ်း, ကုန်းဘောင်,ရတနာပုံ စသည့်ခေတ်အဆက်ဆက်မှ ပိဋကစာပေ ပညာရှင်ကြီး အသီးသီးတို့ပြုစုကြိုးပမ်းသွားခဲ့သော ပေမူ-ပေစာတို့ကား များပြားလှသဖြင့် ယနေ့တိုင် ပုံနှိပ်စာအဖြစ်သို့ မရောက်သေးပဲ ပေထုပ်ထဲတွင်သာ ကျိန်းစက်နေရသော အဘိုးတန် ပိဋကပေစာတို့ကား အများအပြားပင် ကျန်ရှိနေပါသေးသည်၊ စစ်ဘေး စစ်

ဒဏ်, ရာသီဥတုဒဏ်, ပိုးမွှားဒဏ်, မလုံခြုံမှုဒဏ်, တန်ဘိုး မသိမှုဒဏ်, ပေါ့လျော့မှုဒဏ်, အဖျက်မျိုးစုံဒဏ်တို့ကြောင့် ဆုံးရှုံး ပျက်စီးခဲ့ရသော ပေစာ ပေထုပ် ပေချပ်တို့ကား ကျန်ရှိနေသေးသည့် ပေစာ ပေထုပ် ပေချပ်တို့ထက်ပင် များပြားပါလိမ့်မည်၊ ယခုတိုင် မြန်မာပြည်တဝှမ်း အနှံ့အပြားတွင် ပေစာ ပေထုပ် ပေချပ်တို့ကို စနစ်တကျ ထိန်းသိမ်းမှု ချွတ်ယွင်းစွာဖြင့် ဖူးတွေ့နိုင်ပါသည်၊ ထိုအဖိုးတန် ပိဋကပေစာတို့ကို ယခုအတိုင်း လျစ်လျူရှုထားလိုက်ပါက ရန်မျိုးစုံ ဒဏ်ကြောင့် မကြာသော နှစ်ကာလများအတွင်း ပျက်စီးဆုံးရှုံး၍ ကုန်းကောက်စရာ မကျန်တော့အောင် ဖြစ်သွားမည်ကို စိုးရိမ်ကြီးနေမိပါသည်။

ထို့ကြောင့် ပိဋကစာပေ ပညာရှင်ကြီးတို့ အခက်အခဲအမျိုးမျိုးကြားမှ ကြိုးစားခဲ့ရသည့် အဖိုးတန် ပိဋကပေစာတို့ကို မည်သို့ ထိန်းသိမ်း၍ မည်သို့ စောင့်ရှောက်ကြမည်နည်း၊ ပေထုပ်ထဲတွင်သာ အိပ်ပျော် ကျိန်းစက်နေရသည့် အဖိုးတန် စာပေရတနာတို့ကို စာပေမြတ်နိုးသူတို့၏ လက်ဝယ်သို့ မည်သို့ရောက်အောင် ပို့ဆောင်ကြမည်နည်း၊ ပေမူမှ ပုံနှိပ်မူသို့ရောက်အောင် မည်သို့ ကြိုးပမ်းဖော်ထုတ်ကြမည်နည်း၊ "မျက်နှာငယ်ဖြင့် ပုန်းကွယ်နေရသည့် ပေဖူးလွှာတို့၏ ရှေ့ခရီးကို ဘယ်နည်းနှင့် ဆက်ရပါမည်နည်း" ဟူသော မေးခွန်းကို ဤနေရာ၌ ခေတ္တရပ်တန့်၍ လေးနက်စွာ စဉ်းစားခန်းဝင်နိုင်ရန် အချိန်ပေးအပ်ပါသည်။

## ပိဋက ဗျူဟာ နိဒါန်း

အက္ခရာ ကေမေကာ္ဍ၊
ဗုဒ္ဓရူပံ သမံ သိယာ။
တသ္မာဟိ ပဏ္ဍိတော ပေါသော၊
လိက္ခေယျ ပိဋကတ္တယံ။

ကေမေကံ-တလုံး တလုံးသော၊ အက္ခရာ-အက္ခရာသည်၊ ဗုဒ္ဓရူပံ-ဗုဒ္ဓရူပေန-(တဆူတဆူသော)ဘုရား ဆင်းတုတော်နှင့်၊ သမံ-တူမျှသည်၊ သိယာ-ဖြစ်ရာ၏၊ တသ္မာဟိ-တသ္မာဝေ- ထို့ကြောင့်သာလျှင်၊ ပဏ္ဍိတော-ပညာရှိသော၊ ပေါသော-သူတော်ကောင်းသည်၊ ပိဋကတ္တယံ-ပါဠိအဋ္ဌကထာနှင့် ဋီကာဂဏ္ဌိ စရှိထွေထွေ ပိဋကတ် စာပေကို၊ လိက္ခေယျ-ရေးသားပြုစု ရိုက်နှိပ်မှုဖြင့် ကောင်းမှုပြုကာ ကိုးကွယ်ရာသတည်း။ (ပေါရာဏ ဂါထာ)

ပိဋက ပေစာ ပေထုပ်တို့၏ နိဂုံးတွင် အသက်ပါ "ပေါရာဏဂါထာ" ကလေးကို တွေ့ရတတ်မြဲ ဖြစ်၏။ သူတော်ကောင်းပညာရှိတို့သည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော အက္ခရာစာလုံးတို့ကို "အက္ခရာတလုံး–ဘုရားတဆူ" ဟု ဥဒါန်းထူတော်မူခဲ့ကြ၏၊ ✓ ပိဋကဗျူဟာ အဖွဲ့သည် ပိဋကပေစာ ပေထုပ်တို့တွင် တိမ်မြုပ် ကိန်းဝပ်တော် မူနေသည့် ပိဋကဘုရား ဓမ္မက္ခန္ဓာဘုရား အဆူဆူတို့ကို ဖော်ထုတ်ပူဇော်ရန် သာသန သမိုင်းပေး တာဝန်အရဖွဲ့စည်း ပေါ် ပေါက်လာသော အဖွဲ့ဖြစ်၏၊ စာရှုသူတို့အား စဉ်းစားရန် အချိန်ပေးထားခဲ့သော "မျက်နှာငယ်ဖြင့် ပုန်းကွယ်နေရသည့် ပေဖူးလွှာတို့၏ ရှေ့ခရီးကို ဘယ်နည်းနှင့် ဆက်ရပါမည်နည်း" ဟူသော မေး

ခွန်း၏ အဖြေကို ပိဋကဗျူဟာက အဖြေပေးမည်ဖြစ်ရာ ပိဋက ပေစာ ပေမူတို့အပေါ်တွင် စေတနာတူညီကြသူတို့ အချိန်ယူ သုံးသပ်၍ တတပ်တအားပါဝင်ရန် အတွက် ကိုယ်ပိုင် အဆုံးအဖြတ်ကို စောင့်မျှော် ကြိုဆိုနေပါ၏၊ **ပိဋကဗျူဟာနိဒါန်း** ဟူသည် ပိဋကဗျူဟာအဖွဲ့ ဖွဲ့စည်းဖြစ်ပေါ်လာပုံအကြောင်းဖြစ်၏၊ ပိဋကဗျူဟာအဖွဲ့ ဖြစ်ပေါ်လာပုံကား ဤသို့ပါတည်း။

## ရည်ရွယ်ချက်

၁။ ဗုဒ္ဓမြတ်စွာ သာသနာတော်သုံးရပ်တွင် မူလဘူတဖြစ်သော ပရိယတ္တိ သာသနာတော် မြတ်ကြီး ရှည်ကြာလေးမြင့်စွာ တည်တံ့ခိုင်မြဲပြန့်ပွါးရန်၊

၂။ ပရိယတ္တိ သာသနာတော်မြတ်ကြီး တည်တံ့ခိုင်မြဲပြန့်ပွါးရန်အတွက် ကျမ်းပြုအသျှင် ပိဋကစာပေပညာရှင် အသီးသီးတို့ ရေးသားပြုစုတော်မူခဲ့ကြသည့် တိမ်မြုပ်နေသော (ကျမ်းစာအုပ်အဖြစ်သို့ တခါမျှမရောက်ဘူးသေးသော) ပရိယတ္တိ သာသနာတော်အတွက် အကျိုးများမည့် ကျမ်းစာမူ (ပါဠိ-မြန်မာ ပေမူစသည်) တို့ကို အထူး ဦးစားပေး၍ ဖော်ထုတ် ရိုက်နှိပ်ဖြန့်ချိရန်၊

၃။ ကျမ်းစာအုပ် အဖြစ်သို့ ရောက်ဘူးသော်လည်း ပရိယတ္တိသာသနာတော် အတွက် ကျေးဇူးများသည့် ပြတ်လပ် ရှားပါးနေသော ကျမ်းစာအုပ်တို့ကို အခါအားလျော်စွာ (အခြေ အနေအားလျော်စွာ) ပြန်လည် ရိုက်နှိပ်အားဖြည့်ပေးရန်၊

၄။ ပရိယတ္တိ သာသနာတော်မြတ်ကြီး တည်တံ့ခိုင်မြဲ ပြန့်ပွါးရန်အတွက် သာသနာ၀င် အဆက်ဆက်၌ အခက်အခဲ အမျိုးမျိုးကြားမှ ကြိုးစားတော်မူကြသည့် ကျမ်းပြုအသျှင်-ပိဋကစာပေ ပညာရှင် အသီးသီးတို့၏ ဂုဏ်ကျေးဇူးတို့ကို ပြန်လည်ဖော်ထုတ်၍ ကျေးဇူးဆပ်ရန်၊

၅။ ရွှေတိဂုံစေတီတော် ထီးတော်ရိပ်၌ ရဟန်းရှင်လူ ပြည်သူအများတို့ အလွယ်တကူ စနစ်တကျ လေ့လာနိုင်မည့် ပိဋကတိုက်တော်ကြီးတခု တည်ထောင်ဖွင့်လှစ်ရန်—

ဟူသော သာသနာတော်အတွက် ကြီးမားသော ရည်ရွယ်ချက်တို့ဖြင့် သာသနာနှစ် (၂၅၁၉) မြန်မာနှစ် ၁၃၃၇-ခု နှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) စနေနေ့ (၂၄-၅-၇၅) နေ့လယ် ၁-နာရီအချိန်တွင် ရန်ကုန်မြို့ အာဇာနည် ဗိမာန်လမ်း (ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ထီးတော်ရိပ်)ရှိ မင်္ဂလာဗျူဟာ အသင်းချုပ် ဓမ္မဗိမာန်၌ စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

ထိုနေ့သည် ကဆုန်လပြည့် ဗုဒ္ဓနေ့ဖြစ်သဖြင့် မင်္ဂလာဗျူဟာအသင်းချုပ်တွင် ဗုဒ္ဓါဘိသေက စုံပေါင်း အနေကဇာတင် ပူဇော်ပွဲကြီး ကျင်းပရန်အတွက် အသင်း၀င် အသီးသီး တို့၏ နေအိမ်တို့၌ သီတင်းသုံးကိန်းဝပ် စံပယ်တော်မူနေသည့် ဗုဒ္ဓရုပ်ပွါး ဆင်းတုတော် (ဗုဒ္ဓရူပ)တို့သည် ကိန်းဝပ်စံပယ်တော်မူနေရာ ဘုရားဆောင်-ကျောင်းဆောင် အသီးသီးတို့မှ မင်္ဂလာဗျူဟာအသင်းချုပ် ဗုဒ္ဓါဘိသေက အခမ်းအနားကြီးသို့

အများဖူးမြော် ပူဇော်နိုင်ရန် ထင်ပေါ်စွာ ကြွရောက်စံပယ် သီတင်းသုံး နေတော်မူချိန် မင်္ဂလာအခါကြီး ဖြစ်ပါသည်၊ ဘုရား အဆူဆူပွင့်တော်မူသည့် ကဆုန်လပြည့် ဗုဒ္ဓနေ့ဖြစ်ခြင်း, ဗုဒ္ဓါဘိသေက မင်္ဂလာအခါတော်ကြီးဖြစ်ခြင်း, ဗုဒ္ဓရုပ်ပွါး ဆင်းတုတော် အဆူဆူတို့ ထင်ပေါ်စွာကြွရောက် စံပယ် သီတင်းသုံး နေတော်မူခိုက်ဖြစ်ခြင်း, ရွှေတိဂုံစေတီတော် ထီးတော်ရိပ်ရှိ မင်္ဂလာဗျူဟာ အသင်းချုပ်တွင် ဖြစ်ခြင်းဟူသော အတိတ်နိမိတ်များကပင် ပိဋကပေစာ- ပေထုပ်တို့တွင် တိမ်မြုပ်ကိန်းဝပ်တော်မူနေသော ပိဋကဘုရား- ဓမ္မက္ခန္ဓာဘုရား အဆူဆူတို့သည် ပုံနှိပ်စာမူအဖြစ်ဖြင့် ပွင့်တော်မူလာတော့မည့် (ပိဋကဗျူဟာ အတွက် အားသစ် လောင်းလိုက်သည့်) အတိတ်ကောင်း နိမိတ်ကောင်းကြီးတို့ပင် ဖြစ်ပါသည်။

ထိုမင်္ဂလာအခါ-မင်္ဂလာနေရာတွင် သြဝါဒါစရိယ ဆရာတော်ဘုရားကြီးများအား ရွှေတိဂုံစေတီတော် ဘဏ္ဍာတော် ထိန်းအဖွဲ့ဝင် လူကြီးမင်း ဦးအောင်သိမ်း (ဥက္ကဋ္ဌ)က ပိဋကဗျူဟာအဖွဲ့-ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်ကို အောက်ပါ အတိုင်း တင်ပြလျှောက်ထားပါသည်။

## ဥက္ကဋ္ဌ၏ လျှောက်ထားချက်

"မြတ်စွာဘုရား၏ သာသနာတော်သုံးရပ်တွင် ပရိယတ္တိ သာသနာတော်သည် မူလဘူတ အခြေခံ ဖြစ်ပါကြောင်း၊ ပရိယတ္တိသာသနာတော် တည်တံ့ ခိုင်မြဲရေးအတွက် ခေတ်အား လျော်စွာ ပိဋကတော်စာပေများ ပြည့်စုံလုံလောက်ရန် အရေးကြီးသည်ဟု ယူဆပါကြောင်း၊ ပရိယတ္တိသာသနာ

တော်အတွက် လက်ရှိ ရှိနေသော ပိဋကစာပေများဖြင့် လုံလောက်သည်ဟု ဆိုနိုင်ပါသော်လည်း ရှေးပညာရှင်ကြီးတို့ အပန်းတကြီး ပြုစုရေးသား စီရင်သွားသော (ပုံမနှိပ်ဘူးသေးသော) ကျမ်းကောင်း ကျမ်းမြတ်များ တိမ်မြုပ်ကျန်ရှိနေသေးသည်ဟု သိရပါကြောင်း၊ ထိုသို့ တိမ်မြုပ်နေသော ပိဋကကျမ်းစာ (ပေမူ)တို့ကို ဖော်ထုတ်နိုင်ခြင်းဖြင့် ပရိယတ္တိသာသနာအဘက်ရော စာပေရေးရာအတွက်ပါ အကျိုးသက်ရောက်မှု ရှိမည့်အပြင် နောင်သာသနာဝင်တို့အတွက် အပင်ပန်းခံပြုစုသွားသောကျမ်းပြုပုဂ္ဂိုလ်ကြီးများကိုလဲအကောင်းဆုံး ကျေးဇူးဆပ်ရာ ရောက်မည်ဟု ယုံကြည်ပါကြောင်း၊ သို့အတွက် အကြောင်းအမျိုးမျိုးတို့ကြောင့် ပုံနှိပ်အဖြစ်သို့ မရောက်ပဲ တိမ်မြုပ်နေသော ကျမ်းစာမူ(ပေမူ)တို့ကို ပုံနှိပ်စာအဖြစ်သို့ စီးပွါးရေးမဖက် သာသနာပြု လုပ်ငန်း သက်သက်အဖြစ် ဖော်ထုတ်ပေးရန် လိုအပ်နေပါကြောင်း။

ၑင်းအပြင် လေးဆူဓာတ်ပုံ ရွှေတိဂုံ စေတီတော်မြတ်ကြီးကို လာရောက် ဖူးမြော် ပူဇော်ကြသော ဗုဒ္ဓဘာသာဝင်တို့အား ဆိမ်းကပ်ရုံ ပန်းရေချမ်းကပ်ရုံမျှဖြင့် ရပ်တန့်ကျေနပ်မနေစေပဲ မြတ်စွာဘုရား၏ အဆုံးအမ အနှစ်သာရများ ကိန်းဝပ်ရာ ပိဋကစာပေ ကျမ်းဂန်တို့ကို စနစ်တကျ အလွယ်တကူလေ့လာကြည့်ရှုနိုင်ကြပြီး ထိုမှတဆင့် ဓမ္မအရသာတို့ကို မိမိတို့ ပါရမီအလျောက် ခံစားနိုင်ရေးအတွက် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ထီးတော်ရိပ်တွင် ခေတ်နှင့်အညီ ပြည့်စုံလုံလောက်ထိုက်တန်သည့် ပိဋကတိုက်ကြီးတခု ဖြစ်မြောက်ရေးကိုလဲ စိတ်ဆန္ဒဖြစ်ပေါ်လျက် ရှိပါကြောင်း၊ ယင်းသို့

တိမ်မြုပ်နေသော (ပုံမနှိပ်ဘူးသေးသော) ကျမ်းကောင်း ကျမ်းမြတ် ပိဋကတော် ပေမူတို့ကို ဖော်ထုတ်ပူဇော်နိုင်ရေးနှင့် ပိဋကတိုက်ကြီးတခု ဖြစ်မြောက်ရေးတို့ အတွက် စိတ်တူ စေတနာတူ ဆန္ဒတူကြသည့် ပုဂ္ဂိုလ်အချင်းချင်း ဆွေးနွေး တိုင်ပင်ကြ၍ ထိုသာသနာပြုလုပ်ငန်းတို့ကို အစဉ်မပြတ် ဆောင် ရွက်နိုင်ရန် ဤပိဋကဗျူဟာ အဖွဲ့ကို ဖွဲ့စည်းရခြင်းဖြစ်ပါ ကြောင်း၊ ထိုသို့ဖွဲ့စည်းရာတွင် ကဆုန်လပြည့် ဗုဒ္ဓနေ့သည် နေ့ထူးနေ့မြတ်ကြီး ဖြစ်ပါသဖြင့် ထိုထူးမြတ်လှစွာသော ဗုဒ္ဓ နေ့ကြီးတွင် ဗုဒ္ဓသာသနာတော်အတွက် များစွာ အထောက် အပံ့ဖြစ်စေမည့် ဤပိဋက ဗျူဟာ အဖွဲ့ကို ဩဝါဒါစရိယ ဆရာတော်ကြီးများ ရှေ့တော်မှောက်၌ တရားဝင် အမှတ်တရ ဖွဲ့စည်းရခြင်း ဖြစ်ကြောင်းပါဘုရား” စသည်ဖြင့် ရိုသေစွာ လျှောက်ထားပါသည်။

## မူလပဋ္ဌာန်းဆရာတော်၏ ဩဝါဒ

ဩဝါဒါစရိယ ဆရာတော် ဘုရားကြီးများက အသီးသီး ဩဝါဒကထာ မြွက်ကြားရာတွင် ရှေးဦးစွာ မူလပဋ္ဌာန်းဆရာ တော်ဘုရားက “တိမ်မြုပ်နေသော ကျမ်းစာမူများကို တတ်နိုင် သမျှ ပြန်လည် ဖော်ထုတ်ကြမည် ဆိုသဖြင့် ဝမ်းမြောက်ပါ ကြောင်း၊ ပရိယတ္တိ သာသနာတော်အတွက် အထူး လိုအပ် ချက်တရပ်ဖြစ်သဖြင့် လုပ်သင့် လုပ်ထိုက်တဲ့ ကိစ္စတရပ်လဲ ဖြစ်ပါကြောင်း၊ တိမ်မြုပ်နေသော ကျမ်းစာမူများနှင့် ပတ် သက်၍ ဥပမာတခုပြရလျှင် ပဋ္ဌိသမ္ဘိဒါမဂ် အဋ္ဌကထာနိဿယ ဆိုယင် အလွန်ကောင်းမွန်ပြီးလိုအပ်နေသောကျမ်းစာမူ ဖြစ် ကြောင်း၊ ထိုနိဿယတွင် ပါဠိစိစစ်ချက်များအနက်အဓိပ္ပါယ်

စိစစ်ချက်များဖြင့် ဝေဆာပြီး တန်ဘိုး ကြီးမားလှကြောင်း၊ အလားတူ ကောင်းမွန် ကျေးဇူးများသည့် ကျမ်းစာမူများ လည်း တိမ်မြုပ် ပျောက်ကွယ်နေသဖြင့် ဤပိဋက ဗျူဟာ အဖွဲ့ ပေါ်ပေါက် လာခြင်းကို ဘုန်းကြီးတို့က အလွန် ဝမ်း မြောက်စွာ ကြိုဆိုပါကြောင်း၊ တိုင်ပင် ညီညွတ်စွာဖြင့် အောင်မြင်အောင် ကြိုးစား ဆောင်ရွက် သွားကြ စေလိုပါ ကြောင်း” မိန့်ကြားတော်မူပါသည်။

## ခြောက်ထပ်ကြီးဆရာတော်၏ ဩဝါဒ

ဆက်လက်၍ ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဆရာတော် ဘုရားက မိန့်ကြားတော်မူရာတွင် “မြတ်စွာဘုရားသခင်ကိုယ် တော်မြတ်ကြီး၏ ဓမ္မက္ခန္ဓာ-ဓမ္မစေတီများ ကိန်းအောင်းရာ ပိဋကစာပေများကို စီးပွါးရေး မဖက် သဒ္ဓါတရား သက်သက် ဖြင့် ပြန်လည်ဖော်ထုတ်သော အလုပ်မှာ အလွန် မွန်မြတ် သော သာသနာပြု လုပ်ငန်းတခုဖြစ်ကြောင်း၊ ရည်ရွယ်ချက် များအတိုင်း ရေရှည်ဆောင်ရွက်သွားနိုင်ဘို့ များစွာအရေး ကြီးကြောင်း၊ ကျမ်းစာအုပ်များ ရိုက်နှိပ်ရာတွင် ရန်ပုံငွေ ပြည့်စုံလုံလောက်ဘို့ အထူး လိုအပ်ကြောင်း၊ ပဌမ တအုပ် ဖြစ်မြောက်လာပြီး ဒုတိယတအုပ်စသည်ကို ဆက်လက်ရိုက်နှိပ် နိုင်ရန်အတွက် စာသင်သားများ အသုံးဝင်မည့် တိမ်မြုပ် ကျမ်းစာများကို ဦးစားပေးထုတ်ဖော်သင့်ကြောင်း၊ သို့မှသာ တွင်ကျယ်ပြီး ရှေ့လုပ်ငန်းကို ဆက်နိုင်မည်ဟုထင်မြင်ကြောင်း၊ သို့မဟုတ်ပါက တအုပ်ထုတ်ပြီး ရှေ့ဆက် မထုတ်နိုင်တော့ပဲ လုပ်ငန်းရပ်စဲသွားမည်ကို စိုးရိမ်မိကြောင်း၊ ဤကိစ္စကိုအလေး အနက်ထား စဉ်းစားပြီး ဆောင်ရွက်သွားကြစေလိုကြောင်း၊

ဤသို့ ဩဝါဒပေးရခြင်းမှာ ဘုန်းကြီးများတွင် အတွေ့အကြုံ ရှိခဲ့ဘူး၍ ရည်ရွယ်ချက်ကောင်းသော သာသနာရေး လုပ်ငန်းစဉ်တရပ် အရှည်တည်တန့်စေလိုသော စေတနာဖြင့် ကြိုတင်သတိပေးရခြင်း ဖြစ်ကြောင်း၊ ပိဋကသမိုင်းများနှင့် ပိဋကပေမူများကို ကြိုတင်စုဆောင်းထားဘို့လိုကြောင်း၊ မှန်မှန်ကန်ကန် ညီညီညွတ်ညွတ်လုပ်ဆောင်သွားကြပါက အောင်မြင်မည်ဟု ယုံကြည်ကြောင်း၊ ဘုန်းကြီးများကလဲ တတ်နိုင်သည့်ဘက်က အားပေးကူညီသွားမည် ဖြစ်ကြောင်း”စသည်ဖြင့် မိန့်ကြားတော်မူပါသည်။

## ဘုံပျံဆရာတော်၏ ဩဝါဒ

ဘုံပျံ ဆရာတော်ဘုရားက ဆက်လက်၍ ဩဝါဒစကား မိန့်ကြားတော်မူရာတွင် “ဤအဖွဲ့ကို တရားဝင် မဖွဲ့စည်းမီကပင် ဘယ်လို ရည်ရွယ်ချက်များ ဘယ်လို အစီအစဉ်များနှင့် ဆောင်ရွက်မည် ဖြစ်ကြောင်းများကို ကြိုတင် ပြင်ဆင်နေကြသော ဒကာများ၏ လျှောက်ထားချက်အရ အသင့်အတင့် သိနှင့်ပြီး ဝမ်းမြောက်အားတက်နေမိကြောင်း၊ စကားစပ်၍ နီးစပ်ရာ ဆရာတော်-သံဃာတော်များကို ပြောပြသောအခါ၌လည်း အားလုံးကပင် ဝမ်းပန်းတသာရှိပြီး ဤကိစ္စကို မြန်မြန် ထက်ထက် ဆောင်ရွက်ကြဘို့ တိုက်တွန်း ကြကြောင်း၊ ပေစာမှ ပုံနှိပ်စာအဖြစ်သို့ ပို့ဆောင်သော လုပ်ငန်း၏ အရေးကြီး တန်ဘိုးများပုံကို ကိုယ်တွေ့ဖြစ်ရပ်တခုနှင့် ပုံဟပ် ပြောလိုကြောင်း၊ မိမိငယ်ရွယ်စဉ်က ဟသာတမြို့ မြစ်ကွေ့ တိုက်ဆရာတော်ထံတွင် ယခုဘုရားရှိခိုးနေကြသော ဩကာသအစီအစဉ်ကို ပုဂံ-အရှင် အရဟံ မထေရ်မြတ်က စတင် စီစဉ်ရေး

သွားခဲ့ကြောင်း စသည့် အဖိုးတန်သမိုင်းကြောင်းနှင့် စာပေ ကြောင်းများပါဝင်သည့် ပေမူတခုကို ဖတ်ရှုဘူးခဲ့ကြောင်း၊ စစ်ကြီးဖြစ်၍ ဟိုရွှေ့သည်ရွှေ့ ပြောင်းရွှေ့ကြရသည့် အမြင့် ကာလ ကြာညောင်း၍ အထိန်းအကျောင်း ယိုယွင်းပြီး ပေထုပ်များ ပျောက်ဆုံးခဲ့ရကြောင်း၊ ယခုအခါ ဩကာသ ဘုရားရှိခိုးနှင့် ပတ်သက်၍ အမျိုးမျိုးယူဆပြောဆိုနေချိန်တွင် ငယ်စဉ်က ဖတ်ရှုခဲ့ဘူးသော ထိုပေထုပ်ကို သတိရ၍ လိုက်လံ စုံစမ်း ရှာဖွေခဲ့ရာ ယခုထိ မတွေ့သေးပဲ ပျောက်ဆုံးနေ ကြောင်း၊ အကယ်၍များ စာအုပ်အဖြစ် ရိုက်နှိပ် ထားဘူးပါမူ တနေရာမတွေ့ တနေရာတွေ့နိုင်ပြီးအဖိုးမဖြတ်နိုင်သောစာပေ ရလဒ်များ ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ သို့အတွက် တိမ် မြုပ်နေသော ကျမ်းကောင်း ကျမ်းမြတ်များကို ပြန်လည် ရိုက်နှိပ်ဖော်ထုတ်ကြမည့်ဘုသတင်းကြားကထဲက ဝမ်းမြောက် ကျေနပ်ပြီး ကိုယ်တိုင်လဲ လှူဒါန်း နိုးစပ်ရာများကိုလဲ တိုက် တွန်းခဲ့ကြောင်း၊ နယ်များသို့ရောက်စဉ်ကလဲ နယ်ကပုဂ္ဂိုလ် များကို ဤကိစ္စပြောပြရာ အားတက်သရော ထောက်ခံအား ပေးကြကြောင်း၊ အဖွဲ့ဝင် များများရအောင် ကြိုးစားပြီး စာအုပ်ဖြစ်ပေါ်လာသောအခါတွင် အဖွဲ့ဝင်တဦးလျှင် အနည်း ဆုံး တအုပ်ကျစီ ဝယ်ယူပူဇော်ကြပြီး နိုးစပ်ရာများကို အဖွဲ့ ဝင်များက တာဝန်ယူဖြန့်ချိသော မူများဖြင့် ဆောင်ရွက်သွား ကြရန် အကြံပြုကြကြောင်း၊ ကျောင်းထိုင် ဆရာတော်များ အဖွဲ့ အမြို့မြို့အနယ်နယ်မှ ပရိယတ္တိ စာသင်တိုက်များ စာ ကြည့်တိုက်များ စာပေ မြတ်နိုးသူများထံ အကြောင်းကြား နှိုးဆော်ပြီး ဆောင်ရွက်သွားကြပါက တွေ့ကြုံ ရဂတ်သော အခက်အခဲများကို ကျော်လွှားနိုင်မည်ဟုယုံကြည်ပါကြောင်း၊

မာရ်ငါးပါးကို အောင်မြင်တော်မူသော ဗုဒ္ဓနေ့ကြီးတွင် ဖွဲ့စည်းအောင်မြင်သော အထိမ်းအမှတ်ကလည်း ဤအဖွဲ့၏ ရှေ့ပြေး နိမိတ်ကောင်းသော အတိတ်ပင် ဖြစ်ပါကြောင်း" စသည်ဖြင့် မိန့်ကြားတော်မူပါသည်။

## အတွင်းရေးမှူး၏ လျှောက်ထားချက်

ထို့နောက် ဓမ္မဗျူဟာ-ဦးမြသောင်း (အကျိုးဆောင်-အတွင်းရေးမှူး) က ပိဋက ဗျူဟာအဖွဲ့တွင် ပဌမဆုံး ဦးဆောင်ပါဝင် ဆောင်ရွက်ကြမည့် သြဝါဒါစရိယ ဆရာတော်များ၊ နာယကလူကြီးများ၊ အမှုဆောင်လူကြီးများနှင့် ပိဋက ဗျူဟာအဖွဲ့ စတင်အရှိန်ယူပေါ် ပေါက်လာပုံတို့ကို ရှင်းလင်း လျှောက်ထားတင်ပြပါသည်။

## သြဝါဒါစရိယ ဆရာတော်များ

(၁) ကမ္ဘာ့ဗုဒ္ဓသာသနာပြု အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးသေဋ္ဌိလ။

(၂) ခြောက်ထပ်ကြီး ဘုရားကြီးတိုက် အဂ္ဂမဟာ-ပဏ္ဍိတ-ဆရာတော် ဦးအာစိဏ္ဏ၊

(၃) ပြည်လမ်းမူလပဌာန်းပါရဂူဆရာတော် ဦးနာရဒ။

(၄) မြောင်းမြမှူ အဂ္ဂ မဟာပဏ္ဍိတ ဇေယျမေဒနီ ဆရာတော် ဦးပဏ္ဍိတ။

(၅) ကြည့်မြင်တိုင် ကျောင်းကြီးတိုက်-ဘုံပျံဆရာတော် ဦးပညာသာမိ။

## နာယက လူကြီးများ

ဝဏ္ဏကျော်ထင် ဦးမြင့် (ရွှေတိဂုံ စေတီ ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်)

ဒီးဒုတ် ဦးဘသင်။

ဆရာဝန်ကြီး ဒေါက်တာ ဦးရန်ရှင်း။

ဝဏ္ဏကျော်သင် ဦးဘခင်။ (ရွှေတိဂုံစေတီ ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်)

## ဗဟိုအမှုဆောင် လူကြီးများ

ဦးအောင်သိမ်း (ရွှေတိဂုံ စေတီ ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်) ဥက္ကဋ္ဌ

ကယား-ဦးထွန်းလွင် ဘဏ္ဍာရေးမှူး

ဒဂုဏ်ပ-ဦးမြတ်သောင်း စာရင်းစစ်

ဓမ္မဃောသက-ဦးမောင်မောင် အဖွဲ့ဝင်

ဦးဗညွန့် (မော်တင်ကောလိပ် ကျောင်းအုပ်ကြီး) ။

ဒေါက်တာ-ဦးမျိုးမြင့် (မေ့ဆေးပါရဂူ ဆရာဝန်ကြီး) ။

ပဋ္ဌာန်း-ဒေါ်ခင်မြင့် ။

ဓမ္မဗျူဟာ-ဦးမြသောင်း အကျိုးဆောင် အတွင်းရေးမှူး

"ယခုတင်ပြခဲ့သော ဆရာတော်ဘုရားကြီးများနှင့် လူကြီးများဟာ ပိဋက ဗျူဟာအဖွဲ့ရဲ့ ပဌမဆုံး ဦးဆောင်ပုဂ္ဂိုလ်များဖြစ်ပါကြောင်း၊ ဒီဦးဆောင်အဖွဲ့ကို အခြေအနေအရ ဆက်လက်တိုးချဲ့ ဖွဲ့စည်းသွားမယ့်အပြင် စာမူစုဆောင်းရေးအဖွဲ့ငယ်, စာမူတည်းဖြတ်ရေး အဖွဲ့ငယ်, စာမူပုံနှိပ်ရေး အဖွဲ့ငယ်, စာအုပ်ဖြန့်ချိရေး အဖွဲ့ငယ်များနှင့် စာပေ ဦးဆောင်အဖွဲ့ ရုံးလုပ်ငန်းအဖွဲ့ စသည်တို့ကို လုပ်ငန်းအတိုင်းအတာအရ ဆက်လက်ဖွဲ့စည်းသွားမည် ဖြစ်ပါကြောင်း" လျှောက်ထားတင်ပြပါသည်။

## ပိဋကဗျူဟာအဖွဲ့ စတင်ခဲ့ပုံ

အကျိုးဆောင် အတွင်းရေးမှူးက ဆက်လက်လျှောက်ထား တင်ပြရာတွင် "ပိဋကဗျူဟာအဖွဲ့ စတင်ခဲ့ပုံနှင့် ပျိုးထောင်ခဲ့ပုံများကို လျှောက်ထားတင်ပြခွင့် ပြုတော်မူပါ၊ အရှင်တိလောကသာရ (ရဝေထွန်း) က လစဉ်ထုတ် ဓမ္မဗျူဟာစာစောင်တွင် "ပိဋကကုသိုလ်ရှင် ထွက်စေချင်" ဆိုတဲ့ ဆောင်းပါးတပုဒ်ကို ရေးသားပြီး တိမ်မြုပ်နေသော ပိဋကစာပေ (ပေမူ) တို့ကို ရိုက်နှိပ်ဖော်ထုတ်ကြရန် လှုံ့ဆော်တိုက်တွန်းခဲ့ပါတယ်၊ ဒီဆောင်းပါးကို အကြောင်းပြုပြီး မင်္ဂလာဗျူဟာအသင်းချုပ်ရဲ့ နာယကလဲဖြစ် ပိဋကဗျူဟာအဖွဲ့ရဲ့ နာယကလဲဖြစ်တဲ့ ဒီးဒုတ်ဦးသာဒင်က နီးစပ်ရာ ဆရာတော်များ ဓမ္မမိတ်ဆွေများနှင့် တိုင်ပင်ညှိနှိုင်းပြီး "ပိဋကဗျူဟာအဖွဲ့"ဆိုတဲ့အမည်နဲ့ လုပ်ငန်းစတင်ခဲ့ပါတယ်။

ပိဋကသုံးပုံ (တစ်သုံးလုံး)ကို ရည်ရွယ်၍ အဖွဲ့ဝင်တဦးလျှင် ၁၁၁ (တစ်ရာတစ်ဆယ့်တစ်ကျပ်) စီ ပါဝင်လှူဒါန်းရန်၊

ပိဋကသုံးပုံ (တစ်သုံးလုံး) ကိုပင် ရည်ရွယ်ပြီး အဖွဲ့ဝင်ပေါင်း ၁၁၁-ဦးစီကို ဝန်ဆောင်အဖွဲ့ဝင်များအဖြစ် သတ်မှတ်၍ ပဌမအဖွဲ့ဝင် ၁၁၁ ဦးကို "ပဌမ ပိဋကဝန်ဆောင်အဖွဲ့" ဟုရင်း၊ ဒုတိယအဖွဲ့ဝင် ၁၁၁-ဦးကို "ဒုတိယပိဋကဝန်ဆောင်အဖွဲ့" ဟုရင်း၊ စိတ်ပါဝင်စားမှုရှိအောင် ၁၁၁-ဦးစီ ပိုင်းခြားသတ်မှတ်၍ တတိယ စတုတ္ထ စသော ဝန်ဆောင်အဖွဲ့များကို ဆက်လက်ဖွဲ့စည်းသွားရန်-ဟူသောမူဖြင့် ဤအဖွဲ့ကို စတင်လုပ်ရှား အချိန်ယူခဲ့ပါတယ်၊ အဲဒီနောက် အရှင်တိလောကသာရ (ရဝေထွန်း) ကပင် ဓမ္မဗျူဟာစာစောင်၌ "ပိဋကဗျူဟာချီတက်လာပြီ" ဟူသော ဆောင်းပါးနဲ့ ထပ်မံလှုံ့ဆော်ခဲ့ပြန်ရာ နယ်မှ အဖွဲ့ဝင်ပေါင်း ၆၀-ကျော်လောက် တိုးတက်ခဲ့ပြီး ယခုနေ့အထိ ပဌမ ပိဋကဝန်ဆောင် ၁၁၁-ဦးပြည့်ရန် အနည်းငယ်သာ လိုပါတော့တယ်၊ ရန်ပုံငွေလဲ ကျပ်ဘစ်သောင်းကျော်လောက်ရရှိခဲ့ပြီး ဖြစ်ပါတယ်၊ မကြာမီ ပဌမဝန်ဆောင်၁၁၁-ဦးပြည့်၍ ဒုတိယဝန်ဆောင်အဖွဲ့ကို စတင်နိုင်တော့မှာဖြစ်ပါတယ်" စသည်ဖြင့်ပိဋက

ဗျူဟာအဖွဲ့ စတင်လုပ်ရှား အရှိန်ယူခဲ့ပုံများကို လျှောက်ထားတင်ပြပါသည်။

## ကျမ်းစာမူကိစ္စ

ကျမ်းစာမူများ ကိစ္စနှင့်ပတ်သက်၍ အတွင်းရေးမှူးက ဆက်လက်လျှောက်ထားရာတွင် "အဖွဲ့ရဲ့ ကျမ်းစာမူကိစ္စများကို မန္တလေးမြို့ အဘယာရာမ ရွှေဂူတိုက် ဒုတိယ နာယက ဆရာတော် အရှင်သီလာနန္ဒာဘိဝံသနဲ့ အရှင်တိလောကသာရတို့က ဦးဆောင်တာဝန်ယူပြီး ဆောင်ရွက်လျက်ရှိပါတယ် အဖွဲ့ရဲ့ ကျမ်းစာမူကိစ္စများကို ဆဋ္ဌသံဂါယနာမှာ အတွေ့အကြုံများစွာ ရှိခဲ့ကြတဲ့ အရှင်သီလာနန္ဒာဘိဝံသနဲ့ အရှင်တိလောကသာရမထေရ် နှစ်ပါးတို့ကပင် ဦးဆောင်တာဝန်ယူသွားကြမှာဖြစ်ပါတယ်၊ ထိုမထေရ်နှစ်ပါးဟာ ပိဋကဗျူဟာရဲ့ စာပေတာဝန်ခံ (ဦးဆောင်) မထေရ်များဖြစ်ပါတယ်၊ အဖွဲ့ရဲ့ ပဌမဆုံးကျမ်းစာကို ပါဠိစာပေသမိုင်းမှာ အဋ္ဌကထာဆရာအဖြစ်ရော ဋီကာဆရာအဖြစ်ပါ ထင်ရှားကျော်ကြားလှတဲ့ အာစရိယဓမ္မပါလမထေရ်ရဲ့ "ဧာတကဋီကာဟောင်း" ကို ရွေးချယ်ထားပြီး သုတ်သင်ပြင်ဆင် တည်းဖြတ်မှုများကို အရှင်သီလာနန္ဒာဘိဝံသက မန္တလေးမှာ ဆောင်ရွက်လျက်ရှိပါတယ်၊ မန္တလေး အဘယာရာမ ရွှေဂူတိုက်မှာ အရှင်သီလာနန္ဒာဘိဝံသ ဦးစီး၍ "ပေမူကူး" လုပ်ငန်းတို့ကိုလဲ စတင်ဆောင်ရွက် နေပြီဖြစ်ပါတယ်" စသည်ဖြင့် တင်ပြလျှောက်ထားပါသည်။

## အောင်ဂါထာတော်ဖြင့်

ထို့နောက် ပိဋကဗျူဟာအဖွဲ့တည်ရာ ဌာနသီးခြား မရှိသေးသဖြင့် ယာယီတည်ရာဌာနအဖြစ် မင်္ဂလာဗျူဟာအသင်းချုပ် ဓမ္မာရုံကို သဘောတူသတ်မှတ်ကြပြီး ပိဋကဗျူဟာအဖွဲ့ အောင်မြင်စွာ ဖွဲ့စည်းပြီးကြောင်း အထိမ်းအမှတ်အဖြစ် ဩဝါဒါစရိယ ဆရာတော်ဘုရားများက "အနေကဇာတိ သံသာရံ" အစဖြာသော ဗုဒ္ဓါဘိသေက အောင်ဂါထာတော်ကြီးကို ရွတ်ဖတ်ပူဇော်၍ အောင်ဩဘာ အောင်နိမိတ်ဖြင့် အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းကြပါသည်၊ ဤသည်လျှင် ပိဋကဗျူဟာနိဒါန်း (ပိဋကဗျူဟာ အဖွဲ့ပေါ်ပေါက်လာပုံအကြောင်း) အကျဉ်းချုပ် ဖြစ်ပါသည်။

## ဆက်လက်ကြိုးပမ်းချက်များ

ပိဋကဗျူဟာအဖွဲ့ကို တနှစ်နီးပါး စတင်လှုပ်ရှား အရှိန်ယူခဲ့ပြီး ၁၃၃၇-ခုနှစ် ကဆုန်လပြည့် စနေနေ့ (၂၄-၅-၇၅) တွင် ဖော်ပြပါ အစီအစဉ်အတိုင်း တရားဝင် ဖွဲ့စည်းတည်ထောင် ခဲ့ပါသည်၊ ယင်းသို့ ဖွဲ့စည်းတည်ထောင်ပြီးနောက် အောက်ပါလုပ်ငန်းတို့ကို ဆက်လက်၍ ကြိုးပမ်း ဆောင်ရွက်ခဲ့ပါသည်။

၁။ ပိဋကဗျူဟာအဖွဲ့၏ ပဌမဆုံး ရိုက်နှိပ်မည့်ကျမ်းစာမူကို တည်းဖြတ်ပြင်ဆင်ခြင်း၊

၂။ မန္တလေးမြို့ အဘယာရာမ ရွှေဂူတိုက်တွင် အရှင်သီလာနန္ဒာဘိဝံသ ဦးဆောင်၍ ပိဋကပေမူတို့ကို အဆင့်ဆင့်ရေးကူးခြင်း၊ ရှာဖွေခြင်း၊

၃။ ဓမ္မဗျူဟာစာစောင်တွင် ဆောင်းပါးများ၊ ပြန်ကြား အစီရင်ခံလွှာများဖြင့် လှုံ့ဆော်တိုက်တွန်း၍ အဖွဲ့ ဝင်များ တိုးပွါးအောင် ကြိုးစားခြင်း၊

၄။ ပဌမပိဋကဝန်ဆောင် ၁၁၁-ဦးနှင့် ဒုတိယပိဋကဝန် ဆောင် ၁၁၁-ဦး ပြည့်မြောက် အောင်မြင်သွား၍ တတိယ ပိဋကဝန်ဆောင် ၁၁၁-ဦးကို ဆက်လက်ဖွဲ့ စည်းခြင်း၊

၅။ အဖွဲ့ဝင်များ လှူဒါန်းထားသော အလှူငွေများကို ငွေစုဘဏ်တွင်စနစ်တကျ အပ်နှံထားခြင်း၊

၆။ အဖွဲ့၏ စည်းမျဉ်းဥပဒေ မူကြမ်းကို ရေးဆွဲ၍ မူချော အဖြစ် အပြီးသတ်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

၇။ အဖွဲ့ဘဏ်ရာဌာန အဆောက်အဦတခု ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်း။

**မှတ်ချက်။** ၁၉-၁၁-၇၆ နေ့စွဲဖြင့် ပဌမ ပိဋကဝန်ဆောင် အဖွဲ့ဝင် ရှမ်းပြည်မြောက်ပိုင်းမှ စေတနာရှင်တဦးက ပိဋက တော် (ပေမူ)များ ရိုက်နှိပ်ရန်နှင့် ပိဋကဗျူဟာအဖွဲ့ ရန်ပုံ ငွေအတွက် အလှူငွေ ၁၀၀၀၀ိ-( ကျပ်တစ်သောင်းတိတိ )ကို ရန်ကုန်သို့ တကူးတက လာရောက်၍ လှူဒါန်းသွားပါသည်။

## ပေမူကူးလုပ်ငန်းများ

ပိဋကဗျူဟာအဖွဲ့၏ပဓာနလုပ်ငန် ဖြစ်သည့် ပေမူလုပ်ငန်း ကို မန္တလေးမြို့ အဘယာရာမ ရွှေဂူတိုက်တွင် အရှင်သီလာ- နန္ဒာဘိဝံသ ဦးစီး၍ ပုံနှိပ်အဖြစ်သို့ မရောက်ဘူးသေးသော

ပေမူတို့ကို ရှာဖွေခြင်း, စုဆောင်းခြင်း, ခေတ္တငှါးယူခြင်းများကို ဆောင်ရွက်ပြီး ပေမူမှ လက်ရေးမူသို့ရှင်း, လက်ရေးမူမှ လက်နှိပ်စက်မူသို့ရှင်း အဆင့်ဆင့်ကူးယူခဲ့ရာ အောက်ပါပေမူတို့ကို အောင်မြင်စွာ ကူးယူနိုင်ခဲ့ပါသည်။ (ပေမူတို့ကို ဆက်လက် ကူးယူဆဲလည်း ဖြစ်ပါသည်။)

၁။ ဇာတကဋ္ဌကထာဟောင်း
၂။ ဇာတကဝိသောဓနီ
၃။ ကလျာဏီကျောက်စာ မြန်မာပြန်
၄။ ဝဇီရဗုဒ္ဓိဋီကာနိဿယ
၅။ ဝိမတိဝိနောဒနီဋီကာနိဿယ
၆။ အနုဋီကာမိန်တောင်း
၇။ သုတ္တဝိစာရလက်ဩဝါဒပါဠ်
၈။ သုတ္တဝိစာရလက်ဩဝါဒနိဿယ
၉။ ဝိသုဒ္ဓိမဂ္ဂဂဏ္ဌိပုဒ်
၁၀။ ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိပုဒ်
၁၁။ ကေသဓာတုဝင်ပါဠ်
၁၂။ နလာဋဓာတုဝင်ပါဠ်
၁၃။ ထူပဝင်ပါဠ်
၁၄။ မဟာထူပဝင်ပါဠ်
၁၅။ အနာဂတဝင်ပါဠ်
၁၆။ လောကဒီပနီ

၁၇။ ဆင်္ဂတိဒီပနီ

၁၈။ လောကုပ္ပတ္တိဒီပနီ

၁၉။ ယမကဋီကာဝဏ္ဏနာ

၂၀။ သံချေပကာသကဋီကာ

## အဖွဲ့တည်ရာဌာနချုပ်

ပိဋကဗျူဟာအဖွဲ့သည် ပေမူ ရှာဖွေစုဆောင်းရေး, ပေမူ အဆင့်ဆင့် ရေးကူးရေး, ပေမူညှိနှိုင်းရေး, ပေမူတည်းဖြတ်ရေး, ပုံနှိပ်လုပ်ဆောင်ရေး, ဖြန့်ချိရေး, ရန်ပုံငွေ ရှာဖွေရေး စသော လုပ်ငန်းတို့ဖြင့် ကျယ်ပြန့်စွာ ဆောင်ရွက်ရမည် ဖြစ်လေရာ ထိုလုပ်ငန်းတို့ကို စနစ်တကျ မူချဆောင်ရွက်နိုင်ရေး အတွက် အဖွဲ့တည်ရာဌာန ရရှိရေးသည် အရေးတကြီး ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်ပါသည်၊ ပိဋကဗျူဟာအဖွဲ့၏ သာသနာပြု လုပ်ငန်းတို့ကို ရွှေတိဂုံစေတီတော် ထီးတော်ရိပ်၌ ခိုလှုံအားယူ၍ ဆောင်ရွက်သွားရန် ရည်မှန်းထားသည့်အတိုင်း ရွှေတိဂုံစေတီတော် ထီးတော်ရိပ်၌ ဓမ္မာရုံတခု ရရှိရေးအတွက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းအဖွဲ့၏ ကူညီအားပေးမှုဖြင့် ဆောင်ရွက်ခဲ့ရာ ရွှေတိဂုံစေတီတော် တနင်္ဂနွေဒေါင့် အာဇာနည်ဗိမာန်လမ်းရှိ "ဦးစော-ဒေါ်ဝင်း ပိဋကတိုက်" ဓမ္မာရုံကို ပိဋကဗျူဟာအဖွဲ့ ဌာနချုပ်ဖွင့်လှစ်ရန် အဆင်ပြေအောင်မြင်ခဲ့ပါသည်။

ဦးစော- ဒေါ်ဝင်း ပိဋကတိုက် ဓမ္မာရုံကို ဆက်လက်တာဝန်ခံ စောင့်ရှောက်ကြသော မူလဒါယကာ ဦးစော-ဒေါ်ဝင်းတို့၏ တူ-တူမများဖြစ်ကြသော ရန်ကုန်မြို့ မော်တင်

လမ်း တိုက်အမှတ် ၇၃- ဦးကျော်-ဒေါ်ရှုပိုတို့က ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းအဖွဲ့နှင့် ညှိနှိုင်း၍ ဦးစော-ဒေါ်ဝင်း ပိဋကတိုက် ဓမ္မာရုံကို ပိဋကဗျူဟာအဖွဲ့၏ တည်ရာဌာန ဖွင့်လှစ်ရန် သဘောတူ ကူညီ၍ အားပေးခဲ့ကြပါသည်၊ ၁၃၃၈-ခုနှစ် တပို့တွဲလဆန်း ၉-ရက် (၂၇-၁-၇၇) ကြာသပတေးနေ့ နံနက် ၇-နာရီအချိန်တွင် ပိဋကဗျူဟာအဖွဲ့ ဆိုင်းဘုတ်တင် အခမ်းအနားနှင့် ဓမ္မာရုံဖွင့်ပွဲ အခမ်းအနားကို စည်ကား သိုက်မြိုက် အောင်မြင်စွာ ကျင်းပခဲ့ပါသည်၊ ယခုအခါ ပိဋကဗျူဟာအဖွဲ့ (ဦးစော-ဒေါ်ဝင်း ပိဋကတိုက် ဓမ္မာရုံ၊ အာဇာနည်ဗိမာန်လမ်း၊ ရွှေဂုံတိုင်စာတိုက်၊ ရန်ကုန်မြို့) တွင် ရုံးလုပ်ငန်းတို့ကို စနစ်တကျ မူချဖွဲ့စည်း၍ ပေမူကူးလုပ်ငန်းများ, ပုံနှိပ်ရေး လုပ်ငန်းများနှင့် စည်းရုံးဆက်သွယ်ရေး လုပ်ငန်းစသည်များကို ရုံးချိန်အတိုင်း ပုံမှန်ဆောင်ရွက်နေပြီ ဖြစ်ပါသည်၊ ဤကဲ့သို့ သာသနာပြုလုပ်ငန်း အဆင်ပြေ အောင်မြင်အောင် အားပေးကူညီခဲ့ကြသော ဦးကျော်-ဒေါ်ရှုပို မိသားစုနှင့် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းအဖွဲ့တို့အား ပိဋကဗျူဟာအဖွဲ့မှ အထူး ကျေးဇူးဥပကာရ တင်ရှိပါကြောင်း လေးစားစွာ မှတ်တမ်းတင်အပ်ပါသည်။

## ပုံနှိပ်မည့်ကျမ်းစာ ပေမူများ

ပိဋကဗျူဟာအဖွဲ့၏ ပဌမဆုံး ကျမ်းစာအဖြစ် "ဇာတကဋ္ဌကထာဟောင်း" ကို ရွေးချယ်၍ ပေမူမှ လက်ရေးမူသို့ရင်း လက်ရေးမူမှ လက်နှိပ်စက်မူသို့ရင်း အဆင့်ဆင့်ရေးကူးပြီး၍ ပုံနှိပ်ရန် စနစ်တကျ တည်းဖြတ်သောအခါတွင် မမြော်လင့်သော အခက်အခဲတို့နှင့် ကြုံတွေ့လာရပါသည်၊ပေမူသက်တမ်း

ကြာမြင့်နေပြီဖြစ်၍ အချို့ပေစာများ ဖတ်မရလောက်အောင် ပျက်စီး ချွတ်ယွင်းနေခြင်း, အချို့ ပေစာချပ်များ လစ်လပ် ပျောက်ဆုံးနေခြင်း, သက္ကတ အသုံးအနှုန်း ဝေါဟာရများ အများအပြားပါဝင်နေ၍ သက္ကတစာပေ ပညာရှင်တို့နှင့် ညှိ နှိုင်းရန် လိုအပ်နေခြင်း စသော စာပေအခက်အခဲတို့နှင့် ရင်ဆိုင်လာရပါသည်။

အရေးကြီးသော ဋီကာကျမ်းကြီးတကျမ်းကို ဖြစ်ကတတ် ဆန်း ပုံနှိပ်လုပ်ဆောင်ရန် မသင့်လျော်သဖြင့် ဇာတကဋီကာ ဟောင်းကို အကြောင်းညီညွတ်ပြည့်စုံမှ ပုံနှိပ်ရန် ဆုံးဖြတ် ကြပြီး အဖွဲ့၏ ပဌမဆုံးကျမ်းစာအဖြစ် **ပဲခူး - ကလျာဏီ ကျောက်စာ (မြန်မာပြန်)**ကို ရွေးချယ်လိုက်ပါသည်၊ ဒုတိယ ကျမ်းစာအဖြစ် မြန်မာပြည်ကျမ်းတတ် ပုဂ္ဂိုလ်ကျော် ၄-ပါး အပါအဝင် မဏိသာရမဉ္ဇူသာဋီကာ ကျမ်းပြုအကျော် စစ်ကိုင်း အရှင်အရိယဝံသဆရာတော်၏ "ဇာတကဝိသောဓနေ ကျမ်း" ကိုရင်း, တတိယကျမ်းစာအဖြစ် သာသနာတော်နှင့် ပိဋကစာပေလောကတွင် အလွန်လိုအပ်နေသည့် "ဝဇိရဗုဒ္ဓိ ဋီကာ နိဿယကြီး" ကိုရင်း အသီးသီးရွေးချယ်သတ်မှတ်၍ သာသနာတော်အတွက် ကျေးဇူးများမည့် ဝိမတိဋီကာနိဿယ စသော ကျမ်းစာ( ပေမူ ) တို့ကို ဆက်လက်ပုံနှိပ်ဖော်ထုတ် ပူဇော်သွားရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

## ကလျာဏီ ကျောက်စာ(မြန်မာပြန်)

ပဲခူး-ကလျာဏီကျောက်စာ ( မြန်မာပြန် )သည် မြတ်နိုး ဖွယ်ရာ အရည်အချင်းတို့နှင့် ပြည့်စုံကြွယ်ဝနေသဖြင့် အဖွဲ့၏

ပဌမဆုံးကျမ်းစာအဖြစ် ရွေးချယ်ရခြင်းဖြစ်ပါသည်၊ကလျာဏီ ကျောက်စာ ( မြန်မာပြန် )သည်—

( ၁ ) သာသနာတော်၏ အသက်သဖွယ်ဖြစ်သော ဝိနည်းကံ ( သိမ် )ဆိုင်ရာ အကြောင်းအရာဖြစ်ခြင်း၊

( ၂ ) မြန်မာပြည် သာသနာ့သမိုင်းကြီး၏ မှတ်တမ်းသဖွယ် ဖြစ်ခြင်း၊

( ၃ ) ပုံမနှိပ်ဘူးသေးသော နာမည်ကျော် မ ကာရလောပ တောင်တွင်းဆရာတော် ခင်ကြီးဖျော်၏ လက်ရာတော် ဖြစ်ခြင်း၊

( ၄ ) ရဟန်းရှင်လူ မည်သူမဆို အလွယ်တကူ ဖတ်ရှုလေ့လာ နိုင်သည့် မြန်မာပြန်ကျမ်း ဖြစ်ခြင်း၊

( ၅ ) ပဲခူး ကလျာဏီ သိမ်တော်ကြီးကို မြန်မာနှစ် ၈၃၈-ခုနှစ် တွင် အောင်မြင်စွာ သမုတ်ခဲ့ခြင်းဖြစ်ရာ ကလျာဏီ သိမ်တော်ကြီး၏ နှစ်ငါးရာပြည့်နှင့်ကြုံကြိုက်နေခြင်း—

စသော ဂုဏ်ထူးဝိသေသတို့နှင့် ပြည့်ဝနေသဖြင့် အဖွဲ့၏ပဌမ ဆုံးကျမ်းစာအဖြစ် စင်တော်ကောက် ရွေးချယ်ခြင်း ဖြစ်ပါ သည်၊ မူလ ကလျာဏီ သိမ်တော်ကြီးနှင့် မူရင်းကလျာဏီ ကျောက်စာတို့ကို လက်တွေ့လေ့လာနိုင်ရန် ၁၃၃၈-ခု ပြာသို လဆန်း ၆-ရက် စနေနေ့ ( ၂၅-၁၂-၇၆ ) တွင် ပိဋကဗျူဟာ အဖွဲ့မှ ဦးဆောင်ပုဂ္ဂိုလ်များ "ပဲခူး-ကလျာဏီ လေ့လာရေး ခရီး"ထွက်၍ သိမ်တော်ကြီးနှင့် ကျောက်စာတို့ကို လေ့လာ ခြင်း- မှတ်တမ်းတင်ဓာတ်ပုံများရိုက်ခြင်း စသည်တို့ကို ဆောင် ရွက်ခဲ့ကြပါသည်။ ( ကလျာဏီကျောက်စာ နိဒါန်းနှင့် ဓမ္မ စေတီမင်းကြီး အဋ္ဌုပ္ပတ္တိတို့ကို သီးသန့်တင်ပြထားပါသည်)။

## ပေမူမှ လက်နှိပ်စက်မူသို့

ပေမူမှပုံနှိပ်မူသို့ ဖော်ထုတ်ပို့ဆောင်ရာတွင် စက္ကူ-ပုံနှိပ်စက် စသည့်အခက်အခဲများကို ကျော်လွှားရပါမည်၊ ယခုအခါ စက္ကူ အခြေအနေကိုလည်း အဖွဲ့မှ အလေးအနက်ထား၍ စဉ်းစား ခဲ့ပါသည်၊ အင်တိုက် အားတိုက် တအုပ်ပြီးတအုပ် အဆက် မပြတ် ပုံနှိပ်လိုပါသော်လည်း စက္ကူအခြေအနေပေါ် မူတည် ၍ "ပေမူမှ ပုံနှိပ်မူသို့" ခရီးကို တက်လှမ်းရမည်ဖြစ်ရာ လမ်း ခုလတ်ဖြစ်သည့် "ပေမူမှ လက်နှိပ်စက်မူသို့" ခရီးတထောက် ကို လောလောဆယ်တွင် ဦးစားပေးတက်လှမ်းနိုင်ရန် ဆောင် ရွက်သွားပါမည်၊ ရှေးဦးစွာ ပုံနှိပ်အဖြစ်သို့ မရောက်ဘူးသေး သော ပိဋကစာပေ(ပေမူ)တို့ကို ရှာဖွေစုဆောင်း၍ ပေမူမှ လက်ရေးမူသို့ရှင်း, လက်ရေးမူမှလက်နှိပ်စက်မူသို့ရှင်း အဆက် မပြတ် ပို့ဆောင်ထားမည် ဖြစ်ပါသည်၊ လက်နှိပ်စက်မူဖြင့် အနည်းဆုံး ကော်ပီငါးမူ ကူးယူထားမည်ဖြစ်ရာ စာပေပညာ ရှင်-စာပေသုတေသီတို့သည် အရေးကြီးသော ကျမ်းစာမူတို့ကို ပိဋကဗျူဟာအဖွဲ့တွင် လက်နှိပ်စက်မူဖြင့် အလွယ်တကူ လေ့ လာနိုင်မည် ဖြစ်ပါသည်၊ ပုံနှိပ်အဖြစ်သို့ လောလောဆယ် မပို့ဆောင်နိုင်သေးသည့်တိုင်အောင် ကြည့်ရှုကိုင်တွယ်ရခက်ခဲ သော ပေမူတို့ကို လက်နှိပ်စက်မူဖြင့် စာမူပွါး၍ မှတ်တမ်း တင်ထားနိုင်လျှင်ပင် စာပေခရီးတထောက် အနေဖြင့် အကျိုး သက်ရောက်လှပြီဟု ဆင်ခြင်မိပါသည်။

## ပေမူမှ ပုံနှိပ်မူသို့

ပေမူမှ လက်နှိပ်စက်မူသို့ ခရီးတထောက် ပို့ဆောင်ထားပြီးသော ကျမ်းစာမူတို့ကို ပိဋကဗျူဟာ "စာပေဦးဆောင်အဖွဲ့"မှ စင်တော်ကောက် ရွေးချယ်စိစစ်တည်းဖြတ်ပြီး စက္ကူနှင့် စက်အင်အားပေါ် မူတည်၍ ပုံနှိပ်ဖြန့်ချိသွားမည် ဖြစ်ပါသည်၊ လောလောဆယ်တွင် အဖွဲ့ပိုင် ပုံနှိပ်စက်မရှိသေး၍ စိတ်အချရဆုံးဖြစ်သည့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်ရိုက်နှိပ်သွားရန်စီစဉ်ထားပါသည်၊ပိဋကဗျူဟာအဖွဲ့သည် "ပေမူမှပုံနှိပ်မူသို့"ကြွေးကြော်ချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ အဖွဲ့ပိုင် ပုံနှိပ်စက် ရှိဘို့လိုအပ်လှပါသည်၊ သို့မှ ပေမူမှ လက်ရေးမူသို့ရင်း, လက်ရေးမူမှ လက်နှိပ်စက်မူသို့ရင်း, လက်နှိပ်စက်မူမှ ပုံနှိပ်မူသို့ရင်း အဆင့်ဆင့်မျက်စိအောက်တွင် ဝမ်းမြောက်အားတက်ဖွယ်ရာ တခဏခြင်းတွေ့မြင် သဒ္ဒါပွါးနိုင်ကြမည် ဖြစ်ပါသည်၊ သို့ဖြစ်၍ အဖွဲ့ပိုင် ပုံနှိပ်စက်ရှိမှ အဖွဲ့လုပ်ငန်းများ အောင်မြင်တိုးတက်နိုင်မည် ဖြစ်ရာ ဤအရေးကို မြော်တွေး၍ ယခုအခါ ပိဋကဗျူဟာအဖွဲ့ ဥက္ကဋ္ဌ-ဦးအောင်သိမ်း-ဒေါ်ညွန့်မေ မိသားစုတို့က အဖွဲ့ပိုင်ပုံနှိပ်စက်တည်ထောင်ရန်အတွက် ဦးဆောင်နမူနာအနေဖြင့် မ-တည်ငွေ ၅၀၀၀ိ- (ငါးထောင်ကျပ်တိတိ)ကို စာရင်းဖွင့်၍ လှူဒါန်းထားပြီး ဖြစ်ပါသည်။

## ရွှေတိဂုံစေတီ ထီးတော်ရိပ်မှ ပိဋကတိုက်တော်ကြီး

ပိဋကဗျူဟာအဖွဲ့သည် ပေမူမှ ပုံနှိပ်မူသို့ အဆင့်ဆင့် ပို့ဆောင်၍ ပရိယတ္တိသာသနာတော်ကို အားဖြည့်ယင်း တဖက်မှလည်း ပရိယတ္တိသာသနာတော် ကိန်းဝပ်စံပယ်ရာဖြစ်သည့် ပိဋကစာပေ (အနယ်နယ်အရပ်ရပ်တွင် စောင့်ရှောက် ထိန်းသိမ်းကွပ်ကဲမှု ချို့တဲ့စွာဖြင့် မျက်နှာငယ်ငယ် ကိန်းဝပ်နေရသည့် ပေစာ, ကျောက်စာ, ပုရပိုက်စာ, မင်စာ, လက်ရေးစာ, လက်နှိပ်စက်စာ, ပုံနှိပ်စာ စသည်) တို့ကို စနစ်တကျ ပူဇော်ထိန်းသိမ်း စောင့်ရှောက်ထားနိုင်မည့် သာသနမော်ကွန်းတင် ပိဋကတိုက်တော်ကြီးကို ရွှေတိဂုံစေတီတော် ထီးတော်ရိပ်တွင် ဗုဒ္ဓဘာသာဝင် အများပြည်သူတို့၏ အကူအညီဖြင့် အချိန်ယူ ပြုစုပျိုးထောင်ရန် ကြိုးစားသွားမည်ဖြစ်ပါသည်၊ မြန်မာတို့ စံတင်ခဲ့ရသည့် ပုဂံမြေမှ ရှင်အရဟံမထေရ်မြတ်၏ "သာသနာတော်သုံးရပ် တည်တံ့ရာသည် ပရိယတ်၊ ပရိယတ် တည်တံ့ရာသည် ပိဋကတ်၊ ပိဋကတ် တည်တံ့ရာသည် ပိဋကတ်တိုက်" ဟူသော သာသနာ့လမ်းညွှန်မှုကြီးကို သိင်္ဂုတ္တရကုန်းမြေတွင် သထုံ-ပုဂံ-ဒဂုန် သာသနာဆက်အနေဖြင့် ပြန်လည်မော်ကွန်းတင်ရန် ရည်သန်ရင်းရှိပါသည်။

ဗုဒ္ဓသာသနာတော်ကို ကမ္ဘာသို့ ပြန့်ပွါးစေလိုကြသော ဗုဒ္ဓဘာသာဝင်တို့သည် သာသနာနှင့် ကမ္ဘာဆက်သွယ်ရေး လမ်းကြောင်းကို ကောင်းစွာ ဖန်တီးပေးနိုင်ရန် မူချ၍ စီစဉ်သင့်ပါသည်၊ လေးဆူဓာတ်ပုံ ရွှေတိဂုံ စေတီတော်မြတ်ကြီး

သည် ကမ္ဘာနှင့် အဆက်အသွယ်ရှိနေပါသည်၊ ကမ္ဘာ့အဆက်အသွယ်ရှိသော ရွှေတိဂုံစေတီတော် ထီးတော်ရိပ်တွင် ကမ္ဘာ့ဂေဇက်ဝင် ပိဋကတိုက်တော်ကြီးကို ဗုဒ္ဓဘာသာဝင်တို့၏ အကူအညီဖြင့် ထည်ဝါခမ်းနားစွာ စီစဉ်ဖန်တီးပေးနိုင်ပါက သာသနာနှင့် ကမ္ဘာ ဆက်သွယ်ရေး လမ်းကြောင်းသည် ကောင်းကောင်းကြီး ပွင့်လင်းသွားတော့မည်ဟု ယုံကြည်မိပါသည်၊ ထိုအခါ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" ဟူသော ဗုဒ္ဓဘာသာဝင် တို့၏ ကောင်းမြတ်သော မြော်ရည်ချက် ဆန္ဒမွန်သည် အနာဂတ် သာသနာတော် အတွက် အောင်မြင်ပြည့်ဝမည်ကို မြော်မြင်မိပါသည်။

သာသနာတော် တည်တံ့ပြန့်ပွါးရေးအတွက် ကောင်းမြတ်သော အကြံအစည် (စိတ်ကူး) တို့ကို သမ္မာသင်္ကပ္ပမဂ္ဂင်ဖြင့် စတင်ပျိုးထောင်၍ သမ္မာဒိဋ္ဌိမဂ္ဂင် (ပညာ) ဖြင့် ဦးစီးကွပ်ကဲပြီး သမ္မာဝါယာမ မဂ္ဂင် (ဝီရိယ) ဖြင့် ကြိုးစားသွားကြပါက မုချအောင်မြင်ရမည်ဟု ယုံကြည်ရင်းရှိပါသည်၊ တဆက်ဖြင့် မအောင်မြင်လျှင် နှစ်ဆက်ဖြင့် နှစ်ဆက်ဖြင့် မအောင်မြင်လျှင် သုံးဆက်ဖြင့် စသည်ဖြင့် "ကံမမီ ကံချင်းဆက်၊ ဉာဏ်မမီ ဉာဏ်ချင်းဆက်၊ လူမမီ လူချင်းဆက်"၍ အဆက်ဆက် ကျားကုတ်ကျားခဲ အားထုတ်ကြိုးပမ်း သွားပါက ပိဋကဗျူဟာအဖွဲ့၏ သာသနာတော် အတွက် မြော်ရည်ချက် ဆန္ဒမွန်တို့သည် တနေ့နေ့ တချိန်ချိန်တွင် အောင်မြင်ခြင်းသို့ ရောက်ပါလိမ့်မည်ဟု မြော်လင့်ယုံကြည်နေပါသည်၊ သာသနာတော်အတွက် ဤရည်ရွယ်ချက်အမှန် ဆန္ဒအမှန်တို့သည် စေတနာရှင်, သဒ္ဓါရှင်, ပညာရှင်, ဝီရိယရှင်များ အထ

တော်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ပါစေဟု တောင်းဆုယူပါသည်၊ အကယ်၍ ဤတဆက်ဖြင့် ဤရည်ရွယ်ချက်တို့ မအောင်မြင်သေးသော် ဤနိဒါန်း (ဤစာတမ်း) သည် နောင်သာသနာဝင်တို့အတွက် အမွေဆက်ဖြစ်ပါစေဟုလည်း (သာသနာတော်အတွက် ရိုးသားသန့်ရှင်း မြော်လင့်ခြင်းကြီးစွာဖြင့်) ဆန္ဒပြုခဲ့ပါသည်။

## ဘုရားအဆူဆူ ပွင့်တော်မူပါပြီ

ဤနိဒါန်းကို နိဂုံးမချုပ်မီ ပိဋကဗျူဟာအတွက် မေးခွန်းတခုကို အဖြေပေးခဲ့ချင် ပါသေးသည်၊ တချို့က မေးလာကြပါသည်၊ "ပိဋကဗျူဟာအဖွဲ့က ပိဋကစာပေတွေကို ပုံနှိပ်ဖော်ထုတ်မယ်လို့ဆိုတော့ အခုထိ ပိဋကသုံးပုံ အကုန်လုံး ပုံမနှိပ်ဘူးသေးဘူးလား" ဟု ရိုးသားစွာ မေးမြန်းကြပါသည်၊ "ပိဋကသုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာအစုံတို့သည် ပုံနှိပ်ထားပြီး ဖြစ်ပါသည်၊ သို့သော် အတိုးတန် ဋီကာကျမ်းအချို့နှင့်နိဿယကျမ်းများ-ဂဏ္ဌိကျမ်းများ စသည်တို့သည် ပုံနှိပ်အဖြစ်သို့ မရောက်ပဲ ကျန်ရှိနေပါသေးသည်၊ ပိဋကသုံးပုံနှင့် ပတ်သက်သမျှသော စာပေမှန်သမျှတို့ကို ပိဋကစာပေဟု ခြုံငုံ၍ ခေါ်ပါသည်၊ ပိဋကသုံးပုံ ပုံမနှိပ်ဘူးသေး၍ ပုံနှိပ်ခြင်းမဟုတ်ပဲ တိမ်မြုပ်ဖုံးကွယ်နေသည့် ပုံမနှိပ်ဘူးသေးသော ပိဋကစာပေ (ပေမူ) တို့ကို ပိဋကဗျူဟာအဖွဲ့မှ ပုံနှိပ်ဖော်ထုတ်ပူဇော်သွားမည် ဖြစ်ပါသည်" ဟု ရိုးရိုးသားသား အဖြေပေးလိုပါသည်။

ရှေးသူတော်ကောင်း ပညာရှိတို့သည် ဘုရားဟော ပိဋက စာပေနှင့် ပတ်သက်သော အက္ခရာ စာလုံးမှန်သမျှကို "အက္ခရာတလုံး ဘုရားတဆူ" ဟု ကိုးကွယ်တော် မူခဲ့ကြပါ သည်၊ ပိဋကဗျူဟာသည် မြတ်စွာဘုရား ကိုယ်စားတော် ထားခဲ့သော (ပေစာပေထုပ်တို့၌ တိမ်မြုပ်ကိန်းဝပ်တော် မူနေသော) ပရိယတ်ဘုရား-ပိဋကဘုရား-ဓမ္မက္ခန္ဓာဘုရား-ဝိနည်းဘုရား- သုတ္တန်ဘုရား-အဘိဓမ္မာဘုရား အဆူဆူတို့ကို ဖော်ထုတ်ပူဇော်သွားမည် ဖြစ်ပါသည်၊ ဤကလျာဏီ ကျောက်စာ (မြန်မာပြန်) စာအုပ်၌ ဝိနည်းဘုရား အဆူ ပေါင်း (အက္ခရာစာလုံးပေါင်း) မည်မျှ ပွင့်ထွန်းလာသည်ကို ဆင်ခြင်မှန်းဆ ကြည့်ညိုနိုင်ကြပါပြီ၊ ထို့ကြောင့် ပိဋကဗျူ ဟာ၏ ပိဋကစာပေ ဖော်ထုတ်ပူဇော်ရေး လုပ်ငန်းသည် ပိဋက ဘုရားအသစ်တို့ကို တခေတ်တည်ထားသည်လည်းမည်ပါသည်၊ ပိဋကဘုရား အဟောင်းတို့ကို ပြုပြင်မွမ်းမံခြင်းလည်း မည်ပါ သည်၊ ဤသို့ ပိဋကဘုရား အဆူဆူတို့ကို ဖော်ထုတ်ပူဇော် မည့် ပိဋကဗျူဟာ၏ သာသနာပြုလုပ်ငန်းသည် ဗုဒ္ဓဘာသာ ဝင် အားလုံးတို့တွင် တာဝန်ရှိ-ခရှိ ကိုယ်တိုင်အဖြေညှိ၍ အဆုံးအဖြတ် ပေးနိုင်ကြပါစေဟု ဆန္ဒပြုယင်း ဤနိဒါန်းကို နိဂုံးချုပ် အပ်ပါသည်။

**တိပိဋကံ ဗုဒ္ဓဝစနံ စိရံ တိဋ္ဌတု**

| | |
|---|---|
| **တိပိဋကံ** | –မြတ်စွာဘုရား ကိုယ်တော်စား ဝိနည်းဘုရား သုတ္တန်ဘုရား အဘိဓမ္မာဘုရား ဖြစ်တော်မူသော၊ |
| **ဗုဒ္ဓဝစနံ** | –မြတ်စွာဘုရား နှုတ်တော်ထွက် တရားတော် ဓမ္မစကားသည်၊ |
| **စိရံ** | –နှစ်ပေါင်းများစွာ **ကာလကြာအောင်၊** |
| **တိဋ္ဌတု** | –အရှည်ခိုင်မြဲ တည်တံ့တော်မူပါစေသတည်း။ |

**ပိဋကဗျူဟာအဖွဲ့**

**အာဇာနည်ဗိမာန်လမ်း၊ ရန်ကုန်မြို့။**

## ကလျာဏီ ကျောက်စာ မြန်မာပြန်

# မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [က] | |
| ကခြေသည်မကိုစွဲလမ်း၍ လူထွက်လိုသောရဟန်း | ၄၆ |
| ကတိကဝတ် | ၁၀၅ |
| ကထာဝတ္ထုကျမ်း | ၃၆ |
| ကပုဂံမြို့ | ၄၁ |
| ကမ္ဘောဇဈေး | ၅၂ |
| ကမ္ဘောဇသံဃာ | ၅၃ |
| ကလမ္ဗု သင်္ဘောဆိပ် | ၇၆ |
| ကလျာဏီတိဿ မထေရ် | ၁၀၅ |
| ကလျာဏီမြစ် | ၇၁ |
| ကလျာဏီမြစ်၌ ရဟန်းခံကြခြင်း | ၈၀ |
| ကလျာဏီသိမ် သမုတ်ရန်စီစဉ်ခြင်း | ၉၀ |
| ကလျာဏီသိမ်ဟု သမုတ်ခြင်းအကြောင်း | ၁၀၀ |
| ကလျာဏီသိမ်၌ ပဉ္စင်းသစ် ခံယူသူပေါင်း | ၁၁၀ |
| ကာလိင်္ဂရာဇ်ပြည် | ၈၆ |
| ကုသိမ်မြို့ | ၄၂ |
| ကုဟာသီဝမင်း | ၈၆ |
| ကေလာသတောင်ထိပ် | ၃၈ |
| ကောမာလသင်္ဘောဆိပ် | ၈၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[က]** | |
| ကိတ္တိသီရိမေဃမင်း | ၈၆ |
| ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်ခြင်း | ၃၇ |
| **[ခ]** | |
| ခုဒ္ဒသိက္ခာကျမ်းကို ဘုရင်သင်ကြားခြင်း | ၄၇ |
| ခေါင်းလောင်းလှူဒါန်းခြင်း | ၈၉ |
| ခြေမ,ဖျား ပြတ်၍ ဘုရင် မကိုးကွယ်နိုင် | ၅၁ |
| **[ဂ]** | |
| ဂဝံပတိမထေရ် | ၁၁၄ |
| ဂါမခေတ်ပတ်လည် မြောင်းတူးခြင်း | ၉၁ |
| ဂုဏရတနာကရမထေရ် မကျန်းမာ၍ ပြန်သွားခြင်း | ၉၂ |
| ဂုရုဝိအမတ် ပုန်ကန်ခြင်း | ၇၈ |
| **[စ]** | |
| စိတြအမည်ရှိသော ရာဇတမန် | ၇၄ |
| စူဠာဘယတိဿမထေရ် | ၈၇ |
| စွယ်တော်ခေတ်မြတ် | ၈၆ |
| **[ဆ]** | |
| ဆပဒသာမဏေ | ၄၂ |
| ဆံတော်ခေတ် ခြောက်ဆူ | ၁၁၆ |
| ဆင်အလှူခံသော မထေရ်များ | ၄၇ |
| ဆွေမျိုးတို့ထံသို့ ဆင်ပို့သောမထေရ် | ၄၇ |

အက္ခရာစဉ် စာမျက်နှာ

[ဇ]

ဇယဝဓနု မင်းနေပြည်မြို့ ၃၇
ဇာတဿရမြောက်သောအိုင် ၆၀
ဇေတဝနဝိဟာရကျောင်း ၆၇

[တ]

တတိယသံဂါယနာ ၃၆
တပည့်တို့အတွက် ဝစီဝိညတ်မြွက်သောမထေရ် ၄၇
တာမလိန္ဒထေရ် ၄၄
တြိဘုဝနာဒိတျမင်း မိဖုရား ၁၂၁
တိတ္ထိခြောက်သောင်း လူထွက်စေ ၃၅
တိုက်ကုလားမြို့ ၃၇

[ထ]

ထူပါရုံစေတီ ၇၉

[ဒ]

ဒဂုံဆံတော်ရှင်၌ ခေါင်းလောင်းလှူခြင်း ၇၉
ဒလမြို့ကျေးရွာသားမထေရ် ၅၁
ဒါထိယကျည်းမင်း ၆၇
ဒုတိယသံဂါယနာ ၃၆
ဒေဝါနံပိယတိဿမင်း ၆၇
ဒက္ခိဏသာခါမဟာဗောဓိ ၇၁
ဒန္တမင်းသား ၇၆

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|

[ ဓ ]

| | |
|---|---|
| ဓာတ်တော်ဆေးတွင်း | ၁၁၇ |
| ဓမ္မကိတ္တိဂိုဏ်းဆရာကြီး | ၁၀၃ |
| ဓမ္မကိတ္တိထေရ် | ဂ၀ |
| ဓမ္မစေတီ ခေါင်းလောင်းကြီး | ဂဂ-၉ |
| ဓမ္မစေတီမင်း သီဟိုဠ်ပြန် မထေရ်တို့ကို ကြိုဆိုခြင်း | ဂဂ |
| ဓမ္မဝိလာသမထေရ် | ၅၁ |

[ န ]

| | |
|---|---|
| နဒီဇာတသဃရသိမ်ပျက်များ | ၆၁ |
| နဒီမြောက်သောမြစ် | ၆၀ |
| နရပတိစည်သူမင်းအလှူ | ၄၆ |
| နရသူရအမတ်၏ ဂါမခေတ် | ၉၀ |
| နာဝုတသဘော်ာဆိပ် | ဂ၇ |
| နိဂြောဓသာမဏေ | ၃၄ |
| နိမိတ်တိုင် ဂ-တိုင် စိုက်ပုံစိုက်နည်း | ၉ဂ |

[ ပ ]

| | |
|---|---|
| ပဌမသံဂါယနာ | ၃၆ |
| ပဒိပ္ပဇည်းရွာသူသား | ၅၁ |
| ပါဠိလိပုတ်ပြည် | ၃၄ |
| ပုဂံပြည်ကို သီဟိုဠ်သာသနာရောက်သောနှစ် | ၄၆ |
| ပုဂံသာသနာဝင် | ၄၀ |

အက္ခရာစဉ် စာမျက်နှာ

[ ပ ]

ပင်္ဂါချောင်း ၅၂
ပဉ္ဇင်းခံမည့်သူ လေ့လာရမည့်ကျမ်းစာ ၁၁၈
ပဉ္ဇင်းထပ်မံခံယူကြသော ရဟန်းများ ၁၁၀
ပစ္ဆလိယာဆိပ်စား ၈၇
ပစ္စန္တရစ်အရပ်များသို့ သာသနာပြုလွှတ်ခြင်း ၃၇
ပြာဏဒဿီ မထေရ် ၄၁

[ ဗ ]

ဗုဒ္ဓဝါဒကို ဘုရင်သင်ကြားပုံ ၃၅
ဗြဟ္မဇာလသုတ် ၃၉-၁၁၈
ဗြာဟ္မဏလက်သမားဆရာ ၁၂၁

[ ဘ ]

ဘုဝနေကဗာဟုမင်း ၉၀
ဘွဲ့တံဆိပ်လှူဒါန်းခြင်း ၈၂

[ မ ]

မထေရ်ဆယ်ဦး လမ်းတွင် အနိစ္စဖြစ်ခြင်း ၈၈
မထေရ်တို့ဒုက္ခ ၈၇
မဓဝါကျောက်စေတီသမိုင်း ၁၁၃
မနူဟာမင်း ၄၀
မရိစိစေတီ ၇၉
မလယကျွန်း ၄၇
မလယမင်း ဝိနည်းသင်ခြင်း ၄၇

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ မ ] | |
| မဟာကဿပ မထေရ် | ၆၉ |
| မဟာကာဠုမထေရ် | ၄၁ |
| မဟာတိဿမထေရ် | ၆၇ |
| မဟာဝိဟာရတဂိုဏ်းသာ စင်ကြယ်ပုံ | ၆၈ |
| မဟာဝိဟာရဝါသီဂိုဏ်း | ၆၇ |
| မဟာသေနမင်း | ၆၈ |
| မဟိန္ဒမထေရ် | ၃၇ |
| မာလိန်ပရတာဆိပ်စား | ၈၇ |
| မိဓိလာပြည် | ၁၁၃ |
| မိဖုရားဆရာ ဗုဒ္ဓဝံသမထေရ်အနွယ် | ၅၃ |
| မောဂ္ဂလိပုတ္တတိဿမထေရ် | ၃၅ |
| မောဂ္ဂလ္လာန် အစရှိသော နှစ်ကျိပ်နှစ်ပါးသော မထေရ်များ | ၇၀ |
| မဇ္ဈန္တိက မထေရ် | ၃၇ |
| မဇ္ဈိမဒေသ သာသနာဝင် | ၃၄ |
| မုတ္တမမြို့၌ ဂိုဏ်းခြောက်ဂိုဏ်းရှိပုံ | ၅၃ |
| မိုးမှန်မိုးခေါင် လက္ခဏာများ | ၆၀ |
| မြို့စောင့်ကျောက်ရုပ်ကြီး | ၃၉ |
| မြတ်စွာဘုရား ဘယ်ဝါဒရှိသနည်း | ၃၅ |
| မြတ်စွာဘုရား သထုံသို့ ကြွတော်မူခြင်း | ၁၁၄ |
| မြန်မာသီဟိုဠ်ဂိုဏ်းကွဲ | ၄၅ |

အက္ခရာစဉ် စာမျက်နှာ

[ ယ ]

ယောင်ကမြစ်ဝမှ သင်္ဘောထွက်ခြင်း ၇၆

[ ရ ]

ရသေ့ခြောက်ဦး ဆံတော် တောင်းပုံ ၁၁၆
ရဟန်းခံခွင့် မရှိသူများ ၁၀၅
ရာမအမည်ရှိသော ရာဇတမန် ၇၄
ရာမာဓိပတိမင်းကြီး၏ ဂုဏ်အရည်အသွေး ၅၆
ရာမညတိုင်းသုံးရပ် ၅၆
ရာမညတိုင်း အားနည်းခြင်းအကြောင်း ၄၀
ရာမည၌ သာသနာ တည်သောနှစ် ၃၉
ရာမညသာသနာဝင် ၃၇
ရာမညသံဃာဂိုဏ်းများ ၅၂
ရာဟုလာထေရ် ၄၄
ရာဟုလာဘဒ္ဒခေါ် ဝိဇယဗာဟုသီဟရာဇာမထေရ် ၁၀၁
ရက္ခိုသ် ဦးခေါင်း ခြသေ့်ကိုယ် ၃၀
ရွှေမော်ဓောစေတီ ၁၂၀

[ လ ]

လက္ခိယမြို့ ၅၂
လှူဖွယ်ဝတ္ထုနှင့် လက်ဆောင်စီမံခြင်း ၇၂

အက္ခရာစဉ် စာမျက်နှာ

[ဝ]

ဝနရတနမဟာသံဃရာဇာဟောင်း ၁၀၁
ဝိဒါဂမ မဟာထေရ် ၈၀
ဝိဒေဟတိုင်း ၁၁၃
ဝိနည်းကျမ်းများ ၅၇
ဝိဘဇ္ဇဝါဒီဟူသည် ၃၅
ဝိသုံဂါမလက္ခဏာ မညီသောသိမ် ၅၄
ဝဋ္ဋဂါမဏိမင်း ၆၇
ဝလ္လိရွာ (သီဟိုဠ်ကျွန်း) ၇၇

[သ]

သမန္တကူဋတောင်ထိပ် ၈၄
သထုံကြွ၍ ဗောဓိပင်၌ နေ့စဉ် တံမြက်လှဲသောမထေရ် ၄၁
သာမဏေပြုသင့်သူများ ၁၀၈
သာရိပုတ္တရာသာမဏေ ၅၁
သီရိပါဒခြေတော်ရာစေတီ ၈၄
သီရိမာသောကမင်း (က) ၃၇
သီရိမာသောကမင်း (ခ) ၁၁၀
သီရိသံဃပရက္ကမဗာဟုမင်း ၄၁
သီဝလိထေရ် ၅၃
သီဟပမာဏအမတ် ၁၂၁
သီဟိုဠ်ဂိုဏ်းကွဲများ ၄၆
သီဟိုဠ်၌ ဂိုဏ်းသုံးဂိုဏ်းကွဲသောအခါ ၆၇-၈

အက္ခရာစဉ် စာမျက်နှာ

[ သ ]

သီဟိုဠ် မြန်မာ သံဃာပေါင်းစု ကံတူပြုပုံ ၄၂-၃
သီဟိုဠ်သာသနာသန့်ရှင်းပုံ ၆၇
သီဟိုဠ်သံဃာဂိုဏ်း ၄၃
သီဟိုဠ်သို့ သင်္ဘောလွှင့်ခြင်း ၇၆
သီဟိုဠ်သို့သွားရန် သံဃာတော်တို့အားလျှောက်ထားခြင်း ၇၀
သုတသောမမင်း ၁၂၁
သုမင်္ဂလမထေရ် ၈၈
သုဝဏ္ဏဘူမိ ၃၆
သုဝဏ္ဏဘူမိ၌ ရဟန်းဖြစ်ကြသော ယောက်ျားမိမ္မများ ၃၉
သုဝဏ္ဏသောဘဏ မထေရ် ၁၀၂
သောဏမထေရ် ၃၇
သောဏုတ္တရ အမည်ရသူများ ၃၉
သင်္ဘောပျက်ခြင်း ၈၅
သိန်းဟိုဠ်ကျွန်း ၃၇
သိန်းဟိုဠ်ပါရဟန်း ၅၂
သိမ်နှုတ်ခန်း ၆၂
သိမ်ပျက်များ ၆၅
သိမ်သမုတ်ကြခြင်းများ ၅၄
သိမ်သမုတ်ခြင်း ၆၈
သိမ်သမုတ်ပွဲမှ အပယ်ခံမထေရ်များ ၆၂
သိမ်သမုတ်မည့်နေရာ၌ ဇရပ်ဆောက်ခြင်း ၆၁
သိမ်အမျိုးမျိုး ၈၅

အက္ခရာစဉ် စာမျက်နှာ

[ သ-ဟ ]

သွားတော်ခတ် သုံးဆဲ့သုံးဆူ ၁၁၆
သွားတော်သုံးဆဲ့သုံးဆူကို ဌာပနာပုံ ၁၁၇
ဟေမမာလာမင်းသမီး ၈၆
ဟံသာဝတီသာသနာဝင် ၅၆

[အ]

အနုရာဓပြည် ၇၉
အနောက်သံဃာဟူသောအမည် ၅၀
အဘယဂိရိဝါသီဂိုဏ်း ၆၈
အရိမဒ္ဒနာပုဂံပြည် ၄၀
အရိယဝံသမထေရ် ၄၁
အရိယာပါသံဃာ ၅၂
အရှေ့သံဃာနှင့် သီဟိုဠ်သံဃာ ၅၀
အသောကမင်း အဘိသိက်ခံသောနှစ် ၃၄
အသောကာရုံကျောင်း၌ ၇-နှစ်ဥပုသ်ပြတ်ခြင်း ၃၄
အာနန္ဒာထေရ် ၅၀

[ ဥ-ဧ ]

ဥဒုမ္ဗရဂိရိကျောင်း ၆၉
ဥရုဝေဠုတော မဟာဗောဓိပင် ၄၁
ဥတ္တရမထေရ် ၃၇
ဥတ္တရာဇီဝမဟာထေရ် ၄၁
ဧရာဝတီမြစ်၌ ရဟန်းခံကြခြင်း ၄၆

ပ-မ-သ-စ—၁၀၄၂—၂၇-၇-၇၇—၅၀၀၀။

ပိဋကဗျူဟာအဖွဲ့၏ ဒုတိယကျမ်းစာ

အင်းဝခေတ်

စစ်ကိုင်း-အရှင်အရိယဝံသမထေရ်ကျော်၏

# ဇာတကဝိသောဓနကျမ်း

ပိဋကဗျူဟာအဖွဲ့၏ ပဌမကျမ်းစာအဖြစ် ကျောက်စာသက်နှစ် ၅၀၀၊ ပေစာသက်နှစ် ၂၀၀-ကျော် ရှိခဲ့ပြီး ပုံမနှိပ်ဘူးသေးသည့် တောင်တွင်းကြီး သာသနာပိုင်ဆရာတော်၏ ကလျာဏီကျောက်စာမြန်မာပြန်ကျမ်း ကို ပုံနှိပ်အဖြစ်သို့ ပို့ဆောင်ဖော်ထုတ်၍ ပူဇော်လိုက်ပါပြီ။

ပိဋကဗျူဟာအဖွဲ့၏ ဒုတိယကျမ်းစာအဖြစ် ပေစာသက်တမ်း နှစ် ၅၀၀-ကျော်ရှိခဲ့ပြီး တခါမျှ ပုံမနှိပ်ဘူးသေးသည့် ဇာတကဝိသောဓနကျမ်း ကို ဆက်လက်ပုံနှိပ်၍ ဖော်ထုတ်ပူဇော်ပါမည်၊ ဇာတကဝိသောဓနကျမ်းကို မြန်မာ့သာသနာ၀င်နှင့် ဂန္ထဝင်တွင် စံတင်တော်မူခဲ့ရသည့် မဏိသာရမဥ္ဇူဋီကာ ကျမ်းပြု အကျော်စစ်ကိုင်း-အရှင်အရိယဝံသဆရာတော် စီရင်တော်မူခဲ့၏၊ ပါဠိဉာဏ်ကို ရင့်သန် တိုးတက်စေမည့် ရှားပါးလှသော အင်းဝခေတ် မြန်မာစကားပြေကျမ်း ဖြစ်ပါသည်။

ပေမူမှသည်-ပုံနှိပ်မူသို့

ပိဋကဗျူဟာအဖွဲ့